www.burmeseclassic.com

တကယ့်ဖြစ်ရပ်

# ရှုခင်း

မဂ္ဂဇင်း

2013 AUGUST



BURMESE CLASSIC .com

ချောင်းဆိုးနေလို
ချောင်းဆိုးပျောက်ဆေးကောင်းကောင်း
သောက်ချင်ရင် .....

ရွှေမြန်မာ ®
အမှတ်တံဆိပ်

SHWE MYANMAR

ချောင်းဆိုးပျောက်ဆေးရည်ကိုသောက်ပါ။

ဆိုင် - အမှတ်(၁၀၉)၊ ဗညားဒလလမ်း၊ (၁၂၄) လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09501007[illegible], 0973082461, 097308246

www.burmeseclassic.com

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၁၀၁၂ YR ၀၀၄၈၄၉
တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် - ၈/၂၀၁၀/တဆထလ/တိုး/၀၈၇၂

www.burmeseclassic.com

# ကူညီပါရစေ

မြို့တော်အတွင်း ဒုစရိုက်သမားများအတွက် နေရာမရှိစေရ။

ပြည်သူ့လုံခြုံမှုအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အစွမ်းကုန် ဆောင်ရွက်ပါမည်။

ပြည်သူလူထုမှ ပူးပေါင်းပါဝင် ကူညီကြပါ။

ထူးခြားမှုသတင်းနှင့် ဖြစ်စဉ်များအတွက် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပါရန်–

| | |
|---|---|
| ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | – ၁၉၉၉၊ ၂၁၇၅၀၂၊ ၂၁၇၅၀၃၊ ၂၂၁၃၁၁ |
| အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ | – ၁၉၉၉၊ ၃၇၆၁၆၆၊ ၂၄၅၂၆၀၊ ၂၄၅၂၆၁ |
| အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ | – ၁၉၉၉၊ ၂၉၆၁၈၀၊ ၂၉၀၁၃၃ |
| မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ | – ၁၉၉၉၊ ၆၄၅၈၂၃၊ ၆၄၅၈၂၄ |
| တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့ | – ၁၉၉၉၊ ၀၅၆–၂၁၀၄၂၊ ၀၅၆–၂၁၀၀၀ |
| ယာဉ်မှုစစ် | – ၂၉၁၂၈၄၊ ၂၉၁၂၈၅ |

မြန်မာနိုင်ငံရဲတပ်ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

၁-၁ဝ-၁၉၉ဝ ခုနှစ်မှစတင်၍ မှုခင်းပညာပေးအစီအစဉ်ဖြင့်
ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ စီစဉ်ထုတ်ဝေသည်။

31 JUL 2013

# 2013 သြဂုတ်လ

အတွဲ(၅)၊ အမှတ်(၈)



မျက်နှာဖုံးရှင် - စုချစ်ဇော်
မာတ်ပုံ - ကိုနိုင်(ပေါ်ပြူလာ)

နာယက - ရဲမှူးကြီး ဝင်းနိုင် (ရဲသူရ)
အယ်ဒီတာချုပ် - ဒုတိယရဲမှူးကြီး စိုင်းဝင်းအေး
ဒုအယ်ဒီတာချုပ် - ဦးစီးအရာရှိ(ပထမတန်း)
တာဝန်ခံအယ်ဒီတာ - အောင်ကျော်ဇော
ရဲအုပ်အောင်လွင်(ငြိမ်း)
ဒုအရာခံဗိုလ်(ငြိမ်း)
အမှုဆောင်အယ်ဒီတာ - ရဲမှူးမြင့်ထွေး
ယာယီရဲမှူးရှမ်းရှမ်းဝေ
ဒုတိယရဲမှူး သင်းသင်းကြည်
ရုံးအဖွဲ့ - တပ်ကြပ်ကြီး မတင်သိန်း
တပ်ကြပ်ကြီး တင်ရှောင်
တပ်ကြပ်ကြီး စိန်လင်း
တပ်ကြပ်အေးထွန်း
တပ်ကြပ် ထွန်းလင်းဦး

ဖြန့်ချိရေး
အမှတ်(၁၁၆)၊ ဗိုလ်မင်းရောင်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၂၀၅၀၈၉

ထုတ်ဝေသူ
ယာယီရဲမှူးမူမူသန်း(၀၃၇၈၃)

ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်

မျက်နှာဖုံးဒီဇိုင်းနှင့်အတွင်းမွမ်းမံ
Min Group

ကွန်ပျူတာစာစီ
နေမျိုးအောင်

ပန်းချီသရုပ်ဖော်
ပန်းချီမင်းထက်နိုင်၊
ရဲသူ(ရန်ကုန်တက္ကသိုလ်)

တန်ဖိုး - ၁၀၀၀
အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# AUGUST 2013 CONTENTS






**ကာတွန်း**

သုရိန်၊ စမ်းချောင်းစန်းကို၊ မြေရှိင်း၊ မောင်တင်ယု၊
ရွှေကိုဦး၊ တွံတေးတွတ္တပတ်၊ သခွတ်၊

**ကဗျာ**

စိုးကိုကို(လေးမျက်နှာ)၊ ဆုမွန်ဦး(ဟသ်ာတ)၊
မောင်လွမ်းဝေ(အင်ပူ–ညောင်ပင်ရွာ)၊ မြတ်နိုးဆု(တမာမြေ)၊ ရဲထက်ဇော်၊
မင်းကြယ်စင်သွန်း၊ ပတ္တမြားမြေဆန်ဝေ(မန်းတောင်ခြေ)၊
ကျော်လွင်ဦး(ပျဉ်းမနား)

**ဘာသာပြန်**

လုမ်း(ပညာရေး)
တော်ဝင်ကိုယ်ပျောက်လူသတ်သမား ၅၂
လျှမ်းထက်
ရုပ်ရှင်သရုပ်ဆောင်တစ်ဦး၏
သည်းထိတ်ရင်ဖို ၁၂၆

**ဟာသဝတ္ထု**

ချစ်ကိုကိုယု
ရှေ့နေကြီး ဦးနက်ကျော်နှင့်
ဒေါ်ဒုန်းပေအမှု ၅၈




www.burmeseclassic.com

www.burmeseclassic.com




**တစ်မျက်နှာဝတ္ထု**

အိမ့်(ရှုပဗေဒ)
ရဲဝံ့စွာဖော်ထုတ်ကြပါ ၂၇

**ဆောင်းပါး**

ကိုကို(ငယ်ချစ်)
အမှုစစ်အရာရှိတစ်ဦးရဲ့ အမှတ်တရ ၂၃

**ရုပ်ရှင်မိတ်ဆက်**

ဦးဝင်းမြိုင်(သရုပ်ဆောင်)
ယုယချင်ပေမယ့်လည်း ယုရယ် ၆၈

**တစ်ခန်းရပ်ဟာသ**

ထက်ထက်(ဟာသ) ၈၆

**သတင်း**

နိုင်ငံတကာသတင်း/
ပြည်တွင်းသတင်း

**ဗေဒင်**

ဝေဒသုတေသီတစ်ဦး




BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com







## မှုခင်းဝတ္ထုတို


**ထက်ထက်ဦးဝေ**
မာယာခလုတ် ၂၈

**ဒုရဲမှူးကြီးဝင်းဦး(ငြိမ်း)**
ထင်ယောင်ထင်မှား ၄၂

**ဝေယံဟိန်း**
အမှုမဖွင့်သာ ၆၃

**မောင်ထွန်းညွန့်(ကွမ်းခြံကုန်း)**
ချစ်ပုံပြင်လွမ်းပုံပြင်နှင့်
ကျွန်တော့်နဂါးပတ်လက်စွပ်အကြောင်း ၇၆

**တိုးမြင့်**
ခြူးရေးလျှင် ခြုပါရသည် ၉၀

**အောင်ကျော်မြူး**
မှားတယ်ဆိုတာ ၁၀၀

**ဆွေမြင့်**
ညီညီကိုယ်စား ၁၀၅

**မောင်သာမန်(ဇီးကုန်း)**
ပိတောက်သွေး ၁၁၂

**ခင်ဦး(ပုတီးကုန်း)**
တက်ခေတ်နတ်ဆိုးလေးများ ၁၂၀

**ရွှေဘိုဘာမထီခင်အောင်**
သွေးကစကားပြောသောအခါ ၁၃၂

**သန့်မြင့်ဦး**
အဆိုးနဲ့အကောင်း ၁၄၀

**နွေအလွန်**
ချစ်ဆိပ်ရည်လူး ဒုစရိုက်မြူး ၁၄၈

**ကိုနတ်**
အရက်သူခိုး ၁၅၈


www.burmeseclassic.com

www.burmeseclassic.com



# ထီးလေးတစ်လက်

၄ မစဲဘဲ သဲသဲရွာတဲ့မိုး
ဘယ်အငြိုးနဲ့ ရွာသွန်းဖြိုး
"မိုးကောင်းတုန်းရွာ.....ရွာချင်သလိုသာရွာ"
မိခင်အို စိတ်တိုစွာ ဆိုစကားနဲ့
မိုးမင်းအား ရန်ထောင်ရှာ။
၄ မိုးစက်တွေကြား
ကျောင်းသွားနေတဲ့သားငယ်
အကွယ်အကာ ထီးလေးရယ်မရှိရှာမို့
လမ်းပေါ်မှာ စိုစို့ရွှဲပြန်ပေါ့
အဖန်ဖန် မြင်ယောင်မိလေတော့
နွမ်းကြေနေ ငွေစလေးတွေနဲ့
ဝမ်းရေးကို အသာထားလို့
အဟောင်းများထဲက ကောင်းတဲ့ထီးလေးရွေးဝယ်ကာ
သားငယ်ကျောင်းဆီသို့ အပြေးလာခဲ့
ကပျာကယာ။
၄ ပဲပြုတ်တောင်းရွက်လျက်
ထီးတစ်လက်နဲ့ အမျိုးသမီး
ကားတိုက်ပြီး လဲရှာပေမယ့်
ဒဏ်ရာတွေကြားက ကျစ်ကျစ်ပါကိုင်ထားထီးလေး
သူ့သားလေးအား "ပေးပေးပါ"
တဖွဖွမှာရှာ ဆိုစကားနဲ့
ဆေးရုံကားမှာ ပါသွားသည်တဲ့
ကြားမိရ ထိုခဏတာ
ရင်မှာဖြင့် ဘယ်မချိ။
၄ ဩော်.....သားလေးအတွက်
ထီးတစ်လက်ပေးလို
မိခင်အိုဆန္ဒပြည့်ပါစေ
ထီးရိပ်ခိုရ ပြုံးချိုမြသားငယ်
ပဲပြုတ်သည်မိခင်အိုအား
သက်ရှင်လျက်သား တွေ့ပါစေ
ဆုတောင်းကာ ဆန္ဒဖောနဲ့
မောခဲ့ပါ၏။ ။



စိုးကိုကို (လေးမျက်နှာ)

www.burmeseclassic.com

www.burmeseclassic.com



# ခက်တယ်



သူ့အလိုလို
ဖြစ်တည်လာတာမှမဟုတ်ဘဲ
ဘဝက ဘုံကြိုးပြတ်
မနေတတ် မထိုင်တတ်နဲ့
သူကြီးအမှု ရွာပတ်
ကံဇာတ်ဆရာရေ.....
ကယ်ပါဦး။

ဘယ်မှာလဲဗျ နေလုံး
ကျုပ်မြင်တာကတော့
တိမ်ဖုံးနေတဲ့ ညတွေ နေ့တွေ
အမှောင်တွေ ဆုံးရှုံးဖူးမှ
အလင်းတစ်ခုရဲ့ တန်ဖိုးကို သိသတဲ့
နေမထိ ထိုင်မသာ
ခြေခင်းလက်ခင်း သာယာတဲ့
လောကရဲ့ ကဗျာတစ်ပုဒ်
ခင်ဗျားတို့ ကျွန်တော်တို့အားလုံးရဲ့
သွေးကြောအဆုတ်ထဲက
မွေးထုတ်ကြရအောင်။

ဒါပေမဲ့.....
ည.....ည အိပ်ဖို့
မီးကိုမှိတ်လိုက်တိုင်း
မျက်လုံးကြောင်ပြီး
အိပ်မရတာကတော့
ခက်တယ်။ ။

ဆုမွန်ဦး (ဟသ်ာတ)

www.burmeseclassic.com

www.burmeseclassic.com



# အဖေ



() အမေ မရှိတော့တဲ့
သားတစ်ယောက်အတွက်
အဖေဟာ အမေပါ
အဖေဟာ အဖေပါ။
ခွန်အားပါတဲ့ အဖေ့အပြုံးတွေက
ဘဝခရီးလမ်းမှာ ဒုက္ခတရားတွေကို
ဖြေဖျောက်ဖို့အတွက် ဆေးတစ်ခွက်။
နူးညံ့ညင်သာတဲ့ အဖေ့စကားသံတွေက
ဘဝတစ်လျှောက်လုံး အလင်းရောင်ပေးလို့
အမှားအမှန် ပိုင်းဖြတ်ပေးတဲ့ ဓားတစ်လက်။
တုန့်ရှိုင်းမရ အဖေ့မေတ္တာတရားတွေက
ကန္တာရထဲမှာ စီးဆင်းနေတဲ့ စမ်းရေတွင်း
မတည်မြဲတဲ့ လောကကြီးထဲမှာ
တည်မြဲနေတာက အဖေ့မေတ္တာ။
အသက်တွေကြီးရင့်ပြီး
ခန္ဓာကိုယ်ပိန်ပိန် အကြောပြိုင်းပြိုင်းထနေတဲ့
အဖေ့လက်အစုံက နွေးထွေးမှုတွေ မကုန်ဆုံးနိုင်ဘူး။
အချိန်ကာလတွေ တဖြုတ်ဖြုတ် ကြွေသွားပေမယ့်
မကြွေနွမ်းသွားတဲ့ အဖေ့မေတ္တာတရားတွေက
အဖေ့မေတ္တာအနန္တ
အဖေသည်သာ ထာဝရ။ ။
(ကျေးဇူးရှင်အဖေတိုင်းကို ရိုသေလေးစားလျက်)

မောင်လွမ်းဝေ (အင်ပူ-ညောင်ပင်ရွာ)

www.burmeseclassic.com

www.burmeseclassic.com



# အရိပ်

* သူ့နှုတ်ဖျားကစကား
မှသားပေမယ့် လူတွေကယုံကြည်
ဘယ်ဘဝက 'ပါရမီ'လဲ
ဒါ "ပညာ"ပဲလေ။
* ကြိုက်သလိုရှုပ်
မဟုတ်တာ လုပ်နေပေမယ့်
အများအမြင်မှာ သူဟာ 'သူတော်စင်'
မြင်သူမှာ ဦးချချင်မိ
ဒါပေမဲ့ 'ပိရိ'ဖို့တော့ လိုတာပေါ့။
* အတောင်နှစ်ဆယ်ဝတ် မင်းယောကျ်ား
ကတိစကားအားလုံး မုသားတွေဖုံးရင်း
အများကိုလည်း လှည့်ဖြား
ကိုယ့်ကိုယ်ကိုယ်လည်း လှည့်စား
လှည့်စားခြင်းဝဲဂယက် ရုန်းမထွက်နိုင်ခဲ့။
* တစ်နေ့နေ့ တစ်ချိန်ချိန်ရောက်
လှည့်စားခြင်းနောက်က 'သစ္စာတရား'
မင်းနားလည်သွားတော့မှ
လှည့်စားထားတဲ့ အချစ်များ
မင်းကိုပြန်လည်ရစ်ပတ်သွားလိမ့်မယ်
ရှိုးသားတဲ့ အချစ်ရဲ့ကျိန်စာ
မင်းနောက်မှာ အရိပ်ပမာ.....။ ။



မြတ်နိုးဆု (တမာမြေ)

www.burmeseclassic.com

www.burmeseclassic.com



# ပေဒင်ဆရာ

✦ ပြစ်မှုကြွေးကို
ပေးဆပ်နေသူရဲ့ ဘဝက
အကြွေးကျေမယ့်နေ့ကို ကြိုတင်မှန်းဆ
မျှော်လင့်ချက်တွေ ရှင်သန်ခွင့်ရဦးမယ်။
✦ လက်ပေါ်ကို သံဒေါင်းတက်၊
ဇနက္က သဘော်ပျက်ကိန်း ကြုံတယ်ပဲဆိုဆို၊
စနေဂြိုဟ်၊ ရာဟုဂြိုဟ် စတဲ့
မကောင်းတဲ့ဂြိုဟ်တွေရဲ့ အစီးအနင်းကို
လည်စင်းခံရတယ်ပဲ ပြောပြော၊
နောက်ကျောကို ထိုးဖို့လာတဲ့
ကံကြမ္မာရဲ့ ဓားချက်တွေနဲ့
နဖူးတွေ ဒူးတွေ ရင်ဆိုင်ရတဲ့အခါ
ရှောင်စရာ တိမ်းစရာ နေရာမရှိသလို
လွတ်မယ့်ရက်ကိုလည်း ကြိုတင်မသိနိုင်တဲ့အတွက်
တစ်သက်လုံး
လူဖြစ်ပဲ ရှုံးရတော့မလိုလို။
✦ ပြစ်မှုကြွေးလို ချေးနဲ့ဆပ်လို့မရတဲ့
အတိတ်ကံရဲ့ အကြွေးတွေ ပေးချေရဖို့အတွက်
လောကဓံတရားရဲ့ ရက်စက်မှုအောက်
ကြောက်စရာ အခြေအနေဆိုးတွေကို
နည်းအမျိုးမျိုးနဲ့ ရင်ဆိုင်
အနိုင်မရတော့ဘူးလို့ ထင်တဲ့အခါ
ပေဒင်ဆရာတွေ ရှိနေပေးတာကို
ကျေးဇူးတင်တယ်။



✦ သူတို့ဟောတဲ့ပေဒင်
မှန်ချင်မှန်၊ မှားချင်မှား၊ ညာချင်လည်းညာ
လာမေးသူအကြိုက် လိုက်ပဲပြောပြော
တချို့ တချို့ လူတွေရဲ့ဘဝမှာ
ခဏတာ စိတ်ချမ်းသာမှုရဖို့အတွက်
ဘယ်လောက်ခက်တယ်ဆိုတာ
ပေဒင်ဆရာတွေ အသိဆုံး။
✦ အသပြာဆုံးရင် ဆုံးပါစေ
လူဖြစ်ရှုံးရမယ့်အရေးက လွန်မြောက်
ပျောက်နေတဲ့လမ်းစကို ပြန်ရှာတွေ့သလိုလိုနဲ့
ကံကြွေးကုန်မယ့်နေ့ကို ကြိုတင်မှန်းဆ
ဘဝကို ဖြတ်သန်းရတာလွယ်ကူဖို့
သူတို့ပဲ တတ်နိုင်တယ်။
✦ လူတို့ရွာ၊ ကမ္ဘာအနှံ့မှာ
ကံဆိုတဲ့ မမြင်နိုင်တဲ့ ဝေဒနာကို ကုစားဖို့
ကိုယ်ချင်းစာတရားနဲ့ ကိုယ်စားခံယူပြီး
ကူညီတတ်တဲ့
ပေဒင်ဆရာတွေ ရှိနေပေးတာကို
ကျေးဇူးတင်တယ်။ ။

ရဲထက်ဇော်

www.burmeseclassic.com

www.burmeseclassic.com



# ကံအရိပ်

ကမ္ဘာသားတွေ
စိတ်ရှိင်းစေရာ လုပ်နေသမျှ
သီလပျက်ယွင်း
မှုခင်းတွေ တက်နေမှာပဲ။

ရှုခင်းတွေ သက်သေပဲ
ဖုန်းခွံလေးတစ်ခုလည်း ခိုးတာပဲ
ဆွဲကြိုးမျှင်လေးတစ်ကုံးလည်း လုတာပဲ
ယမကာလုလင်တို့ကလည်း ရိုက်ကြ၊ သတ်ကြတာပဲ။

ငွေကြေး၊ တိုက်ခန်း၊ ကျောက်မျက်ရတနာ
သံသရာ မကြောက်သူတွေကလည်း လိမ်ကြတာပဲ
သူ့မယားလို သူ့ယောက္ခမကို သတ်ကြသူတွေတောင် ပေါ်ခဲ့တာပဲ
သူ့မယားမဟုတ်ပေမယ့်
မိန်းမပျိုများကို ဥစ္စာ၊ ငွေကြေး
ဈေးညှိ၊ ဖြားယောင်း၊ ခြေတော်တင်၊ ခေါင်းပုံဖြတ်
သွယ်ဝိုက်ကာမေသုကို
သုခ ထင်သူတွေကလည်း ပြုံးပြုံးပဲ။

အလို၊ အမျက်၊ အမိုက် ဝက်ပါမှာ
ဝန်ခန္ဓာကို ဆက်ထမ်းမယ့် စိတ်တွေနဲ့
သက်တမ်းရဲ့ တစ်စိတ်တစ်ဒေသကိုတောင်
အဆုံးအရှုံးခံလို့ ဖြစ်ပါ့မလား.....။

အတုံးအရုံးခံသွားရမယ့် ကံအရိပ်က
စီစီတီဗွီထက် စိတ်ချရအောင် လိုက်နေတာ
သတိရပေးပါ.....မိတ်ဆွေ။ ။



မင်းကြယ်စင်သွန်း

www.burmeseclassic.com

www.burmeseclassic.com



# တောင်ခြေတော်ဝင် ပန်းသဇင်သို့



- စခန်းအောင်မြေ တောက်ကြွားဝါတဲ့
မန်းတောင်ခြေ အနောက်နားကိုလ
ကမ်းသောင်ဖွေ အရောက်သွားသလိုပ
တစ်ထောက်နားကာရှာဖွေ။
- ကောက်စပါးမှာ ပြေ(ပြည်)တစ်လွှား
ရွှေအလား ပမာနေ
တစ်ယောက်အား တစ်ရာ ဆွေအများ
ထောက်မနားပါ သဒ္ဒါစွေသည်။
- ဂဝေသီ ပြည်ဖမ္ဗူညီတူ
သီတဂူ လှမ်းပါလို့
မြေမဟီ စီတံချူ ကြည်ဖြူ
ပြည်အငူမှန်းကာ
မြေဇမ္ဗူ ဤမူလွှမ်းစေရမယ်
မြန်းကြစို့လား။ ။

ပတ္တမြားမြေဆန်ဝေ (မန်းတောင်ခြေ)

www.burmeseclassic.com

www.burmeseclassic.com



# အရိပ်သဏ္ဌာန်

၎ လူ့ဘဝမှာ လူတကာကို
လိမ်ညာလှည့်ဖြား
ကံသုံးပါး ကျူးလွန်မှုများနဲ့
စားရဖို့လောက် အားထား
ဝတ်ရဖို့လောက် အားထား
နေရဖို့လောက် အားထား
ဖောက်လွဲဖောက်ပြန်
လူ့စိတ်သဏ္ဌာန်က
ကာယကံနဲ့ ပြုလုပ်မှု၊
ဝစီကံနဲ့ ပြောဆိုမှု၊
မနောကံနဲ့ ကြံစည်မှု
ကျူးလွန်ပြုမိတဲ့
အကုသိုလ်စိတ်က
ပြုသူနောက် သေတစ်ပန်
အရိပ်သဏ္ဌာန် လိုက်ပါနိုင်။ ။



ကျော်လွင်ဦး(ပျဉ်းမနား)

www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




ကာတွန်း

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# ကိုကို (ငယ်ချစ်)

# အမှုစစ်အရာရှိတစ်ဦးရဲ့အမှတ်တရ

အမှတ်မှားသော အကြောင်းအရာတစ်ခုအား ကာလကြာမြင့်စွာ လက်ခံကျင့်သုံးလာသောအခါ၊ သို့တည်းမဟုတ် လူအများမှ ဆင့်ကဲဆင့်ကဲ လက်ဆင့်ကမ်းစွဲမှတ်လာသောအခါ တကယ့်အစစ်အမှန်တရားသည် မှေးမှိန်ကွယ်ပျောက်၍ ထိုအမှတ်မှားသည်ပင် အမှန်တရားဖြစ်လာ၏။ ဥပမာအားဖြင့် ရာမယနဇာတ်တော်မှ ဒသဂီရိမင်းကိုပင် ကြည့်ပေရော့။ ကျွန်တော်တို့ မြန်မာလူမျိုးတော်တော်များများသည် ဒသဂီရိဆိုသည်နှင့် ဘီလူးဟု နားလည်လိုက်ကြသည်။ ဘီလူးမှ ရိုးရိုးဘီလူးမဟုတ်။ ရှယ်ဘီလူး၊ ခေါင်းဆယ်လုံးရှိသော လင်္ကာဒီပကျွန်းမှဘီလူး။ သည်အတိုင်းပင် နားလည်ထားကြပါသည်။

ဂီတအနုပညာရှင်၊ စာပေပညာရှင်၊ သဘင်ပညာရှင် အချို့အချို့တို့မှလည်း ဇာတ်နာစေရန်အတွက် ချောမောလှပသော၊ ချစ်ခင်ကြင်နာဖွယ် လူသားမလေးနှင့် ကြောက်မက်ဖွယ်၊ စက်ဆုပ်ရွံရှာဖွယ်ကောင်းသော ဘီလူးတစ်ကောင်တို့အား ယှဉ်တွဲဖော်ပြ၍ ဇာတ်မနာနာအောင် ပုံသွင်းကြပါသည်။ အမှန်ဆိုလျှင်ကား ဒသဂီရိဆိုသည့် ဝေါဟာရသည် ပါဠိဘာသာအားဖြင့် ဒသ=တစ်ဆယ်၊ ဂီရိ=တောင်ဖြစ်၍ အဓိပ္ပာယ်အပြည့်အစုံမှာ တောင်ဆယ်လုံးအား အစိုးရသော၊ ပိုင်သအုပ်စိုးတော်မူသော မင်းဖြစ်ပါသည်။ ဘီလူးမဟုတ်ပါပေ။

ကျွန်တော်သည် တစ်ခါက လုပ်ဖော်ကိုင်ဖက်တစ်ဦးနှင့် အတော်လေး အငြင်းအခုံ ဖြစ်ခဲ့ဖူးပါသည်။ ဖြစ်ရသည့် အကြောင်းမှာ ကျွန်တော်တို့ရဲ့စခန်းတွင် အလုပ်သင်အရာရှိနှစ်ဦးရှိပါသည်။ လုပ်ဖော်ကိုင်ဖက်မှ ထိုအရာရှိနှစ်ဦးအနက်တစ်ဦးအား ၎င်းစစ်ဆေးရသော အမှုများကို ပေးစစ်ပါသည်။ အမှုစစ်လက်တွေ့ကာလ သင်ကြားပေးသည့်သဘောဖြစ်ပါသည်။ ကျွန်တော်တို့ ပတ်ကားအမှုစစ်များမှ ၎င်းတို့နှစ်ဦးအား ကြုံလျှင်ကြုံသလို သင်ပေးကြပါသည်။ ဗဟုသုတအတွေ့အကြုံတို့ကို ပို့ချပေးပါသည်။

တစ်နေ့ လုပ်ဖော်ကိုင်ဖက်၏ တပည့်ဖြစ်သူ အလုပ်သင်မှ ၎င်း၏ဆရာ မရှိသဖြင့် ကျွန်တော်နှင့် အခန့်သင့်၍ "ဆရာ ကျွန်တော် အမှုနေ့စဉ်မှတ်တမ်းရေးထားတာလေး ကြည့်ပေးပါဦး"ဟု ပြောပါသည်။ ကျွန်တော်က အမှုနေ့စဉ်မှတ်တမ်းအား ဖတ်ကြည့်ရင်း တရားလိုအစစ်ခံချက်အကျဉ်း ရေးသားဖော်ပြမှုနှင့် ပတ်သက်၍ "ငါ့ညီ၊ တရားလိုအစစ်ခံချက်အကျဉ်းကို အမှုနေ့စဉ်မှတ်တမ်းမှာ ဖော်ပြမယ်ဆိုရင် အခုငါ့ညီရေးသလို 'တိုင်ချက်ပါအတိုင်း ထွက်ဆိုအစစ်ခံပါသည်'လို့ နောက်ဘယ်တော့မှမရေးနဲ့၊ အဲဒါ အမှုစစ်လူပျင်းတွေရဲ့လုပ်ရပ်၊ တကယ်အစစ်ခံချက် အကျဉ်းချုပ်လေးကို ထည့်သွင်းဖော်ပြပေး"ဟု ပြောပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဆရာ အပေါ်မှာ အမှုအကျဉ်းပါပြီးသားပဲ"

"ငါ့ညီက အမှုအကျဉ်းနဲ့ တရားလိုအစစ်ခံချက်အကျဉ်းကို ရောထွေးနေပြန်ပြီ၊ အမှုအကျဉ်းဆိုတာက ဖြစ်စဉ်တစ်ခုလုံးကို ခြုံငုံသုံးသပ်ပြီး အဓိကကျတဲ့ အချက်တွေကိုထုတ်ပြီး ထိထိမိမိ သိလျော်အောင် အတိုချုံးရေးထားတာ၊ ငါ့ညီ တရားလိုကိုရော ကိုယ်တိုင်တွေ့ပြီး တကယ်စစ်ဆေးပြီးပြီလား"

ကျွန်တော်မေးတော့ ၎င်းပြုံးနေသဖြင့် သဘောပေါက်ပါသည်။

"အေး.....အဲဒါပဲ၊ တို့အမှုစစ်တွေက တိုင်ချက်ဖတ်ပြီး မှီးရေးလိုက်တာပဲ၊ အပိုအပင်ပန်းခံပြီး ထပ်မစစ်တော့ဘူး၊ သူကတိုင်တဲ့သူ တရားလိုပဲ၊ သူမှန်လို့တိုင်တာ၊ ထပ်စစ်စရာမလိုတော့ဘူးလို့ ထင်ကြတယ်၊ ကိုယ်ရေးအကျဉ်းလောက်လေးပဲ ယူပြီး ပြီးရော၊ တကယ်တော့ တရားလိုကို မေးကိုမေးရမှာ၊ စစ်ကိုစစ်ရမှာ၊ အားနာစရာ၊ သူမကျေနပ်မှာစိုးရိမ်စရာမလိုဘူး၊ ပထမသတင်းပေးတိုင်ချက်ဆိုတာ ပြီးပြည့်စုံတဲ့ ထွက်ဆိုချက်မဟုတ်ဘူး၊ လိုတဲ့ပွိုင့်ကိုပဲထုတ်ပြီး အကျဉ်းချုပ်ရေးထားတာ၊ သူ့ကိုစစ်မှသာလျှင် တိုင်ချက်မှာ မပါသေးတဲ့၊ ကျန်နေမေ့နေတဲ့ အချက်အလက်၊ အကြောင်းအရာတွေ၊ သဲလွန်စတွေ၊ ရီဇင်တွေ၊ မိုတစ်ဗ်တွေ၊ အလီဘိုင်တွေ ထပ်ရလာမှာ၊ တိုင်တဲ့သူတိုင်း၊ တရားလိုတိုင်းဟာ တကယ်ထိခိုက်နစ်နာဆုံးရှုံးသူတွေ၊ ဖြစ်စဉ်အမှန်တွေပဲလို့ ဘယ်လိုသတ်မှတ်လို့ ရမှာလဲ၊ မှန်ကန်မှု ရှိ၊ မရှိဆိုတာ ဦးစွာပထမ အတည်ပြုပေးရမယ့်တာဝန်က တို့အမှုစစ်အရာရှိတွေရဲ့ တာဝန်ပဲ"

ကျွန်တော်ရှင်းပြနေသည်ကို ၎င်းက ဂရုတစိုက် နာယူမှတ်သားနေပါသည်။

"အမှုပိတ်သိမ်းနည်း (၆)နည်းမှာတောင် လီဆယ်မှုများယွင်းဆိုတာ ပါတယ်မဟုတ်လား၊ အဲဒီတော့ သူတို့ကို ထပ်စစ်ဆေးရင်းနဲ့ မူလတိုင်ချက်နဲ့ ကွဲလွဲသွားတာတွေ၊ အမှုလမ်းကြောင်း ပြောင်းလဲသွားတာတွေရှိတယ်၊ ဒါကြောင့် တရားလိုကို အသေအချာ ထပ်မံစစ်ဆေးပေးဖို့လိုတယ်"

ထိုသို့ရှင်းပြစဉ်တွင်ပင် လုပ်ဖော်ကိုင်ဖက် ရောက်ရှိလာပါသည်။ အမှုမှ တရားခံတစ်ဦးသည် ပြစ်ချက်ပေါင်းရှိကြောင်း သိရ၏။ ထိုအခါ ပြစ်ချက်ပေါင်းတွဲခြင်းအတွက် ပြစ်မှုပုဒ်မ ၇၅ ၏ အဓိပ္ပာယ်နှင့် လုပ်ဆောင်ရမည့်နည်းလမ်းကို ဗဟုသုတအနေဖြင့် ဆွေးနွေးမိကြပါသည်။

ပြစ်ချက်ပေါင်းတွဲနိုင်ရန်အတွက် တရားခံသည် ယခင်က ပြစ်ဒဏ် (၃)နှစ်နှင့် (၃)နှစ်အထက် ကျခံဖူးသူဖြစ်ရမည်ဟု ၎င်းကဆိုသည်။ ကျွန်တော်က ၎င်းသိရှိထားသောအချက်သည် မဟုတ်ကြောင်း၊ ယခင်က တရားခံကျူးလွန်ခဲ့သော ပြစ်မှုသည် ပြစ်မှုဆိုင်ရာဥပဒေအခန်း (၁၂)နှင့် (၁၇)တို့မှ အခန်းတူဖြစ်ရပြီး ပြစ်ဒဏ် (၃)နှစ်နှင့် (၃)နှစ်အထက် ကျခံနိုင်သော ပြစ်မှုဖြင့် စီရင်ခြင်းခံရဖူးလျှင် တွဲနိုင်ကြောင်း၊ အမှန်တကယ် ပြစ်ဒဏ် (၃)နှစ်ကျခံရန်မလိုကြောင်း၊ ဥပမာ ခိုးမှုဖြင့် ထောင်တစ်နှစ်ချမှတ်ခြင်းခံရသော်လည်း အမှန်တကယ်အားဖြင့် ခိုးမှုသည် ထောင်(၃)နှစ်မှအထက် ချမှတ်နိုင်သော ပြစ်မှုဖြစ်သဖြင့် ပြစ်မှုပုဒ်မ ၇၅ ပြစ်ချက်ပေါင်းတွဲနိုင်ကြောင်း ရှင်းပြရာ ကျွန်တော်တို့နှစ်ယောက် အငြင်းအခုံပြုကြပါသည်။ ကျွန်တော်တို့မှအစပြု၍ သူ့တပည့်၊ ကိုယ့်တပည့်၊ သူ့ဘက်၊ ကိုယ့်ဘက် ကိုယ်ထင်ရာကို အကိုးအကားပြနေရာ နောက်ဆုံး ကျွန်တော်က သင်တန်းကျောင်းမှ ထုတ်ဝေဖို့ချသော အမှုစစ်ဆေးနည်းစာအုပ်နှင့် ရဲလက်စွဲ ဒုတိယတွဲ၊ အပိုဒ် ၁၅၂၇ တို့ကို ထုတ်ပြပြီး သက်သေထူရ၏။

ထိုအခါမှ ပြီးပြတ်တော့၏။ ထိုသို့ ဆွေးနွေးခြင်း၊ ငြင်းခုံခဲ့ခြင်းတို့ကြောင့်လည်း နောင်အခါတွင် ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်တော်တို့ မေ့သွားစရာအကြောင်းမရှိတော့၊ ဤကား စုပေါင်းဆွေးနွေးကြခြင်း၏ အကျိုးကျေးဇူးတည်း။

+++

ကျွန်တော်သည် ကြုံလျှင်ကြုံသလို အလုပ်သင်အရာရှိနှစ်ဦးအား ကျွန်တော်သိသမျှ၊ တတ်သမျှ၊ လေ့လာမှတ်သားမိသမျှတို့ကို စိတ်ရှည်လက်ရှည် သင်ပြပေးပါ၏။ အတွေ့အကြုံများကိုလည်း စေတနာပါပါဖြင့် ပြောပြပါသည်။ ကျွန်တော့်အနေဖြင့် ဆရာကြီးလုပ်ခြင်း၊ လူတွင်ကျယ်လုပ်ခြင်းမဟုတ်ပါ။ ကျွန်တော်တို့ကိုယ်၌ပင် အမှုစစ်လုပ်ငန်း၊ ရဲလုပ်ငန်းအား ပြီးပြည့်စုံအောင် တတ်ပြီလားဟုဆိုပါလျှင် "I Know Nothing." ဘာတစ်ခုမျှမတတ်သေးဟု ပြောရပါမည်။ သို့သော် တပ်ဖွဲ့အတွက်၊ တပ်ဖွဲ့ဝင်အချင်းချင်းအတွက် အတတ်တစ်ချပ်သဲတစ်ပွင့် ပညာဒါနပြုခွင့်ရချင်၊ အကျိုးပြုခွင့်ရချင်ပါသည်။

၎င်းတို့ ရှေ့ဆက်လျှောက်ရမည့် အမှုစစ်သက်တမ်း

www.burmeseclassic.com

www.burmeseclassic.com


တစ်လျှောက်တွင် အမှားအယွင်းကင်းစေချင်ပါသည်။ အမှန်နှင့်အမှား ခွဲခြားနားလည်နိုင်ပြီး အမှန်တရားကို ကာကွယ်စောင့်ရှောက်သူများလည်း ဖြစ်စေချင်ပါသည်။

ရဲစခန်းမှတ်ပုံတင် (၂၂)၊ အမှုစစ်အရာရှိတစ်ဦး တစ်လအတွင်း စစ်ဆေးရသော အမှုများစာရင်းစာအုပ် ရေးသွင်းနည်းများကိုပါ လက်တွေ့မွမ်းမံပို့ချပေးပါသည်။ တစ်ယောက်နှင့်တစ်ယောက် ကွဲလွဲချက်များကိုပါ ရှင်းပြပါသည်။

စစ်ဆေးရသော အမှုများစာရင်းအရေအတွက်ကို တစ်နှစ်စာလုံးအတွက် အမှတ်စဉ်ရေတွက်ရသည်။ တစ်လချင်းအလိုက် တရားစွဲတင်နိုင်သော အမှုများစာရင်းကို မင်နက်ဖြင့် အမှတ်စဉ်ရေးရသည်။ ထိုလအတွင်း မပြီးလျှင် ထိုမပြီးပြတ်သောအမှု၏ အမှတ်စဉ်ကို မင်နီဖြင့် ဦးစွာပြန်ကူး၍ရေးရသည်။ ထို့နောက်မှ ထိုလအတွင်း ရရှိစစ်ဆေးရသောအမှုအသစ်စာရင်းကို မင်နက်ဖြင့်ပင် ယခင်လ မင်နက်အမှတ်စဉ်မှ ဆက်တိုက်ယူသွားရသည်။ ဥပမာ ယခင်လက အမှု(၁၀)မှုရသည်။ အမှတ်စဉ် (၁၀)အထိ မင်နက်ဖြင့်ရေးရသည်။ ထိုအထဲမှ အမှတ်စဉ် (၅)နှင့် (၈)တို့သည် တရားမစွဲနိုင် နောက်လကူးသွားသည်ဆိုပါလျှင် နောက်လအတွက် အမှုစာရင်းဖွင့်ရာတွင် အမှတ်စဉ် (၅)နှင့် (၈)တို့ကို မင်နီဖြင့် ဦးစွာဖော်ပြ၍ ထိုလတွင် အသစ်ရရှိသော အမှုများကို မင်နက်ဖြင့် အမှတ်စဉ် (၁၁)မှစ၍ ရေးရသည်။ ပြီးခဲ့သောလက အမှု (၁၀)မှုဖြင့် အဆုံးသတ်ခဲ့သည်မဟုတ်ပါလား။ သို့မှသာ တစ်နှစ်စာလုံးအတွက် ရေတွက်ပါက မင်နက်အမှတ်စဉ်ကို ကြည့်ရုံနှင့်ပင် ထိုအမှုစစ်သည် တစ်နှစ်လုံး အမှုဘယ်နှမှု စစ်ရသည်ကို အလွယ်တကူ သိရှိနိုင်ပါသည်။

ကျွန်တော့်အား စာအုပ်ကြီးဟု ဆိုချင်ဆိုကြပေရော့။ မြန်မာစကားပုံရှိပါသည်။ အစကောင်းမှ အနှောင်းသေချာမည် ဖြစ်ပါသည်။ ကျွန်တော်သည် မီးခဲဘဝ၌ပူပြီး အေးသောမီးသွေးခဲဘဝ ရောက်ပြန်တော့လည်း ထိတွေ့ကိုင်တွယ်သူမှန်သမျှကို မည်းညစ်ပေကျံစေသည့် မီးသွေးခဲလိုလူစား မဖြစ်ချင်ပါ။

ကြီးလေချဉ်လေဆိုသည့် သံပရာသီးလိုလူစားလည်း မဖြစ်ချင်။

ကြီးလေ တည်ငြိမ်ရင့်ကျက်လေ တန်ဖိုးရှိလေဖြစ်သည့် ရေတ်သီးလိုလူစား ဖြစ်ချင်ပါသည်။

သို့မှသာ ရင့်လေစပ်လေဖြစ်ပါမည်။

+++

ပုံပြင်လေးတစ်ပုဒ်ရှိပါသည်။

တစ်ခါက လူစကားပြောတတ်သော ကြက်တူရွေးလေးတစ်ကောင်ရှိ၏။ ၎င်းသည် ဘယ်သောအခါဖြစ်ဖြစ်၊ ဘယ်သူ့အပေါ်တွင်ဖြစ်ဖြစ် အမှန်တရားကိုသာ ပြောတတ်ပါသည်။ တစ်နေ့သောအခါ ၎င်း၏သခင် (ပိုင်ရှင်)က သူတစ်ပါး၏ စပါးများကိုခိုး၏။ ထိုသည်ကို ကြက်တူရွေးလေးကမြင်၍ စပါးရှင်များက လိုက်လံရှာဖွေသည့်အခါ အမှန်တရားကိုသာ ပြောတတ်သော ကြက်တူရွေးလေးက သခင်မျက်နှာကိုပင် မထောက်ဘဲ "သခင်ခိုးတာ ကျွန်တော်မြင်သည်၊ သခင်ခိုးတာ ကျွန်တော်မြင်သည်"ဟု ပြောပါသည်။ စပါးရှင်တို့မှာ လက်ဆုပ်လက်ကိုင် မပြနိုင်သော်လည်း ထိုသူ၏ အကျင့်စာရိတ္တနှင့် လက်ရှိမသင်္ကာသော အကြောင်းအရာတို့ကို ပေါင်းစပ်၍ ခိုးမှုဖွင့်၏။ ကြက်တူရွေးလေးအား မျက်မြင်သက်သေအဖြစ် တင်ပြသည်။ တရားခံဖြစ်သူ (ကြက်တူရွေးပိုင်ရှင်)က ၎င်းမခိုးကြောင်း၊ ကြက်တူရွေးလေးမှာ အမြဲလိမ်ပြောတတ်သူဖြစ်ကြောင်း တရားသူကြီးကို တင်ပြပါသည်။ ကြက်တူရွေးလေးကတော့ "ကျွန်တော်မလိမ်ဘူး၊ သခင်ခိုးတာ ကျွန်တော်မြင်သည်"ဟု ပြောပါသည်။ သို့ဖြင့်ပင် နောက်တစ်ပတ်ရုံးချိန်းပြီး ထိုနေ့တွင် ကြက်တူရွေးလေးသည် လိမ်တတ်သူဖြစ်ကြောင်း အထောက်အထားခိုင်လုံစွာ တင်ပြမည်ဟု ပိုင်ရှင်က ရုံးတော်သို့ လျှောက်လဲခဲ့ပါသည်။

ရုံးချိန်းမရောက်မီညတွင် ပိုင်ရှင်က ကြက်တူရွေးလေးအား အုပ်ဆောင်းထဲထည့်၍ ဘာမှမမြင်ရအောင် ပတ်၍ကာ၊ အပေါ်ပေါက်မှ ကြက်တူရွေးလေးတစ်ကိုယ်လုံး စိုရွှဲနေအောင် ရေမပြတ်လောင်းချ၊ လက်တစ်ဖက်က သံပုံးတစ်လုံးကို 'ဘုန်းဘုန်း ဘုန်း'တီးလိုက်၊ တစ်ခါ လက်နှိပ်ဓာတ်မီးကို 'ဝင်းခနဲ ဝင်းခနဲ'ထိုးလိုက်ဖြင့် တစ်ညလုံး စိတ်ရှိလက်ရှိ ဆောင်ရွက်နေတော့သည်။ ကြက်တူရွေးလေးခမျာ ရေအကျသက်သာရာ နေရာလေးမှာပဲ ခိုကပ်နေရသည်။

ထိုသို့ဖြင့် နောက်နေ့တွင် တရားရုံးသို့ ရောက်သည့်အခါ ပိုင်ရှင်က ကြက်တူရွေးလေးအား "ကဲ...ကြက်တူရွေးလေး၊ ညက မင်းဘာတွေ ကြုံရ၊ မြင်ရလဲ"ဟုမေးရာ ကြက်တူရွေးလေးခမျာ အချမ်းမပြေသေးဟန်ဖြင့် "ညက မိုးသည်း

www.burmeseclassic.com

www.burmeseclassic.com

ထန်စွာရှာ၊ မိုးတွေချုန်း၊ လျှပ်စီးတွေလက်၊ မိုးကြိုးတွေပစ်'' ဟု ပြောပါသည်။

ထိုအခါ ပိုင်ရှင်က ''တရားသူကြီးမင်းခင်ဗျာ၊ ကျွန်တော့်ကြက်တူရွေးလေးဟာ လိမ်ပြောတတ်ကြောင်း ထင်ရှားနေပါပြီ''ဟု တင်ပြပါသည်။ တရားသူကြီးကလည်း ဘာပြောတော့မလဲ။ တရားခံ အပြစ်မရှိ၊ လွှတ်စေပေါ့။ ဟုတ်တယ်လေ။ သည်လောက် နွေခေါင်ခေါင်၊ ညကလည်း ရာသီဥတုက သာသာယာယာ။ ဒါကိုတောင် ကြက်တူရွေးလေးက ''မိုးသည်းထန်စွာရွာ၊ မိုးတွေချုန်း၊ လျှပ်စီးတွေ လက်၊ မိုးကြိုးတွေပစ်''ဆိုတော့ ကြက်တူရွေးလေး လိမ်တာ ပေါ့။

ကဲ.....အမြဲတမ်း အမှန်တရားပြောတတ်တဲ့ ကြက်တူရွေးလေး လူလိမ်၊ ကြက်တူရွေးလိမ်ဖြစ်ပြီပေါ့။ တရားသူကြီးတွင်လည်း အပြစ်မရှိ။ သူက လက်တွေ့တင်ပြချက်အရ ဆုံးဖြတ်ရသူကိုး။ ရွှေဉာဏ်တော်စူးရောက်သော ဉာဏ်ကြီးရှင် ကြက်တူရွေးပိုင်ရှင်ကား အကြံပိုင်လှသဖြင့် ဘာမျှမတတ်နိုင်ခဲ့။

ကြက်တူရွေးလေးဘဝ၊ သူရှင်သန်နေထိုင်ရသည့် အတိုင်းအတာ၊ သူမြင်တွေ့ သိမှတ်ခွင့်ရသောဘောင်အတွင်း အမှန်တရားဟု လက်ကိုင်စွဲမှတ်ခဲ့သော်လည်း တကယ်လက်တွေ့လောကကြီးနှင့် ယှဉ်သောအခါ ဘာမျှမဟုတ်တော့။

သို့ဖြစ်၍လည်း ကျွန်တော်သည် အလုပ်သင်များအပေါ် စေတနာအမှန်ဖြင့် သင်ကြားပေးခြင်းဖြစ်ပါသည်။ ဆရာကြီး၊ လူတတ်ကြီးလုပ်လိုသော ဆန္ဒလုံးဝမရှိ။ သူတို့ပင်မက ကျွန်တော်တို့ပါ ကြက်တူရွေးပိုင်ရှင် မဖြစ်ချင်သကဲ့သို့ ကြက်တူရွေးလေးလည်း မဖြစ်လိုပါ။ နိုင်ငံတော်အတွက်၊ တပ်ဖွဲ့အတွက်၊ တပ်ဖွဲ့ဝင်အချင်းချင်းအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့် အကျိုးပြုခွင့်ရလျှင် လူဖြစ်ရကျိုးနပ်ပေ၏။

ကိုကို(ငယ်ချစ်)


# အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-
ဆရာကြီး၏သား **ဆရာဦးရဲဝင်း**
ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။
ခါးနာ ၊ ခါးကိုက် ၊ ဒူးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ကျင်နာ ၊
ခြေသေလက်ကပ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်
ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**
၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
အမှတ် (၄၃) ဓမ္မာသီကာ၊စီ၊ဗျို့နယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း - ၀၉ ၇၃၁၀၀၂၅၀

ဆေးခန်းဖွင့်ချိန်၊ ။ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)
အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး
၎င်းဆေးခန်းတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်မျက်နှာဝတ္ထုတို



# ရဲဝံ့စွာ ဖော်ထုတ်ကြပါ

အိမ့်(ရူပဗေဒ)

သီတာနှင့်နီလာ အမြွှာညီအစ်မ နှစ်ယောက်သည် ဘွဲ့ရသည်နှင့် စီးပွားရေးလောကထဲသို့ ဝင်ခဲ့ကြ၏။ သီတာက ဈေးတစ်ဈေးတွင် အထည်ဆိုင်လေး ဖွင့်ထားပြီး နီလာက အိမ်ရှေ့တွင် ကုန်စုံဆိုင်လေးဖွင့်ခဲ့ကြသည်။ သည်တော့ သူတို့အတွက် ဆိုင်အကူလိုအပ်လာကြ၏။

''ခင်ဗျားတို့လိုချင်တဲ့ ၁၄ နှစ်၊ ၁၅ နှစ်အရွယ် ယောကျ်ားလေးတွေက ရှားတယ်ဗျ၊ ရရင်လည်း ၆ လစာကြို ပေးထားမှဖြစ်လိမ့်မယ်၊ တစ်လ နှစ်သောင်းခွဲနော်''

''ဟုတ်ကဲ့ပါ ပွဲစားရယ်၊ သူတို့ ကို ဆိုင်အလုပ်ပဲခိုင်းမှာပါ၊ လျှော်တာဖွပ်တာ အချက်အပြုတ်တောင်မခိုင်းပါဘူး၊ နှစ်ယောက်ယူမှာဆိုတော့ နှစ်သောင်းစီပဲထားပါရှင်၊ ပြီးတော့ ကျွန်မတို့က ထမင်းကျွေး၊ အဝတ်အစားဆင်ပေးရဦးမယ်''

''ဒါဆိုလည်း နောက်ပွဲစားကို ရှာခိုင်းဗျာ၊ ခင်ဗျားတို့ပြောတဲ့ဈေးတော့ မရနိုင်ဘူး၊ တချို့ဆိုသုံးသောင်းတောင်းတာနော်''

ပွဲစားက ဈေးကိုင်နေ၍ ပြောသည့်အတိုင်း ပေးလိုက်ရတော့၏။ လိုအပ်နေသည့်အတွက် ငွေစကားမပြောချင်တော့ပေ။ ပွဲစားခေါ်လာသည့် ကလေးနှစ်ယောက်မှာလည်း မြင်သည်နှင့် စိတ်ညစ်စရာပင်။ အစာရေစာမဝသည့် ပိန်လှီလှီ မည်းမည်းကြုတ်ကြုတ်လေးများ ဖြစ်နေကြ၏။

''သနားပါတယ်ဟယ်၊ ထမင်းဝဝကျွေးမှ တောင့်တင်းခိုင်မာလာမှာ၊ ဒီပုံစံနဲ့ ဘယ်လိုခိုင်းရက်ပါ့မလဲ''

''ဆံပင်တွေကရှည်ပြီး ညှဉ်းသိုးသိုးနဲ့၊ ဆံပင်ညှပ်ဆိုင်ကိုခေါ်သွားရမယ်''

ဆိုင်အကူယောကျ်ားလေးများ၏ သန့်ရှင်းရေးကို အရင်လုပ်ပေးရ၊ သူတို့ကို ပြောဆိုဆုံးမရနှင့် အပျိုကြီးနှစ်ယောက်မှာ မောနေတော့၏။ ကလေးများလည်း တဖြည်းဖြည်းနှင့်အရောင်ထွက်လာကြသည်။

''ကောင်လေးတွေက စကားနားထောင်ကြသားပဲ၊ မဆိုးပါဘူး၊ အကြီးကောင်က နည်းနည်းပျင်းချင်တယ်၊ အအိပ်နဲ့အစားမက်တယ်''

''အငယ်ကောင်က ခိုင်းမှလုပ်တတ်တယ်၊ အကြီးကောင်လောက် အကင်းမပါးဘူး''

အိမ်ဖော်နဲ့အိမ်ရှင်ဆိုတာ တစ်ဦးကိုတစ်ဦး အမှီသဟဲပြုနေကြတာပါ၊ သူတစ်ပါးကို ကျွေးမွေးပေးကမ်းတာ ကုသိုလ်ရပါတယ်လေ၊ သူတို့ရဲ့စိတ်တွေကို ပြုပြင်ယူကြရမှာပေါ့ဟယ်''

+++

သည်လိုနှင့် တစ်လကျော်သည့်နေ့တွင်တော့ နီလာမှာ သီတာ့အတွက် ထမင်းပို့ခိုင်းလိုက်ရာမှ ကောင်လေးနှစ်ယောက်စလုံး ထွက်ပြေးသွားကြသည်။ လေးဆင့်စတီးလ်ထမင်းချိုင့်တစ်လုံး၊ သူတို့အတွက်စားရန် သုံးဆင့်စတီးလ်ချိုင့်နှစ်လုံးနှင့် အထည်ကြွေးဆပ်လိုက်သည့် ငွေနှစ်သောင်းအပြင် ထီးတစ်လက်ပါ အဆစ်ပါသွား၏။

''ပေးလိုက်တဲ့ငွေကို လမ်းစရိတ်လုပ်ပြီး ထမင်းဆာရင်စားလိုက်၊ စတီးချိုင့်တွေကို ရောင်းပြီးသုံးလိုက်နဲ့ လုပ်နေကြမှာပေါ့၊ အဲဒါကြောင့်ပြောတာပေါ့၊ သူတို့တွေကို အတူတူမလွှတ်နဲ့ဆိုတာလေ၊ အကွက်ချောင်းနေမှာပေါ့၊ ညည်းတို့က ယုံစားလွန်းကြတာကိုး၊ အခု ဘယ်လိုလုပ်ကြမလဲဟင်၊ ပျောက်သွားရင် အမှုကပတ်ဦးမယ်''

မိဘက တဆူဆူနှင့် စိတ်ဆင်းရဲသွားကြ၏။ ပွဲစားအိမ်သို့ လိုက်သွားကြသော်လည်း အိမ်တံခါးကြီးပိတ်၍ အတွေ့မခံပေ။ ဖုန်းဆက်သော်လည်း ဖုန်းပိတ်ထား၏။ သည်တော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးထံသို့ အကြောင်းကြားထားရ၏။

''ပွဲစားနဲ့ပေါင်းရိုက်တာ သေချာသွားပြီ နီလာ၊ ဒီတော့ ရဲစခန်းတိုင်ရကောင်းမလား၊ တို့ဘက်က အမှုဖွင့်ထားဖို့လိုတယ်''

''ဟုတ်တယ်၊ တို့လိုအိမ်ရှင်တွေကို ဒုက္ခပေးနေတဲ့ ပွဲစားတွေရဲ့ လူလည်ကျမှုကို ဖော်ထုတ်ရမယ်၊ သူတို့ကို ဥပဒေအရ အရေးမယူနိုင်ရင် ပိုကဲလာကြလိမ့်မယ်၊ တို့ဆီက ကြိုယူသွားတဲ့ ၆ လစာကို နှမြောလို့မဟုတ်ပါ ဘူး၊ လူသားချင်း ညှာတာစိတ်မရှိဘဲ လိမ်လည်ခံရတာကို မကျေနပ်လို့ပါ၊ ကလိမ်ကကျစ်စိတ်ဓာတ်ရှိတာ ဘယ်ကောင်းပါ့မလဲ''

ညီအစ်မနှစ်ယောက်မှာ ပွဲစား၏ စနက်မှန်းသိသွားသည့်နောက် ဥပဒေအရဖြေရှင်းရန် ရဲစခန်းဆီသို့ သွက်လက်သောခြေလှမ်းများဖြင့် လျှောက်လှမ်းသွားကြတော့သည်။

အိမ့် (ရူပဗေဒ)

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



"ကောင်းလား၊ တို့ ဥညြလေးပါ"

"ဩော်.....ပြောလေ"

ကောင်းဇင်သူအသံကိုကြားရမှ ပန်းဥညြက အပြုံးသံချိုချိုဖြင့် မူနွဲ့နွဲ့ ပြောလိုက်၏။

"တို့လေ ကောင်းကိုလွမ်းလို့ သိလား"

"ဒီညလာခဲ့မယ်လေ"

"ဟယ်.....အဟုတ်...တကယ်"

ပန်းဥညြ၏ ဝမ်းသာလိုက်လှဲသော အမူအရာနှင့် မျက်နက်ဝန်းလေးမှာလည်း အရောင်တောက်သွားသည်။ ကောင်းဇင်သူထံမှ အင်းဆိုသောအသံကိုကြားရပြီးနောက် ဖုန်းချသွားသော်လည်း ပန်းဥညြက နားလည်စွာဖြင့် ကျေနပ်နေ၏။

"ဟဲ့.....ပြုံးလိုက်၊ ရယ်လိုက်နဲ့ စိတ်မှကောင်းသေးရဲ့လား ဥညြ"

"ကောင်းပါ့ကွာ၊ ဒီည ကောင်လေးရောက်လာမယ်လေ၊ အခုပဲ သူ့ညီက အဆက်အသွယ်ရလာတယ်"

"မင်းတော့ နိုင်ပြီ ဥညြ၊ ကောင်လေးကို လက်မလွှတ်စေနဲ့ကွာ၊ ကြည့်ရတာ ငွေကြေးပြည့်စုံတဲ့အသိုင်းအဝိုင်းကပဲ၊ တို့ဆီကို ခြေလှမ်းမှားဝင်လာတာပဲ ကံတရားကို ကျေးဇူးတင်ရမယ်"

"မင်းလည်း ဘာထူးသေးလဲ၊ ကောင်လေးရဲ့သူငယ်ချင်းနဲ့ ခရီးရောက်နေပြီဆို"

"ဒါပေါ့ ဥညြ၊ တို့ဘဝတွေက အခုလိုမှ ဆုပ်ကိုင်မထားနိုင်ရင် ဒီဘဝက လွတ်မြောက်ကြမှာမဟုတ်ဘူးပေါ့၊ တို့ပတ်ဝန်းကျင်မှာ လည်တဲ့ယောကျ်ားမျိုးတွေနဲ့ ကျင်လည်ခဲ့ကြတာပါ၊ အခုတွေ့ရတဲ့ကောင်လေးတွေက မနူးမနပ်နဲ့ လက်တည့်စမ်းချင်ကြတဲ့အရွယ်လေ၊ တို့က သူတို့ကို ကြိုးကိုင်နိုင်ဖို့ပဲ လိုတယ်"

သန္တာချိုက ပန်းဥညြအား အချစ်သင်တန်းကို ပို့ချနေလိုက်သေး၏။ တကယ်တော့ သူတို့နှစ်ဦးမှာ ဘဝတူများဖြစ်ကြသည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ငယ်လေးတစ်ခုမှ ရန်ကုန်မြို့ကြီးဆီသို့ အလုပ်လုပ်ရန် အရဲစွန့်ထွက်လာကြခြင်းဖြစ်၏။

"အလှပြင်ဆိုင်မှာ ဆက်လုပ်နေလို့ကတော့ ခြေညောင်း၊ အာညောင်းရုံကလွဲပြီး တိုးတက်လာမှာမဟုတ် တာ၊ ဒီမှာက ဘယ်လောက်အနေ ချောင်သလဲ၊ နေစရာလည်း မပူရဘူး၊ စားဖို့လည်း အဆင်သင့်၊ ဟင်းမကြိုက် ရင် အပြင်ထွက်စားလိုက်ရုံပဲ"

"ဟုတ်တယ် သန္တာ၊ တို့ဘဝမှာ လိုအပ်တာငွေပဲကွ၊ ဒါကြောင့်မို့ ငွေရှိတဲ့သူတွေ့ရင် ခွကောင်းထိုင်စားလိုက်ရုံပဲ၊ ကောင်လေးနှစ်ယောက်က တို့အတွက် ဟီ.....ဟီ.....ဟိ"

"အေး၊ မင်းက ရယ်ပဲနေနော်၊ ကောင်လေးရောက်လာရင် ကိုယ်ကစလှုပ်ရှားပေတော့၊ ဒါလေးတွေက New လေးတွေနော်၊ သန့်တယ်"

"သိပါတယ် သန္တာရာ"

ပန်းဥညြက အချိန်ကိုကြည့်လိုက်ပြီး လှုပ်ရှားရန် ပြင်ဆင်နေတော့သည်။ အဝတ်အစားကအစ လိုက်ဖက်ပြီး ဆွဲဆောင်မှုရှိမည့်အရောင်ပါ ရွေးချယ်ထားသည်။ အတွေးထဲတွင် ကောင်းဇင်သူ၏မျက်နှာက ပေါ်လာပြန်၏။ အသက် ၁၆ နှစ်သာသာရှိသေးသော ကောင်လေးတစ်ယောက်အား အသက် ၂၅ နှစ်ရှိ သူမက ညှို့ယူဖမ်းစားနိုင်ရန် အားထုတ်ရပါလိမ့်မည်။ ပန်းဥညြအတွက် ကံကောင်းသည်က အသက်ထက်နုပျိုသော သူမရုပ်ရည်ကြောင့်ပင်။ တချို့က ပန်းဥညြအား အသက် ၂၀ ဟု ထင်နေကြ၏။

အရွယ်တင်သော ပန်းဥညြမှာ သန္တာချိုထက် ပိုနုနေသေးသည်။ ပန်းဥညြ၏အမည်ရင်းမှာ ခင်စန်းမေဖြစ်ရာ အသံကောင်းသူဖြစ်၍ ပန်းဥညြဟု နာမည်ပေးထား၏။ သန္တာချိုက အမည်ရင်းဖြစ်သည်။

+++

"လာ...ကောင်လေး၊ မင်းကြိုက်တဲ့သီချင်းတွေ တို့ရွေးထားတယ်၊ ဒီညစောစောမပြန်ရဘူးနော်"

"မဖြစ်ဘူးဗျ၊ မေမေက အချိန်နဲ့ပြန်ခိုင်းထားတယ်"

အရေးထဲ အမေချစ်သားတစ်ယောက်ဖြစ်နေသဖြင့် ပန်းဥညြမှာ စိတ်တိုသွား၏။ သူမ တွေ့သည့်ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com

တိုင်း မိဘနှင့် အကြောင်းပြကြသူများ ချည်းပင်။ ထိုအထဲမှ တစ်ယောက်သာ မိန်းမနှင့် အကြောင်းပြခဲ့သည်။ သည်တော့ သင်ခန်းစာကောင်းကောင်းပေး လိုက်၏။ ယခုလည်း လာချေပြန်ပြီ။ သည်တစ်ယောက်ကိုတော့ အလွတ်ပေး၍ မဖြစ်ပေ။

"သြော်.....ပြန်ရမှာပေါ့ ကောင်းရယ်၊ မိဘစကားကို နားထောင်တာ ကောင်းတာပေါ့ကွယ်"

ကောင်းဇင်သူ၏ တင်းမာဟန် မျက်နှာထားက ပြေလျော့သွား၏။ အခု အချိန်တွင် ပန်းညွှန့်ဘက်က တောက်တဲ့လို ကပ်ရကပ်ရ၊ အိမ်မြှောင်လိုတွယ်ကပ်ရကပ်ရ၊ ကော်လို မခွာနိုင်အောင် ကပ်ထားမှဖြစ်ပေမည်။ သည်တော့ ဘီယာကို မူးအောင်တိုက်ပစ်လိုက်၏။ အူ အရိုင်းလေးဖြစ်နေ၍ ခဏချင်းပင် သီချင်းကိုဖြောင့်အောင်မဆိုနိုင်တော့ပေ။ မှောက်သွား၏။

"ဟင်း.....ဟင်း၊ မင်းနုပါသေးတယ် ကောင်လေးရယ်၊ တို့လောက, က ပိုင်မှဖြစ်မှာလေ"

ပန်းညွှန့်သည် သူ့ဟန်းဖုန်းဖြင့် ခေါ်လိုက်ရာ ကြိုတင်စီစဉ်ထားသည့် အတိုင်း ကောင်းဇင်သူအား သယ်မသွားကြ၏။ ပန်းညွှန့်မှာ အောင်နိုင်သူ အပြုံးဖြင့် အနောက်မှ လိုက်ပါသွားတော့သည်။ ပြီးနောက် အမှောင်ခန်းလေးထဲရှိ အိပ်ပျော်နေသော ကောင်းဇင်သူနံဘေးတွင် ဝင်ရောက်နေရာယူပြီး.....

"သြော်.....အပြစ်ကင်းတဲ့သူလေးပါလားနော်၊ ဒါပေမဲ့ တို့ကိုခွင့်လွှတ်ပါ ကောင်လေးရယ်"

"အိုကေရင် ရိုက်ပြီနော်"

လက်ကိုင်ဖုန်းဖြင့် ဗီဒီယိုမှတ်တမ်း တင်လိုက်၏။ အိပ်ပျော်နေမှန်း မသိစေရန် ပန်းညွှန့်က ကောင်လေးအား တစ်ဖက်သို့စောင်းလှည့်ရင်း သရုပ်ဆောင်နေတော့သည်။ သည်အထိ ကောင်လေးမှာ သတိမရသေးပေ။

"ကျေးဇူးပဲနော်"

ဖုန်းကိုပြန်ဖွင့်ကြည့်လိုက်မိ၏။ ပြီးနောက် ကျေနပ်စွာဖြင့် ကောင်လေးအား ထွေးဖက်ထားလိုက်သည်။

"ဟင်.....ခင်ဗျား.....ခင်ဗျား၊ ဘာကြောင့် ဒီရောက်နေတာလဲ"

ကောင်းဇင်သူသည် နိုးလာသည်နှင့် သူ့နံဘေးရှိ အိပ်နေသူကိုတွေ့ကာ မျက်လုံးပြူးသွားတော့၏။ သည်တော့ ပန်းညွှန့်က ဒုတိယအကြိမ် မျက်ရည်ကျ၍ သရုပ်ဆောင်လိုက်ရသည်။

"မင်းပဲ ဘီယာမူးပြီး တို့ကို..... တို့ကို.....ဟင့်.....ဟင့်.....ဟင့်"

"ဗျာ....."

ကောင်လေးမှာ သူ့ကိုယ်ကို ပြန်ဆန်းစစ်လိုက်၏။ ဖရိုဖရဲဖြစ်နေသော အဝတ်အစားနှင့် ခန္ဓာကိုယ်အောက်ပိုင်းတွင် စောင်သာဖုံးအုပ်ထားရာ ကောင်လေးလည်း တုန်လှုပ်သွားတော့သည်။

"မင်းက တို့ကိုဖက်ထားတော့ ရုန်းလို့မှမရတာလေ၊ ဒီတော့....."

"တော်ပါတော့ဗျာ၊ ကျွန်တော် သွားတော့မယ်၊ ၈ နာရီကျော်နေပြီ"

"မင်းကို မတားရက်ပါဘူးကွာ၊ ဒါပေမဲ့ မင်းနဲ့တို့ ပတ်သက်ခဲ့ဘူးတာကိုတော့ ဘယ်တော့မှ မမေ့လိုက်ပါနဲ့ ကောင်းရယ်"

"ကျွန်တော် မသိဘူး ပန်းညွှန့်"

ကောင်လေးထံမှ ပန်းညွှန့်ခေါ်သံက စိမ်းစိမ်းကားကားဖြစ်နေ၏။ ရှောင်ထွက်၍ မရနိုင်မည့် စကားတစ်ခွန်းကို ပြောမိ၏။

"ဒီအခန်းထဲရောက်နေတာတောင် မင်းက မသိဘူးလို့ ငြင်းချင်သေးလားဟင်၊ ဒီအခန်းမှာ လျှို့ဝှက်ကင်မရာရှိနေတယ်နော်၊ ဖုန်းနဲ့လည်း...ဟင်း...ဟင်း"

"ဗျာ....."

"ဒါဆိုသဘောပေါက်ပေါ့ကွာ၊ မင်းသွားနိုင်ပါတယ်၊ ဒါပေမဲ့ တို့ခေါ်လို့ မှ မင်းရောက်မလာရင်တော့ တစ်ကမ္ဘာလုံးပျံ့ပြီး သိသွားအောင် အင်တာနက် တင်လိုက်မှာနော်"

ကောင်းဇင်သူ စိတ်ညစ်သွားတော့သည်။ ခေါင်းငိုက်စိုက်ချ၍ အိမ်ပြန်ရမည်ကိုပင် စိတ်မပါတော့ချေ။ ပန်းညွှန့်၏အကြံကို သိရသည့်နောက် သူ့အား ယုတ်မာစိတ်ဖြင့် ချဉ်းကပ်ခဲ့မှန်း သိသွား ရသည်။ သည်အတိုင်းဆိုလျှင် ပန်းညွှန့်၏ ကျူးသွင်းမှုကို သူခံရပေတော့မည်။ သည်နေရာကို လာမိသည့် အမှားကြောင့် နောင်တရသွား၏။ ထို့ကြောင့်လည်း ပန်းညွှန့်တို့လို မိန်းကလေးမျိုးအား ယောက်ျားသားများက တန်ဖိုးမထားချင်ကြခြင်းဖြစ်သည်။

တက္ကစီပေါ်တွင် လိုက်ပါလာသော်လည်း ရီဝေဝေနှင့် ခေါင်းမှာ မူးမိုက်နေပြန်သည်။ ယောက်ျားတစ်ယောက်အပေါ် မကောင်းသောစိတ်ဖြင့် ကြံစည်ခြင်းမှာ အောက်တန်းကျသည့် စိတ်ဓာတ်ရှိခြင်းပင်။ ကောင်းဇင်သူ အတွက် နောက်ကျိုးများဖြင့် ခလုတ်

www.burmeseclassic.com

www.burmeseclassic.com



ထိုမှ အမိတနေမိ၏။

"မေမေသာသိရင် ရင်ကျိုးမှာပဲ၊ ငါ့အမှားက မိဘရဲ့ဂုဏ်သိက္ခာကို ထိခိုက်စေပါလား၊ ဒါကြောင့်လည်း လူကြီးသူမတွေက မသွားသင့်တဲ့နေရာမျိုးမို့ တားဆီးကြတာပဲ"

တကွစ်ပေါ်ကဆင်းမှပင် သျှိုင်းထက်နိုင်အား သတိရသွား၏။ ပြန်နှင့်မည်လား၊ ကျန်ရစ်မည်လား မပြောတတ်ပါ။ ကောင်းဇင်သူလည်း မတတ်နိုင်တော့ပေ။ နဂိုကတည်းက ဇရှိသည့် သျှိုင်းထက်နိုင်အဖို့ ရှောင်နိုင်မည် မဟုတ်မှန်း သိနေ၏။

"မင်းလည်း ငါ့လို ကျိုးသွင်းခံရမှာပဲ သျှိုင်းရာ၊ တို့လို မနူးမနပ်လေးတွေက သူတို့ရဲ့အစာတွေပါပဲ၊ တို့နှစ်ယောက်က သူတို့မှားတဲ့ ငါးမျှားချိတ်မှာ မိခဲ့တဲ့ ငါးလေးတွေပါပဲကွာ"

+++

"သားသား၊ မင်းဘယ်တွေကို လျှောက်သွားနေတာလဲကွယ်၊ သျှိုင်းနဲ့ နှစ်ယောက်ထွက်သွားတာဆို"

"အင်တာနက်ဆိုင်ကိုပါ မေမေ"

"ဟင်း.....ထင်တော့ထင်သား၊ ကဲ.....ရေချိုးလိုက်ဦး၊ ထမင်းစားကြမယ်၊ လူမစုံသေးလို့ မင်းဖေဖေက စောင့်နေတာလေ"

မိဘများအား သနားသွားမိ၏။ ည ၉ နာရီထိုးလုလုရှိနေပြီဖြစ်ရာ တစ်ခါမျှ မလိမ်ညာဘူးသည့် ကောင်းဇင်သူမှာ ပထမဆုံးအကြိမ် မုသားပြောလိုက်မိ၏။ သားတစ်ယောက်နှင့် သမီးတစ်ယောက်သာ ရှိသည့်အတွက် မိဘ၏ဂရုစိုက်မှုက သူတစ်ပါးအားကျစရာပင်။ သည့်လို မိဘက အရိပ်တကြည့်



ကြည့်ရှိသည့်တိုင် ကောင်းဇင်သူက လွတ်ထွက်သွားနိုင်သေး၏။ အစ်မဖြစ်သူ ဖြိုးဇင်သူက ဆေးကျောင်းနှင့်အိမ်တွင်သာ အချိန်ကုန်နေတတ်သည်။

"မမရော ပြန်လာပြီလား မေမေ"

"ကြာလှပြီ၊ ဒီနေ့စောတယ်ကွဲ့"

"သား ရေချိုးလိုက်တော့မယ် မေမေ"

"အေးတယ်နော်၊ ရေနွေးနဲ့ချိုးနော် သားသား"

"ဟုတ်ကဲ့"

ရေချိုးခန်းထဲရောက်မှပင် သူ့အတွက် သံသယဖြစ်သည့်စိတ်အား တွေးတောစဉ်းစားနေမိသည်။ ပန်းညိုပြောခဲ့ခြင်းမှာ အမှန်အကန်လား၊ အကြံအဖန်လားဆိုသည်ကို ဝေခွဲမရပြန်ပေ။ စိတ်ညစ်ခြင်းအား ရေချိုးလိုက်မှပင် ပြန်လည်လန်းဆန်းသွား၏။ သို့ပေမယ့် သူ့စိတ်က အပြည့်အဝ မရွှင်လန်းနိုင်သေးပေ။

"သားသား တော်တော့လေ၊ ကြာနေပြီကွယ်"

မိခင်၏သတိပေးသံကြောင့် ဦးခေါင်းထက်မှ ရေကိုချိုးချလိုက်မိ၏။ ရေစီးကြောင်းအတိုင်း မျက်နှာအနှံ့ အောက်သို့စီးကျသွားကြသည်။ သို့တိုင် နှာဝမှရေစက်များက တစက်စက်နှင့် အောက်သို့ခုန်ဆင်းသွားကြပြန်၏။

"ဖိုးသား တော်တော့လို့ မေမေပြောနေတယ်လေ၊ မကြားဘူးလား"

ဒုတိယအကြိမ် သတိပေးသံက အစ်မဖြိုးဇင်သူအသံဖြစ်နေ၍ ရေပန်းကို ပိတ်လိုက်ရင်း ကမန်းကတန်း ထွက်လိုက်ရတော့သည်။

"သိပါတယ် မမရာ၊ ကြာပါတယ်ဗျာ"

"သိရင် မြန်မြန်လုပ်၊ ဟိုမှာ ဖေဖေစောင့်နေတယ်၊ အားနာဦး"

"စားနှင့်ကြပြီးရောဗျာ"

"ဟဲ့.....ထမင်းဝိုင်းလေးမှာ မိသားစုစုံမှ စားကြတာ စည်းလုံးခြင်းကို ပြတာကွဲ့၊ မြန်မာဆန်တဲ့ တို့မိဘတွေ အကြောင်းလည်း မင်းသိရဲ့နဲ့ ဖိုးသားရာ"

"ကောင်းပါပြီဗျာ၊ လာပါ့မယ်"

မျက်နှာသုတ်ပဝါနှင့် သုတ်ပြီးနောက် ထမင်းဝိုင်းလေးသို့ ခပ်မြန်မြန်ထွက်လာခဲ့ရတော့၏။ ဦးဇင်မောင်က သားဖြစ်သူကို တစ်ခုခုပြောချင်နေပုံပင်။ ဤသည်ကို ကောင်းဇင်သူ သိနေ၏။ သို့ပေမယ့် ထမင်းဝိုင်းတွင် စကားမပြောရသည့်အတွက် ဧည့်ခန်းထဲရောက်မှပင်.....

"နောင်ကို အင်တာနက်ဆိုင်မှာ အချိန်မဖြုန်းရတော့ဘူးနော်၊ မင်းမေ

www.burmeseclassic.com

www.burmeseclassic.com

မပြောတာ နေ့လယ်ကတည်းက မင်း ပျောက်သွားတာဆို''

''သျှိုင်းထက်နိုင်က မပြန်သေးလို့ စောင့်နေတာပါ ဖေဖေ''

''အပေါင်းအသင်းမင်တာလည်း ဖေဖေ မကြိုက်ဘူး သား၊ သျှိုင်းရဲ့ အိမ်က သူဘာလုပ်လုပ် လျစ်လျူရှု တတ်တာပါ၊ ဒီတော့ သူခေါ်ရာတွေ လျှောက်လိုက်မနေနဲ့ ကိုယ့်ဦးနှောက် နဲ့ စဉ်းစားရမယ်၊ အပေါင်းအသင်းမှား ရင် လမ်းမှားရောက်တတ်တယ်နော်''

''ဟုတ်ကဲ့ ဖေဖေ၊ နောက်ကို မဖြစ်စေရပါဘူး''

ကောင်းဇင်သူက အမှားကိုဝန်ခံ ရင်း ကတိပေးလိုက်၏။ မိဘစကားက မှန်ကန်ကြောင်း သူ့တွင်သက်သေရှိနေ သည်။ သျှိုင်းထက်နိုင် ခေါ်သွားသည့် နေရာသို့ သူလိုက်ခဲ့မိသည့်အတွက် အမှားတစ်ခုက သူ့တွင်ရှိနေ၏။ ထို ကိစ္စကို မိဘသိလျှင် မဖြစ်ပေ။ ထို့ ကြောင့်လည်း သူ့ရင်မှာ စိတ်နှလုံး မရွှင်တော့ပေ။ ရှက်ကြောက်စိတ်နှင့် အတူ ရှေ့ဆက်ဖြစ်လာမည့် ပြဿနာ အား မည်သို့ဖြေရှင်းရမည်မှန်း မသိ တော့ပါ။

''သားသား မနားတော့ဘူးလား''

''စာကျက်မလို့ပါ မေမေ''

''ရှင့်သား ဒီနေ့ သိပ်မရွှင်ပါလား ကိုဇင်မောင်''

''ဖေဖေဆူလို့နေမှာပေါ့ မေမေ၊ သူက ဖေဖေ့ပဲကြောက်တာလေ''

''အင်း..ကျွန်မမှာ သမီးအတွက် မပူရဘူး၊ သားအတွက်ပဲ ပူနေရတာပါ၊ လူငယ်ဆိုတာ လမ်းမှားတတ်တာဆို တော့ မျက်စိအောက်က အပျောက်မခံ မှဖြစ်မှာ၊ အဝင်းသားလိုတော့ အဖြစ် မခံနိုင်ပါဘူး''

ဒေါ်ခင်သူသည် မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဝင်းအဖြစ်လေးအား မျက်လုံးထဲ တွင် မြင်ယောင်လာ၏။

''ငယ်ငယ်ရွယ်ရွယ်နဲ့ မိန်းမလည်း တစ်ယောက်နဲ့ အိမ်ထောင်ကျခဲ့တော့ မိဘက သဘောမတူ၊ ချွေးမက ပညာ ပြလိုက်တာ သူ့သားလည်း ချာချာ လည်၊ အဝင်းလည်း စိတ်ညစ်နဲ့၊ နောက်ဆုံးတော့ လင်ကိုကြိုးကိုင်ပြီး အမွေတောင်းခိုင်းသတဲ့လေ၊ အဝင်းတို့ လင်မယားက စိတ်တိုပြီး သားရော၊ ချွေးမပါ နှင်ချလိုက်တာ၊ အခုတော့ ချွေးမက သားကိုခိုင်းစားနေတာပေါ့''

''ဟယ်...ကောင်လေးသနားစရာ ပဲ မေမေရယ်''

''ဒါပေါ့၊ သနားစရာမှ တကယ့် ကို စိတ်မကောင်းစရာပဲပေါ့ကွယ်၊ အဝင်းတို့လင်မယား ကားမောင်းပြီး အိမ်အပြန် တစ်ညမှာပေါ့၊ သူ့သား လေးဟာ ကားလမ်းမကြီးပေါ်မှာ ဆိုက် ကားနင်းနေရှာတာပေါ့၊ မိဘတွေအနေ နဲ့ ရင်ထဲမချိစရာ မြင်ကွင်းမျိုးပဲပေါ့ ကွယ်''

''ဟင်း...စိတ်မကောင်းစရာပဲနော်''

''ဒါပေါ့ကွဲ့၊ ဒါကြောင့်မို့ သား သားကို အပေါင်းအသင်းတွေနဲ့ အပြင် ပေးမလွှတ်ချင်တာပေါ့၊ တချို့က ကိုယ် ပျက်စီးသလို သူတစ်ပါးပါ ဆွဲခေါ်ချင် တတ်ကြတယ်လေ၊ စိတ်ကောင်းမရှိ ကြဘူး''

ဒေါ်ခင်သူလည်း ပင့်သက်မောကို ချလိုက်မိတော့၏။

+++

''ကောင်းလား၊ ဥသြပါကွာ၊ ဒီ ည မင်းနဲ့တွေ့ချင်တယ်''

''ဗျာ.....ကျွန်တော် မအားဘူး ဗျ''

''ငြင်းချင်သေးတယ်ပေါ့၊ ဒါဆို လည်း တို့ကို ငွေတစ်သိန်းလာပို့ပေး၊ မင်းရဲ့ကိစ္စကို ဖြေရှင်းရဦးမယ်''

ကောင်းဇင်သူတစ်ယောက်ထိတ် လန့်သွားမိသည်။ သူ့တွင် ငွေတစ် သိန်းမပြောနှင့် ငွေတစ်ထောင်ပင် လက်ထဲမရှိပေ။ မိဘက ငွေမသုံးတတ် စေရန် လက်ထဲသို့ ငွေထည့်မပေးပေ။ သည်တော့ ပေးစရာငွေမရှိပါ။ ပြော လျှင် ပန်းဥသြက ယုံကြည်မည်မထင် ပေ။

''ဒါပဲနော်၊ မနက်ဖြန် ---ဆိုင် မှာ စောင့်နေမယ်၊ မလာရင်တော့ အိမ် ဖြစ်ဖြစ်၊ ကျောင်းရှေ့ဖြစ်ဖြစ် လိုက်လာ မှာနော်''

''ဟာ.....အိမ်နဲ့ကျောင်းတော့ မလိုက်လာပါနဲ့ဗျာ၊ လာပေးပါ့မယ်၊ စောင့်နေ''

''ဒါဆိုလည်းပြီးရော၊ ဒါပဲနော်''

ပန်းဥသြ၏ ဒါပဲနော်ဟူသော အသံမှာ ခြိမ်းခြောက်သံနှောနေ၏။ ဖုန်းချလိုက်သည့်နောက် ငွေတစ်သိန်း ရရန် ကောင်းဇင်သူက နည်းလမ်းရှာ နေသည်။ ချက်ချင်းပင် မိဘများအိပ် ခန်းသို့ သွားရောက်၍ အခြေအနေကို ကြည့်လိုက်၏။ အခန်းတံခါးဝမှချောင်း ကြည့်ရာ အခန်းထဲတွင် မည်သူမျှရှိ မနေပေ။

''ဖေဖေက အလုပ်ကပြန်မလာ သေးဘူး၊ မေမေလည်း မီးဖိုခန်းမှာ အလုပ်ရှုပ်နေပုံရတယ်၊ ဒီတော့အခွင့်

www.burmeseclassic.com

www.burmeseclassic.com



သာတုန်း လှုပ်ရှားဦးမှ''

ခေါင်းအုံးအောက်တွင်ထားသော သော့ကိုယူ၍ ငွေထည့်သည့်ဗီရိုအား ဖွင့်လိုက်၏။ ပြီးနောက် အံဆွဲထဲရှိ ငွေများအနက် တစ်သောင်းတန် တစ်သိန်း အုပ်တစ်အုပ်အားယူ၍ ရင်ဘတ်ထဲသို့ ဝှက်ထည့်လိုက်၏။

''မြန်မြန်ပြန်မှပဲ၊ တော်ကြာ မေမေနဲ့တိုးနေရင် ဒုက္ခ''

ခြေကုန်သုတ်၍ ကိုယ့်အခန်းဆီသို့ ပြန်လာရင်း အခန်းထဲရောက်မှပင် အသက်ရှူနိုင်တော့သည်။

''ဟား.....ငါ့ရဲ့စွန့်စားမှုကချွေး ပြန်နေတာပဲ၊ တော်ပါသေးရဲ့၊ မေမေ မတွေ့လို့ပေါ့''

ငွေတစ်သိန်းအား စာအုပ်အဖုံး ကြားထဲ ညှပ်လိုက်မိ၏။

ကောင်းဇင်သူအဖြစ်က ချွေး ပေါက်ပေါက်ကျသည်အထိ တစ်သက်လုံး ထိန်းသိမ်းထားသည့် စာရိတ္တက ကျိုးပေါက်သွားခဲ့ရ၏။

''ဩော်.....ငါ့လုပ်ရပ်ကိုသိရင် ဘယ်သူမှ ခွင့်လွှတ်ကြမှာမဟုတ်ပါဘူး။ သားမိုက်ကို ခွင့်လွှတ်ကြပါဗျာ၊ ဒီလိုမှ မလုပ်ရင် သားလေ အရှက်ကွဲမှာစိုးလို့ပါ မေမေရယ်''

မျက်ရည်များဖြင့် တောင်းပန်နေမိသည်။ ကောင်းဇင်သူအဖြစ်က ပြစ်မှုတစ်ခုကို ကျူးလွန်နေသလိုဖြစ်နေ၏။ ကိုယ့်လိပ်ပြာ ကိုယ်မလုံပေ။ ရင်ထဲတွင် စိုးရိမ်ထိတ်လန့်မှုက အချိန်တိုင်းရှိနေ၏။

''သားသား အခန်းထဲအောင်းလှုချည်လားကွယ်''

''ဗျာ.....''

တကယ်ပင် တုန်လှုပ်သွား၏။ ရုတ်တရက်ဝင်လာသော မိခင် ဒေါ်ခင်သူအား ဘွားခနဲ တွေ့ရ၍ ကြောက်နေမိသည်။

''ဩော်... သားက ဘာတွေ တွေးနေလို့ ဒီလောက်တောင် တုန်လှုပ်သွားရတာလဲကွယ်၊ သားဖေဖေ ဖုန်းဆက်တယ်၊ မေမေတို့ ဒီည 3 D ရုပ်ရှင်သွားကြည့်ကြမယ်တဲ့၊ အဲဒါ လက်မှတ်ကြိုဝယ်ထားတဲ့အကြောင်း လာပြောတာပါကွယ်''



''သား မလိုက်တော့ပါဘူး မေမေ''

''ဘယ်ဖြစ်မလဲကွယ်၊ သားသား ဖေဖေက တို့မိသားစုလေးယောက်စလုံး သွားကြည့်ဖို့ ဝယ်ထားတာပဲ၊ မနက်က သူ့သားကို 3 D ရုပ်ရှင်ပြရဦးမယ်လို့ ပြောနေတာ၊ ကဲပါကွယ်...စိတ်ပြေလက်ပျောက်ပေါ့၊ မဟုတ်ဘူးလား၊ တော်ကြာ ရေချိုးလိုက်တော့နော်၊ မေမေ့သားက စိတ်မရွှင်ဖြစ်နေလို့ ဖေဖေက စီစဉ်တာနေမှာပါကွယ်''

ကောင်းဇင်သူ၏စိတ်က ငွေတစ်သိန်းထည့်ထားသော စာအုပ်ထံ မျက်စိရောက်နေသည်။ ဒေါ်ခင်သူ ထွက်သွားမှပင် ပူပန်မှုက လျော့ကျသွားရ၏။

''ဟင်း.....တော်ပါသေးရဲ့၊ မေမေများ စာအုပ်ကို ယူကိုင်လိုက်ရင် မလွယ်ဘူး၊ ဩော်...တော်တော်ဒုက္ခပေးတဲ့ ပန်းညြ၊ ခင်ဗျားကြောင့် ကျုပ်ရဲ့စောင့်ထိန်းထားတဲ့ စာရိတ္တပျက်ရပြီ၊ မိဘကို လိမ်ညာရ၊ ခိုးရနဲ့ ဒုစရိုက်သမားဖြစ်နေပြီ၊ တောက်.....''

ငွေတစ်သိန်းအား နှမြောနေမိ၏။ မိဘ၏ ချွေးနဲ့စာငွေအား ခိုးယူခဲ့ရသဖြင့် စိတ်မကောင်းမိပေ။ ကံကြီးထိုက်မည်ကို စိုးကြောက်နေပြန်သည်။ အထူးသဖြင့် ယောက်ျားတကာရင်ခွင်တွင် မာယာဖြင့် လှည့်စားနေသော ပန်းညြအား ရွံမုန်းနေမိ၏။

''ငွေပေးပြီး ပြတ်ပြတ်သားသား ပြောခဲ့ရမယ်၊ ဒီမိန်းမဟာ ဒီလိုနည်းနဲ့ ယောက်ျားတွေကို ဒုက္ခပေးနေသူဖြစ်မှာပဲ၊ ဟင်း..ငါကြောက်နေရင် ငါ့အပေါ် ပိုနင်းလာမှာပေါ့''

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဇင်သူသည် ထိုသို့တွေးရင်း စိတ်ကိုအားတင်းထားလိုက်သည်။ မနက်ဖြန်အတွက် ရင်ဆိုင်ရန် သူ့တွင် ခွန်အားများရှိနေပြီဖြစ်သည်။

+ + +

"ရော့ ခင်ဗျားတောင်းတဲ့ငွေ၊ နောင်ကို ကျွန်တော့်ဆီ ဘယ်တော့မှ မဆက်သွယ်ပါနဲ့"

"ဒါသချည်းပဲကွာ၊ ပန်းဥြကို ဒီလိုအပြတ်ပြောလို့ မရဘူးနော်၊ မင်းနဲ့တို့ ဖြစ်ခဲ့တဲ့ကိစ္စက သက်သေဓာတ်ပုံတွေရှိတယ်လေ"

"ဒါက ခင်ဗျားရဲ့ လုပ်ကြံဖန်တီးထားတဲ့ ယုတ်မာမှုတွေပဲ"

"အိုး.....ဟိုး၊ ဒီလိုပြောလို့ မရဘူးနော်၊ လက်ခုပ်သံဟာ လက်နှစ်ဖက်စလုံးတီးမှ မြည်ရတာပါကွာ၊ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို ဖျက်ဆီးပြီးမှ မင်းဘက်က တာဝန်မဲ့စကားမျိုး ပြောရဲသေးလား"

ကောင်းဇင်သူက ငွေကိုပစ်ချပေးပြီးနောက် ကော်ဖီဆိုင်လေးထဲမှထွက်သွားမိ၏။ ပန်းဥြ၏ အလိုရမ္မက်ကြီးသောမျက်လုံးများနှင့် ကျေနပ်သောမျက်နှာကြီးကြောင့် ဒေါသစိတ်အားမျိုသိပ်၍ ပြန်လာခဲ့ရသည်။

"တောက်...သက်သက်လုပ်စားနေတဲ့ဟာမ၊ မသိဘူးများမှတ်နေလား"

ခဲတစ်လုံးအား ကန်ပစ်လိုက်၏။ ပြီးမှ လွင့်စဉ်သွားသော ခဲလုံးကိုကြည့်၍ သံဝေဂရမိ၏။

"သြော်.....ငါ့အဖြစ်က အပြစ်မဲ့ခဲလုံးလိုပါပဲလား၊ ကန်လိုသူရဲ့ ခြေထောက်ရှေ့မှာ ရောက်ခဲ့တော့ မြောင်းထဲထိုးကျသွားရတာပဲပေါ့၊ ငါ့ရဲ့ ကံတရားက မကောင်းခဲ့တာပဲလေ"

နောက်ဆုံးတော့ ကံကိုအပြစ်ပုံချ၍ စိတ်မချမ်းမြေ့စွာဖြင့် ကျူရှင်သို့အမီပြန်လာရတော့သည်။ ဒေါ်ခင်သူက သူ့ကိုယ်တိုင် ကျူရှင်လာကြိုတတ်၏။

"ဖိုးသား မင်းအမေ လာကြိုခိုင်းလိုက်တာ၊ မင်းကို ကျူရှင်မှာမတွေ့လို့ ပြန်သွားပြီထင်နေတာကွ၊ ကံကောင်းလို့ပေါ့ကွာ၊ ဦးလေးတောင်ပြန်တော့မလို့"

စိတ်အမောများကို ကားထဲဝင်ထိုင်၍ ဖြေဖျောက်ရတော့၏။ တော်ပါသေး၏။ ဒေါ်ခင်သူသာ လာကြိုလျှင် သူ့အား စစ်ဆေးမေးမြန်းနေပေဦးမည်။

"ဦးလေး စိတ်ညစ်ရင် ဘာလုပ်သလဲဟင်"

"ဟေ.....မင်းစကားက ထူးဆန်းနေပါလားကွ ဖိုးသားရ"

"သိချင်လို့ပါဗျာ"

"ကိုးရီးယားမှာတော့ စိတ်ပေါ့သွားအောင် ပင်လယ်ဘက်သွားပြီး အော်ကြတာပဲကွ၊ ဇာတ်လမ်းတွေမှာ မြင်ဘူးတာလေ၊ ဦးလေးကျတော့ တရားထိုင်နေလိုက်တယ်၊ တစ်ခါ တလေ ရုပ်ရှင်သွားကြည့်လိုက်တယ်"

ကောင်းဇင်သူလည်း တစ်ခုခုကို သတိရသွားသည့်အလား တောင်းဆိုလိုက်၏။

"ဒါဆို ကျွန်တော့်ကို အင်းယားကန်ကို လိုက်ပို့ပေးဗျာ"

"ဘာသွားလုပ်ဦးမလို့လဲ ကောင်လေး"

"ပို့မှာသာပို့ပါဗျာ၊ မေမေမဆူစေရပါဘူး"

"မင်းကို အိမ်ပို့ပေးပြီးရင် မင်းအမေကို သွားကြိုရဦးမှာကွ၊ အချိန်မရဘူး"

"ပြီးရောဗျာ"

စိတ်ပျက်လက်ပျက်နှင့် ကျောမှီ၍ ထိုင်ချလိုက်တော့၏။ အချိန်နှင့်လွတ်တတ်သော မိဘများအကြောင်း ကိုသိခဲ့ပြီးသားဖြစ်၍ ကောင်းဇင်သူ လက်လျှော့လိုက်ရ၏။

"အေးကွာ၊ မင်းလည်း စာအုပ်ပုံတွေကြားမှာ နေရတော့ စိတ်နွမ်းကိုယ်နွမ်း ဖြစ်နေမှာပေါ့လေ၊ ဒါပေမဲ့ ဒီတစ်နှစ်ပဲ ကြိုးစားလိုက်စမ်းပါကွာ၊ မင်းလည်း ဖိုးလေးလို ဆရာဝန်ဖြစ်မှာပဲကွ"

"ကျွန်တော်က ဆရာဝန်အလုပ်မှ မကြိုက်တာဗျာ၊ လေယာဉ်မောင်းချင်တာဗျ"

"ဖြစ်လာမှာပေါ့ကွာ၊ ကြိုးစားပေါ့ကောင်လေးရာ၊ မခင်သူသားသမီးတွေကို ချီးကျူးတယ်ဟေ့၊ ဒီလိုကလေးမျိုးတွေကိုရရင် မွေးရကျိုးနပ်တာပေါ့ကွာ"

ယာဉ်မောင်းစကားကြောင့် ကောင်းဇင်သူလည်း သိမ်ငယ်စိတ်ဖြစ်သွားရ၏။ သူ့အကြောင်းကိုသာ သိကြလျှင် မည်သို့ကဲ့ရဲ့ကြဦးမည်မသိပေ။ သည်တော့ ပန်းဥြနှင့် ပတ်သက်ခဲ့မှုအား တိုးတိတ်စွာ ဖြေရှင်းရန် တွေးထားလိုက်ရ၏။ ဖြေရှင်းနိုင်မည့် နည်းလမ်းအား ရှာဖွေကြည့်ရာ သက်ဆိုင်ရာကိုတိုင်မှပင် ဖြစ်ပေမည်။ ထိုသို့ဆိုပြန်လျှင်လည်း လူသိရှင်ကြား ဖြစ်လာနိုင်ပေသည်။ ကောင်းဇင်သူ တစ်ယောက် စိတ်ညစ်သွားမိသည်။ နောက်တော့ အကြံတစ်ခုရသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဖုန်းကို အိမ်မှာပဲ ထားခဲ့လိုက်မယ်၊ ဒါမှ ဟိုဟာမ ဆက်သွယ်လို့မရမှာ"

အရေးကြီးသည်က သူ့အား နောက်ထပ်မဆက်သွယ်နိုင်ရေးက အဓိကဖြစ်နေ၏။ ချက်ချင်းမဆက်သော်လည်း တစ်ပတ်ကျော်ချိန်တွင် ကောင်းဇင်သူက ဖုန်းကိုထားခဲ့လိုက်သည်။ ပြန်လာမှကြည့်လိုက်ရာ ထင်သည့်အတိုင်းပင် Missed Call များစွာတွေ့ရ၏။

"ဟင်း.....ထင်တဲ့အတိုင်းပဲ၊ မုန်တိုင်းက လာနေပြီ"

ဖုန်းမကိုင်မချင်း ခေါ်ဆိုနေမည်ကိုသိနေ၍ ဖုန်းဖွင့်ထားလိုက်ရသည်။ စာကျက်နေချိန်တွင်တော့ ဖုန်းမြည်သံကြားရ၏။

"ဟယ်လို.....ကောင်းလား"

"ပြော.....ပြော၊ ဘာကိစ္စလဲ၊ အချိန်မရဘူးနော်"

"ပြောပါ့မယ်ကွာ၊ တို့လေ အရမ်းအရေးကြီးနေလို့ ငွေငါးသိန်းလိုချင်တယ်၊ ဒီတစ်ခါပဲ များများတောင်းတာပါနော်"

နောက်ထပ်လာရန် ရှိသေးသည့်သဘောပင်။ ကောင်းဇင်သူဘက်က ဒေါသဖြစ်လာ၏။ ပန်းညိုညို၏လုပ်ရပ် က ငွေညှစ်နေသည့်ပုံပါ။ တစ်စတစ်စ လွန်ကဲလာသည်။

"ဒီမှာ ခင်ဗျားဘက်က တိုင်ချင်ရာတိုင်တော့ဗျာ၊ ကျုပ်ကို ငနုံအလို့ထင်နေသလား၊ ခင်ဗျားတောင်းတဲ့ငွေ လုံးဝမပေးနိုင်ဘူး"

"ဟုတ်လား၊ ဆုံးဖြတ်ပြီးပြီလား ကောင်း၊ ဒါဆိုလည်း တို့ဘက်က တိုင်စာအဆင်သင့်ရှိတယ်၊ သက်ဆိုင်ရာ အပြင် မိန်းကလေးတွေ နစ်နာမှုကို ဖော်ထုတ်ပေးမယ့် နေရာလည်းရှိတယ်၊ လူ့အခွင့်အရေးအဖွဲ့ကိုလည်းတိုင်မယ်၊ အိုကွာ.....ဖြစ်လာမှတော့ ရေဆုံးရေဖျားပဲ"

ကောင်းဇင်သူ၏ တင်းမာမှုများ ပြေလျော့သွား၏။ ပန်းညိုညိုဆိုသော မိန်းမအား လျှော့တွက်၍မဖြစ်ပေ။ သည်တော့ စိတ်ပျက်စွာဖြင့် ဖုန်းချလိုက်တော့သည်။

+++

"အန်တီ သျှိုင်းထက်နိုင်ရော ဟင်"

သျှိုင်းထက်နိုင်၏မိခင် ဒေါ်တင်မာလာက ကောင်းဇင်သူကိုမြင်သည် နှင့် ငိုလေတော့၏။ ကျောင်းလည်း မတက်၊ ကျူရှင်လည်းမလာနှင့် သူနှင့် မတွေ့သည်မှာ တစ်ပတ်ခန့်ရှိနေပြီဖြစ်သည်။

"သားလေးပျောက်နေတယ် ကွယ်၊ ကျောင်းကိုတော့ အကြောင်းကြားထားပါတယ်၊ ရဲစခန်းလည်း တိုင်ပြီးပါပြီ၊ သတင်းအစအန မရသေးပါဘူးကွယ်"

"ဩော်.....ဒါကြောင့် မတွေ့တာဘဲကို၊ အိမ်ကထွက်သွားတော့ ဘာ စာမှ ရေးမထားခဲ့ဘူးလား အန်တီ"

"မရေးထားခဲ့ပါဘူးကွယ်၊ အဲဒီနေ့က အန်တီ့အိတ်ထဲက ငွေသုံးသိန်းပျောက်လို့ သူ့ကိုဆူမိတယ်၊ သူ့မှာ အဖေမရှိတော့လို့ အန်တီက သနားပြီး အလိုလိုက်ထားခဲ့မိတာပါ၊ ငွေတွေ မကြာခဏ ပျောက်ပျောက်နေလို့ မသင်္ကာဖြစ်ပြီး တရားခံကိုဖမ်းခဲ့တာ သူဖြစ်နေတယ်လေ၊ ဒီတော့ ဆူမိတာပေါ့ကွယ်၊ ဒါကြောင့်များ ထွက်သွားသလားမသိပါဘူး"

ကောင်းဇင်သူသည် သျှိုင်းထက်နိုင်လုပ်ရပ်အား သဘောပေါက်သွား၏။ သူ့နည်းတူ သျှိုင်းလည်း ပန်းညိုညို၏ သူငယ်ချင်း သန္တာချို၏လက်ခုပ်ထဲက ရေ ဖြစ်နေပေမည်။ ညှာတာစိတ်ကင်းမဲ့စွာဖြင့် ဒုက္ခပေးနေကြသူများဟု မြင်မိ၏။

"သူတောင်းသမျှ အန်တီလည်း ပေးနေတာပါပဲကွယ်၊ အဲဒါကို ခိုးယူနေတော့ ဒေါသဖြစ်တာပေါ့၊ ဘာတွေ လျှောက်လုပ်နေလဲ မသိပါဘူးကွယ်"

"ဟုတ်ကဲ့ အန်တီ၊ သျှိုင်းကို တွေ့ရင် ပြန်ခေါ်လာခဲ့ပါ့မယ်၊ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျာ"

"ကောင်းပါပြီ သားရယ်၊ သျှိုင်းကိုတွေ့ရင် ပြောလိုက်ပါနော်၊ မင်းမာမီစိတ်ဆင်းရဲနေရပြီလို့"

"ဟုတ်ကဲ့ပါ အန်တီ"

ကောင်းဇင်သူလည်း သျှိုင်းထက်နိုင်ရှိမည့်နေရာသို့ လိုက်သွားမိသည်။ အရေးထဲတွင် မတွေ့မမြင်ချင်သူနှင့် တွေ့နေခဲ့ရသေးသည်။

"ဟယ်.....ကောင်းကိုယ်တိုင် လာပါလား၊ ဒီလိုမှပေါ့ကွာ"

"လာတာက သျှိုင်းကိုလာရှာ တာ၊ ဘယ်မှာလဲ ခင်ဗျားသူငယ်ချင်း သန္တာချို"

"ဟင့်အင်း၊ သူမရှိတော့ဘူး၊ မင်းသူငယ်ချင်းနဲ့ ထွက်သွားကြပြီ"

"ဘာ.....ခင်ဗျား ဘာပြောတာလဲ၊ သျှိုင်းက အုပ်ထိန်းမှုမကင်းသေးတဲ့ အရွယ်နော်၊ ခင်ဗျားတို့ လုပ်ချင်

www.burmeseclassic.com

တိုင်း လုပ်လို့မရဘူး''

''သူက အရွယ်ရောက်နေပါပြီ၊ သူ့မှာ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိတယ်၊ မင်းမယုံရင် တားကြည့်ပါလား''

ပန်းဥသြ၏စကားများက ကောင်းဇင်သူအတွက် မခံချင်စရာဖြစ်နေ၏။ သျှိုင်းထက်နိုင်သာ သူ့ကိုတွေ့ရလျှင် သူ့ဘက်က တားဆီးလိုက်ပေမည်။ အခုတော့ ခြေရာပျောက်နေ၏။

''ကဲပါလေ.....တို့က မင်းသူငယ်ချင်းနဲ့ တွေ့အောင်ကြိုးစားပေး မယ်၊ တို့တောင်းတဲ့ငွေကို ပေးမယ်ဆိုရင်ပေါ့ကွာ''

''ခင်ဗျားကြီး တရားမလွန်နဲ့နော်၊ ဒီလောက်ငွေကို ကျုပ်မှမရှာနိုင်တာ၊ ခင်ဗျားလည်းအသိ''

''မင်းရဲ့မိဘတွေက ငွေရှိသူတွေပဲကွာ၊ မင်းအတွက် မခဲယဉ်းပါဘူးနော်၊ ဟင်း.....ဟင်း''

ကောင်းဇင်သူတစ်ယောက် ပန်းဥသြရှေ့မှ မည်သည့်စကားကိုမှမဆို ဘဲ ပြန်လှည့်လာတော့၏။ ပန်းဥသြ ၏ ရယ်မောသံက လွင့်ပျံ့နေပြန်သည်။ ဥပဒေသာမရှိလျှင် တစ်ခုခုလုပ်ခဲ့မိပေမည်။ စိတ်ကိုမနည်းထိန်းချုပ်၍ ပြန်လာခဲ့ရ၏။ ပန်းဥသြ၏မျက်နှာက အောင်နိုင်သူအပြုံးမျက်နှာဖြင့် ဂုဏ်ယူနေပုံပင်။

အိမ်ပြန်ရောက်သည့်နောက် ပန်းဥသြကိစ္စအား မည်သို့ဖြေရှင်းရမည်ကို စဉ်းစားနေစဉ်.....

''သား မေမေ မင်းကို ပြောစရာရှိတယ်ကွယ်''

''ဟုတ်ကဲ့ မေမေ''

ဒေါ်ခင်သူ၏မျက်နှာမှာ တစ်ခုခုအား စိတ်မကောင်းဖြစ်နေပုံရ၏။ သားဖြစ်သူနံဘေးတွင်ထိုင်ရင်း သက်ပြင်းမောကို ချလိုက်သည်။

''မေမေ မင်းကို မေးစရာရှိနေတယ်ကွယ်''

ထိတ်လန့်ခြင်းများဖြင့်မော့ကြည့်မိ၏။ သူ့အကြောင်းများ သိသွားသလားဟု စိုးရိမ်နေမိသည်။

''ပန်းဥသြဆိုတဲ့မိန်းကလေးက သားနဲ့ဘယ်လိုပတ်သက်နေသလဲ''

''ဗျာ...မေမေ ဘယ်လိုလုပ်သိသွားတာလဲဟင်''

ဒေါ်ခင်သူက မချိပြုံးဖြင့် ယဲ့ယဲ့လေး ပြုံးပြ၏။

''သားနဲ့ ဘယ်လိုပတ်သက်ခဲ့သလဲဆိုတာပဲ မေမေသိချင်တယ် ကွယ်၊ မေမေ့ကို ဘာမှမေးမနေနဲ့ တော့''

''ဟို.....ဟိုလေ အဲဒီမိန်းမက မေမေ့ကို ဘာပြောခဲ့သလဲဆိုတာပဲ သားသိချင်တာပါ၊ ဒါမှ သားဘက်က ရှင်းပြနိုင်မှာပါ မေမေ''

''သြော်.....မေမေ့သားက အမှန်ကို ကိုယ်တိုင်ဝန်ခံနေတာလားကွယ်၊ မေမေလည်း တုန်လှုပ်သွားခဲ့မိတယ်၊ သူက သူ့အတွက် နစ်နာကြေးလို့ ပြောရင်လည်းရတယ်၊ မေမေတို့ဂုဏ်သိက္ခာကို ငဲ့ကွက်လို့ သူ့အတွက် သိန်း ၅၀ တောင်းလာတယ်ကွယ်''

''တောက်.....အဲဒါ ကလိမ်ကကျစ်လုပ်တာ မေမေ၊ သူနဲ့သား ဘာမှမဖြစ်ခဲ့ဘူး၊ သူတိုက်တဲ့ဘီယာသောက်ပြီး သား မူးမေ့သွားတယ်၊ သတိရလို့ ကြည့်လိုက်တော့ သူက သားရင်ခွင်ထဲ ရောက်နေတယ်လေ၊ သားကို အပိုင်ကြံပြီး ဗီဒီယို၊ ဓာတ်ပုံတွေ ရိုက်ထားခဲ့တယ်၊ နောက်တော့ ငွေတောင်းတော့တာပဲ မေမေ''

''အေးပေါ့ကွာ၊ ကိုယ်က မသွားသင့်တဲ့လမ်းကို ဝင်ခဲ့မိတာကိုး၊ သူတို့လောက,က ကြီးကြီး၊ ငယ်ငယ် ဒီလိုပဲ မြှူးသွင်းခံလိုက်ရတဲ့ငါးတွေ များနေပါပြီ၊ မထူးဆန်းတော့ဘူး သား၊ မေမေ ထူးဆန်းသွားတာက မင်းကိုပဲ''

ဒေါ်ခင်သူ၏အသံမှာ ဝမ်းနည်းစိတ်ကြောင့် တုန်ယင်နေ၏။ သို့ပေ မယ့် အားတင်း၍ ဆက်ပြောလိုက်ပြန် သည်။

''မင်းကို မေမေ အထင်ကြီးမိ တာ အလကားပဲကွ၊ မင်းလည်း ယောက်ျားဆိုးတစ်ယောက်ဆိုတာ မေမေသိသွားရပါပြီကွာ''

ကောင်းဇင်သူရင်ထဲ ဆို့နင့်သွားမိ၏။ မျက်ရည်များကျဆင်းလာပြီး မိခင်ဖြစ်သူ၏ အထင်လွဲမှားခြင်းကို ချေဖျက်သည့်အနေဖြင့် ငြင်းဆိုနေပြန်သည်။

''မဟုတ်ဘူး မေမေ၊ သားက သျှိုင်းခေါ်လို့ လိုက်သွားခဲ့ပေမယ့် သားမှာ ယုတ်မာစိတ်မရှိခဲ့ပါဘူး၊ ရှောင်ခဲ့ပါတယ်''

''သြော်..မင်းမှာ ကိုယ်ပိုင်အသိမရှိတာ သေချာသွားတာပေါ့၊ သျှိုင်းခေါ်တိုင်း လိုက်ဖို့သင့်၊ မသင့်ကို မင်းက မစဉ်းစားကြည့်တော့ဘူးလားကွ၊ မင်းကိုသင်ပေးထားတဲ့ ပညာဉာဏ်နဲ့ ချိန်ဆတွေးကြည့်လေ၊ ပညာဆိုတာ အမှား၊ အမှန်၊ အကောင်း၊ အဆိုးကို ခွဲခြားသိမြင်အောင် စဉ်းစားတွေးခေါ်တတ်တဲ့အရာလေ၊ ဒီလမ်းသွားရင် ငါ ဘာဖြစ်မလဲဆိုတာကို ကြိုတွေးကြည့် ပြီး သိနေရမှာပေါ့၊ ဒါမှ မကောင်းမှုကို

www.burmeseclassic.com



ရှောင်နိုင်မယ်လေ''

သည်တော့ ကောင်းဇင်သူက ဝန်ခံလိုက်ရ၏။ အမှားကိုသိနေသူအတွက် ဖြေရှင်းနိုင်မည့်နည်းလမ်းကို ရှာဖွေရပေတော့မည်။ ဒေါ်ခင်သူ သိသွားသည့်အတွက် သူ့ရင်ထဲတွင်အနည်းငယ် ပေါ့သွား၏။

''ပန်းညွှန့်က မေမေ့ကို ဖုန်းနဲ့ဆက်သွယ်လာတာပါ၊ အိမ်ဖုန်းကို သူဘယ်လိုသိခဲ့ပါလိမ့်၊ ထားပါတော့၊ အကြံရှိသူအတွက် နည်းလမ်းရှာဖွေ သိခဲ့လိမ့်မယ်ဆိုတာ တွေးမနေတော့ပါ ဘူး။ ကဲ.....အခု သားရဲ့ကိစ္စကို ဘယ်လိုလုပ်မှာလဲ''

''သားလည်း ခေါင်းနောက်နေပြီ မေမေ၊ ဒီအကြောင်းကို ဖေဖေသိလို့မဖြစ်ဘူး''

''မင်းက လျှို့ဝှက်နေလေ သူကရောင့်တက်လေပေါ့ကွာ၊ မေမေ့ကိုမှန်မှန်ပြောစမ်း၊ သူ့ဘက်က ငွေတောင်းလာသေးတယ်မဟုတ်လား''

ကောင်းဇင်သူက မလဲမ်ညာတော့ဘဲ ခေါင်းညိတ်ပြလိုက်၏။ ဒေါ်ခင်သူလည်း သဘောပေါက်စွာဖြင့် သားဖြစ်သူအား နှစ်သိမ့်ပေး၏။

''သိပ်လည်း သောကတွေရောက်မနေနဲ့ သား၊ မင်းရဲ့ပညာရေးကို ထပ်ပြီးအဆုံးရှုံးမခံနဲ့ကွယ်၊ ကိုယ့်ရည်ရွယ်ချက် မပျက်စေရပါဘူးလို့ မေမေ့ကို ကတိပေးရင် မင်းကိစ္စကို မေမေဖြေရှင်းပေးပါ့မယ် သားရယ်''

''ဟုတ်ကဲ့ပါ မေမေ၊ သားကိုယ်သားလည်း မှားမှန်းသိပြီး နောင်တရနေပါပြီ၊ မေမေ့ကို သား ကတိပေးပါတယ်၊ သားရည်ရွယ်ချက် ပြည့်စေရပါ့မယ်ဗျာ''

''သေချာတယ်နော်၊ ဒါဆို မင်းဘက်က ဘာမှမတွေးနဲ့တော့၊ စိတ်ပါလက်ပါနဲ့ စာကိုကျက်၊ သောကမထားနဲ့တော့ကွယ်''

လမ်းများ
မလိုက်ချင်ကြပါနဲ့ကွာ၊
လမ်းများကို
လျှောက်မိတာနဲ့
မင်းတို့ ဘဝလေးတွေ
ခလုတ်တိုက်မိကြလိမ့်မယ်၊
လမ်းလျှောက်ရင်း
တိုက်မိတဲ့ ခလုတ်က
တစ်ခဏပဲ
ခံစားရမှာပါ၊
မာယာခလုတ်
တိုက်မိရင်တော့
မင်းတို့ဘဝလေးတွေ
ထာဝရ
ခံစားရလိမ့်မယ်
...

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးတင်ပါတယ် မေမေရယ်၊ သားမိုက်ခဲ့သမျှကို ခွင့်လွှတ်ပါနော်"

မိခင်ကိုဖက်၍ အူလှိုက်သည်းလှိုက် တောင်းပန်နေတော့သည်။ ဒေါ်ခင်သူလည်း မျက်ရည်ဝဲလျက် သားဖြစ်သူအား ခွင့်လွှတ်လိုက်ရ၏။

+++

"ဒီမှာ အန်တီ၊ ကျွန်မကို အန်တီ့သမီးလို သဘောထားနိုင်ရင် အန်တီကိုယ်ချင်းစာတတ်မှာပါနော်"

ပန်းဥသြအား ချိန်းဆို၍ ဒေါ်ခင်သူက လွတ်လပ်အေးဆေးသည့် ကော်ဖီဆိုင်လေးသို့ ခေါ်လာခဲ့၏။ သည့်နောက် သားကိစ္စကို ဆွေးနွေးနေခြင်း ဖြစ်သည်။

"အန်တီ့သမီးက မင်းလိုမျိုး ဘယ်တော့မှ ဖြစ်လာနိုင်စရာအကြောင်း မရှိပါဘူး၊ ဘာကြောင့်လဲဆိုရင် အန်တီ့သမီးမှာ သူတော်ကောင်းစိတ်ရှိနေလို့ပေါ့ကွာ၊ လူတစ်ဖက်သားအပေါ် ဘယ်တော့မှ မကောက်ကျစ်ဘူး၊ မယုတ်မာဘူး၊ ဒါကြောင့်လည်း သူ့ဘဝလေးက လှနေတာလေ"

ပန်းဥသြမျက်နှာက လငပုပ်ဖမ်းသွားသလိုမျိုးပါ။ သို့ပေမယ့် ဟန်ဆောင်အပြုံးဖြင့် သရော်လိုက်သည်။

"လောကကြီးမှာ အမြင်လှရုံနဲ့ စိတ်ကောင်းရှိသူလို့ သတ်မှတ်နေရင် သားသမီးဆိုးကို အထင်ကြီးတတ်တဲ့ ခပ်ညံ့ညံ့ မိဘမျိုးပဲ ဖြစ်မှာပါနော်၊ ကျွတ်.....ကျွတ်.....ကျွတ် သနားစရာကောင်းလိုက်တာရှင်"

"မင်း တို့ကို မသရော်နဲ့ ပန်းဥသြ၊ စိတ်ဓာတ်မကောင်းတဲ့ မင်းလို သားသမီးမျိုး မရခဲ့တာ တို့အတွက် သိပ်ကံကောင်းတာပေါ့ကွာ"

ဒုတိယအကြိမ် မှန်မှိုင်းသွားသည့် မျက်နှာဖြင့် ပန်းဥသြက မဆို့တရှိပြုံးလိုက်ပြန်သည်။

"ဒီမှာ အန်တီ၊ ကျွန်မက အန်တီနဲ့ စကားစစ်ထိုးဖို့ လာတာမဟုတ်ဘူးနော်၊ ကျွန်မအတွက် အန်တီဘယ်လိုစဉ်းစားထားသလဲ"

"သိန်း ၅၀ ကို လွယ်လွယ်နဲ့ မပေးနိုင်ဘူး ပန်းဥသြ၊ မင်းဘက်က သက်သေကို ပြဦးမှပေါ့ကွာ၊ ဘာကြောင့်လဲဆိုရင် သားက မင်းနဲ့မပတ်သက်ခဲ့တာ သေချာပါတယ်တဲ့၊ ဒီကိစ္စကို ငြင်းနေတယ်"

"အဆင်သင့်ပါလာပါတယ် အန်တီ၊ ကျွန်မမှာ မှုရင်းအခွေရှိပါတယ်၊ အန်တီ ကြည့်ကြည့်ပါနော်"

"ကောင်းပြီလေ၊ သေချာမှမင်းတောင်းတဲ့ငွေကို ပေးနိုင်မယ်၊ ပြီးမှ ပြန်ချိန်းလိုက်မယ်"

"ကောင်းပါပြီရှင်"

ဒေါ်ခင်သူသည် မှာထားသည်ကို မသောက်တော့ဘဲ အရင်ထွက်သွားလိုက်၏။ ပန်းဥသြက ဆက်ထိုင်ရင်း ဖုန်းဖြင့်တစ်နေရာသို့ ခေါ်ဆိုနေသည်။

"ဟယ်လို.....ကိုသွေးလား၊ ပန်းဥသြပါရှင်"

ကြည်နူးခြင်းများစွာဖြင့် ကိုသွေးဆိုသူထံသို့ ဖုန်းဆက်နေလိုက်တော့၏။ သူမအတွက် ခွင်တစ်ခွင်တွေ့ထားပြန်သည်။ ကိုသွေးက နယ်မြို့လေးမှ လာသူတစ်ယောက်ဖြစ်ပြီး အရောင်းအဝယ်ကိစ္စဖြင့် ရောက်လာသူဖြစ်၏။

"ကိုသွေး အခုဘယ်မှာလဲ၊ ဟုတ်လား၊ ဒါဆို ပန်းဥသြရှိတဲ့နေရာကို လာပါလားဟင်၊ တစ်ယောက်တည်းမို့ပါ ရှင်၊ ဟုတ်ကဲ့၊ စောင့်နေမယ်နော်"

ဖုန်းပိတ်လိုက်ပြီးနောက် ပန်းဥသြက ပြုံးရွှင်သွားပြန်၏။ တောက်ပသော မျက်ဝန်းလေးအား မှန်ထုတ်၍ ကြည့်ပြီး ပြင်ဆင်နေတော့သည်။

"သြော်.....ယောကျ်ားကြိုက်တော့ ဆိုက်ဆိုက်လာရတာပဲနော်၊ ဟိုမှာကျန်ခဲ့တဲ့ သူ့မိန်းမသာသိရင် ဘယ်လောက်ဆွေ့ဆွေ့ခုန်ဖြစ်နေမလဲမသိဘူး"

စာနာစိတ်ဖြင့် တွေးမိသေး၏။

+++

ဒေါ်ခင်သူသည် ပန်းဥသြအကြောင်းအား မောင်ဖြစ်သူ ဦးသက်ခိုင်နှင့် တိုင်ပင်လိုက်၏။ ဦးသက်ခိုင်က ရှေ့နေတစ်ဦးဖြစ်သည်။

"ဒီကိစ္စများ မမရာ၊ ကြောက်မနေပါနဲ့၊ ဒါမျိုးတွေက ခုခေတ်မှာ အများကြီးရင်ဆိုင်နေရတာပါ၊ တချို့က ကိုယ့်ဂုဏ်သိက္ခာအတွက် သူတို့တောင်းတဲ့ငွေကို ပေးကြတယ်၊ ဒီတော့ သူတို့ဘဝတွေ အဆင်ပြေနေကြတာပေါ့ဗျာ၊ တစ်ဖက်သားအပေါ် ညှာတာစိတ်မရှိဘဲ ကိုယ့်ဘဝအဆင်ပြေရေးအတွက် မလုပ်သင့်တဲ့အလုပ်တွေကို လုပ်နေကြတာ ရင်နင့်စရာပဲဗျ"

"ငါ့မောင်ရာ မင်းတူကိစ္စကို ရှင်းလင်းပေးပါဦးနော်၊ ဥပဒေနဲ့အညီ တရားဝင်လုပ်ထားရင် နောင်နှောင့်ယှက်ရဲမှာ မဟုတ်တော့ဘူးပေါ့"

"ဒီအတွက် စိတ်မပူနဲ့ မမရေ၊ ဥပဒေကို မသိနားမလည်လို့လုပ်ကြတာပဲဗျာ၊ ဥပဒေက လူတစ်ယောက်ကို အကာအကွယ်ပေးဖို့နဲ့ မှန်ရာကို

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးဖို့ သတ်မှတ်ထားတာပဲ၊ မတရားမှုကို ဖော်ထုတ်ပေးနိုင်တာ တရားဥပဒေပဲဗျ။ မမသာ စိတ်အေးလက်အေး နေပေတော့"

ဦးသက်ခိုင်ပြောသလို ဖြစ်လာလျှင် အကြောင်းမဟုတ်ပေ။ ဒေါ်ခင်သူအတွက် စိုးရိမ်စိတ်က အမြဲရှိနေ၏။ သို့သော် အောင်မြင်သော ရှေ့နေတစ်ဦးဖြစ်၍ ယုံကြည်အားကိုးမိသည်။

"သူ့အဖေသာသိရင် ကျောင်းတောင်ဆက်တက်ရမှာမဟုတ်ဘူး၊ အပေါင်းအသင်းမှားတာလေ၊ ဒီနေရာမျိုးမှ ရောက်သွားတယ်လို့ကွယ်"

"ခုလောက်ဆို သူကြောက်သွားရောပေါ့၊ အဲဒါ သင်ခန်းစာပဲပေါ့ဗျာ၊ ဒါမှ ဆက်မမှားရဲတော့မှာ"

"သူ့ရည်းရွယ်ချက် မပျက်စေရပါဘူးလို့ ကတိပေးထားတယ်လေ၊ အဆိုးထဲကအကောင်းပေါ့ငါ့မောင်ရာ"

"ကဲ...မမလည်း စိတ်အေးလက်အေးသာပြန်ပေတော့၊ ငွေလည်းမကုန်စေရဘူး၊ မမသားနဲ့လည်း မပတ်သက်စေရဘူး၊ စိတ်ချနော်"

သည်တော့ ဒေါ်ခင်သူလည်း အိမ်ပြန်လာရတော့၏။ ထိုက်စွာအား သားဖြစ်သူမှလွဲ၍ တစ်အိမ်သားလုံး မသိကြပေ။ သားအမိနှစ်ယောက်တည်းသာ တိုးတိုးတိတ်တိတ် တိုင်ပင်နေကြ၏။

"တော်ပါသေးရဲ့ မေမေရာ၊ လေးလေးရှိနေလို့ပေါ့၊ သားမေ့နေတယ်"

"မင်းလေးလေးက မင်းကိစ္စကို လိုက်လုပ်နေလို့ မင်းဆီကို မလာနိုင်ရင်လည်း အရေးမကြီးပါဘူး၊ ပန်းဥသြရဲ့ စွပ်စွဲချက်ကို ပြန်ရုပ်သိမ်းပေးဖို့ပဲ အရေးကြီးတယ်"

"ဩော်.....မေမေ့ကိုပြောဖို့ မေ့နေလိုက်တာဗျာ၊ နေ့လယ်က သျှိုင်းရဲ့သတင်းကြားရတယ်၊ စိတ်ကြွဆေးတွေနဲ့ဖမ်းမိလို့ ထောင်ကျသွားပြီတဲ့"

"ဟင်...ဟုတ်လား၊ ဘယ်လိုကြောင့် ဖြစ်သွားရတာလဲကွယ်"

ကောင်းဇင်သူမှာ ပင့်သက်မောကိုချ၍ ဒေါ်ခင်သူ နားလည်စေရန်ရှင်းပြလိုက်၏။

"ဒီလို မေမေရဲ့၊ ပန်းဥသြတို့လို မိန်းကလေးတစ်ယောက်နဲ့ သျှိုင်းက ငြိခဲ့တယ်၊ နောက်တော့ အိမ်ကငွေတွေယူပြီး အဲဒီမိန်းကလေးနဲ့ တစ်နေရာမှာ နေခဲ့ကြတယ်လေ၊ နောက်ဆုံးတော့ စိတ်ကြွဆေးတွေသုံးပြီး ဖြန့်ဖြူးပေးရာကတစ်ဆင့် သူ့ကိုဖမ်းမိခဲ့တာပဲ"

"ဘုရား.....ဘုရား၊ ဘဝပျက်ပြီပေါ့ကွယ်၊ သျှိုင်းမေမေတော့ စိတ်ဆင်းရဲနေပြီပေါ့၊ အဲဒါပဲ သား၊ မင်းတို့လို ယောကျ်ားလေးတွေဟာ ဘာနဲ့စည်းရုံးစည်းရုံး ပျက်စီးလွယ်တတ်တာ သက်သေပဲနော်၊ မူးယစ်ဆေး ရောင်းဝယ်သူတွေရဲ့ လူငယ်တွေကို ထိုးဖောက်နိုင်တဲ့ လက်နက်တစ်ခုပဲပေါ့၊ ကြောက်စရာကောင်းလိုက်တာကွယ်"

ကောင်းဇင်သူလည်း ပန်းဥသြ၏ စေလိုရာစေ ဖြစ်မည့်ဆဲဆဲတွင် လွတ်မြောက်ခဲ့ခြင်းဟု နားလည်လိုက်၏။ တကယ်တော့ မူးယစ်ဆေးကို တရားမဝင် ရောင်းဝယ်ဖောက်ကားသည့်နေရာမှာ ပန်းဥသြတို့ရှိနေသည့် နေရာမျိုးပင်။ လူငယ်များစွာ ပျက်စီးစေရန် ဖန်တီးနေသည့် နေရာတစ်ခုဖြစ်နေသည်ပင်။ ထို့ကြောင့်လည်း လူငယ်များစွာကို တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။

သျှိုင်းအတွက် စိတ်မကောင်းဖြစ်ခြင်းနှင့်အတူ သျှိုင်းထက်နိုင်၏ မိခင်သည်လည်း သားအတွက် စိတ်သောက ရောက်နေရပေမည်။ လူတစ်ယောက်၏ဘဝကို ပြောင်းလဲသွားစေနိုင်သည်အထိ မူးယစ်ဆေး၏ ကြောက်စရာကောင်းပုံကို အံ့သြသွားမိ၏။

+++

"ပန်းဥသြဆိုတာ မင်းလား ကလေးမ"

ညှို့သည်ဆို၍ ပန်းဥသြက ကိုသွေးဖြစ်မည်ထင်ပြီး အပြေးအလွှားရောက်လာ၏။ ညှို့ခန်းတွင် ကြည့်လိုက်ရာ မျက်နှာစိမ်းအမျိုးသားကြီးတစ်ဦးဖြစ်နေသည်။

"ဟုတ်ကဲ့ရှင့်၊ ဘာကိစ္စပါလဲရှင်၊ ဦးက ဘယ်သူလဲဟင်"

"ကျုပ်က ဒေါ်ခင်သူရဲ့ ရှေ့နေကြီးပါဗျာ"

"ရှင်....."

အံ့သြသွားသည့်မျက်နှာကြောင့် ဦးသက်ခိုင်က ပြုံးမိ၏။ လောကတွင် မမှန်သောသူများ၏ အံ့သြခြင်းက ပို၍ထူးခြားတတ်သည်။ ရိုးရိုးအံ့သြပုံမျိုးမဟုတ်ဘဲ ထိတ်လန့်ခြင်းများဖြင့်ပြည့်နှက်နေ၏။

"မင်းကို ဗီဒီယိုအက်ဥပဒေအရ အရေးယူမလို့ သတိပေးတားမြစ်တဲ့ အကြောင်းကြားစာ လာပို့တာပါကွယ်၊ ဒီစာထဲမှာဖတ်ကြည့်ပါ၊ မင်းနားမလည်သေးတဲ့ ဥပဒေတွေနဲ့ ရှင်းပြပေးထားတယ်၊ ကလေးမ သိထားရမှာက လူတစ်ယောက်ကို တိုင်ချင်တိုင်း တိုင်လို့မရဘူး၊ အထောက်အထားရှိမှ တောင်နိုင်လိုမှ မှန်ကန်မှ တိုင်လို့ရတာပါ၊

www.burmeseclassic.com

ကဲ…ကျုပ်သွားမယ်၊ အဲဒီမှာ ကျုပ်ရဲ့ ဖုန်းနံပါတ်ပါတယ်၊ ပြန်ဆက်သွယ်လို့ ရအောင်ပေါ့"

ရွှေနေကြီးသည် ပန်းညွှန့်ကြည်လက်ထဲသို့ စာအိတ်ကိုထည့်ပေးပြီး ပြန်သွားတော့သည်။ ပန်းညွှန့်ကြည်လည်း မှင်တက်စွာဖြင့် သက်ပြင်းမောကို ချလိုက်မိ၏။ ကေန်းသေ ငစွေပေါ်ပေမည်ဟုသဘောထားရင်း …

"ဟင်း…..ငွေရမလားမှတ်တယ်၊ ကိုယ်က ပြန်ပေးရမယ့်ကိန်းဆိုက်နေပြီ၊ သတိပေးတားမြစ်ချက်တဲ့၊ ကြီးကျယ်လိုက်တာ၊ သူတို့က ရွှေနေငှားပြီးတော့ ငါ့ကို တရားပြန်စွဲမယ်ပေါ့၊ ဒီလိုလုပ်လိမ့်မယ်လို့ တွေးမထားမိဘူး၊ လည်လိုက်တာနော်"

စာအိတ်ကို ဖွင့်ဖောက်လိုက်ရာ ပန်းညွှန့်ကြည်၏ လုပ်ကြံဖန်တီးထားသည့် လုပ်ရပ်က ပေါ်လွင်ထင်ရှားကြောင်း ရှင်းပြထား၏။ တစ်ဆက်တည်းမှာပင် အကြိမ်ကြိမ် ငွေတောင်းခံယူခြင်းက ဥပဒေနှင့် ငြိစွန်းကြောင်း၊ အရွယ်မရောက်သေးသည့် လူငယ်တစ်ဦးအပေါ် ထိုသို့ပြုမူခြင်းအား အရေးယူနိုင်ကြောင်း ရေးထား၏။

"ဩော်…..ငါ့ကို တရားမစွဲစေချင်ရင် အပြန်အလှန်ကျေအေးကြောင်း လက်မှတ်ထိုးကြမယ်တဲ့၊ သူတို့ဘက်က အသိသက်သေတွေနဲ့ ငါ့လုပ်ရပ် ကို ဖော်ထုတ်လိုက်တာပဲ၊ သွားပါပြီ၊ တစ်ပြားမှမရတော့ဘူး"

နောက်တစ်နေ့တွင် ရွှေနေကြီးထံဖုန်းဆက်၍ခေါ်ပြီး ကျေအေးကြောင်း လက်မှတ်ထိုးလိုက်ရတော့သည်။ ဒေါ်ခင်သူတို့သားအမိက မလာပေ။ အားလုံးကို ဦးသက်ခိုင်နှင့်ပင် ကိစ္စပြီးပြတ်စေ၏။

"ကျေးဇူးတင်တယ် ကလေးမ၊ မင်းလည်း လင်ကောင်းသားကောင်းရပါစေလို့ ဆုတောင်းပေးလိုက်တယ်ကွာ"

"ဆုတောင်းပေးစရာ မလိုပါဘူးရှင်၊ သူ့ကုသိုလ်နဲ့သူပါ၊ ဒေါ်ခင်သူကို စိတ်ချမ်းချမ်းသာသာ နေပါတော့လို့ ပြောပေးပါရှင်"

"ကောင်းပါပြီကွယ်၊ ကျုပ်သွား ပြီ"

ဦးသက်ခိုင်မှာ ကားပေါ်တက်လိုက်သည့် တစ်ခဏတွင် ပန်းညွှန့်ကြည်အား တစ်ချက်ပြုံးကြည့်၍ မောင်းထွက်သွား၏။ အစ်မဖြစ်သူ ဝမ်းသာစေရန် ဖုန်းဆက်ပေးလိုက်သည်။

"ကိစ္စတွေအားလုံး ပြီးဆုံးသွားပါပြီခင်ဗျာ၊ မမတို့သားအမိ စိတ်ချမ်းချမ်းသာသာ နေကြပါတော့လို့ ပန်းညွှန့်ကြည်က ဆုတောင်းပေးသွားသေးတယ်၊ ဟုတ်ကဲ့၊ လက်မှတ်ပါထိုးခဲ့ပါတယ်၊ သူ့ဆီက အော်ရီဂျင်နယ်အခွေလည်း ရခဲ့ပါပြီ၊ ဘာမှမစိုးရိမ်ရတော့ပါဘူးဗျာ"

"ကျေးဇူးတင်ပါတယ် ငါ့မောင်ရယ်၊ ဩော်…..နောက်ဆုံးတော့ ဥပဒေကို လူတိုင်းကြောက်ကြပါလား၊ ဒါကြောင့်မို့ ဥပဒေဟာ နိုင်ငံမှာအရေးပါကြောင်း မမနားလည်သွားပါပြီ ငါ့မောင်ရယ်"

"မမနားလည်တာထက် မမသားနားလည်ဖို့ပဲ အရေးကြီးတယ်၊ နောက်တစ်ခါဆို လုံးဝမကူညီတော့ဘူးနော်၊ ပန်းညွှန့်ကြည်က ကြောက်တတ်လို့ လွယ်လွယ်ကူကူ ခေါင်းညိတ်ခဲ့တာပါ၊ ကြောက်စိတ်မရှိတဲ့ မိန်းကလေးမျိုးဆိုရင် အရှက်အရင်းကွဲလိမ့်မယ်၊ ပြောထားဦး"

"အေးပါကွယ် အေးပါ၊ သားသားဝမ်းသာအောင် ပြောပြလိုက်ဦးမယ်နော်"

ပြုံးရွှင်သွက်လက်နေသည့် ဒေါ်ခင်သူ၏အသံကြောင့် ဦးသက်ခိုင်မှာ စိတ်အေးသွားမိ၏။ မိဘမသိစေရန် လူငယ်စိတ်ဖြင့် စူးစမ်းချင်မှု၊ အချစ်ကို စမ်းသပ်ချင်မှုရှိသည့် ကောင်းဇင်သူသည်လည်း သူ့အမှားကိုသိပြီး ထပ်မံပြုလုပ်ရဲတော့မည်မဟုတ်ပေ။ သည်တော့ ဦးသက်ခိုင်က လူငယ်များအား ပြောပြလိုက်ချင်သည်။

"လမ်းမှားမလိုက်ချင်ကြပါနဲ့ကွာ၊ လမ်းမှားကို လျှောက်မိတာနဲ့ မင်းတို့ဘဝလေးတွေ ခလုတ်တိုက်မိကြလိမ့်မယ်၊ လမ်းလျှောက်ရင်း တိုက်မိတဲ့ခလုတ်က တစ်ခဏပဲ ခံစားရမှာပါ၊ မာယာခလုတ် တိုက်မိရင်တော့ မင်းတို့ဘဝလေးတွေ ထာဝရ ခံစားရလိမ့်မယ်ကွယ်၊ အဲဒါကို မင်းတို့ သတိတရားနဲ့ ရှောင်ကြဉ်နိုင်ကြပါစေ"

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**

www.burmeseclassic.com

www.burmeseclassic.com

ထိရောက် ဆိုးကျိုးကင်း အရသာရှိ

# ရုပ်ရှင်အော်

1504YR0768

## လေးဘက်နာပျောက်ဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း ၆၆၇၀၉၃

www.burmeseclassic.com

www.burmeseclassic.com

# ဒုတိယရဲမှူးကြီး ဝင်းဦး (ငြိ
# ထင်ယောင်ထင်မှားများ



www.burmeseclassic.com

www.burmeseclassic.com



**"ပြွန်တန်ဆာမြို့ ...."**

သည်မြို့ကလေးက ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်ထဲမှာပါတဲ့ တိုက်နယ်အဆင့်ရှိ မြို့လေးဖြစ်ပါသည်။ ညောင်လေးပင်မြို့နှင့် ငါးမိုင်ခန့်ဝေးပြီး ဒိုက်ဦးမြို့နယ်စပ်နှင့်လည်း ဆက်စပ်နေသော မြို့ ဖြစ်ပါသည်။ ရန်ကုန်– မန္တလေးကားလမ်းပေါ်တွင်ရှိပြီး ဒေသခံနယ်မြေလူထုကတော့ လယ်ယာလုပ်ငန်း၊ ရာသီချိန်စိုက်ပျိုးခင်းများဖြင့် အဓိကအသက်မွေးဝမ်းကျောင်းပြုသည့်မြို့ဖြစ်ပါသည်။ ပြွန်တန်ဆာမြို့နှင့် မဝေးလှတဲ့ ဘိုင်းဒါးကျေးရွာ၊ စံဒွန်းကုန်းကျေးရွာများမှာလည်း ရာသီချိန်မှာ ကနားဖျင်းတဲများထိုးပြီး ဒေသထွက် ဖရဲ၊ ဂေါ်ဖီ၊ ခရမ်းချဉ်၊ ပြောင်းဖူးစတဲ့ သီးနှံတွေကို ပွဲရုံဒိုင်တွေအဖြစ် ရောင်းဝယ်ဖောက်ကား ပြုလုပ်မှုကြောင့် စည်ကားသည့်မြို့လေးအဖြစ် သတ်မှတ်၍ရပါသည်။

ကျွန်တော် သည်မြို့ရဲစခန်းလေးကို ရဲစခန်းမှူးတာဝန်နှင့် စတင်ရောက်ရှိချိန်မှစပြီး ဒေသခံများ၏ ဖော်ရွေမှု၊ ခင်မင်မှုတွေကြောင့် ရဲလုပ်ငန်းဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါ အခက်အခဲမရှိ အဆင်ပြေမှုများနှင့်သာကြုံတွေ့ရပါသည်။ ရဲစခန်းဝင်းက ရန်ကုန်–မန္တလေးကားလမ်းမကြီးဘေးမဟုတ်ပါ။ မီးရထားဘူတာရုံရှေ့ ဒေါက်တာဘသန်းလမ်းအတိုင်း တစ်ဖာလုံခန့် လျှောက်လိုက်လျှင် ပြွန်တန်ဆာမြို့၏ ရေကန်ကြီးကို မျက်နှာမူထားသော ရဲစခန်းဝင်းကို တွေ့ရမှာဖြစ်ပါသည်။

ရဲစခန်းပိုင်နယ်မြေမှာ နေ့စဉ်အမှုတိုင်ကြားလေ့မရှိပါ။ သို့သော်လည်း နာကျင်မှုကလေးများ ဆက်တိုက်လာပြီးရင်တော့ အမှုကြီးတစ်မှုဖြစ်လေ့ရှိတဲ့ အလေ့အထတစ်ခုကိုတော့ ကျွန်တော် သတိပြုမိပါသည်။ အမှုကြီးဖြစ်ပွားမှုအခြေခံကလည်း အရက်သေစာသောက်စားမှု၊ ဒေါသမထိန်းသိမ်းနိုင်မှုများအပေါ်တွင် အဓိကအခြေခံပြီး ဖြစ်တတ်တာမို့ ရဲစခန်းရှိနယ်ထိန်းအဖွဲ့နှင့်အတူ ကိုယ်တိုင်လိုက်ပါပြီး မြို့ပေါ်လှည့်ကင်းကို စက်ဘီးနှင့် လှည့်ပတ်ဆောင်ရွက်ခဲ့ရပါသည်။

တစ်ခါတစ်ရံကျတော့လည်း ဒုရဲအုပ်လှဝင်း (ရဲမှူးလှဝင်း၊ မနရမှူးဆယ်မြို့)နှင့် နယ်ထိန်းအဖွဲ့ တပ်ကြပ်ကြီးချစ်စိန် (ကွယ်လွန်)၊ တပ်ကြပ်ကြီးခင်လှိုင် (ငြိမ်း)၊ တပ်သား တင်ငွေ (ကွယ်လွန်)၊ တပ်သား မြင့်သိန်း (ကွယ်လွန်)၊ တပ်သား စောဝင်း (ငြိမ်း) တို့ကို ပူးပေါင်းပြီး လှည့်ကင်းဆောင်ရွက်မှုများကြောင့် ယခုတလော ရဲစခန်းမှာ အမှုတိုင်ကြားမှုနည်းပါးနေသဖြင့် ကောင်းသည့်အလားအလာ၊ နယ်မြေအေးချမ်းသည့်သဘောဟု ယူဆရမှာ ဖြစ်ပါသည်။

တစ်နေ့တွင် ကျွန်တော် ရဲစခန်းလုပ်ငန်းဆောင်ရွက်ဖို့ ရဲစခန်းရုံးထဲလာစဉ် တပ်ကြပ်ကြီး (ရေး)မောင်ရင် (ကွယ်လွန်)နှင့်တွေ့သည့်အခါ လှမ်းမေးခဲ့မိသည်။

"စာရေးကြီး ဘာထူးသေးလဲ"

"အခုတော့ ဘာမှထူးတာ မရှိသေးပါဘူး၊ စခန်းမှူးလက်မှတ်ထိုးဖို့ မှတ်ပုံတင် ၄၊၅၊၆၊၉ ကို စားပွဲပေါ်တင်ထားပါတယ်"

"အခုတလော အမှုတိုင်ကြားမှုနည်းနေတာတော့ အမှန်ပဲဗျာ၊ အဲဒီလိုနည်းနေရင် ကောင်းတာရှိသလို ကျွန်တော် စိတ်တော့ပူမိတယ်၊ အမှုကြီးကြီးဖြစ်လာမှာ စိုးရိမ်တယ်ဗျာ"

စာရေးကြီးက ဘာမှတော့ မပြောပါ။ သူ့ဘာသာသူ အလုပ်ရှုပ်နေပါသည်။ ကျွန်တော်လည်း စားပွဲပေါ်တင်ထားတဲ့ မှတ်ပုံတင်စာအုပ်တွေကို သေချာစွာဖတ်ရှုပြီး ဆက်လက်စစ်ဆေးနေပါသည်။ လက်မှတ်ထိုးပြီး သည့်မှတ်ပုံတင်စာအုပ်များကို ရှေ့မှာထားလိုက်စဉ်.....

"ဆရာ အထဲဝင်ခွင့်ပြုပါ"

ပြောသံကြောင့် မော့ကြည့်လိုက်ရာ အသက် ၅၀ ကျော်ခန့်၊ တဘက်ခေါင်းပေါင်းလျက် လွယ်အိတ်တစ်လုံးလွယ်ထားသော ကိုယ်လုံးသွယ်သူတစ်ယောက်ကို တွေ့ရပါသည်။

www.burmeseclassic.com

"ဩော်…ဝင်ပါ၊ ဘာများ အကူ အညီပေးရမှာလဲခင်ဗျာ"

ထိုလူက ကျွန်တော့်စားပွဲရှေ့ ကုလားထိုင်တွင်ထိုင်ပြီး တဘက် ခေါင်းပေါင်းကိုချွတ်၍ ချွေးများကို သုတ်နေပါသည်။ ခရီးဝေးမှလာသည် ဟု ယူဆရပါသည်။

"လူသတ်မှုတိုင်ချင်လို့ပါ ဆရာ"

ထိုသို့ပြောခဲ့သည်။ ကျွန်တော် လည်း ရောက်လာသူ၏ ဆိုင်းမဆင့် ဗုံမဆင့် ပြောလိုက်မှုကြောင့် အံ့အား သင့်သွားရသည်။ ကျွန်တော်က…..

"ကဲ..ဆိုစမ်းပါဦး ဖြစ်တဲ့ကိစ္စ ကို"

"ဒီလိုပါ ဆရာ၊ ကျွန်တော်က ချောင်းရင်းရွာမှာနေပါတယ်၊ ဦးလှအုန်း လို့ခေါ်ပါတယ်၊ ကျွန်တော့်သား မောင် မိုးသူက စည်ပင်ရွာမှာ လယ်သွား လုပ်တဲ့ ကိုထွန်းမြင့်ဆီမှာ လွန်ခဲ့တဲ့ မိုးတွင်းကတည်းက သူရင်းငှားလုပ်ပါ တယ်၊ အဲဒါ လွန်ခဲ့တဲ့ ငါးရက် လောက်က သူလုပ်တဲ့လယ်ထဲကိုလိုက် သွားတော့ ကျွန်တော့်သားကို မတွေ့ ဘူး ဆရာ၊ ကိုထွန်းမြင့်ရဲ့ ဇနီး မထားရီ ကိုပဲတွေ့တယ်၊ ကျွန်တော်ကမေး တော့ လွန်ခဲ့တဲ့ နှစ်ရက်လောက်က တည်းက ဘယ်သူ့ကိုမှမပြောဘဲ ဘယ် ထွက်သွားမှန်း မသိဘူးတဲ့"

မောင်မိုးသူ၏ ဖခင်က ခဏနား လိုက်ပြီး ဆက်ပြောပါသည်။

"အဲဒါနဲ့ ကျွန်တော်လည်း သူ အိပ်တဲ့အိပ်ရာနားသွားပြီး သူခြုံတဲ့ စောင်ကို ယူကြည့်တော့ သွေးစက်နှစ် စက်စွန်းနေတာ တွေ့တယ် ဆရာ"

တွေ့ရှိရပုံကိုပြောပြီး လွယ်အိတ် ထဲမှ အညာစောင်အဖြူစင်းတစ်ထည် ကို ထုတ်ပြပါသည်။ ကျွန်တော်က ပြသသည့်သွေးစက်ကို ကြည့်ရှုရာ လက်သည်းခွံခန့်အရွယ်ရှိပြီး သွေးစွန်း ဟုထင်ရသည့် အစွန်းကွက်နှစ်ကွက် ကို တွေ့ပါသည်။

"ဒီသွေးစက်နှစ်စက်တွေ့ရုံနဲ့တော့ လူသတ်မှုမဖြစ်နိုင်ဘူးထင်တယ်နော်၊ သံသယဖြစ်စရာတော့ ရှိတာပေါ့"

"ကျွန်တော် ဆက်ပြောပါဦးမယ် ဆရာ၊ ကျွန်တော်လည်း သားဖြစ်သူ အိပ်တဲ့ တဲပတ်ဝန်းကျင်ကို လိုက် ကြည့်ပါသေးတယ်၊ ဘာမှတော့မတွေ့ ဘူး ဆရာ၊ တကယ်ဆိုရင် ကျွန်တော့် ကို အကြောင်းကြားသင့်တယ်လို့ထင် တယ်၊ ဒီလိုနဲ့ ကျွန်တော်လည်း ဘာမှ မပြောတော့ဘဲ သူ့စောင်လေးယူပြီး အိမ်ပြန်လာတာပေါ့ ဆရာရယ်၊ သူ့ အမေကလည်း သူ့သားမတွေ့ဘူး ဆိုတော့ စိတ်ပူပြီး ငိုတော့တာပေါ့ဗျာ"

"ဟုတ်ကဲ့၊ သားသမီးဆိုတော့ ကိုယ်ချင်းစာမိပါတယ်၊ တခြားထူးတာ ဘာရှိသေးလဲ"

"ရှိတယ် ဆရာ၊ ဒီလိုနဲ့ ညအိပ် တော့ ဆရာရေ့ ည ၁၂ နာရီလောက် မှာ ကျွန်တော့်အိမ်ခေါင်မိုးပေါ်ကို ခဲနဲ့ ပစ်သံကြားရတယ်၊ နောက်ပြီး ကျွန် တော့်ဇနီးကိုလည်း အိပ်မက်ပေးတယ် လေ၊ သူ့ကိုလယ်ရှင်က ဓားနဲ့ခုတ် သတ်ပြီး တဲတောင်ဘက်နားမှာ မြှုပ် ထားတယ်ဆိုပြီး အိပ်မက်မက်တယ် ဆရာ၊ သူ့အမေကတော့ သူ့သား မကျွတ်လို့ လာသတိပေးနေတာပဲလို့ ပြောပြီး နေ့ရှိသရွေ့ ငိုငိုနေတာနဲ့ ကျွန် တော်လည်း ရဲစခန်းကို အမှုလာဖွင့်ရ တာပါ ဆရာ"

အိမ်ပေါ်ကို ခဲနဲ့ပစ်သံ ကြားတယ်ဆရာ၊ ကျွန်တော့်ဇနီးလည်း နိုးလာပြီး သူ့သားက သူ့ကို အိပ်မက်ပေးပြန်တယ်တဲ့၊ သူ့သားကို လယ်ရှင်က သုံးပိုင်းပိုင်းပြီး တဲတောင်ဘက်မှာ မြှုပ်ထားတယ်တဲ့၊ သူ့ကိုလာဖော်ရင် တွေ့မယ်လို့ ပြောတယ်ဆိုပြီး ငိုနေတော့တာပဲ
...

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူက အမှုဖွင့်ရပုံကို ပြောပါသည်။ ထိုလူမှာ မောသွား၍ မျက်နှာမှချွေးများကို သူ့သားခြံသည့် စောင်နှင့် သုတ်နေပါတော့သည်။ ကျွန်တော်က သက်သေခံပစ္စည်းဖြစ်နိုင်၍ တားလိုက်ရသည်။

''ဒါက ဒီလိုရှိတယ်ဗျာ၊ ခင်ဗျားသား အသတ်ခံရတယ်ဆိုတာ အခု ခင်ဗျားပြောတဲ့အချိန်ထိ နိုင်လုံမှုတော့ မရှိသေးဘူးဗျာ၊ ညဘက် ခဲပစ်တာတို့၊ အိပ်မက်မက်တယ်ဆိုတာတို့ကလည်း စွဲလမ်းမှုတွေကြောင့် ဖြစ်နိုင်ပါတယ်၊ လောလောဆယ်တော့ ခင်ဗျားသားကို ရှာမတွေ့သေးရင် ကျွန်တော်တို့ရဲစခန်းမှာ လူပျောက်မှုနဲ့ ဖွင့်ထားပေးပါ့မယ်''

ကျွန်တော်က ဥပဒေအရ ဆောင်ရွက်ခွင့်ရှိသည်ကိုပြောပြလိုက်ပါသည်။

''ကျွန်တော်တော့ ဘယ်လိုမှ မပြောတတ်တော့ဘူး၊ ဆရာ ကောင်းသလိုသာ စီစဉ်ပေးပါ''

ကျွန်တော်က စာရေးကြီး တပ်ကြပ်ကြီး မောင်ရင်ဘက်လှည့်ရင်း လူပျောက်မှုဖွင့်ခိုင်းလိုက်ရသည်။

''ကဲ..စာရေးကြီးရေ့ လူပျောက်မှုအချက်အလက်တွေ ရယူထားပြီး နီးစပ်ရာရဲစခန်းတွေပေးပို့အကြောင်းကြားကြတာပေါ့ဗျာ၊ ထူးခြားရင်တော့ အကြောင်းကြားပါ့မယ်''

ကျွန်တော်က အသတ်ခံရသူဟု စွပ်စွဲပြောပြခဲ့သူကို ရှင်းပြလိုက်၏။

ဦးလှအုန်းလည်း ခြုံစောင်ကို လွယ်အိတ်ထဲထည့်ပြီး ရဲစခန်းက ပြန်လည်ထွက်သွားတော့သည်။ ကျွန်တော်လည်း ဦးလှအုန်းနောက်ကျောပြင်ကိုကြည့်ပြီး သားသမီးအတွက်ရတက်မအေးဖြစ်နေမှုကို ကိုယ်ချင်းစာမိသော်လည်း အိပ်မက်အရ ရဲစခန်းသို့ လာရောက် အမှုလာတိုင်တာကိုတော့ ကျိတ်ပြီး ပြုံးမိလိုက်ပါတော့သည်။ သို့သော် မယုံ၍မဖြစ်သဖြင့် ရဲအမြင်ဖြင့် စုံစမ်းရန် စဉ်းစားခဲ့ရသည်။

သည်လိုနှင့် တစ်ပတ်ကျော်ခန့် အကြာ ကျွန်တော်လည်း လူပျောက်မှုကို မေ့ပျောက်နေပါပြီ။ ရုံးခန်းမှာထိုင်ပြီး ဝင်စာများဖတ်ရှုနေစဉ် လွန်ခဲ့သော တစ်ပတ်ကျော်က လူသတ်မှုလာတိုင်သည့် ဦးလှအုန်း ရောက်လာပြန်ပါသည်။ ကျွန်တော့်ရှေ့ ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

''ဆရာရေ ကျွန်တော့်သားကတော့ အမှန်တကယ်အသတ်ခံရတာပဲ ဖြစ်မယ်ဆရာ''

ဦးလှအုန်းက ယုံကြည်မှု ခိုင်ခိုင်မာမာဖြင့် ပြောခဲ့၏။

''ဘယ်လိုအထောက်အထားတွေများ ထပ်တွေ့ပြန်တာလဲဗျာ''

''ဒီလိုပါ ဆရာ၊ ပြီးခဲ့တဲ့ အပတ်ရဲစခန်းကပြန်ပြီး နှစ်ရက်အကြာမှာ ည ၁၂ နာရီလောက်ပဲထင်တယ်၊ အိမ်ပေါ်ကို ခဲနဲ့ပစ်သံကြားတယ် ဆရာ၊ ကျွန်တော့်ဇနီးလည်း နိုးလာပြီး သူ့သားက သူ့ကို အိပ်မက်ပေးပြန်တယ်တဲ့၊ သူ့သားကို လယ်ရှင်က သုံးပိုင်းပိုင်းပြီး တဲတောင်ဘက်မှာ မြှုပ်ထားတယ်တဲ့၊ သူ့ကိုလာဖော်ရင် တွေ့မယ်လို့ပြောတယ်ဆိုပြီး ငိုနေတော့တာပဲ ဆရာရယ်၊ ကျွန်တော့်ကိုသာ အမှုဖွင့်ပြီး စုံစမ်းပေးပါတော့ ဆရာရယ်''

ဟု တောင်းပန်ပြောဆိုနေပါတော့သည်။ ကျွန်တော်လည်း ပင့်သက်ကို မှုတ်ထုတ်ရင်း.....

''ခက်တယ်ဗျာ၊ ခင်ဗျားသားကို သတ်ပါတယ်ဆိုတဲ့ မသက်သေစရာ အထောက်အထားလည်း မတွေ့ရဘူး၊ ခင်ဗျားတို့ အိပ်မက်မက်တဲ့အကြောင်းနဲ့ပဲ လာဖွင့်ခိုင်းနေတယ်၊ လုပ်ရခက်တယ်ဗျာ၊ ကျွန်တော်တို့ ရဲစခန်းအနေနဲ့လည်း လူပျောက်ကြော်ငြာပို့ထားတဲ့ ရဲစခန်းတွေဆီက ဘာမှ အကြောင်းမပြန်ဘူးဖြစ်နေတယ်၊ ကဲ.....ဒီလိုလုပ်ဗျာ''

ထိုသို့ပြောလိုက်ရာ ဦးလှအုန်းက.....

''ဘယ်လိုလုပ်ရမလဲဆိုတာ ပြောပါ ဆရာ''

ဟု အားတက်သရောပြောပါသည်။ ကျွန်တော်က.....

''ဒီလိုဗျာ၊ ခင်ဗျားမိန်းမ အိပ်မက် မက်တဲ့အတိုင်း ခင်ဗျားသား နေခဲ့တဲ့ တဲတောင်ဘက်ကို သွားကြည့်လိုက်ပေါ့ဗျာ၊ ထူးထူးခြားခြား မြေမြှုပ်ထားတဲ့ပုံစံမျိုးရှိရင်တော့ ကျွန်တော့်ဆီ အမြန်အကြောင်းကြားပေါ့ဗျာ''

ထိုသို့ပြောလိုက်ရာ ဦးလှအုန်းက.....

''ဟုတ်ပြီ ဆရာ၊ မနက်ဖြန် ကျွန်တော်သွားလေ့လာပြီး ဆရာ့ကို ပြန်ပြောပါ့မယ်''

ဟုပြောပြီး ရဲစခန်းမှ ပြန်လည်ထွက်ခွာသွားပါတော့သည်။ ကျွန်တော်လည်း ဦးလှအုန်းကိုကြည့်ပြီး သက်ပြင်းရှည်ချ၍ ခေါင်းတယမ်းယမ်းလုပ်နေမိပါသည်။

+++

တစ်ပတ်ခန့်အကြာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

လည်း မြို့ထဲထွက်လာပြီး ကိုကျော်မြင့်စာအုပ်ဆိုင်တွင် မြဝတီမင်္ဂဇင်းတစ်အုပ်ကို ဖတ်နေသည့် အချိန်ဖြစ်သည်။ ကျွန်တော့်ရဲစခန်းမှ ရဲတပ်သားမြင့်ဌေး ရောက်လာပြီး.....

"ဆရာ ဟိုနေ့က လူသတ်မှု လာတိုင်တဲ့ ဦးလှအုန်းရောက်နေတယ်၊ သူ့သားအလောင်း မြှုပ်ထားတဲ့နေရာကို တွေ့ပြီလို့ပြောတယ်၊ ဆရာ့ကိုလည်းအမြန်တွေ့ချင်တယ်လို့ ပြောတယ် ဆရာ"

ဟု သတင်းပို့ပါသည်။ ကျွန်တော့်အနေဖြင့် သည်တစ်ခါတော့ လူသတ်မှုအမှန်ပဲဖြစ်ပါစေဟု စိတ်ထဲတွင်ဆုတောင်းရင်း.....

"အေး...ငါအခုချက်ချင်းလာခဲ့မယ်"

ဟုပြောလိုက်ပါသည်။

ရဲစခန်းရောက်လျှင် ကျွန်တော့်စားပွဲရှေ့ ကုလားထိုင်တွင် ထိုင်နေသော ဦးလှအုန်းကို တွေ့ရသည်။ ကျွန်တော်ဝင်လာသည်နှင့် ကပျာကယာ မတ်တတ်ထလိုက်ပြီး.....

"ဆရာရေ့ ဒီတစ်ခါတော့ မလွဲဘူးထင်တယ်၊ ဆရာပြောတဲ့အတိုင်း ကျွန်တော့်သားနေတဲ့ တဲတောင်ဘက်ကို သွားရှာတော့ လယ်ကန်သင်းဘေးမှာ ကုန်းမို့မို့ ဖို့ထားတာတွေ့တယ် ဆရာ၊ ကျွန်တော် အနားရောက်တော့ ပုပ်အဲ့အဲ့အနံ့တွေလည်း ရတယ် ဆရာ၊ နောက်ပြီး အဲဒီကုန်းမို့မို့ပေါ်မှာ ယင်ကောင်ကြီးတွေ ဝဲပျံနေတာကိုလည်း တွေ့တယ်၊ လွန်ခဲ့တဲ့ နှစ်ပတ်လောက်က မြေမြှုပ်ထားတယ်ထင်တယ်၊ ဒီတစ်ခါတော့ သေချာပါပြီ ဆရာရယ်၊ အမှုသာဖွင့်ပြီး စုံစမ်းပေးပါတော့"

ဟု အားတက်သရော ပြောနေပါတော့သည်။

ကျွန်တော်က.....

"ခင်ဗျား ဒီလောက်တောင် သေချာအောင်ပြောနေမှတော့ အလောင်းသွားဖော်ပြီး စစ်ရတော့မှာပေါ့ဗျာ"

ကျွန်တော်က ဦးလှအုန်း၏ ဆန္ဒကို လိုက်လျော၍ ပြောလိုက်ပါသည်။ ကျွန်တော်က အကူစာရေး ရဲတပ်သား မြင့်ဌေးအား နယ်ထိန်း တပ်ကြပ်ကြီး ချစ်စိန်(ကွယ်လွန်)အား ခေါ်ခိုင်းလိုက်ရာ မကြာမီ ရောက်လာသည်။

"ကဲ...ကိုချစ်စိန်ရေ ဒီမှာ ဦးလှအုန်းကတော့ သူ့သားကိုသတ်ပြီး မြှုပ်ထားတဲ့နေရာကို တွေ့ပြီလို့ပြောတယ်၊ အဲဒါ ဒီညနေပဲ ခင်ဗျားအဖွဲ့တွေခေါ်ပြီး စည်ပင်ရွာကို လိုက်သွားပေတော့၊ အဲဒီမြှုပ်ထားတယ်ဆိုတဲ့ နေရာတစ်ဝိုက်ကိုလည်း ကာကွယ်ထားပေါ့ဗျာ၊ အလောင်းမြှုပ်တာ ခုနစ်ရက်ကျော်ပြီဆိုတော့ ကျွန်တော်လည်း ဒီနေ့ပဲ မြို့နယ်မှူးရုံးသွားပြီး တင်ပြမယ်၊ ဆရာဝန်ရယ်၊ တရားသူကြီးရယ်လိုက်ဖို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသွားပြီး တင်ပြဦးမယ်၊ ကဲ.....ဦးလှအုန်း လည်း နယ်ထိန်းကိုချစ်စိန်အဖွဲ့နဲ့လိုက် သွားပြီး စောင့်နေပေါ့ဗျာ၊ မနက်ဖြန် ကျွန်တော်တို့အဖွဲ့ စောစောထွက်လာပါ့မယ်၊ ဩော်...ဒါနဲ့ မနက်ဖြန် အလောင်းဖော်ဖို့ ပေါက်တူး၊ ပေါက်ပြားပါတဲ့ ရွာသားလေးငါးယောက် ရယ်၊ ကျေးရွာလူကြီးရယ် အသင့်ခေါ် ထားပြီး စောင့်နေပေါ့ဗျာ"

တပ်ကြပ်ကြီးချစ်စိန်နှင့် ဦးလှအုန်းတို့အဖွဲ့ထွက်သွားပြီး ကျွန်တော်လည်း ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးသို့ စက်ဘီးနှင့် အသော့နှင်လာပါတော့သည်။



ညောင်လေးပင်ရောက်ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ကြီး (ယခုအခါ ဒုရဲမှူး) စောလှမောင် (ယခု ရဲမှူးကြီး၊ ငြိမ်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ စစ်ကိုင်း)နှင့်တွေ့၍ အမှုဖြစ်စဉ် အခြေအနေ တင်ပြသည့်အခါ ရဲလက်စွဲ (ဒု)တွဲ၊ အပိုဒ် ၁၄၂ မှ ၁၄၉ ထိ ညွှန်ကြားချက်များအတိုင်း သေချာစွာ ဆောင်ရွက်ရန်မှာကြားပါသည်။

ထို့နောက် ကျွန်တော်လည်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးသို့ သွားရောက်ပြီး အုပ်ချုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



မှုနှင့် တွေ့ဆုံကာ ရှင်းပြ၍ ညွှန်ကြားချက် ရယူခဲ့သည်။ ၎င်းနောက် မနက်ဖြန် လိုက်ပါမည့် တရားသူကြီး ဦးစံအောင်(ကွယ်လွန်)နှင့်တွေ့ဆုံ၍ သွားရောက်မည့်အစီအစဉ်အား ပြောပြပါသည်။ ဆရာဝန်ကတော့ ပြွန်တန်ဆာတိုက်နယ်ဆေးရုံမှ တိုက်နယ်ဆရာဝန် ဒေါက်တာလှစိန် (ငြိမ်း)အားခေါ်သွားရန် ညွှန်ကြားချက်ရရှိပြီးဖြစ်သည်။

ထို့နောက် ပြွန်တန်ဆာသို့ပြန်လာခဲ့သည်။ နောက်တစ်နေ့တွင် အလောင်းသွားရောက်တူးဖော်မည့် အစီအစဉ်အား စိတ်ကူးဖြင့်မှန်းဆပြီး အိပ်ရာဝင်ခဲ့ပါသည်။

+++

နောက်တစ်နေ့နံနက် ၆ နာရီခွဲအချိန်ကတည်းက ကျွန်တော် အိပ်ရာမှထ၊ ဘုရားအမြန်ရှိခိုး၊ အဆာပြေစားပြီးသည်နှင့် ညောင်လေးပင်မှ လာရောက်မည့် တရားသူကြီး ဦးစံအောင်ကို ဘူတာရှေ့ကားလမ်းမှစောင့်ကြိုပြီး ဆရာဝန်ကြီး ဒေါက်တာလှစိန်အိမ်သို့ သွားကြပါသည်။

နွားလှည်းတစ်စီးကို ပြွန်တန်ဆာဈေးရှေ့ဘက်ထိပ်တွင် စောင့်ခိုင်းထားပြီးဖြစ်၍ ကျွန်တော်နှင့်အတူ တရားသူကြီး၊ ဆရာဝန်၊ တပ်ဖွဲ့ဝင်နှစ်ဦးတို့ လိုက်ပါလျက် လှည်းဖြင့် စည်ပင်ကျေးရွာဘက် ထွက်လာကြပါသည်။

နံနက် ၁၀ နာရီခန့်တွင် စည်ပင်ကျေးရွာသို့ ရောက်ရှိပြီး တပ်ကြပ်ကြီး ချစ်စိန်နှင့်အဖွဲ့က ရွာထိပ်မှ လာကြိုနေပါသည်။ ကျွန်တော်က အဖွဲ့ချင်းဆုံချိန်၌ အခြေအနေကိုသိလို၍ မေးလိုက်ပါသည်။

"ဘယ်လိုလဲ ကိုချစ်စိန်၊ အခြေအနေအားလုံး အဆင်ပြေတယ်မဟုတ်လား"

"အဆင်သင့်ပဲ ဆရာ၊ ကျွန်တော် အားလုံးစီစဉ်ပြီးပါပြီ"

"ကျွန်တော် ခင်ဗျားကို မေးတာက အလောင်းမြှုပ်ထားတယ်ဆို တာ ဖြစ်နိုင်ခြေရှိသလား၊ အပုပ်နံ့ရော ရသလားလို့မေးတာဗျ"

"ကျွန်တော့်အနေနဲ့ ဦးလှအုန်း ပြတဲ့ ကုန်းမို့မို့တော့ တွေ့တယ် ဆရာ၊ အပုပ်နံ့ကတော့ ရသလိုလို၊ မရသလိုလိုနဲ့ ကျွန်တော်လည်း အနံ့ခံနေတာပဲ၊ သိပ်တော့မသေချာဘူး ဆရာ၊ ယင်ကောင်လည်းကျွန်တော်တို့မတွေ့ပါဘူး"

"ကဲ.....အဲဒီနေရာကိုပဲ သွားကြတာပေါ့ဗျာ၊ ခင်ဗျား ရှေ့ကနေ လမ်းပြ"

ကျွန်တော်နှင့်အဖွဲ့လည်း ရွာလယ်လမ်းအတိုင်းလာပြီး ရွာအပြင်အရှေ့ဘက် လေးဖာလုံခန့်အကွာ လယ်ကွင်းအနီးသို့ရောက်လျှင် အလောင်းဖော်သည်ကို မတွေ့ဘူး၍ လာကြည့်နေကြသော ရွာသူ/ ရွာသား ၁၀၀ ဦးခန့်ကို တွေ့ရသည်။ ကျွန်တော်တို့အဖွဲ့ကိုလည်း စိတ်ဝင်တစားကြည့်နေကြပြီး တီးတိုးတီးတိုးနှင့် ပြောဆိုနေသံများကိုလည်း ကြားရသည်။

တပ်ကြပ်ကြီး ချစ်စိန်ပြသည့် နေရာအား ကြည့်ရာတွင် လယ်တဲ၏တောင်ဘက် ၂၅ ကိုက်ခန့်အကွာ လယ်ကန်သင်းအနီး ကိုင်းပင်များ ပေါက်ရာဘေး၌ အရှည် ၇ ပေခန့်ရှိ ကုန်းကမူမို့မို့လေးကို တွေ့သည်။

သေချာစစ်ဆေးကြည့်သည့်အခါ လတ်တလောဖို့ထားသည့် ပုံစံဟုမထင်ရပါ။ မြက်ပင်အနည်းငယ်ပေါက်နေပြီး အနံ့ခံကြည့်ရာတွင်လည်းမည်သည့်အပုပ်နံ့မှမရသည်ကို စစ်ဆေးတွေ့ရှိရသည်။

**အိပ်မက်အရ ယုံကြည်ပြီး သွားလုပ်လိုက်တာ အရှက်ကို ကွဲပါလေရောလို့ ခံစားနေမိပါသည်။ သည်အဖြစ်အပျက်က တော်တော်နှင့် မပျောက်ပျက်ပါ။ တွေးမိတိုင်း ပေါ်ပေါ်လာပြီး ကိုယ့်ကိုယ်ကိုယ်ပင် ဒေါသဖြစ်နေပါ၏...**

www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ကာယကံရှင်ကိုယ်တိုင်က ၎င်း၏သားကိုသတ်ပြီး မြေမြှုပ်ထားသည်ဟု တစ်ထစ်ချ ယူဆထားသည်မို့ ကျွန်တော်လည်း သူ့ဆန္ဒကို မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်မည်ဟု ဆုံးဖြတ်လိုက်ပါသည်။

"ကဲ.....တူးမယ့်လူတွေ လာကြဗျာ၊ တူးရမှာက ဘေးကပိုက်ပြီး တူးကွာ၊ တကယ်လို့အလောင်းရှိနေ ရင် သူ့ကိုမထိခိုက်ဘူးပေါ့၊ အလောင်း ကို ကလပ်လေးပေါ်တင်ထားသလိုဖြစ်အောင် တူးကြကွာ၊ ငါပြောတာကို မင်းတို့သဘောပေါက်ကြတယ်မဟုတ်လား"

တူးမည့်သူများကို ထိုသို့ပြောလိုက်ရာ တူးမည့်သူများကလည်း သဘောပေါက်ပါတယ်ဟုပြောပြီး ဘေးမှပိုက်၍ တူးကြသည်။ နာရီဝက်ခန့်ကြာအောင် တူးသော်လည်း ထူးခြားမှု မရှိခဲ့ပါ။ မြေကြီးမှာ လတ်တလောဖို့မြေမဟုတ်သဖြင့် မာကျောနေသည်။

ကျွန်တော်လည်း စိတ်မရှည်တော့သဖြင့် မို့နေသော မြေကမူအား ပေါက်တူးဖြင့် ဖြိုချခိုင်းသော်လည်း မည်သည့်အလောင်းမှမတွေ့ပါ။ ရွာသူရွာသားများ၏ တီးတိုးအသံက ပိုကျယ်လာပြီး ကျွန်တော်တို့အဖွဲ့ကိုပင် ပြက်ရယ်ပြုနေသည်ဟု ထင်ပါသည်။ ကျွန်တော်လည်း ခေါ်လာသည့် ဆရာဝန်၊ တရားသူကြီးတို့ကို အားနာနေပြီး ရှက်စိတ်မွန်နေသည့်အတွက် ချွေးသီးချွေးပေါက်များပင် ကျနေပါတော့သည်။ မကြာမီ ဘယ်လိုပင်တူးတူး ထူးခြားမှုမတွေ့သည့်အတွက် ကျွန်တော်က ဦးလှအုန်းဘက်လှည့်ပြီး မေးခဲ့မိ၏။

"ဘယ်လိုလဲ ဦးလှအုန်း၊ ခင်ဗျားသားအလောင်းက သုံးပိုင်းဖြတ်ပြီး မြှုပ်ထားတာဆို၊ ယင်ကြီးတွေတွေ့ပြီး အပုပ်နံ့တွေရတယ်ဆို၊ လိုက်လာတဲ့ လူကြီးတွေ အားနာဖို့ကောင်းတယ်ဗျာ"

ဦးလှအုန်းကတော့လက်မလျှော့ချင်သေးဟန်တူပါသည်။ သူကိုယ်တိုင်ပင် ပေါက်တူးကိုယူပြီး မြေကြီးအား တူးဆွနေပါတော့သည်။ နောက်ဆုံး လက်လျှော့လိုက်ပြီး ဘာမှမပြောတော့ဘဲ လက်မှိုင်ချနေပါသည်။

ထို့နောက် ဦးလှအုန်းက လာရောက်ဝိုင်းကြည့်နေကြသော လူအုပ်ထဲမှလူငယ်တစ်ဦးကိုခေါ်ပြီး မြေပုံရှေ့တွင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီစေပြီး ပါးစပ်မှ တီးတိုးရွတ်၍ ၎င်း၏သားဖြစ်သူအမည်ကိုခေါ်ပြီး ဝင်ပူးခိုင်းနေပါသည်။

ကျွန်တော်လည်း မနေသာတော့ဘဲ လက်အုပ်ချီထိုင်နေသည့် လူငယ်အနားသို့သွားပြီး ခါးကခြောက်လုံးပြူးကို ဆွဲထုတ်၍ပြသလိုက်ပါသည်။

"ကဲ....ငါက ဒီနယ်ကိုအုပ်ချုပ်တဲ့ စခန်းမှူးနော်၊ မဟုတ်တရုတ်တော့ ဝင်ပူးကပ်မယ်မကြံနဲ့ဗျာ၊ သေနတ်နဲ့ကို ပစ်မှာ"

ကျွန်တော်က ဟန်ပါပါဖြင့် သရုပ်ဆောင်လျက် ခြောက်လှန့် ပြောဆို အမိန့်ပေးလိုက်ပါသည်။

လက်အုပ်ချီထားသော လူ ငယ်မှာ ငေါက်ခနဲထရပ်ပြီး ဦးလှအုန်း အား ဘယ်လိုမှ ဝင်မပူးဘူးဟု ပြော ဆိုသံ ကြားရပါသည်။ ဦးလှအုန်းက ငှက်ပျောပွဲမတင်လို့ထင်တယ်ဟု တစ်ကိုယ်တည်း ပြောဆို ရေရွတ်နေပါသည်။ ကျွန်တော်လည်း ရှက်စိတ်များ မွန်ထူနေပြီး ဘာတွေပြောလို့ ပြောမိမှန်းမသိ ဖြစ်နေပါသည်။ တရားသူကြီးဦးစံအောင်က ရယ်သွမ်းသွေးလျက် ပြောခဲ့၏။

"ကဲပါ စခန်းမှူးရယ်၊ ဘာအလောင်းမှ မတွေ့တော့လည်း ကောင်းတာပေါ့၊ ဒါမှမဟုတ်ရင် အလုပ်ရှုပ်နေဦးမယ်၊ အနီးအနားတဲမှာ ကြက်သားကာလသားဟင်းလေးချက်စားပြီး ပြန်ကြတာပေါ့ဗျာ၊ ညောင်လေးပင်ရောက်မှ အတွေ့အကြုံလေးတွေ သတင်းစာရှင်းလင်းပွဲလုပ်ကြတာပေါ့နော်"

ကျွန်တော်လည်း ရှက်သည့်စိတ်ကို အသာထားပြီး ပါလာသူများကို ထမင်းကျွေးရန် အမြန်စီစဉ်လိုက်ရပါတော့သည်။

ထိုသို့ အလောင်းဖော်ရာတွင် မတွေ့သဖြင့် ကျွန်တော်တို့လည်း ရဲစခန်းသို့ ပြန်ရောက်ကြပြီး တနုံ့နုံ့ဖြင့် တွေးလျက် မခံချိမခံသာ ဖြစ်နေပါသည်။

သြော်...အိပ်မက်အရ ယုံကြည်ပြီး သွားလုပ်လိုက်တာ အရှက်ကို ကွဲပါလေရောလို့ ခံစားနေမိပါသည်။ သည်အဖြစ်အပျက်က တော်တော်နှင့် မပျောက်ပျက်ပါ။ တွေးမိတိုင်း ပေါ်ပေါ်လာပြီး ကိုယ့်ကိုယ်ကိုယ်ပင် ဒေါသဖြစ်နေပါ၏။ နောင်ကိုတော့ သေသေချာချာ စိစစ်မှ ဖြစ်တော့မယ်ဟုလည်း ဆုံးသပ်ဆုံးဖြတ်မိခဲ့သည်။ အခုတော့ မိမိတပ်ဖွဲ့ဝင်ချည်းပဲဆိုလျှင် အကြောင်းမဟုတ်၊ အခြားဌာနဆိုင်ရာ အဖွဲ့တွေ

www.burmeseclassic.com

လည်း ပါရှိလာတော့ အားလည်းအားနာ၊ သိက္ခာလည်းကျသည်ဟု ယူဆမိပါသည်။

+++

ထိုအဖြစ်အပျက်များဖြစ်ပွားပြီး ဆယ့်ငါးရက်ခန့်အကြာ တစ်နေ့၌ ကျွန်တော် ရဲစခန်း၌ရှိနေစဉ် လူငယ်တစ်ဦး ဝင်ခွင့်တောင်းသဖြင့် ကြည့်လိုက်ရာ အသက် ၂၀ ခန့် ဆံပင်ရှည်၊ မျက်နှာသွယ်၊ အသားညို၊ အရပ် ၅ ပေ ၃ လက်မခန့် ရှိသည်။ ကျွန်တော်က ရှေ့ကုလားထိုင်တွင် ဝင်ထိုင်ခွင့်ပြုလိုက်သည်။ ပြီးနောက် ထိုလူငယ်ကို လာရင်းကိစ္စ ပြောခိုင်းလိုက်၏။

“ကဲ...ဆိုပါဦး၊ ဘာကိစ္စလဲ”

“ကျွန်တော့်နာမည်က မိုးသူပါခင်ဗျာ၊ ချောင်းရင်းက ဦးလှအုန်းရဲ့သားပါ”

ကျွန်တော် အတော့်ကို အံ့သြသွားမိသည်။

“ဟေ...ဟိုတလောက သူ့သားကိုသတ်ပြီး မြေမြှုပ်ထားပါတယ်ဆိုတဲ့ ဦးလှအုန်းရဲ့သားကိုး၊ ကဲ.....ဆိုစမ်းပါဦးကွာ၊ မင်းက မပြောမဆိုနဲ့ ထွက်သွားတော့ မင်းအဖေ၊ အမေကလည်း စိတ်ပူပြီး ရဲစခန်းလာတိုင်၊ ငါတို့လည်း အလုပ်ရှုပ်၊ အရှက်ကွဲသွားတာပေါ့ကွာ၊ ဘယ်လိုလုပ်ပြီး ဒီရောက်လာသလဲဆိုတာ ပြောပါဦး”

ကျွန်တော်က စုံစမ်းဆောင်ရွက်ခဲ့ရမှုကို ပြောပြလိုက်သည်။ မောင်မိုးသူက အကြောင်းစုံကိုပြန်လည်ရှင်းပြခဲ့၏။

+++

သည်နေ့ မိုးသူတစ်ယောက်



ချောင်းရင်းရွာသို့ သွားချင်စိတ်တွေ ပေါက်နေပါသည်။ ရွာကိုမရောက်တာကြာပြီ၊ အဖေ၊ အမေကို မတွေ့ရတာလည်းကြာတော့ လွမ်းသလိုလို ခံစားမိနေပါသည်။ လယ်စာရင်းဒိုင်ကိုထွန်းမြင့်ထံတွင် လုပ်ရသည်မှာလည်း အဆင်ပြေလှပါသည်။ သူခိုင်းတာကို တာဝန်ကျေအောင်လုပ်ရင် အဆင်ပြေမှာပဲလေ။ တစ်ခါတစ်ခါတော့ ကိုယ့်ဘဝကို ပြန်စဉ်းစားကြည့်မိသည်။

သူများထံမှာ အခစားလုပ်နေရတာထက် ကိုယ်ပိုင်လယ်လေး ငါးကေလောက်များရှိရင် ဘယ်လောက်ကောင်းမှာလဲလို့ တွေးမိရင်း ရွာရှိ သူ၏ချစ်သူ ရှင်နှောင်းလေးကို အမိအဖတွေ တင်တောင်းခိုင်း၊ အိမ်ထောင်ပြု၊ သားသမီးတွေနဲ့ ဘယ်လောက်များပျော်စရာကောင်းမှာလဲလို့ စိတ်ကူးယဉ်တွေးနေမိသည်ဆို၏။

သည်နေ့က လပြည့်နေ့၊ နံနက်ပိုင်းအလုပ်တွေပြီးအောင်လုပ်ပြီး နေ့လယ်လောက်တွင် ရွာဘက်သို့ ထွက်လာခဲ့သည်။

ရွာရောက်တော့ အိမ်မှာအဖေမရှိ၊ အမေသာရှိပြီး အမေချက်တဲ့ ချဉ်ရည်ဟင်း၊ ငါးပိရည်တို့စရာတို့ကို စားသောက်ပြီး ညပိုင်းမှပဲ ချစ်သူ ရှင်နှောင်းလေးနဲ့ စကားသွားပြောမယ်လို့ စိတ်ကူးယဉ်ပြီး တစ်ရေးအိပ်လိုက်ပါသေးသည်။

ညနေ ၅ နာရီလောက်ကျတော့ အမေ့ကို ရွာထဲသွားဦးမယ်လို့ပြောပြီး ထွက်လာတော့ ငယ်သူငယ်ချင်း ချစ်ဦးနှင့် လမ်းတွင်တွေ့သည့်အခါ မတွေ့

www.burmeseclassic.com

www.burmeseclassic.com



**ချစ်သူရှင်နောင်း၏ မျက်နှာလေးကို စဉ်းစားလိုက်၊ မထားရီ ကလေးနှိုတိုက်နေတာကိုမြင်လိုက်နှင့် စိတ်ရိုင်းများပေါက်လာပြီး စိတ်ကယောင်ချောက်ချား ဖြစ်နေခဲ့တော့သည်။ ရာဂစိတ်ကတွန်းပို့၍ အိပ်မရသည်နှင့် မိုးသူတစ်ယောက် ...**

တာကြာပြီမို့ ရွာထိပ်မှ ကိုမိုးညို၊ အရက်ဆိုင်သို့ ရောက်သွားကြသည်။

ရောက်တော့ အရက်တစ်လုံး မှာသောက်ပြီး ထွေရာလေးပါး ပြောနေလိုက်ကြသည်မှာ ည ၇ နာရီအထိ ဖြစ်သွားခဲ့သည်။ မိုးသူလည်း အရက်ရှိန်ကြောင့် ထွေထွေလေးဖြစ်နေပြီး ရှင်နှောင်းနှင့် မတွေ့တော့ဘဲ သူငယ်ချင်းဖြစ်သူအား နှုတ်ဆက်၍ လသာသာဖြင့် ၎င်းအလုပ်လုပ်ကိုင်ရာ လယ်တဲသို့ပြန်လာခဲ့ပါသည်။ ည ၁၀ နာရီခန့် လယ်တဲရောက်တော့ လယ်စာရင်းဒိုင်ကိုထွန်းမြင့်တဲမှာ မီးခွက်ထွန်းထားပြီး သူ့ဇနီး မထားရီက ကလေးနို့တိုက်နေသည်ကို တွေ့လိုက်ပါသည်။

"အစ်မ မအိပ်သေးဘူးလား၊ အစ်ကိုရော ဘယ်သွားလဲ"

"နင့်အစ်ကို ရွာပြန်သွားတယ်လေ၊ နင်နဲ့မတွေ့ဘူးလား"

ထိုသို့ပြန်ပြောခဲ့ပါသည်။ မိုးသူက.....

"ကျွန်တော်နဲ့ မတွေ့ပေါင်ဗျာ၊ ကျွန်တော်ကတော့ နည်းနည်း သောက်လာတယ် အစ်မရေ၊ ကျွန်တော့်တဲသွားအိပ်တော့မယ်"

ထိုသို့ပြောပြီး ၎င်းအိပ်သည့် တဲဘက်သို့ ထွက်သွားပါသည်။ အိပ်ရာရောက်တော့ ချစ်သူ ရှင်နှောင်း၏ မျက်နှာလေးကို စဉ်းစားလိုက်၊ မထားရီ ကလေးနို့တိုက်နေတာကိုမြင်လိုက်နှင့် စိတ်ရိုင်းများပေါက်လာပြီး စိတ်ကယောင်ချောက်ချား ဖြစ်နေခဲ့တော့သည်။

ရာဂစိတ်ကတွန်းပို့၍ အိပ်မရသည်နှင့် မိုးသူတစ်ယောက် မထားရီတဲဘက်သို့ ထွက်လာကြည့်ရာ မီးရောင်မတွေ့တော့ဘဲ လရောင်ကြောင့် အိပ်နေသည်ကို တွေ့လိုက်ရသည်။

"အစ်မ အိပ်ပြီလား၊ အစ်ကို ပြန်မလာသေးဘူးလား"

"ဟဲ့.....မိုးသူ၊ နင် မအိပ်သေးဘူးလား၊ ဘာလုပ်မလို့လဲ"

"မဟုတ်ပါဘူး၊ အစ်ကို ပြန်မလာသေးရင် အစ်မနားမှာကပ်ပြီး စောင့်အိပ်ပေးရမလားလို့ပါ"

"ဟင်...မိုးသူ နင်ဘာစကား ပြောတာလဲ၊ ခွေးစကားပြောတာလား အရက်သောက်လာပြီး ပေါက်ကရလုပ် မယ်တော့ မကြံနဲ့နော်၊ အေး..ငါ့လင် ပြန်လာရင် နင့်ကို တိုင်ရမယ်"

မထားရီက စိတ်ဆိုးဆိုးနှင့်ပြောခဲ့ သည်။ မထားရီက သူမ၏ယောက်ျား နှင့် ပြန်တိုင်မယ်လို့ပြောလိုက်တော့ မိုးသူ အံ့သြတုန်လှုပ်သွားပါသည်။ ကို ထွန်းမြင့်က လူဖြောင့်စိတ်တို၊ကောင်း ရင် သူများထက်ကောင်းသည်၊ သူ့ အပေါ် အနိုင်အထက်ပြု စော်ကား ရင်တော့ အသက်ချင်းလဲဝံ့သည့်လူစား မို့ မိုးသူတစ်ယောက် ကြောက်ချစ်ရှိသေ ရပါသည်။ အခုတော့ အရက်သောက် ပြီး စိတ်အလိုလိုက်ပြောမိတာ မှားပြီ ထင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် မထားရီ က သူ့ခင်ပွန်းကို ပြန်တိုင်မည်ဆိုတာ မိုးသူ အတပ်သိနေပါသည်။

ဆက်နေရင်တော့ ပြဿနာ ဖြစ် တော့မှာ သေချာတယ်၊ မဖြစ်ဘူး၊ တစ်ခုခုတော့ ဆုံးဖြတ်ရတော့မယ်ဟု တွေးရင်း မိုးသူတစ်ယောက် တဲပြန် လာပြီး အဝတ်အစားတစ်စုံထည့်၍ ကိုထွန်းမြင့်ပြန်မလာမီလစ်မှဖြစ်မယ်၊ ကျောက်ကြီးမြို့မှာ အဖေ့အမျိုးတွေရှိ တယ်၊ အဲဒီမှာသွားနေပြီး သတင်းစုံ စမ်းရတော့မှာပဲဟုတွေးပြီး မိုးသူတစ် ယောက် လယ်တဲမှဝေးရာသို့ ထွက်ခွာ သွားခဲ့တော့သည်။

+++

"ဖြစ်စဉ်ကတော့ အဲဒါပါပဲ ဆရာ၊ ကျောက်ကြီးရောက်ပြီး ရွာဘက်စုံစမ်း တော့ အဖေ... ရဲစခန်းသွားတိုင်လို့

www.burmeseclassic.com

www.burmeseclassic.com





ရဲတွေက လာစုံစမ်းတဲ့အကြောင်း၊ နောက်ပြီး အဖေက ဗိန္ဒောဆရာဆို တော့ နတ်၊ စုန်းတို့ကို ယုံကြည်တယ်လေ၊ ကျွန်တော် ပျောက်သွားတာကို ယထာဘူတကျကျမတွေးဘဲ တလွဲတွေးပြီး ထင်ယောင်ထင်မှားတွေ လျှောက်လုပ်တော့ အကုန်မှားကုန်တော့တာပေါ့ ဆရာ"

"ဒါနဲ့ နေပါဦး၊ မင်းခြုံတဲ့ စောင်မှာ သွေးစက်နှစ်စက်တွေ့ရတာက ဘယ်လိုဖြစ်တာလဲ"

"အဲဒါက ဟိုတလောက နီးဖြာရင်း လက်ကိုဓားရှလို့ သုတ်လိုက်တာပါ ဆရာ"

မိုးသူက ရှင်းပြခဲ့ပါသည်။

အခုမှပင် ကျွန်တော်လည်း ဇာတ်ရည်လည်ပြီး သက်ပြင်းရှည်ကြီး ချမိပါသည်။

လူတို့၏ အစွဲအလမ်း၊ ယုံကြည်မှုများသည် တစ်ခါတစ်ရံ အစွန်းတစ်ဖက်သို့ ရောက်သွားတတ်ပြီး လောကကြီးရှိ လူသားများကို ထင်ယောင်ထင်မှား ဖြစ်သွားစေသည်ကို ကောင်းစွာ သဘောပေါက်လိုက်မိပါတော့သည်။

**(ပြွန်တန်ဆာရဲစခန်းတွင်**
**တာဝန်ထမ်းဆောင်ခဲ့စဉ်**
**အဖြစ်မှန်ဖြစ်ပြီး**
**လုပ်ဖော်ကိုင်ဖက်များအား**
**အမှတ်တရဂုဏ်ပြုလျက်ရေးဖွဲ့ပါသည်)**

ဒုတိယရဲမှူးကြီးဝင်းဦး (ငြိမ်း)


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှို့စွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းညာကျ၊
ဂနိရီးယား၊ ဆစ်ပလစ်၊ ရှန်ကရွိုက်၊ ရေယုန်၊ ရိဖြူ-ရိနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com

လှမိုး (ပညာရေး)

# တော်ဝင်ကိုယ်ပျောက်လူသတ်သမား



www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှဘုရင်မကြီးအစိုးရ၏ အိန္ဒိယနိုင်ငံဆိုင်ရာအတွင်းဝန် လော့(ဒ်)ရန်ဒေါ်ချာချီသည် ခရစ်နှစ် ၁၈၈၆ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် ဗြိတိသျှဘုရင်မကြီး ဝိတိုရိယအား နှစ်သစ်ကူးလက်ဆောင်တော်တစ်ခုအဖြစ် အောက်ဖော်ပြပါ သမိုင်းဝင်ကြေညာချက်ကို ဆက်သခဲ့ပါသည်–

"မြန်မာရှင်ဘုရင် သီပေါမင်း အုပ်စိုးခဲ့ရာ ပြည်နယ်များကို ၎င်း၏အုပ်စိုးမှုအောက်တွင် ဆက်လက်မတည်ရှိစေတော့ဘဲ ကေရီဘုရင်မကြီး၏ နိုင်ငံတော်၊ နယ်ပယ်တော်အတွင်းသို့ သွတ်သွင်းပြီးဖြစ်သဖြင့် ကေရီဘုရင်မကြီး၏ သဘောတော်အတိုင်း အိန္ဒိယဘုရင်ခံချုပ်က အခါအားလျော်စွာ ခန့်အပ်သော အရာရှိမင်းတို့ကို အုပ်ချုပ်စေမည်ဖြစ်ကြောင်း ထုတ်ပြန် ကြေညာလိုက်သည်"ဟု ပါရှိပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်သည်လည်း ထိုကြေညာချက်အရ ကျွန်ဇာတ်အသွင်းခံခဲ့ရတော့၏။ ထိုစဉ်ကာလက ဝိတိုရိယဘုရင်မကြီး၏နယ်ပယ်(အင်ပါယာ)သည် နေမဝင်အောင် ကျယ်ဝန်းသည်ဟု သတင်းမီဒီယာများ၊ သမိုင်းသုတေသီများက တညီတညွတ်တည်း အဆိုပြုခဲ့ကြပါသည်။ ကေရီဘုရင်မကြီးမှာလည်း ထူးထူးခြားခြား အသက်ရှည် သဖြင့် မရာကျော်ဟု ပြည်သူအများက ကင်ပွန်းတပ်ခဲ့ပြီး အင်္ဂလန်နိုင်ငံမှာ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စစ်ရေးနယ်ပယ်များတွင် ကမ္ဘာ့နိုင်ငံအသီးသီးက မယှဉ်နိုင်လောက်အောင် တိုးတက်ခဲ့သဖြင့် အင်္ဂလန်နိုင်ငံအား နိုင်ငံတကာမှ မော့ကြည့်ခဲ့ကြရပြီး စူပါ့ပါဝါနိုင်ငံကြီးဟု ကင်ပွန်းတပ်ခဲ့ပါသည်။

နိုင်ငံတကာမှ သမိုင်းသုတေသီအများက ကေရီဘုရင်မကြီး ဝိတိုရိယ စိုးစံသည့် ကာလအပိုင်းအခြားကို "လက်ထက်တော်ကြီး"ဟုလည်း ကင်ပွန်းတပ်ခဲ့ကြပါသည်။ ကေရီဘုရင်မကြီး၏ တော်ဝင်မိသားစုများမှာ နိုင်ငံတကာမှ တော်ဝင်မိသားစုများနှင့် လက်ဆက်ကြသဖြင့် နိုင်ငံတကာမှ တော်ဝင်မိသားစုများက ကေရီဘုရင်မကြီးအား ဘွားအေတော်ကြီးဟု အသိအမှတ်ပြုကြရပြီး ဗြိတိသျှတော်ဝင်မိသားစုမှာ ကမ္ဘာ့သမိုင်းတွင် လျှမ်းလျှမ်းတောက် ဟိုးဟိုးကျော်ခဲ့ပါသည်။

သို့သော် ၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ မှုခင်းသုတေသနအသင်းမှ ထုတ်ဝေသော "The Criminologist"စာစောင်တွင် ဝိတိုရိယခေတ် အင်္ဂလန်နိုင်ငံသမိုင်းတွင်လည်းကောင်း၊ ကမ္ဘာ့မှုခင်းသမိုင်းတွင်လည်းကောင်း ကိုယ်ပျောက်လူသတ်သမားဂျက် (Jack the Ripper) ဟု ဟိုးဟိုးကျော်ခဲ့သော လူသတ်သမားဂျက်ဆိုသူမှာ "ကေရီဘုရင်မကြီး ဝိတိုရိယ၏ မဟာမျိုးမဟာနွယ်ဝင်တစ်ဦးလော"ဟူသော အခန်းဆက်ဆောင်းပါးတစ်စောင်ကို ဆောင်းပါးရှင်ဖြစ်သူက အထောက်အထား ခိုင်ခိုင်မာမာနှင့် ရေးသားဖော်ပြခဲ့ပါသည်။

ယင်းမှုခင်းသုတေသနစာစောင်မှာ ကမ္ဘာ့နိုင်ငံအသီးသီးမှ မှုခင်းသုတေသီများ၊ စုံထောက်အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များက လေးစားသည့် မဂ္ဂဇင်းတစ်စောင်ဖြစ်ပါသည်။ မဂ္ဂဇင်းထုတ်ဝေသူများ၊ အယ်ဒီတာအဖွဲ့ဝင်များမှာ အင်္ဂလန်နိုင်ငံ မှုခင်းလောကနှင့် စာနယ်ဇင်းလောကတွင် နေလိုလလို ထင်ရှားသူများဖြစ်ကြသဖြင့် ဤဆောင်းပါးသည် အင်္ဂလန်နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးသို့ ထူးထူးခြားခြားဂယက်ရိုက်ခတ်ခဲ့သည်သာမက အင်္ဂလန်နိုင်ငံ တော်ဝင်မိသားစုများအဖို့လည်း တုန်လှုပ်ခဲ့ကြရသည်။ အငြင်းပွားဖွယ် ပဟေဠိတစ်ပုဒ်လည်း ဖြစ်လာသည်။ ဗြိတိသျှအစိုးရအဖွဲ့နှင့် စကော့တလန်ယာ့ဒ် စုံထောက်အဖွဲ့တို့မှ တာဝန်ရှိသူအများကမူ ရေငုံနှုတ်ပိတ် နေခဲ့ကြသဖြင့် အင်္ဂလန်နိုင်ငံမှ လူထုအဖို့ တအံ့တသြ ဖြစ်ခဲ့ကြသည်။

အထက်ဖော်ပြပါ ၁၉၇၀ ပြည့်နှစ်၊ နိုဝင်ဘာလထုတ် မှုခင်းသုတေသနဂျာနယ်တွင် ဖော်ပြခဲ့သည့် တော်ဝင် ကိုယ်ပျောက်လူသတ်သမား၏သတင်းအား ရိုက်တာသတင်းကိုယ်စားလှယ်နှင့် အေပီသတင်းကိုယ်စားလှယ်များက နိုင်ငံတကာ

www.burmeseclassic.com

www.burmeseclassic.com



သို့ သတင်းများ အလျင်အမြန် ဖြန့်ဝေခဲ့သဖြင့် ထိုသတင်းကို ကမ္ဘာ့နိုင်ငံအသီးသီးမှ ထုတ်ဝေသော သတင်းစာပေါင်း ၂၀၀၀ ကျော်တို့က မျက်နှာဖုံးသတင်းအဖြစ် ဖော်ပြခဲ့ကြသည်။

ထိုစဉ်က သံကန့်လန့်ကာနိုင်ငံဟု ကမ္ဘာ့နိုင်ငံအသီးသီးက မှတ်ယူထားသော ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယနေ့ရုရှား) မှထုတ်ဝေသော ပရာဗဒါသတင်းစာနှင့် အက်(စ်)ဗက်ရှားသတင်းစာကြီးများကလည်း ယင်းသတင်းကို မျက်နှာဖုံးသတင်းအဖြစ် ထည့်သွင်းဖော်ပြခဲ့ကြသည်။




အမေရိကန်ပြည်ထောင်စုမှ ဩဇာတိက္ကမ အကြီးမားဆုံး သတင်းစာကြီးဖြစ်သော နယူးယောက်တိုင်း(မ်)သတင်းစာကြီးကလည်း တနင်္ဂနွေနေ့ထုတ် အထူးမဂ္ဂဇင်းကဏ္ဍတွင် "ကိုယ်ပျောက်လူသတ်သမားသည် ဗြိတိသျှတော်ဝင်မိသားစု ဝင်ဖြစ်သလော"ဟူသော ခေါင်းစဉ်ဖြင့် ခရစ်နှစ် ၁၈၈၈ ခု နှစ်၊ ဩဂုတ်လ ၇ ရက်နေ့မှ ၁၈၈၈ ခု၊ စက်တင်ဘာလ ၃၀ ရက်နေ့အတွင်း အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ဝှိုက်ချက်ပယ် ရပ်ကွက်၌ ဖြစ်ပွားခဲ့သော လူသတ်မှုကြီးငါးမှုအား ရက်ရက်စက်စက် ကျူးလွန်ခဲ့သူမှာ ဗြိတိသျှကေရီဘုရင်မကြီး ဝိတိုရိယ၏ မြေးတော်သူနှင့် သတ္တမမြောက် အက်ဒွပ်ဘုရင်၏ ထီးမွေနန်းမွေခံ သားတော်ကြီး ဖြစ်သည်ဟု အထောက်အထား ခိုင်ခိုင်မာမာနှင့် ပြန်လည်ဖော်ပြခဲ့ သည်။ ဤဆောင်းပါးကို ရေးသား သူမှာ အသက် ၈၀ ကျော်အရွယ်ရှိ တီအီးအေစတိုးဝဲ(လ်)ဆိုသူ ဆရာ ဝန်ကြီးတစ်ဦးဖြစ်၍ C.B.E.MD FRCS ဘွဲ့ထူးများ ရရှိထားပြီး လန်ဒန်၊ ရှိုင်းဆေးရုံကြီးတွင် တစ် ချိန်က ခွဲစိတ်အထူးကုဆရာဝန်ကြီး တစ်ဦးအဖြစ် ဟိုးဟိုးကျော်ခဲ့သူဖြစ် သည်။ ဆေးဘက်ဆိုင်ရာ ဆရာဝန် ကြီးများ၊ သိပ္ပံပညာရှင်များနှင့် စာနယ်ဇင်းလောကမှ လူအများ လေးစားရသူတစ်ဦးဖြစ်၍ သူရေး သောဆောင်းပါးတွင်ပါဝင်သော အချက်အလက်များသည် မဟုတ် မမှန် လုပ်ကြံရေးသူမဟုတ်ဟု ယူဆ ကြသည်။ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တော်တွင် တည်ထောင် ထားသော မှုခင်းစာရေးဆရာများအသင်းနှင့် မှုခင်း သုတေသီများအသင်းမှ မှုခင်းသုတေသီများကလည်း ဆောင်း ပါးရေးသူ ဆရာဝန်ကြီး တီအီးအေစတိုးဝဲ(လ်)အား အထူး လေးစားကြသည်။

အထက်ဖော်ပြပါ ကိုယ်ပျောက်လူသတ်သမားသည် လန်ဒန်မြို့၊ ဝှိုက်ချက်ပယ်အရပ်တွင် ပြည့်တန်ဆာမများအာ တစ်ယောက်ပြီးတစ်ယောက် ရည်ရွယ်ချက်ကင်းမဲ့စွာ ရက်

---

ကိုယ်ပျောက်လူသတ်သမားဂျက်မှာ ဝိတိုရိယဘုရင်မကြီး၏ မြေးတော်သူ၊
သတ္တမမြောက် အက်ဒွပ်ဘုရင်ကြီး၏သားတော်၊ မင်းသားကြီး အက်(ဒ်)ဒွပ် ဖြစ်နိုင်ကြောင်း၊
ဆေးမှတ်တမ်းများနှင့် မင်းသားကြီးအား ဆေးကုသပေးရသော
တော်ဝင်မိသားစုများ၏ သမားတော်ကြီး၏ ပြောပြချက်အရ ထိုမင်းသားကြီးသည်
လိင်ဖောက်ပြန်သူတစ်ဦးဖြစ်ပြီး တစ်ကိုယ်နှစ်စိတ်ရှိသူ စိတ္တဇလူသတ်သမားဖြစ်ကြောင်း . . .

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်စက် ခွဲစိတ်ဖြတ်တောက်သတ်ခဲ့စဉ်က ထိုအမှုကြီးကို စုံစမ်းထောက်လှမ်းခဲ့သော စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့မှ စုံထောက်များ၊ လန်ဒန်မြို့တော်ရဲအဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ၊ ထိုလူသတ်မှုများကို စနစ်တကျ စစ်ဆေးကြည့်ရှုခဲ့ကြသော မှုခင်းဆေးပညာရှင်များ၊ အချင်းဖြစ်ပွားသည့် ဝိုက်ချက်ပယ်ရပ်ကွက်တွင် နေထိုင်ခဲ့သော ပုဂ္ဂိုလ်များ၊ ထိုစဉ်ကာလက လန်ဒန်မြို့တော်၊ စာနယ်ဇင်းလောကမှ ထင်ရှားသော သတင်းစာဆရာများ၊ မှုခင်းသတင်းထောက်များ၊ မှုခင်းစာရေးဆရာကြီးများနှင့်လည်း ယင်းဆောင်းပါးကို ရေးသားခဲ့သော ဒေါက်တာ တီအီးအေစတိုးဝဲ(လ်)မှာ ခင်မင်ရင်းနှီးခဲ့ရာ ထိုသူများထံမှ ကိုယ်ပျောက်လူသတ်သမား ဂျက်ဆိုသူနှင့်ပတ်သက်သော သဲလွန်စသတင်းများ ရရှိခဲ့ သည်။

အထူးသဖြင့် ထိုစဉ်ကာလက နာမည်ကျော်စုံထောက်ကြီး ရှားလော့ဟုမ်းကို ဖန်တီးခဲ့သော ကမ္ဘာကျော်စာရေးဆရာကြီး ဆာအာသာကိုနင်ဒွိုင်းနှင့်လည်း အထူးခင်မင်သူဖြစ်ရကား ဆရာကြီး ကိုနင်ဒွိုင်းက ဝိုက်ချက်ပယ်ရပ်ကွက်မှ ကိုယ်ပျောက်လူသတ်သမားဆိုသူမှာ မည်သူဖြစ်နိုင်သည်ဟု ထုတ်ဖော်ပြောပြခဲ့သည်ဟုဆိုသည်။

မှန်ပါသည်။ ခရစ်နှစ် ၁၈၈၈ ခုနှစ်၊ သြဂုတ်လအတွင်း ကိုယ်ပျောက်လူသတ်သမား ဂျက်ဆိုသူသည် ဝိုက်ချက်ပယ်ရပ်ကွက်မှ ပြည့်တန်ဆာမငါးဦးအား ရက်ရက်စက်စက် ရင်ခွဲ၍ သတ်ခဲ့သည်။ ထိုအချင်းဖြစ်ပွားသည့် ဝိုက်ချက်ပယ်ရပ်ကွက်မှာ လန်ဒန်မြို့တော်ကြီး၏ လူဆင်းရဲများ၊ အလုပ်လက်မဲ့များ၊ သားသတ်သမားများ၊ လူပေလူလွင့်များ၊ ပြည့်တန်ဆာများ၊ သူတောင်းစားများ၊ ဒုစရိုက်မြေအောက်လောကမှ ဒုစရိုက်မှုကျူးလွန်လေ့ရှိသူများနေထိုင်သော ရပ်ကွက်ကြီးဖြစ်ရာ လက်ထက်တော်ကြီးအခါက ရဲအဖွဲ့၏ မှတ်တမ်းများအရ ဆိုရလျှင် လန်ဒန်မြို့တော်၏ မှုခင်းကြီးများ၊ ဒုစရိုက်မှုကြီးများ အများအပြား ဖြစ်ပွားလေ့ရှိသော ရပ်ကွက်ကြီးဖြစ်သည်။ ထိုရပ်ကွက်ကြီးတွင် နေထိုင်သူလူဦးရေ ၈၀၀၀၀ ရှိသည်ဟုလည်း ဆိုသည်။ ထိုစဉ်က လန်ဒန် မြို့တော်ရဲအဖွဲ့၏ ခန့်မှန်းခြေအရ ယင်းဝိုက်ချက်ပယ်ရပ်ကွက်တွင် နေထိုင်သူ ပြည့်တန်ဆာ ၁၂၀၀ ရှိသည်ဟူ၍လည်း သိရ၏။



ထိုစဉ်က တရားဥပဒေကို လက်တစ်လုံးခြား ကျူးလွန်ခဲ့ကြသူများ မှီခိုရာ ရပ်ကွက်ကြီးလည်းဖြစ်သဖြင့် မကြာခဏဆိုသလို လူဆိုးလူမိုက်ဂိုဏ်းသားအချင်းချင်း တိုက်ခိုက်ခြင်း၊ လူသတ်မှုများ ဖြစ်ပွားခြင်းမှာ ယင်းရပ်ကွက်အဖို့ မဆန်းတော့။ လန်ဒန်ရဲအဖွဲ့ကြီးမှာ ဤရပ်ကွက်ကြောင့် အလုပ်များခဲ့ရပြီး နာမည်ကျော်စဖြစ်သော စကော့တလန်ယာ့ဒ်စုံထောက်အဖွဲ့ကြီးမှာလည်း ဤရပ်ကွက်အပေါ် စိတ်ပျက်စပြုခဲ့သည်။ ဝိတိုရိယဘုရင်မကြီးကလည်း သာသနာပြုအဖွဲ့အစည်းများနှင့် အခြားလူမှုရေးအသင်းအဖွဲ့များအား ဤရပ်ကွက်ကြီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဝိုင်းဝန်း၍ အကူအညီပေးကြရန် မေတ္တာရပ်ခံခဲ့သည်ဟု သိရ၏။

ထိုစဉ်ကထုတ်ဝေသော လန်ဒန်တိုင်း(မ်)သတင်းစာ၊ ဒေးလီးတယ်လီဂရပ်(ဖ်)သတင်းစာ၊ လန်ဒန်ရုပ်စုံသတင်းစာ၊ လန်ဒန်သံတော်ဆင့်သတင်းစာများနှင့် လန်ဒန်မြို့မှထုတ်ဝေသော ညနေသတင်းစာများတွင် ပါဝင်သော မှုခင်းအများမှာ ဤရပ်ကွက်ကြီးတွင်သာ ဖြစ်ပွားလေ့ရှိ၏။ လန်ဒန်မြို့တော် ပုလိပ်(ရဲ)အဖွဲ့မှ(The Illustrated Police News) ထုတ်ဝေသော ရဲရုပ်စုံသတင်းလွှာတွင်ဖော်ပြသော မှုခင်းအများမှာ လည်း ဤရပ်ကွက်ကြီးတွင်ဖြစ်ပွားသော မှုခင်းများသာဖြစ်၏။

ခရစ်နှစ် ၁၈၈၈ ခု၊ သြဂုတ်လ (၇) ရက်နေ့၊ နံနက်လင်းအရုဏ်တက်စအချိန်တွင် လန်ဒန်မြို့တော်၊ ဝိုက်ချက်ပယ်

www.burmeseclassic.com

ရပ်ကွက်တွင်နေထိုင်သော အထွေထွေလုပ်သားတစ်ဦး သည် ဝိုက်ချက်ပယ်လမ်းမကြီးရှိ ဘတ်ရိုး(Back Row)ခေါ် လမ်းမြှောကလေးထောင့်တွင် အိပ်ပျော်နေသော အမျိုးသမီး တစ်ယောက်အား အမှတ်မထင် တွေ့ခဲ့ရသည်။ သို့သော် ထိုအမျိုးသမီးအား သေသေချာချာ ကြည့်ရှုသောအခါ ထို အမျိုးသမီးခန္ဓာကိုယ်မှ စီးကျဟန်ရှိသော သွေးများသည် လမ်းမြှောကလေးထောင့်တွင် အိုင်ထွန်းနေသည်ကို တွေ့ရ တော့၏။

သို့ဖြစ်၍ ယင်းလမ်းထောင့်တွင် တာဝန်ကျနေသော လန်ဒန်မြို့တော်ရဲအဖွဲ့မှ ရဲသားအား သတင်းပို့ပြီး ၎င်းတာဝန်ကျ ရဲသားနှင့်အတူ စစ်ဆေးကြည့်ရှုခဲ့ကြ၏။ သေဆုံးနေသူမှာ ဝိုက်ချက်ပယ်ရပ်ကွက်၊ အမှတ်(၄) ကြယ်တာရာအိပ်ခန်းတွင် ငှားရမ်းနေထိုင်သော ပြည့်တန်ဆာမ မာသာတန်နာ ဆိုသူဖြစ်ပြီး အသက် သုံးဆယ့်ငါးနှစ်ခန့်သာရှိသေးသည်။ ကိုယ်နှင့်ရင်းနှီး၍ အသက်မွေးသူတစ်ဦးဖြစ်သည်ဟူသော အချက်မှတစ်ပါး အခြားနောက်ကြောင်းသမိုင်းအချက်အလက် များကို မသိရဟုဆိုသည်။

သက်ဆိုင်ရာရဲအဖွဲ့မှ တာဝန်ရှိသူများနှင့် မှုခင်းဆေး ဘက်ဆိုင်ရာ တာဝန်ရှိသူ၏ ထုတ်ဖော်ပြောပြချက်အရ ထို အမျိုးသမီး၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဓားဖြင့်ထိုးသွင်းထား သည့် ဒဏ်ရာများကို တွေ့ရပြီး လည်ပင်းကိုလည်း ပြတ်လု တည်းတည်းဖြစ်အောင် လှီးဖြတ်ထားသည်။ ဗိုက်ကိုလည်း ခွဲစိတ်ထားသည်။ မှုခင်းဆေးပညာဆရာဝန်ကြီး၏ အစီရင် ခံစာအရ လူသတ်သမားသည် ဆရာဝန်များ ခွဲစိတ်ရာတွင် အသုံးပြုလေ့ရှိသော ခွဲစိတ်ဓားဖြင့် ခွဲစိတ်ထားခဲ့သည်။ ယင်း လူသတ်သမားမှာ ခွဲစိတ်ဓားကို အသုံးပြုရာတွင် အတော် အသင့် ကျွမ်းကျင်သူဖြစ်ရမည်ဟု ကောက်ချက်ချထား၏။

ယင်းလူသတ်မှုကို လန်ဒန်နေ့စဉ်ထုတ်သတင်းစာကြီး များက အင်္ဂလန်နိုင်ငံ၏ မှုခင်းသမိုင်းတွင်သာမက ကမ္ဘာ့ မှုခင်းသမိုင်းတွင် ယင်းကဲ့သို့ အမျိုးသမီးတစ်ဦးအား ရက် ရက်စက်စက် သတ်ဖြတ်ခဲ့သော မှုခင်းမရှိပါဟု ရေးသား ဖော်ပြခဲ့ကြသည်။ ယင်းလူသတ်မှုနှင့်ပတ်သက်၍ သဲလွန်စ တစ်စုံတစ်ရာ မရဟူ၍လည်း လန်ဒန်ရဲအဖွဲ့မှ ပြောရေးဆို ခွင့်ရှိသူက ထုတ်ဖော်ပြောပြခဲ့၏။ ဤလူသတ်မှုကြီးဖြစ်ပွား ပြီး ဩဂုတ်လ ၃၁ ရက်နေ့တွင် မာသာတန်နာ (ယခင်



အသတ်ခံခဲ့ရသော ပြည့်တန်ဆာမ)အသတ်ခံရသည့် ရပ် ကွက်မှာပင် ပြည့်တန်ဆာမ မေရီဟန်နီဆိုသူ အမျိုးသမီး တစ်ဦး၏အလောင်းကို ရပ်ကွက်တွင်းနေထိုင်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လန်ဒန်ရဲအဖွဲ့က တွေ့ရှိခဲ့သည်။ လူ သတ်သမားသည် မေရီဟန်နီကို သတ်ထားရာတွင်လည်း ဆရာဝန်ကြီးများ အသုံးပြုလေ့ရှိသည့် ခွဲစိတ်ဓားကို အသုံး ပြု၍ သတ်ထားခြင်းဖြစ်သည်။ သတ်ထားပုံမှာလည်း ယခင် ပြည့်တန်ဆာမကို သတ်သကဲ့သို့ ရင်ကိုခွဲပြီး အူများ၊ အသည်းများ၊ နှလုံးများကိုပါ တစ်စချင်းထုတ်ထားခဲ့ရာ လူ သတ်သမား၏ ကျူးလွန်ပုံ၊ ကျူးလွန်နည်းအရ ပြည့်တန် ဆာမများကို သတ်သူမှာ တစ်ဦးတည်းဖြစ်ရမည်ဟု ရဲအဖွဲ့ မှ တာဝန်ရှိသူများနှင့် စကော့တလန်ယာဒ်စုံထောက်အဖွဲ့က ကောက်ချက်ချထားခဲ့၏။

လူသတ်သမားသည် နောက်ထပ် ပြည့်တန်ဆာမ သုံး ဦးအား ယခင်လူသတ်မှုကြီးများ ကျူးလွန်ခဲ့သည့်နေရာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သော ပိုက်ချက်ပယ်ရပ်ကွက်မှာပင် ယခင်ပြည့်တန်ဆာမများ သတ်သည့်နည်းအတိုင်း သတ်ဖြတ်ခဲ့ပြီး ဖလိလမ်းရှိ သတင်းအေဂျင်စီသို့ လူသတ်မှုကို ကျူးလွန်သူမှာ ဂျက် (Jack)ဖြစ်သည်ဟု စာပေးပို့ခဲ့၏။ ယင်းစာကို လက်မှတ်ရေးထိုးရာ တွင် "ခွဲစိတ်လူသတ်သမား ဂျက်"ဟု လက်မှတ်ရေးထိုးခဲ့ ၏။

ထိုစဉ်ကာလက လန်ဒန်မြို့တော်တစ်ခွင်မှာလည်း သတင်းအမျိုးမျိုး ပျံ့နှံ့လာခဲ့သည်။ လူသတ်သမား ဂျက်ဆိုသူမှာ ဂျူးလူမျိုးဖြစ်သည်၊ နွားသတ်သမားဖြစ်သည်၊ ဆရာဝန်တစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့ကမူ ဝိတိုရိယဘုရင်မကြီး၏ အင်ပါယာအား တုန်လှုပ်ချောက်ချားစေရန် ရုရှားနိုင်ငံ ဇာဘုရင်ကြီး၏ လျှို့ဝှက်ရဲအဖွဲ့ဝင်များကို စေလွှတ်၍ စနစ်တကျ စီစဉ်ခြင်းဖြစ်သည်ဟူ၍လည်းကောင်း၊ အချို့ကမူ လန်ဒန်မြို့တော်ရဲအရာရှိတစ်ဦးဖြစ်သည်ဟူ၍လည်းကောင်း ယုံတမ်းစကားများ၊ ကောလာဟလများ ပျံ့နှံ့လာခဲ့သည်။

ဝိတိုရိယဘုရင်မကြီးကိုယ်တိုင် စိတ်မချမ်းမသာဖြစ်ခဲ့ရသည်။ သတင်းစာများကလည်း ဖိအားပေးရေးသားခဲ့ရာ လန်ဒန်မြို့တော်ရဲမင်းကြီး ဆာချားလ်(လ်)ဝါရင်မှာ ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ ဝိတိုရိယဘုရင်မကြီးကိုယ်တိုင် စကော့တလန်ယာဒ်စုံထောက်အဖွဲ့နှင့် လန်ဒန်ရဲအဖွဲ့တို့အား သဝဏ်လွှာပို့၍ လူသတ်မှုကို ကြိုးစားဖော်ထုတ်ရန် မေတ္တာရပ်ခံခဲ့သည်ဟု သိရ၏။

လူအများကမူ လူသတ်သမားဖြစ်သူသည် စိတ္တဇဝေဒနာ စွဲကပ်နေသူ လူကုံထံလောက ဆွေကြီးမျိုးကြီး အသိုင်းအဝိုင်းမှဖြစ်သဖြင့် တာဝန်ရှိသူများသည် လူသတ်သမား မည်သူဖြစ်သည်ကို သိရှိသော်လည်း အကြောင်းကြောင်းကြောင့် ရေငုံနှုတ်ပိတ်နေခြင်းဖြစ်သည်ဟုဆိုသည်။

ထိုစဉ်က ဗြိတိသျှပါလီမန်တွင် ပြည်သူ့ကိုယ်စားလှယ်များက ယင်းလူသတ်သမား ဖမ်းဆီးနိုင်ရေးကို ပြင်းပြင်းထန်ထန် တောင်းဆိုခဲ့သည်ဟု သိရ၏။ ကိုယ်ပျောက်လူသတ်သမားအရေးအခင်းမှာ အင်္ဂလန်နိုင်ငံအတွက် ပျားရည်တစ်စက်ကြောင့် ပြည်ပျက်ရကိန်း ဆိုက်ခဲ့ရသည်။ သို့သော် လူသတ်သမားသည် ရုတ်တရက်ပေါ်လာသလို ရုတ်တရက် ပျောက်သွားတော့၏။ ပြည့်တန်ဆာငါးယောက် သတ်ခဲ့ပြီး ယင်းလူသတ်မှုကြီးမျိုး ဖြစ်ပွားမှုမရှိတော့။

ဤကိုယ်ပျောက်လူသတ်သမားအကြောင်း ပြောရမည်ဆိုလျှင် ကုန်ဆုံးနိုင်မည်မထင်။ ပြောမဆုံးအောင် တောသုံးထောင်ဖြစ်ခဲ့ရသည်။ ရုပ်ရှင်ကားကြီးအဖြစ် တစ်ဆယ့်နှစ်ကား ရိုက်ကူးခဲ့ရပြီး ပြဇာတ်များ၊ အော်ပရာများ ရေတွက်မရအောင် ကပြခဲ့ရပြီး စာအုပ်များ ရေတွက်မရအောင်ထုတ်ခဲ့ရ၏။ ရာဇဝတ်ဘေး ပြေးမလွတ်ဟူသော ဆိုရိုးစကား ရှိခဲ့သော်လည်း ရာစုနှစ်တစ်စု ကျော်သည်အထိ လူသတ်သမားကို ထုတ်ဖော်ခြင်းမပြုနိုင်ခဲ့ကြ။

သို့သော် ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော မှုခင်းသုတေသနစာစောင်တွင် ဖော်ပြခဲ့သော ဆောင်းပါးရှင် ဒေါက်တာစတီးဝဲ(လ်)ကမူ ကိုယ်ပျောက်လူသတ်သမားဂျက်မှာ ဝိတိုရိယဘုရင်မကြီး၏ မြေးတော်သူ၊ သတ္တမမြောက်အက်ဒွပ်ဘုရင်ကြီး၏သားတော်၊ မင်းသားကြီး အက်(ဒ်)ဒွပ်ဖြစ်နိုင်ကြောင်း ဆေးမှတ်တမ်းများနှင့် မင်းသားကြီးအား ဆေးကုသပေးရသော တော်ဝင်မိသားစုများ၏ သမားတော်ကြီး၏ ပြောပြချက်အရ ထိုမင်းသားကြီးသည် လိင်ဖောက်ပြန်သူတစ်ဦးဖြစ်ပြီး တစ်ကိုယ်နှစ်စိတ် Split-Personality ရှိသူ စိတ္တဇလူသတ်သမားဖြစ်ကြောင်း၊ ရဲနှင့်စုံထောက်တို့က ထိုဖြစ်ရပ်ကို သိရှိသော်လည်း ရေငုံ၍ နေခဲ့ရကြောင်းဟု ရေးသားဖော်ပြခဲ့၏။

လန်ဒန်တိုင်း(မ်)သတင်းစာ အယ်ဒီတာအဖွဲ့ကမူ တော်ဝင်မိသားစုများနှင့်တွေ့ဆုံ၍ အထက်ဖော်ပြပါ ဆောင်းပါးနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခဲ့သော်လည်း တော်ဝင်မိသားစုများကမူ ဤကိစ္စနှင့်ပတ်သက်၍ ဝေဖန်ဆွေးနွေးရန် မရှိပါဟု ဆိုခဲ့ပါကြောင်း။ ။

**လုမိုး (ပညာရေး)**

ကျမ်းကိုး- (၁) Prince-Jack By-F.Spiering

(၂) Famous Historical Mysteries

www.burmeseclassic.com

www.burmeseclassic.com

# ချစ်ကိုကိုယ့်

ရှေ့နေကြီးဦးနက်ကျော် နှင့်

## ဒေါ်ဒိုန်းပေအမှု



''ဟုတ်ကဲ့၊ ကျွန်တော် ဦးနက်ကျော်ပါ''

''----''

''ပြောလို့ရပါတယ်၊ ပြောပါ''

''----''

''ဦးပန်ကာဖိုးထယ်အနေနဲ့အသေးစိတ်ဆွေးနွေးချင်တယ်ဆိုရင်တော့ တယ်လီဖုန်းနဲ့ မဆွေးနွေးပါနဲ့၊ ကျွန်တော့်ရုံးခန်းကို လာခဲ့ပါ''

''----''

''ဟုတ်ပါပြီ၊ ဟုတ်ပါပြီ''

ရှေ့နေကြီးဦးနက်ကျော် ဖုန်းပိတ်လိုက်သည်။ ပြီးနောက် ရှေ့နေရုံးခန်းခေါင်းရင်းမှ ဗုဒ္ဓမြတ်စွယ်တော်ပုံအောက်တွင် ကပ်ထားသည့် စာတန်းကို စိုက်ကြည့်လိုက်၏။

**ဥပဒေဦးနှောက်ကို အခမဲ့ဖောက်စားခြင်း သည်းခံပါ။**

''သံချောင်း''

''ဗျာ.....ဆရာ''

သက်သေထွက်ချက်များအား ဖိုင်တွဲနေသည့် တပည့်ကျော်သံချောင်းထူးပုံက ပျာပျာသလဲ။

''ဥပဒေဦးနှောက်ကို အခမဲ့ဖောက်စားခြင်း သည်းခံပါစာတန်းအောက်ကနေ ဒီစာတန်းလေးကို ကွန်ပျူတာစာစီ၊ ပလတ်စတစ်လောင်းပြီး ကပ်ထားကွာ''

''ဟုတ်ကဲ့ ဆရာ''

ပြောပြောဆိုဆို ရှေ့နေကြီးဦးနက်ကျော်သည် စာရွက်အလွတ်ပေါ်တွင် ဘောလ်ပင်ဖြင့် ခပ်သွက်သွက်ရေးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



**တယ်လီဖုန်းဖြင့် အမှုကိစ္စဆွေးနွေးခြင်း လက်မခံပါ။**

တပည့်ကျော်သံချောင်းသည် ဦးနက်ကျော် ရေးပေးသော စာကြမ်းလေးကိုင်ပြီး ပြည့်ဖြိုးကွန်ပျူတာခန်းထဲ ဝင်သွား၏။

"တရားခံက တရားလိုအား မွေးရာပါပေါ်သည်အထိ ပုဆိုးလှန်ပြသည့်အပြင် ငါ---ဟုဆဲရာ....."

ကွန်ပျူတာခန်းထဲမှ ရှေ့နေကြီး စကြဝဠာ ဦးဝင်းဆွေဦး၏ စာခေါ်သံကြောင့် သံချောင်းခြေလှမ်းများပင်တွန့်သွား၏။ စကြဝဠာ ဦးဝင်းဆွေဦးသည် အပြီးသတ်လျှောက်လဲချက်အား ခေါ်ပေးနေသည်မှာ အသံသြဇာအပြည့်။ စာစီနေသည်က ပြည့်ဖြိုးကွန်ပျူတာခန်းမှ နုနုငယ်ငယ် မော်ဒယ်လ်လေးများ။

"ကိုလတ် ..စာစီချင်တယ်၊ ရမလား"

"ရပါတယ် ကိုသံချောင်း၊ ခဏလေးစောင့်၊ ဟိုရှေ့နေကြီး လျှောက်လဲချက်ပြီးရင် ရပြီ"

ပြည့်ဖြိုးကွန်ပျူတာဆိုင်ပိုင်ရှင် ဒေါ်အေးအေးယု၏မန်နေဂျာ ကိုလတ်က ပြေပြေပြစ်ပြစ် ပြန်ပြောလိုက်၏။

"ထိုအချိန်တွင် တရားလို၏မိခင် ဒေါ်ဂျမ်းစိန် ဆိုက်ကားဖြင့်ရောက်ရှိလာပြီး ၎င်း၏ထဘီကို မ,ကာ တရားခံအား နင်လိုအစုတ်ပလုတ်အကောင်က ငါ့သမီးကို ပုဆိုးလှန်ပြပြီးဆဲဆိုရသလားဟင်၊ ဖေ--မသားဟု ဆဲဆိုစဉ် ရပ်ကွက်လူကြီး ဦးဝင်းတင် ရောက်လာပြီး....."

ရှေ့နေကြီး စကြဝဠာ ဦးဝင်းဆွေဦး' ဈာန်ဝင်နေပုံရ၏။ ပတ်ဝန်းကျင်ကြားလို့ ကောင်းမှန်းမသိ၊ မကောင်းမှန်းမသိ၊ စဉ်းစားချင့်ချိန်ခြင်းမရှိတော့။ အမှုမှ သက်သေများ၏ ဆဲဆိုပုံကို အသံကျယ်ကြီးဖြင့် ခေါ်ပေးနေသည်မှာ ပျစ်ပျစ်နှစ်နှစ်။

ကိုလတ် မျက်စိမျက်နှာမကောင်းတော့။ ကွန်ပျူတာဆိုင်တွင် ကိုလတ်မှအပ အားလုံးမိန်းကလေးများသာ။ ကိုလတ်သည် မိတ္တူစက်ကိုရပ်ပြီး အခန်းဝသို့ ထွက်လာ၏။ ရှေ့နေကြီးဦးနက်ကျော်၏တပည့် သံချောင်းကို မျက်ရိပ်ပြခေါ်သည်။

"ဘာလဲ ကိုလတ်"

"ကျွန်တော် အရမ်းစိတ်ညစ်တယ်ဗျာ"

"ဘာကိုလဲ"

"အလုပ်လုပ်စားရတာကိုပါ"

"ဘာဖြစ်လို့လဲ"

"ကိုသံချောင်း ကြားတဲ့အတိုင်းပဲ၊ ဒီလို ဆဲမှုတွေနဲ့ပတ်သက်လို့ စာရိုက်တဲ့သူ ကြားရရုံလောက် ခေါ်ပေးသင့်တယ်၊ အခုတော့ မဟုတ်ပါဘူးဗျာ၊ လက်လန်တယ်"

ကိုလတ်ပြောပုံကိုကြည့်ပြီး သံချောင်းရင်ထဲတွင် ပြုံးနေမိ၏။

"ဟိုတစ်ပတ်ကပိုဆိုးသေးတယ်"

ကိုလတ်စကားက မပြတ်သေး။

"ဘာဖြစ်လို့လဲ ကိုလတ်"

"မုဒိမ်းမှုလျှောက်လဲချက်ကို အသံနေအသံထားနဲ့ ခေါ်ပေးတာများ လူကြားလို့တောင်မကောင်းဘူး"

သံချောင်း ဟက်ဟက်ပက်ပက် ရယ်ချင်သော်လည်း ဘရိတ်အုပ်ထားရ၏။

"ကျွန်တော် ဘာလုပ်ရင်ကောင်းမလဲဆိုတာ ကိုသံချောင်း အကြံပေးပါလား"

ကိုလတ်စကားကြောင့် သံချောင်း ခေါင်းကုတ်နေသည်မှာ တဖျင်းဖျင်း။

"ကျွန်တော့်ဆိုင်က အလုပ်သမား မမြဲတာ အဲဒီကိစ္စလည်းပါတယ်၊ သူတို့က ရိုးရိုးရှင်းရှင်း စာပဲရိုက်ချင်တာတဲ့၊ နားရှက်စရာစာတွေကိုမရိုက်ချင်ဘူးတဲ့"

ကိုလတ်ရင်တွင်းစကားများက မပြတ်။

"ပြီးတော့ ကိုသံချောင်းရာ....."

ကိုလတ်သည် သူ့စကားတစ်ပိုင်းတစ်စဖြင့် စာခေါ်ပေးနေသော စကြဝဠာ ဦးဝင်းဆွေဦးထံ အကြည့်တစ်ချက်ပို့လိုက်သည်။

"ကိုလတ် ဆက်ပြောလေ"

"မကြာခင်မှာ ကျွန်တော့်သားလေး ဖြူလုံးကို ဆိုင်ခေါ်လာမှာဆိုတော့....."

"ဘာဖြစ်လို့လဲ ကိုလတ်"

ထိုအခါ ကိုလတ်ပြန်ပြောလိုက်သောစကားကြောင့် သံချောင်းမှာ မရယ်ဘဲ မနေနိုင်တော့ပေ။ ကိုလတ် စိုးရိမ်ပူပန်မှုအပြည့်ဖြင့်ပြောလိုက်သော စကားမှာ

"ကျွန်တော့်သားလေးဖြူလုံး ငယ်ငယ်ရွယ်ရွယ်နဲ့ဆဲတတ်မှာစိုးလို့ပါ"တဲ့။

+++

"သံချောင်းရေ ဦးပန်ကာဖိုးထယ် အမှု လေးမှုတောင်ရှိသွားပြီနော်"

"ဟုတ်တယ် ဆရာ၊ ခရိုင်ရုံးမှာ နှစ်မှု၊ မြို့နယ်ရုံးမှာ နှစ်မှု"

"ရှေ့နေခ ကြွေးကျန်စာရင်းကို ကြည့်စမ်း သံချောင်း၊ တို့ရုံးခန်းလခပေးဖို့ နီးနေပြီ"

"ဟုတ်ကဲ့ ဆရာ"

သံချောင်းသည် ရှေ့နေခ စာရင်းစာအုပ်ကလေးကို လှန်လိုက်၏။

"ဦးပန်ကာဖိုးထယ် ဘယ်လောက်ကျန်သလဲ"

"ဆယ်သိန်း ဆရာ"

"ပွဲစားကြီး ဦးစိန်လင်းကော"

"တစ်သိန်း ဆရာ"

"အခွေရောင်းတဲ့ မမြခင်ကော"

"ငါးသောင်းပဲ ကျန်တော့တယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

"ကားပွဲစား ဗလကြီးနေမျိုး အောင်ကော"

"ဗလကြီးနေမျိုးအောင်က တစ်သောင်းပဲကျန်တယ် ဆရာ"

"အဲဒီ ဗလကြီးနေမျိုးအောင်ကို မတောင်းပါနဲ့တော့၊ သူက ပြေလည်တာမဟုတ်ဘူး၊ ပြီးတော့ ရုံးချိန်းလာတိုင်း တို့စားဖို့ ငါးရံ့ခြောက်ယူလာရတာနဲ့၊ ဘဲဥတွေ ယူလာရတာနဲ့"

"ဟုတ်ကဲ့ ဆရာ၊ ဗလကြီး နေမျိုးအောင် စာရင်းဖျက်လိုက်တော့မယ်"

"အေး"

ထိုအချိန်တွင် ရှေ့နေကြီးဦးနက်ကျော်ရုံးခန်းသို့ အသက် ၅၀ ခန့် ဝဝတောင့်တောင့် အမျိုးသမီးကြီးတစ်ဦး ဝင်လာ၏။ သံချောင်းက ပလတ်စတစ်ခုံလေးတစ်လုံး ထိုးပေးလိုက်၏။ အမျိုးသမီးကြီးက နဖူးမှချွေးစများကို လက်ဖမိုးဖြင့် သုတ်လိုက်ပြီး.....

"ကျွန်မ အမှုအပ်ချင်လို့ပါ"

အမျိုးသမီးကြီးစကားက မင်္ဂလာ။ ဦးနက်ကျော်နှင့် တပည့်ကျော် သံချောင်းတို့ မျက်နှာလန်းဆန်းသွားသည်မှာ သိသိသာသာ။ ရှေ့နေရုံးခန်း ၆ လစာအတွက် ငွေ ၆ သိန်း လိုအပ်နေသည်မဟုတ်လော။

"အမှုအဖြစ်အပျက်ကလေး နည်းနည်းလောက် ပြောပြပါ"

ရှေ့နေကြီးဦးနက်ကျော်က အမှုအနေအထားကို သိလို၍ ပြောလိုက်သည်။

"ဒီလိုပါ ဆရာ၊ ကျွန်မ ပင်စင်သွားထုတ်တဲ့နေ့မှာ အိမ်မှာတစ်ယောက်တည်းကျန်ခဲ့တဲ့ မြေးမလေးကို အိမ်နီးချင်း ခွေးသိုးဆိုတဲ့ကောင်က မုဒိမ်းကျင့်သွားလို့ပါ ဆရာ"

ဝဝတောင့်တောင့် အမျိုးသမီးကြီးစကားကြောင့် ဦးနက်ကျော် စိတ်ဝင်စားသွား၏။ သိလိုသော မေးခွန်းများက ခေါင်းထဲမှာ အစီအရီ။

"ဘယ်တုန်းကလဲ အစ်မကြီး"

"လွန်ခဲ့တဲ့ ခြောက်လကျော်ကပါ ဆရာ"

"ဟင်....."

ရှေ့နေကြီးဦးနက်ကျော် အံ့အားသင့်သွား၏။ မုဒိမ်းမှုလို ကိစ္စမျိုးအား အချင်းဖြစ်လျှင်ဖြစ်ချင်း တိုင်တန်းပါက အမှုမှန်ကို အမြန်ဆုံးဖော်ထုတ်နိုင်မည်မှာ အသေအချာ။ အချိန်နှောင်းမှတိုင်တန်းပါက နိုင်လုံသောသက်သေခံချက်များ ပျောက်ကွယ်သွားနိုင်သည်မဟုတ်လော။

"မြေးမလေးအသက်က ဘယ်လောက်ရှိပြီလဲ"

"တစ်ဆယ့်ခုနစ်နှစ်ပါ ဆရာ"

"မြေးမလေးက ဘာလုပ်လဲ"

"ဘာမှမလုပ်ဘူး ဆရာ၊ ကျွန်မနဲ့ပဲ မှီခိုနေတာ၊ ပြီးတော့....."

အမျိုးသမီးကြီး စကားစပြတ်သွား၏။

"ပြီးတော့ ဘာဖြစ်လဲ၊ ပွင့်ပွင့်လင်းလင်းသာပြောပါ"

ရှေ့နေကြီးက အမှုလာအပ်သည့် အမျိုးသမီးကြီးကို ပြောရဲဆိုရဲရှိအောင် တိုက်တွန်းလိုက်သည်။

"ဒီလို ဆရာ၊ ကျွန်မမြေးလေးက ငယ်ငယ်လေးကတည်းက ယောကျာ်းလေးလိုပဲနေတယ်၊ ယောကျာ်းလေး အဝတ်အစားဝတ်တယ်၊ ယောကျာ်းလေးတွေနဲ့ပဲပေါင်းတယ်၊ ဘောလုံးကန်တယ်"

"ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"အဲဒီကိစ္စ ဖြစ်ပြီးပြီးချင်း အစ်မကြီးတို့ကို မပြောဘူးလား"

"မပြောဘူး ဆရာ၊ သူ့ဘာသာ ကစားနေတာပဲ၊ တဖြည်းဖြည်းနဲ့ ဗိုက်ကပူလာတော့ သူ့သူငယ်ချင်းတစ်ယောက်ကို ဖွင့်ပြောတယ်၊ သူ့သူငယ်ချင်းကတစ်ဆင့် ကျွန်မတို့နားကိုရောက်လာတာပဲ ဆရာ"

"အင်း.....ခက်တာပဲ၊ ဒီကိစ္စမျိုးက ဖြစ်ဖြစ်ချင်း ရဲစခန်းတိုင်ရမှာ"

ဦးနက်ကျော် ပြောလိုက်ရသော်လည်း စိတ်ထဲမကောင်း။

"ကျွန်မ မေးပါတယ် ဆရာ၊ ဘာဖြစ်လို့ ချက်ချင်းမပြောတာလဲဆိုတော့ မြေးကလေးက ကြောက်ကြောက်ရွံ့ရွံ့နဲ့ပြောတယ်"

"ဘယ်လိုပြောလဲ"

"အဲဒီလူယုတ်မာ ခွေးသိုးက အဲဒီနေ့က အဖြစ်အပျက်ကို ကျွန်မ သိအောင် ပြန်ပြောရင် လှံနဲ့ထိုးသတ်မယ်လို့ ကြိမ်းထားတယ်တဲ့၊ ဒါကြောင့် ကျွန်မလည်း အခုမှသိရတာ"

"ကျွန်တော့်ဆီမလာခင် ဘယ်သူ့ကို တိုင်ခဲ့သေးလဲ"

"ကျွန်မတို့ရပ်ကွက်လူကြီးနဲ့အတူ ရဲစခန်းမှာ အရင်ဆုံးတိုင်ခဲ့တယ်"

"ရဲစခန်းက ဘာလုပ်ပေးလဲ"

"ကျွန်မတို့တိုင်တာကို ရေးမှတ်ယူတယ်၊ ပြီးတော့ မြေးလေးကိုယ်ဝန်ကို ဓာတ်မှန်ရိုက်ခိုင်းတယ်၊ ဓာတ်မှန်



www.burmeseclassic.com

www.burmeseclassic.com



အဖြေက ကိုယ်ဝန် ခြောက်လ၊ မိန်းကလေးလို့ပြောတယ် ဆရာ"

ရွှေနေကြီးဦးနက်ကျော် ကောင်းစွာသဘောပေါက်လိုက်ပါသည်။

"ဒါနဲ့ အစ်မကြီးက ဘယ်မှာနေလဲ၊ နာမည်ကကော၊ ဘာလုပ်လဲ"

"ဒေါ်ဒုန်းပေ"

"ကျွန်တော့်ရုံးခန်းလိပ်စာ ဘယ်လိုသိလဲ၊ ဘယ်သူက လမ်းညွှန်လိုက်တာလဲ"

"ကျွန်မရဲ့ဦးလေး ဦးပန်ကာဖိုးထယ်က ဆရာ့လိပ်စာကတ်လေးပေးပြီး လွှတ်လိုက်တာပါ"

ရွှေနေကြီးဦးနက်ကျော်နှင့် တပည့်ကျော် သံချောင်းတို့ အကြည့်ချင်းဆုံပြီး ပြုံးပန်းပွင့်သွားသည်ကို ဒေါ်ဒုန်းပေ မသိလိုက်ရှာ။

"ကျွန်တော့်အကျိုးဆောင်ခကတော့ အနည်းဆုံး ဆယ်သိန်းရှိတယ်၊ ဒေါ်ဒုန်းပေသဘောဆန္ဒကိုပြောပါ"

ဒေါ်ဒုန်းပေထံမှ ရုတ်တရက် အဖြေထွက်မလာ။ မျက်စိလေး ကလယ်ကလယ်ဖြင့် အပြောရကျပ်နေပုံ။ အားနာနေသည့် အနေအထား။

"ပွင့်ပွင့်လင်းလင်းသာပြောပါ ဒေါ်ဒုန်းပေ၊ မပြောမပြီး၊ မတီးမမြည် မဟုတ်လား"

"အစ်မကြီးတတ်နိုင်တာ ပွင့်ပွင့်လင်းလင်း ပြောလိုက်လေ"

တပည့်ကျော်သံချောင်း မနေသာ၍ ဝင်ပြောလိုက်၏။ ဒေါ်ဒုန်းပေ ပြန်ပြောလိုက်သောစကားကြောင့် ဦးနက်ကျော်တို့ဆရာတပည့် မျက်နှာဝယ် အပြုံးရိပ်တို့ လွင့်စဉ်သွားလေသည်။ အမူလာအပ်သူ ဒေါ်ဒုန်းပေပြောကြားလိုက်သည်မှာ.....

"ကျွန်မဦးလေး ဦးပန်ကာဖိုးထယ်က မှာလိုက်ပါတယ်၊ ကျွန်မမြေးလေးကိစ္စကို ရွှေနေကြီးထံအပ်ခဲ့ပါတဲ့၊ အကျိုးဆောင်ခ ကျသမျှကို သူလာပြီး ရှင်းမယ်တဲ့"

+++

"သံချောင်းရေ မနက်စာ စားကြရအောင်ကွာ၊ နေ့လယ် ၂ နာရီ အနောက်ပိုင်းခရိုင်တရားရုံးမှာ အမှုစစ်ရမယ်"

ဦးနက်ကျော်က လက်ပတ်နာရီကို ကြည့်ရင်း ပြောလိုက်၏။ သံချောင်းကလည်း နာရီကို ဖျတ်ခနဲကြည့်ပြီး.....

"ဟုတ်တယ် ဆရာ၊ ၁၂ နာရီ တောင်ရှိနေပြီ၊ မနက်စာစားမှ၊ အမှုစစ်ပြီးမှဆိုရင် ညနေစာနဲ့ ကပ်သွားမယ်၊ ဆရာ ဘာစားမလဲ၊ တရုတ်၊ ဗမာ၊ ချစ်တီး"

"မင်းပြောတဲ့သုံးမျိုးက ရိုးနေပြီ၊ ဒံပေါက်စားမယ်"

"ကောင်းသားပဲ၊ ဘယ်ဆိုင်မှာ စားမလဲ"

"ပုသိမ်တရားရုံးက အငြိမ်းစားယူထားတဲ့ ဦးဒွေးဝင်းရှိတဲ့ အနော်ရထာလမ်းက နီလာဒံပေါက်ဆိုင်သွားမယ်"

သို့နှင့် ဆရာတပည့်နှစ်ယောက် ဦးဒွေးဝင်းရှိရာ နီလာဒံပေါက်ဆိုင်သို့ ချီတက်ကြလေသည်။

[ဒံပေါက် (၅)ပွဲဝယ်လျှင် (၁)ပွဲ လက်ဆောင်ပေးမည်]ဟူသော ဗီနိုင်းက ဒံပေါက်ဆိုင်ရှေ့တွင် အထင်းသား။

"အထဲကိုကြွပါ ဆရာ"

နီလာဒံပေါက်ဆိုင် အလုပ်သမားလေးများ ကြိုဆိုမှုက နွေးနွေးထွေး ထွေး။

"မင်းတို့ဆိုင်က ဦးဒွေးဝင်းကော"

ဦးနက်ကျော် ဟိုဟိုသည်သည် ကြည့်ပြီး မေးလိုက်၏။

"အပြင်ခဏသွားတယ် ဆရာ၊ တော်ကြာပြန်လာမှာ"

"အေး.....အေး"

"ဆရာကြီးတို့ ဘာနဲ့သုံးဆောင်မလဲ"

"ငါက ကြက်သားရင်ပုံ၊ သံချောင်းကော"

"ကျွန်တော်က ကြက်ပေါင်နဲ့စားမယ်"

ထိုအချိန်တွင် ဦးဒွေးဝင်းသည် နီလာဒံပေါက်ဆိုင်ထဲသို့ ဝင်လာ၏။

"ဟော့.....ကိုဒွေးဝင်း"

"ဟာ..ရွှေနေကြီးဦးနက်ကျော်ပါလား"

မတွေ့ရသည်မှာ ကြာပြီဖြစ်သော ရွှေနေကြီးနှင့် တရားရုံးဝန်ထမ်းတို့ အပြန်အလှန်ပြောနေကြသည်မှာ ဖက်လှဲတကင်း။

စားပွဲထိုးအလုပ်သမားလေးက စားပွဲနှစ်ပွဲ လာချသည်မှာ သိမ်သိမ်မွှေ့မွှေ့။

"ချိုတူး လိုက်ပွဲရှယ်ယူလာခဲ့နော်"

ဦးဒွေးဝင်းက အလုပ်သမားလေးအား ပြောလိုက်ပုံက ဆိုင်ကြီးကြပ်သူပါဝါအပြည့်။

"ဘယ့်နှယ်လဲ ရွှေနေကြီး၊ အလုပ်အကိုင်ကောင်းရဲ့လား"

ဦးနက်ကျော် မျက်နှာမဲ့သွား၏။

"ကျွန်တော့်လုပ်ငန်းနဲ့ ပတ်သက်လို့ မမေးပါနဲ့ဗျာ၊ ကောင်းတယ်လို့ပြောရင် လူတွေအမှုအခင်းများနေတယ်လို့ ထင်မယ်၊ မကောင်းဘူးလို့ ပြောရင်လည်း ရွှေနေညံ့ရာကျမယ်"

"ဦးနက်ကျော်အကြောင်းမဂ္ဂဇင်း၊ စာစောင်တွေမှာ ဖတ်ရတယ်၊ ရယ်ရတယ်ဗျာ"

ဦးဒွေးဝင်း ကောင်းကောင်း သဘောပေါက်သွားသဖြင့် စကားလမ်းကြောင်း ပြောင်းလိုက်၏။

"ကျွန်တော့်မှာလည်း စာရေးဆရာပြုသမျှ နုနေရတာပဲ"

"ကဲ...ကဲ ဆရာတို့ ဆာနေရောပေါ့၊ ထမင်းစားပေတော့"

www.burmeseclassic.com

www.burmeseclassic.com



ရွှေနေကြီးနှင့် တပည့်သံချောင်းတို့ စားနေကြသည်မှာ မြိန်ရေရှက်ရေ။

"ကောင်းရဲ့လား ရွှေနေကြီး"

"ကောင်းပါတယ် ကိုဒွေးဝင်း"

"ရွှေနေကြီးတို့ လူအုပ်များများနဲ့လာစားရင် ပိုပြီးတွက်ခြေကိုက်တယ်"

"ဘာဖြစ်လို့လဲ ကိုဒွေးဝင်း"

"ဒံပေါက်ငါးပွဲဝယ်ရင် တစ်ပွဲအပိုရတယ်၊ ဒံပေါက် တစ်အိုးဝယ်ရင် ၁၀ ပွဲအပိုရတယ်၊ တစ်အိုးကို ပွဲတစ်ရာ၊ ပြီးတော့ အသည်းအမြစ် လက်ဆောင်ပါရတယ်"

"ဟုတ်လား"

"ဟုတ်တယ် ရွှေနေကြီး"

ရွှေနေကြီးဦးနက်ကျော်က ရေခွက်လက်ကျန်ကလေးကိုသောက်ပြီး ပြောလိုက်သောစကားကြောင့် ဦးဒွေး ဝင်း ပြုံးလေသည်။ ရွှေနေကြီး ပြောလိုက်သည်မှာ.....

"ဦးဒွေးဝင်းတို့ဒံပေါက်ကို အားကျလို့လားတော့မသိဘူး၊ မြန်မာစည်ဘီယာက မိုးရာသီ ပရိုမိုးရှင်းအစီအစဉ်အဖြစ် နှစ်ထောင့်တစ်ဆယ့်တစ်၊ ဇွန်လ တစ်ဆယ့်ငါးရက်မှ ဩဂုတ်လ တစ်ဆယ့်လေးရက်အထိ လေးခွက်သောက်တိုင်း တစ်ခွက်လက်ဆောင်ပေးတယ်"

ထိုအချိန်တွင် ထမင်းပလုတ်ပလောင်းစားရင်း ပြောလိုက်သော သံချောင်းစကားကြောင့် ရွှေနေကြီးနှင့် ဦးဒွေးဝင်းတို့ သဘောကျကာ ပြုံးလေသည်။

တပည့်ကျော်သံချောင်း ပြောလိုက်သည့် ဆန္ဒမျှော်ကိုးချက်မှာ.....

"အဲဒီပရိုမိုးရှင်းက တစ်သက်လုံး ဆိုရင် သိပ်ကောင်းမှာပဲ"

+++

"တီ.....တီ.....တီ"

"ဟဲလို....."

"----"

"ဟုတ်ကဲ့ ဦးပန်ကာဖိုးထယ်၊ ပြောပါ"

"----"

"ဟုတ်ကဲ့ လာလို့ရပါတယ်"

ဦးနက်ကျော် လက်ကိုင်ဖုန်း ပိတ်လိုက်၏။

"သံချောင်းရေ ဦးပန်ကာဖိုးထယ် ဖုန်းဆက်တယ်၊ ရွှေနေခ လာပေးမလို့တဲ့"

"ဝမ်းသာလိုက်တာ ဆရာရယ်၊ ဒါဆိုရင် ရုံးခန်းလခအတွက် မပူရတော့ဘူး"

တပည့်ကျော်သံချောင်း ဝမ်းသာသွား၏။

တစ်အောင့်အကြာတွင် ဦးပန်ကာဖိုးထယ် ရုံးခန်းထဲ ဝင်လာ၏။ မျက်နှာက ပြုံးပြုံးရွှင်ရွှင်၊ လက်ထဲမှာလည်း ငွေထုပ်ကိုကိုင်လျက်။

"ဦးပန်ကာဖိုးထယ် ဘာသုံးဆောင်မလဲ၊ အပူလား၊ အအေးလား"

သံချောင်းက ငွေထုပ်ကိုမြင်ပြီး လောကွတ်လုပ်နေသည်မှာ ဣန္ဒြေမရ။ ဦးပန်ကာဖိုးထယ်က ခေါင်းယမ်းပြ၏။

"ဆရာ"

"ပြောပါ ဦးပန်ကာဖိုးထယ်"

"ဆရာရဲ့ရွှေနေခ ဆယ်သိန်းပေးဖို့ ကျန်တယ်နော်"

"ဟုတ်ပါတယ်"

ဦးပန်ကာဖိုးထယ်သည် လက်ထဲမှငွေထုပ်ကို ဦးနက်ကျော်စားပွဲပေါ်သို့ တင်ပေးလိုက်၏။ ရွှေနေကြီးတို့ဆရာတပည့် ပြုံးပျော်နေကြသည်မှာ အထင်းသား။ ငွေများကိုရေတွက်ပြီးနောက်...

"ဆယ်သိန်းပြည့်ပါတယ် ဦးပန်ကာဖိုးထယ်"

ဦးနက်ကျော် ကျေးဇူးတင်ဝမ်းသာစွာ ပြောလိုက်၏။

"ကျွန်တော် တစ်ခုတော့မေတ္တာရပ်ခံပြောချင်တယ် ဆရာ"

"ပြောပါ ဦးပန်ကာဖိုးထယ်"

ဦးပန်ကာဖိုးထယ် ပြောလိုက်သောစကားကြောင့် ရွှေနေကြီးမှာ ဘာပြန်ပြောရမှန်းမသိအောင် ဖြစ်သွား၏။ ဦးပန်ကာဖိုးထယ်ထံ ကျရောက်နေသောအကြည့်ကို တပည့်ကျော် သံချောင်းထံ ရွှေ့လိုက်သည်။

တပည့်ကျော်သံချောင်းမျက်နှာက မျက်နှာပိုးမသေ။

ဦးပန်ကာဖိုးထယ် မှင်သေသေဖြင့် ပြောလိုက်သည်မှာ.....

"ဆရာ့ကို ကျွန်တော် အမှုလေးမှု အပ်ခဲ့တယ်၊ တစ်မှုကို ငါးသိန်း၊ လေးမှုဆိုတော့ သိန်းနှစ်ဆယ်၊ ကျွန်တော်တစ်ယောက်တည်းတင် ဆရာ အတော်ရပါတယ် ဆရာ၊ ဒီတော့ ကျွန်တော့်တူမလေး မဒုန်းပေလာအပ်တဲ့အမှုနဲ့ပတ်သက်လို့ အပိုလက်ဆောင်အဖြစ် ရွှေနေလိုက်ပေးဖို့ မေတ္တာရပ်ခံပါတယ် ဆရာရယ်"တဲ့။ ။

ချစ်ကိုကိုယု

www.burmeseclassic.com

www.burmeseclassic.com



# ဝေယံဟိန်း

# အမှုမဖွင့်သော



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းသိန်း ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်နေသည်။ တကယ်တော့ ကိုယ်ကအားနည်းတာသာဖြစ်၏။ အစကတည်းက စဉ်းစားမိမည်ဆိုလျှင် သည်လိုဖြစ်စရာတောင်မရှိ။ ခုတော့ ကိုယ်ကခံလိုက်ရပြီ။ ဘယ်လိုမှ ထင်မထားသောကိစ္စမို့ အများတကာကိုတောင် ပြောရအခက်။ သည်မြို့ကို ရောက်ကာစက သည်လူပုံစံကိုကြည့် ပြီး သိပ်တော့ဘဝင်မကျလှ။ အများကလည်း သတိတော့ပေးရှာသား။ ကိုယ်ကိုယ်တိုင်က ထင်မထားတာ။ ခုတော့သွားပြီ။

သည်နေ့မနက် ကိုမင်းသိန်း ရုံးခန်းတွင် အလုပ်လုပ်နေရင်း ခေါင်းတွေလေးနေ၏။ မနေ့ကလည်း အိပ်ရေးပျက်ထား၏။ သည်နေ့နံနက်ကျတော့လည်း ငါးသလောက်ပေါင်းနှင့်ထမင်း စားထားသည်မို့ နေ့လယ်လောက်ကတည်းက ငိုက်နေ၏။ မည်သို့ပင် အားတင်းထားပါသော်လည်း ခဏမျှသာ။ ငိုက်မြဲငိုက်နေတော့သည်မို့ ဘေးနားက ပက်လက်ကုလားထိုင်လေးတွင် ထိုင်ချလိုက်ကာ မှေးနေလိုက်၏။ ဘယ်အချိန် အိပ်ပျော်သွားသည်ကို မသိတော့။

နိုးလာတော့ ညနေ ၃ နာရီကျော်ပြီ။ သည်လောက်အထိ အိပ်ပျော်သွားမည်မထင်ခဲ့။ နာရီကို တစ်ချက်မျှကြည့်လိုက်ပြီး စားပွဲဆီသွားကာ ရုံးလုပ်ငန်းတွေ ဆက်လုပ်နေ၏။ ဖတ်ရမည့်စာတွေရော၊ လက်မှတ်ထိုးစရာတွေရော များလှ၏။ တစ်နေ့အလုပ်ကို တစ်နေ့ပြီးအောင် လုပ်မှဖြစ်မည်မို့ ဘာအတွေးမှမဝင်တော့ဘဲ လုပ်ငန်းတွင် အာရုံနှစ်ပြီး အားစိုက်ကာလုပ်၏။ ညနေ ၅ နာရီခွဲအချိန်ရောက်တော့မှ အလုပ်လုပ်နေရာမှထပြီး ပတ်ဝန်းကျင်ကိုကြည့်လိုက်မိ၏။

ရုံးသူရုံးသားအားလုံး ရုံးဆင်းသွားကြပြီ။ ကိုမင်းသိန်းတစ်ယောက်တည်းသာ ကျန်တော့သည်။ တွေးရင်းတွေးရင်း တစ်ယောက်တည်း ပြုံးနေမိ၏။ "ငါ့နှယ်နော် ဖြစ်ရလေ"ဟုတွေးရင်း ကြာကြာမပြုံးနိုင်။ တစ်ခုခုကို သတိရပြီး အခန်းတွင်း ပတ်ချာလည်ကြည့်နေမိပြန်သည်။ လူကလည်း ထခုန်မိတော့မတတ် ထိတ်လန့်သွားသည်။

"ဟယ်.....ဒုက္ခပါပဲ"ဟုလည်း ရေရွတ်နေမိပြန်၏။ "ဟုတ်တယ်၊ ငါ အိပ်မပျော်ခင်က ရှိပါတယ်၊ ခုဘယ်ရောက်သွားတာလဲ"ဟုတွေးပြီး ရင်ပူသွားသည်။ မိမိအိပ်မပျော်ခင်က ပိုက်ဆံအိတ်ကို စားပွဲပေါ်တင်ထားခဲ့၏။ သည်လောက်တော့ မှတ်မိနေသေး၏။ ခုတော့ ပိုက်ဆံအိတ် ဘယ်ရောက်သွားတာလဲ။ သည်အခန်းကို မိမိက မခေါ်ဘဲ မည်သူမျှမလာရဲ၊ သည်ရုံး တွင် မိမိကအကြီးဆုံးဟုတွေးရင်းတွေး ရင်း ခေါင်းတွေချာချာလည်နေ၏။ ခါ တိုင်း ပိုက်ဆံအိတ်ကို စားပွဲပေါ် မေ့ထားခဲ့တာတောင် မပျောက်ဘူးခဲ့၊ ယခုတော့ အဖြစ်က ထူးဆန်းလွန်းလှ၏။ ပိုက်ဆံအိတ်တွင် မိမိ၏မှတ်ပုံတင်ပါ ထည့်ထား၏။

"ဘယ်လိုဖြစ်ရတာလဲ၊ ဒီလောက်လေး အိပ်ပျော်တာနဲ့ပဲ ဒီလိုဖြစ်ရလား၊ ပြီးတော့ ကိုယ်က သီးသန့်အခန်းနဲ့နေတာ"

ကိုမင်းသိန်းစိတ်တွေက တွေးရင်း တွေးရင်း သွေးတွေပူလာ၏။ နဂိုကတည်းက သွေးဆူလွယ်သူမို့ မနည်းထိန်းနေရ၏။ သည်ရုံးကို ရောက်လာတာကလည်း လေးလပင်ရှိသေး၏။ လူတွေအားလုံးကို အဆင်ပြေအောင်ကွပ်ကဲအုပ်ချုပ် စည်းရုံးနေရပါ၏။ ဘာပြဿနာမှလည်း မဖြစ်ခဲ့။

ရုံးတွင်အစည်းအဝေးမှာလည်း အားလုံးက ကျေကျေနပ်နပ်။ "မည်သူက မိမိအခန်းထဲ ဝင်လာလေသနည်း"။

ပိုက်ဆံအိတ်ကတော့ တကယ်ပင်မရှိတော့၊ တစ်ရုံးလုံးလည်း လူမရှိတော့၊ နေရာအနှံ့ရှာပါသော်လည်း လုံးဝမတွေ့။

မနေ့ကပင် လခထုတ်ထား၏။ ဇနီးသည်ကိုတောင် ပိုက်ဆံမပေးရသေး။ သားတွေအတွက် ကျောင်းလခ

www.burmeseclassic.com



တွေလည်း ပေးရဦးမည်။ ကိုယ့်ကိုယ်ကိုယ် မကျေနပ်သလို ဒေါသလည်း ထွက်နေ၏။

လက်အောက်ဝန်ထမ်းများကိုလည်း ပေးတန်တာပေး၊ ကျွေးတန်ကျွေးနှင့် စာနာစိတ်အပြည့်ထားပါလျက် ဘယ်လိုများဖြစ်ရတာလဲ။ ခက်တော့ခက်ပြီ၊ မည်သူ့ကို မေးရပါ့မလဲ။ မေးတော့ကော အမှန်အတိုင်း ပြောပါမည်လား။ ယူသွားတဲ့သူကတော့ ဘယ်သာပြန်ပေးတော့မှာလဲ။ အခြားသူနှင့် မှားစရာလည်းမရှိ။ အခန်းထဲမှာက ကိုယ်တစ်ယောက်တည်း ဘယ်လိုစဉ်းစားရပါ့မလဲ။ ကိုမင်းသိန်း ဘယ်လိုမှ မတွေးတတ်တော့။

တစ်ရုံးလုံးနဲ့ကလည်း အဆင်ပြေပြီးသားမို့ မည်သူကမှ ဒီအလုပ်မျိုးလုပ်မည်မဟုတ်။ အခန်းထဲကို ကိုယ်ကခေါ်မှ ဝင်လာရဲတဲ့အနေအထားမို့ လူရင်းထဲကတော့ မဖြစ်နိုင်။ တစိမ်းလူကလည်း မည်သူမျှမလာမို့ စဉ်းစားရခက်နေ၏။

ကိုမင်းသိန်း စဉ်းစားရင်း စဉ်းစားရင်း အကြံပေါ်လာ၍ ဟုတ်ပြီ၊ စီမံရေးရာက ကိုလူချောကို မေးကြည့်တိုင်ပင်ရလျှင်ကောင်းမည်။ ကိုလူချောသည် အလုပ်ကြိုးစား၏။ တာဝန်ကျေ၏။ ရိုးသား၏၊ စကားနည်း၏။ အများအတွက် အနစ်နာခံတတ်၏။ တော်ရုံကိစ္စဆို ကိုလူချောနှင့်ပြီး၏။ သည်ရုံးမှာလည်း လုပ်သက်အများဆုံး၊ အသက်အကြီးဆုံးမို့ ဆွေးနွေးကြည့်လျှင်ကောင်းမည်ဟု ကိုမင်းသိန်း ယူဆ၏။

+++

ကိုမင်းသိန်းက မိမိအဖြစ်ကို ကိုလူချောကို ခရေစေ့တွင်းကျ ပြောပြလိုက်၏။ ယူဆချက်ကိုလည်း ပြောပြပါရန်နှင့် အကြံဉာဏ်ပေးရန်ကိုလည်း ပြော၏။

“ကိုလူချောရေ ကျွန်တော်တော့ စိတ်ကိုညစ်နေတာဗျာ၊ မိန်းမကိုလည်း ပြောမပြရသေးဘူး၊ ပိုက်ဆံမရှိတာကို တစ်နေရာကနေ ခဏဆွဲထားရတယ်၊ မိန်းမသိရင် ရေရေလည်လည်ကောမှာ၊ ကျွန်တော်မှ ဒုက္ခ”

“စဉ်းစားကြည့်သေးတာပေါ့ ဆရာရယ်၊ အချိန်လေးနည်းနည်းယူပြီး လေ့လာအကဲခတ်သေးတာပေါ့၊ ဆရာက သိပြီထားပါတော့၊ ဆရာဘာလုပ်မှာလဲ၊ ဘာဆက်လုပ်မှာလဲ”

ကိုလူချော၏စကားကို တွေးပြီးတော့မှ ကိုမင်းသိန်းက ပြန်ပြောလိုက်၏။



“ကိုလူချောရယ် လက်ဆုပ်လက်ကိုင် သက်သေသက္ကာယ မရှိဘဲနဲ့ ဘယ်လုပ်တတ်မှာလဲ၊ ခုအဖြစ်ကတော့ အမှုမဖွင့်သာဘူးပေါ့”

“ဟုတ်ပါတယ်လေ၊ ဆရာရယ် သေသေချာချာ စေ့စေ့စပ်စပ် တွေးကြည့်သေးတာပေါ့လေနော်”

ကိုမင်းသိန်း ပိုက်ဆံအိတ်ပျောက်ပြီး တစ်လခန့်အကြာတွင် ထူးဆန်းသည့် အခြေအနေတစ်ရပ် ကြားရရုံမက သက်ဆိုင်ရာ ရပ်ကွက်လူကြီးတစ်ဦးက ကိုမင်းသိန်းကို လာရောက်တွေ့ဆုံ၏။ ထိုလူကြီးက မှတ်ပုံတင်ကတ်ပြားနှစ်ခုကိုလည်း ယူလာပြ၏။

ရပ်ကွက်လူကြီး ဦးမြင့်ဌေးသည် ကိုမင်းသိန်းနှင့် လက်ဖက်ရည်ဆိုင်တွင် ဆုံတွေ့ကြရင်း ရင်းနှီးလာကြ၏။ ရံဖန်ရံခါ လက်ဖက်ရည်ဖိုးကို ဦးမြင့်ဌေးကပင် ထုတ်ပေးသွား၏။ ယခုတော့ တိုက်ဆိုင်လိုက်တာ။

ဦးမြင့်ဌေးက မနေ့က ရပ်ကွက်အမှိုက်ပုံနားတွင် မှတ်ပုံတင်ကတ်ပြားနှစ်ခုကို လူတစ်ယောက်က ကောက်ရ၍ လာရောက်အပ်နှံတာဖြစ်ကြောင်း ပြောပြ၏။ ဦးမြင့်ဌေးက ကိုမင်းသိန်းကို သိရှိရင်းနှီးပြီးသားမို့ ချက်ချင်းပင် ရုံးခန်းထဲလာရောက်ပေးတာဖြစ်သည်။ ကိုမင်းသိန်းကတော့ မိမိအဖြစ်ကို ဦးမြင့်ဌေးကို ပြောမပြ၊ ပြောပြ၍ မသင့်တော်သည်မို့ သည်အတိုင်းသာ နေလိုက်တော့၏။ ကိုမင်းသိန်းရုံးခန်းအတွင်းတွင် ကိုလူချောပါ ရောက်နေသည်မို့ ကိုလူချောကို အပြင်မထွက်စေဘဲ နားထောင်ခွင့်ပေး၏။

ဦးမြင့်ဌေးဆီမှ နောက်ထပ်မှတ်

www.burmeseclassic.com

www.burmeseclassic.com

ပုံတင်တစ်ခုကို တောင်းကြည့်လိုက်၏။ ထိုမှတ်ပုံတင်ကိုကြည့်ပြီး ကိုမင်းသိန်း တစ်ခုခုကို တွေးနေမိ၏။ သည်မှတ်ပုံတင်ကို မြင်ဖူးသလိုပင် အောက်မေ့နေ၏။ လူနာမည်မမှတ်မိသော်လည်း မှတ်ပုံတင်နံပါတ်ရှေ့က စာလုံးအတိုကောက်ကို မြင်ဖူးနေသည့်ထင်၏။ ဦးမြင့်ဌေးနှင့် ကိုလူချောတို့ အခန်းမှပြန်ထွက်သွားသည်အထိ ကိုမင်းသိန်း အတွေးတွေမရပ်။ ရင်ထဲကလည်း မတင်မကျ။

ထိုနေ့ကစ၍ ကိုမင်းသိန်းမှာ အတွေးတွေနှင့်သာ အချိန်ကုန်တော့သည်။ ''မှတ်ဉာဏ်က ဒီလောက်တောင် ညံ့ရသလား''ဟုလည်း ကိုယ့်ကိုယ်ကိုယ် အလိုမကျ။ နေ့စဉ်ပင် သည်မှတ်ပုံတင်အကြောင်းကို ပြန်အစဖော်သော်လည်း မရ။

+++

''သြော်.....ဟုတ်ပြီ''

ကိုမင်းသိန်းခေါင်းထဲက ကွက်ခနဲပေါ်လာ၏။ ပိုက်ဆံအိတ်ပျောက်တာ သည်နေ့ဆို တစ်လပြည့်ပြီဆိုသည်ကို သည်နေ့ကျမှပဲ အတွေးပေါ်လာတော့သည်။

''ဟုတ်ပြီ.....ဟုတ်ပြီ''

ကိုမင်းသိန်း တစ်ယောက်တည်း ခေါင်းညိတ်နေမိ၏။ သေချာပြီ။ သည်နေ့မှပဲ သည်အတွေးမျိုး တွေးမိတော့၏။

ကိုမင်းသိန်း သည်မြို့ကိုပြောင်းရွှေ့လာပြီး နှစ်လခန့်တွင် ရုံးအကူ မောင်တင့်လွင်က လက်ထဲက မှတ်ပုံတင်ကတ်ပြားလေး တကိုင်ကိုင်လုပ်နေတာကိုတွေ့ရ၍ မေးကြည့်မိ၏။

ကျွန်တော်ကကို
လိုတာပါ၊
ဘယ်သူ့ကိုမှ
မသိစေနဲ့နော်၊
သတင်းမပေါက်ပါစေနဲ့၊
ဒီတစ်ခါတော့
ထားလိုက်ပေတော့လေ၊
နောက်တော့
ကြုံသလို
မသိမသာ
ဆုံးမသွားတာပေါ့
...

''မှတ်ပုံတင် ဘာလုပ်ဖို့လဲကွ''

''သြော်.....ဆရာ၊ ဒီမှတ်ပုံတင်လေးကို ကျွန်တော် လမ်းကကောက်ရတာ၊ ဘယ်လိုပြန်ပေးရမယ် မပြောတတ်ဘူး''

''မင်းကလည်း ရပ်ကွက်လူကြီးကို အပ်လိုက်ပေါ့၊ ပြစမ်းပါဦး''

မှတ်ပုံတင်ကို ယူကြည့်လိုက်၏။

မှတ်ပုံတင်ကတ်ပြားတွင် ဖော်ပြထားသော ပုဂ္ဂိုလ်၏ မှတ်ပုံတင်သင်္ကေတ စာလုံးအတိုကောက်သည် မိမိနေခဲ့ဖူးသော မြို့ဖြစ်၏။ လူကိုတော့မသိ။ နာမည်ကိုတော့ မှတ်ထားလိုက်၏။ သို့သော် ကြာတော့လည်း လုပ်ငန်းတာဝန်တွေထမ်းဆောင်ရင်း အခြားကိစ္စရပ်တွေ လုပ်ရင်းကိုင်ရင်းနှင့်အမှတ်မရတော့။

ယခုတော့ တိုက်တိုက်ဆိုင်ဆိုင် ဦးမြင့်ဌေးပြသော မှတ်ပုံတင်ကတ်ပြားလေးက ပုဂ္ဂိုလ်၏ မှတ်ပုံတင်အမှတ်သည်လည်း ယခင် မောင်တင့်လွင် မှတ်ပုံတင်ကောက်ရစဉ်က မှတ်ပုံတင်တွင်ပါသော အတိုကောက်သဘောစာလုံးနှင့် တူနေသည့်အပြင် နာမည်မေ့နေသော်လည်း နာမည်ကလည်း သည်နာမည်ပဲဟု သတိရလာ၏၊ အမှတ်ရလာ၏။

စေ့စေ့တွေးရင်း ရေးရေးပေါ်လာ၏။ ဇာတ်လမ်းကို ခန့်မှန်းရတာ ပုံစံကျလာသည့်ထင်၏။ ဦးမြင့်ဌေးရလာသော မှတ်ပုံတင်က နှစ်ခုဖြစ်၏။ တစ်ခုက ကိုမင်းသိန်းမှတ်ပုံတင်ဖြစ်ပြီး နောက်တစ်ခုက ယခင် မောင်တင့်လွင်ကောက်ရထားသော မှတ်ပုံတင်ဖြစ်နေ၏။ မောင်တင့်လွင်ကောက်ရလာသော

www.burmeseclassic.com

www.burmeseclassic.com



မှတ်ပုံတင်က ဘာကြောင့် ယခုမှ မိမိမှတ်ပုံတင်နှင့်အတူ လမ်းဘေးအမှိုက်ပုံထဲ ရောက်နေပါလိမ့်။

ကိုမင်းသိန်း အမျိုးမျိုးတွေးရပြီ။ တွေးရင်းတွေးရင်း ခေါင်းနောက်လာသည့်အတွက် ကိုလူချောကိုခေါ်ပြီး တိုင်ပင်ကြည့်၏။ ကိုလူချောကလည်း တွေးရပြီ။ ခဏကြာတော့ ကိုလူချောကပြော၏။

"ဒီလိုကော မဖြစ်နိုင်ဘူးလား ဆရာ၊ မောင်တင့်လွင် အရင်က ပိုက်ဆံနဲ့ မှတ်ပုံတင်ကို တခြားတစ်ယောက်ယောက်ဆီက ယူထားပြီး မှတ်ပုံတင်ကို ဒီအတိုင်းထားရာက ဆရာ့ပိုက်ဆံအိတ်ကို ခိုးယူပြီး ဆရာ့မှတ်ပုံတင်နဲ့အတူ အခုမှ အမှိုက်ပုံဘေးသွားထားတာကော မဖြစ်နိုင်ဘူးလား"

"ဟာ...ဖြစ်နိုင်တာပေါ့၊ ဖြစ်နိုင်တာပေါ့"

ကိုမင်းသိန်း သဘောပေါက်သွား၏။

"အေးဗျာ၊ ကျွန်တော်ကိုက ထူလွန်းပါတယ်၊ မှတ်ပုံတင်နှစ်ခု အခုကျမှ လမ်းပေါ်ရောက်တာမျိုး၊ ဒီလောက်တော့ မတိုက်ဆိုင်နိုင်ဘူးဗျာ"

ကိုမင်းသိန်း ပြောရင်း ဒေါသမထွက်အောင် သတိထားနေရ၏။ တစ်ဖက်က မိမိလက်အောက်ဝန်ထမ်းဖြစ်၏။ ယူဆချက်နှင့် စွပ်စွဲနေတာမို့ မှားသွားလျှင်မကောင်း။ ခေါ်ပြောဖို့ကလည်း သေချာသည့်ကိစ္စမဟုတ်။

"ကျွန်တော် ဆရာရောက်ကာစက ပြောဖူးတယ်၊ သတိပေးဖူးတယ်လေ၊ ဒီကောင်က လက်ဆော့တတ်တယ်၊ ဒီလိုအကျင့်လေးတွေရှိတယ်လို့ နာမည်ထွက်နေတာ၊ သတိတော့ထားပါလို့လေ"

"ဟုတ်လိုက်လေ ကိုလူချောရယ်၊ ခုမှပဲ ကျွန်တော်တွက်မိတော့တယ်၊ အဖြစ်နိုင်ဆုံး ခန့်မှန်းချက်ပဲဗျာ၊ ဘာလို့လဲဆိုတော့ အဲဒီနေ့က ကျွန်တော့်ရုံးခန်းနားကို သူနှစ်ခါသုံးခါလောက် ဖြတ်လျှောက်နေတာ အခုမှ ပြန်တွေးမိတယ်"

"ဆရာကလည်းလေ လက်ကိုင်အိတ်ထဲ ငွေပါတယ်ဆို တကယ်ဆို ဗီရိုထဲထည့်ပြီး သော့ခတ်ထားပါလား၊ ပြီးတော့မှ စိတ်လွတ်ကိုယ်လွတ်နေရောပေါ့"

ကိုမင်းသိန်းကို ဌာနခွဲစာရေးကြီး ကိုလူချောက ပြောနေ၏။

"ဟုတ်တယ်ဗျာ၊ ကျွန်တော်ကကို လိုတာပါ၊ ဘယ်သူ့ကိုမှ မသိစေနဲ့နော်၊ သတင်းမပေါက်ပါစေနဲ့၊ ဒီတစ်ခါတော့ ထားလိုက်ပေတော့လေ၊ နောက်တော့ ကြုံသလို မသိမသာဆုံးမသွားတာပေါ့"

"ရပါတယ် ဆရာ၊ ကျွန်တော့် ကို စိတ်ချပါခင်ဗျား"

"အေးဗျာ၊ ကိုလူချောရေ ခုအဖြစ်က အမှုမဖွင့်သာတာတော့အမှန်ပဲနော်"

ဆရာတပည့် အတိုင်အဖောက်ညီစွာ စကားပြောကြပြီးနောက် ရုံးလုပ်ငန်းဆက်လုပ်ရန် လမ်းခွဲကြရင်း တစ်ဦးစီ၏ ရင်တွင်း၌ကား မကျေနပ်မှုတို့ စုအုံနေကြလေပြီ။

ဝေယံဟိန်း



www.burmeseclassic.com

www.burmeseclassic.com



# ယုယချင်ပေမယ့်လည်း ယုရယ်....

ဦးဝင်းမြိုင် (သရုပ်ဆောင်)

www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ ဖြစ်နေ၊ ပျက်နေကြတဲ့ ဇာတ်လမ်းအဖုံဖုံတွေက အနမတဂ္ဂ ရှိနေကြမှာပါ။ အဲဒီဇာတ်လမ်းတွေထဲမှာမှ သားသမီးက ကိုယ့်ဖအေကို အဖေလို့ခေါ်ခွင့်မရှိတဲ့ ဘဝမျိုး၊ ဖအေကလည်း ကိုယ့်သားသမီးကို သားရယ်၊ သမီးရယ်နဲ့ ခေါ်ခွင့်မရှိတဲ့ ဘဝမျိုးတွေ တွေ့ဘူး၊ မြင်ဘူး၊ ကြားဘူးကြမှာပါ။ အချစ်နယ်ကျွံကြလို့ ကိုယ်ဝန်ရပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မပေါင်းဖက်ဖြစ်ကြတဲ့အတွက် ပထမဆုံးသားသမီးက ဖခင်မေတ္တာစငတ်ရပါတယ်။ ဖခင်ကတော့ သူ့ရဲ့သွေးသားကျန်တယ်၊ မကျန်ဘူးဆိုတာ သိတဲ့အဖြစ် အပျက်ရှိသလို မသိတဲ့ အဖြစ်အပျက်တွေလည်း ရှိကြမှာပါ။





www.burmeseclassic.com

www.burmeseclassic.com

သားသမီး အရွယ်ရောက်၊ သိတတ်တော့မှ ဖခင်ဆိုတာသိပေမယ့် "အဖေ"ခေါ်ခွင့်ရနိုင်တဲ့အဖြစ်၊ မရနိုင်တဲ့အဖြစ် ဇာတ်လမ်းကွဲလေးတွေ ရှိကြပြန်ပါတယ်။ ခေါ်ခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သားသမီးလေးတွေဘက်ကနေကြည့်ရင် တကယ့်ရင်နင့်စရာကောင်းတဲ့ DRAMA ဇာတ်လေးတွေချည်း ပါပဲ။

ဒီလ ပရိသတ်ကြီးနဲ့ မိတ်ဆက်ပေးချင်တာက ဒါရိုက်တာ အောင်ဗပါဝါရဲ့ ဇာတ်လမ်းဇာတ်ညွှန်းလေးပါ။ မြင့်မာလာ ဗီဒီယိုက ရိုက်ကူးဖြန့်ချိမှာဖြစ်ပါတယ်။ ဇာတ်လမ်းလေးရဲ့အမည်က **"ယုယချင်ပေမယ့်လည်း ယုရယ်"**တဲ့။ အဓိက သရုပ်ဆောင်တွေကတော့ ဖြိုးငွေစိုး၊ မိုးဟေကို၊ ညီထွဋ်ခေါင်နဲ့ ဦးဝင်းမြင့်တို့ဖြစ်ကြပါတယ်။ ကလေးသရုပ်ဆောင် ကတော့ ဒါရိုက်တာ အောင်ဗပါဝါရဲ့သမီးကြီး ဂျူလီယာပါဝါ ဖြစ်ပါတယ်။ အခြားအနုပညာရှင် ဇာတ်ပို့ဇာတ်ရံများစွာလည်း ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

ဇာတ်လမ်းလေးအစက ထွန်းမင်းဆိုတဲ့ လူငယ်လေးနဲ့ ယုဆိုတဲ့ မိန်းကလေးတို့ဟာ တစ်ရပ်ကွက်တည်းနေ ငယ်သူငယ်ချင်းတွေပါ။ မူလတန်းတုန်းကလည်း အတူတူ၊ အလယ်တန်း၊ အထက်တန်းလည်း အတူတူ၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်ကြတော့လည်း အတူတူ၊ ဘွဲ့ရတော့လည်း အတူတူ။ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ငယ်သူငယ်ချင်းတွေဆိုတော့ အရွယ်လေးရလာကြတဲ့အခါ၊ နှလုံးသားလေးတွေ ပန်းနုရောင်ပြောင်းလာကြတဲ့အခါမှာလည်း ချစ်ရည်တူမျှခဲ့ကြပါတယ်။ လူငယ်ချင်းချစ်ကြတာကို လူကြီးတွေကလည်း ကြည်ဖြူကြပါတယ်။ နှစ်ဖက်လူကြီးတွေတင်ပဲလား။ မဟုတ်သေးပါဘူး။ သူတို့နှစ်ယောက်ကို သူငယ်ချင်းတွေကရော၊ အပေါင်းအသင်းတွေကရော၊ တစ်ရပ်ကွက်လုံးက သဘောတူထားကြလို့ အင်မတန်လိုက်ဖက်တဲ့ ချစ်သူစုံတွဲအဖြစ် သတ်မှတ်တာခံကြရပါတယ်။

နှစ်ယောက်စလုံး ဘွဲ့ရပြီးကြပြီဆိုတော့ ဘဝရှေ့ရေးအတွက် အလုပ်အကိုင်ရှာဖို့ လိုအပ်လာပြီမဟုတ်လား။ သတင်းစာတွေ၊ ဂျာနယ်တွေက Vacancy တွေကြည့် အလုပ်လိုက်လျှောက်နဲ့ နှစ်ယောက်သား မမောနိုင်မပန်းနိုင်။ ကုမ္ပဏီတစ်ခုပြီးတစ်ခု ဝင်လိုက်ထွက်လိုက်၊ အင်တာဗျူးလိုက်ပေါ့။ သူတို့ရဲ့ကြိုးစားမှုရလဒ်ကတော့ နှစ်ယောက်စလုံး အလုပ်ရကြပါတယ်။ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီတစ်ခုမှာ ရကြတာပါ။ အလုပ်ဝင်တော့မှ ထွန်းမင်းရော၊ ယုရော ကုမ္ပဏီတစ်ခုတည်းမှာဖြစ်နေတယ်ဆိုတာ သိကြရပါတယ်။

ထွန်းမင်းက ယုကိုသိပ်ချစ်တာ။ တင့်တင့်တယ်တယ် အရမ်းထားချင်တာ။ နိုင်ငံခြားထွက်ပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေရှာချင်တာ။ ဒါကြောင့်လည်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီမှာ အလုပ်ရအောင်ဝင်ခဲ့တာပါ။ အလုပ်ရတော့လည်း ကြည့်ဦး။ ယုက ကုမ္ပဏီပိုင်ရှင်ရဲ့ Secretary တစ်ယောက်ဖြစ်လာခဲ့ပြီး ထွန်းမင်းကတော့ ကုမ္ပဏီရဲ့ အထွေထွေလုပ်သားတစ်ယောက်အဆင့်သာ ရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သားသမီး အရွယ်ရောက်၊ သိတတ်တော့မှ ဖခင်ဆိုတာသိပေမယ့် "အဖေ"ခေါ်ခွင့်ရနိုင်တဲ့အဖြစ်၊ မရနိုင်တဲ့အဖြစ် ဇာတ်လမ်းကွဲလေးတွေ ရှိကြပြန်ပါတယ်။ ခေါ်ခွင့်ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ သားသမီးလေးတွေဘက်ကနေကြည့်ရင် တကယ့်ရင်နင့်စရာကောင်းတဲ့ DRAMA ဇာတ်လေးတွေချည်းပါပဲ။

ဒီလ ပရိသတ်ကြီးနဲ့ မိတ်ဆက်ပေးချင်တာက ဒါရိုက်တာ အောင်ဗပါဝါရဲ့ ဇာတ်လမ်းဇာတ်ညွှန်းလေးပါ။ မြင့်မာလာ ဗီဒီယိုက ရိုက်ကူးဖြန့်ချိမှာဖြစ်ပါတယ်။ ဇာတ်လမ်းလေးရဲ့အမည်က **"ယုယချင်ပေမယ့်လည်း ယုရယ်"**တဲ့။ အဓိကသရုပ်ဆောင်တွေကတော့ ဖြိုးငွေစိုး၊ မိုးဟေကို၊ ညီထွဋ်ခေါင်နဲ့ ဦးဝင်းမြိုင်တို့ဖြစ်ကြပါတယ်။ ကလေးသရုပ်ဆောင် ကတော့ ဒါရိုက်တာ အောင်ဗပါဝါရဲ့သမီးကြီး ဂျူလီယာပါဝါ ဖြစ်ပါတယ်။ အခြားအနုပညာရှင် ဇာတ်ပို့ဇာတ်ရံများစွာလည်း ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

ဇာတ်လမ်းလေးအစက ထွန်းမင်းဆိုတဲ့ လူငယ်လေးနဲ့ ယုဆိုတဲ့ မိန်းကလေးတို့ဟာ တစ်ရပ်ကွက်တည်းနေ ငယ်သူငယ်ချင်းတွေပါ။ မူလတန်းတုန်းကလည်း အတူတူ၊ အလယ်တန်း၊ အထက်တန်းလည်း အတူတူ၊ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်ကြတော့လည်း အတူတူ၊ ဘွဲ့ရတော့လည်း အတူတူ။ ဆိုးတိုင်ပင်၊ ကောင်းတိုင်ပင် ငယ်သူငယ်ချင်းတွေဆိုတော့ အရွယ်လေးရလာကြတဲ့အခါ၊ နှလုံးသားလေးတွေ ပန်းနုရောင်ပြောင်းလာကြတဲ့အခါမှာလည်း ချစ်ရည်တူမျှခဲ့ကြပါတယ်။ လူငယ်ချင်းချစ်ကြတာကို လူကြီးတွေကလည်း ကြည်ဖြူကြပါတယ်။ နှစ်ဖက်လူကြီးတွေတင်ပဲလား၊ မဟုတ်သေးပါဘူး။ သူတို့နှစ်ယောက်ကို သူငယ်ချင်းတွေကရော၊ အပေါင်းအသင်းတွေကရော၊ တစ်ရပ်ကွက်လုံးက သဘောတူထားကြလို့ အင်မတန်လိုက်ဖက်တဲ့ ချစ်သူစုံတွဲအဖြစ် သတ်မှတ်တာခံကြရပါတယ်။

နှစ်ယောက်စလုံး ဘွဲ့ရပြီးကြပြီဆိုတော့ ဘဝရှေ့ရေးအတွက် အလုပ်အကိုင်ရှာဖို့ လိုအပ်လာပြီမဟုတ်လား။ သတင်းစာတွေ၊ ဂျာနယ်တွေက Vacancy တွေကြည့် အလုပ်လိုက်လျှောက်နဲ့ နှစ်ယောက်သား မမောနိုင်မပန်းနိုင်။ ကုမ္ပဏီတစ်ခုပြီးတစ်ခု ဝင်လိုက်ထွက်လိုက်၊ အင်တာဗျူးလိုက်ပေါ့။ သူတို့ရဲ့ကြိုးစားမှုရလဒ်ကတော့ နှစ်ယောက်စလုံး အလုပ်ရကြပါတယ်။ ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီတစ်ခုမှာ ရကြတာပါ။ အလုပ်ဝင်တော့မှ ထွန်းမင်းရော၊ ယုရော ကုမ္ပဏီတစ်ခုတည်းမှာဖြစ်နေတယ်ဆိုတာ သိကြရပါတယ်။

ထွန်းမင်းက ယုကိုသိပ်ချစ်တာ။ တင့်တင့်တယ်တယ် အရမ်းထားချင်တာ။ နိုင်ငံခြားထွက်ပြီး အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေရှာချင်တာ။ ဒါကြောင့်လည်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးကုမ္ပဏီမှာ အလုပ်ရအောင်ဝင်ခဲ့တာပါ။ အလုပ်ရတော့လည်း ကြည့်ဦး။ ယုက ကုမ္ပဏီပိုင်ရှင်ရဲ့ Secretary တစ်ယောက်ဖြစ်လာခဲ့ပြီး ထွန်းမင်းကတော့ ကုမ္ပဏီရဲ့ အထွေထွေလုပ်သားတစ်ယောက်အဆင့်သာ ရခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပေးထားတာ ဖြစ်ပါတယ်။

ဦးဝင်းမြိုင်မှာ မိုးဇော်ဆိုတဲ့ သားတစ်ယောက်ရှိပါတယ်။ ကုမ္ပဏီရဲ့ BOD တစ်ယောက်ပေါ့။ ယုကိုတော့ သား မိုးဇော်ရဲ့ Secretary အဖြစ် ခန့်ပေးထားတာဖြစ်ပါတယ်။ ထွန်းမင်းနဲ့ယုအဖြစ် ဖြိုးငွေစိုးနဲ့ မိုးဟောက်ကိုတို့က သရုပ်ဆောင်ထားကြပြီး မိုးဇော်အဖြစ် ညီထွဋ်ခေါင်က သရုပ်ဆောင်ထားပါတယ်။

ယု အလုပ်စဝင်တဲ့ အချိန်ကစပြီးတော့ မိုးဇော်က ယုကို ကျိတ်ပြီးနှစ်သက်သဘောကျသွားပါတယ်။ ဒါပေမဲ့ ယုကို တစေ့တစောင်း စောင့်ကြည့်တဲ့အချိန်မှာတော့ ယုနဲ့ ထွန်းမင်းတို့ရဲ့အချစ်ကို ခန့်မှန်းမိသွားတဲ့အတွက် ယောကျ်ားပီသစွာနဲ့ သူ့အချစ်ကို မျိုသိပ်လိုက်နိုင်ခဲ့ပါတယ်။ ထွန်းမင်းနဲ့ယုတို့ကို ငယ်ပေါင်းသူငယ်ချင်းတွေပုံစံမျိုး ခင်ခင်မင်မင်ဆက်ဆံနိုင်ခဲ့ပါတယ်။ ထွန်းမင်းက နိုင်ငံခြားသင်္ဘောသားလုပ်ချင်တဲ့စိတ် ပြင်းပြနေတော့ ထွန်းမင်း နိုင်ငံခြားသင်္ဘောသားအလုပ်ရအောင် မိုးဇော်က အစွမ်းကုန်ကူညီပေးခဲ့ပါတယ်။

ဒီလိုနဲ့ ထွန်းမင်းတစ်ယောက် နိုင်ငံခြားသင်္ဘောတက်ခွင့်ရခဲ့ပါတယ်။





ကုမ္ပဏီပိုင်ရှင်က တခြားသူမဟုတ်ပါဘူး။ စာရေးသူကျွန်တော် ဦးဝင်းမြိုင်ဖြစ်ပါတယ်။ ထွန်းမင်းရဲ့ I.Q,E.Q ကို သဘောကျတဲ့အတွက်ကြောင့် အလုပ်ခန့်ပေးလိုက်ပါတယ်။ ပညာအရည်အချင်းရှိပေမယ့် လုပ်ငန်းအတွေ့အကြုံမရှိသေးတာကြောင့် ကုမ္ပဏီရဲ့ အထွေထွေတာဝန်ကိုသာ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းမင်း နိုင်ငံခြားသင်္ဘောတက်သွားပြီ သိပ်မကြာခင်မှာပဲ ပြဿနာနဲ့ ရင်ဆိုင်ရပါတော့တယ်။ ထွန်းမင်းနဲ့ယုတို့ဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေလည်းဖြစ်၊ မိဘနဲ့အသိုင်းအဝိုင်းကလည်း သဘောတူ လက်ခံထားကြတာဆိုတော့ ရန်ကုန်မှာရှိစဉ်တုန်းက အချစ်နယ်ကျွံခဲ့ကြပါတယ်။ ထွန်းမင်း သင်္ဘောတက်သွားတဲ့အချိန်ကျမှ ယုမှာ ကိုယ်ဝန်ရှိတဲ့ လက္ခဏာတွေ ပြလာပါတော့တယ်။ မိုးဇော်ကတော့ ယုကို ဆေးခန်းတွေပြပေး၊ လိုအပ်တဲ့ဆေးဝါးတွေဝယ်ပေးနဲ့ အစစအကူအညီပေးခဲ့ပါတယ်။ ခက်တာက ယုရဲ့ကိုယ်ဝန်က တစ်နေ့တခြား မဖုံးနိုင်မဖိနိုင်နဲ့ ပေါ်လာပါတယ်။ လောလော ဆယ် ရုပ်အကျီပွပွလေးနဲ့ ဖုံးကွယ်နိုင်ပေမယ့် ဒီ့ထက်ပိုပြီး ကိုယ်ဝန်လရင့်လာရင် ဘယ်လိုလုပ်ကြမှာလဲ။ ဒါနဲ့ ထွန်းမင်းရယ်၊ မိုးဇော်ရယ်၊ ယုရယ် အင်တာနက်နဲ့ ခေါင်းချင်းဆိုင် တိုင်ပင်ကြတာပေါ့။ အဖြေကတော့ မိုးဇော်နဲ့ယုကို ဟန်ဆောင်လက်ထပ်ပေးထားဖို့ပေါ့။

ဟန်ဆောင်လက်ထပ်တာဆိုတော့ ခမ်းခမ်းနားနားလုပ်လို့လည်းမဖြစ်။ မိုးဇော်ရဲ့ဖခင် ဦးဝင်းမြိုင်ကတော့ တစ်ဦးတည်းသောသားလေးဖြစ်တာမို့ တင့်တင့်တယ်တယ်မင်္ဂလာဆောင်ပေးချင်တာပေါ့။ လူငယ်တွေက ရုံးတက်လက်မှတ်


www.burmeseclassic.com

www.burmeseclassic.com



ဆိုးမယ်၊ ပရဟိတလုပ်ငန်းတွေကို လှူမယ်ဆိုတော့ မွန်မြတ်တဲ့စိတ်ထားလေးတွေမို့ ခွင့်ပြုသဘောတူပေးရတာပေါ့။ ဘယ်လိုပဲဖြစ်ဖြစ် လက်ထပ်ပြီးကြပြီ၊ ယုကို အိမ်ခေါ်လာပြီ၊ လင်မယားအစစ်မဟုတ်တဲ့အတွက် မင်္ဂလာဦးညကို ဘယ်လိုရင်ဆိုင်ကြမလဲ။ အမေနေမကောင်းလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ယုကို အိမ်ပြန်ပို့လိုက်တာပေါ့။ ညရောက်တော့ ချွေးမကိုမမြင်တော့ ဦးဝင်းမြိုင်က မေးတာပေါ့။ သူ့အမေနေမကောင်းလို့ အိမ်ပြန်သွားတယ်ဆိုတော့ သူ့အမေ နေမကောင်းတာကို စောင့်ရှောက်ဖို့ မိန်းမဖော်၊ ကုသဖို့ ဆရာဝန်တွေ စီစဉ်ပေးပြီးတော့ ယုကိုချက်ချင်းသွားခေါ်ဖို့ မိုးဇော်ကို အမိန့်ပေးပါတော့တယ်။ မိုးဇော်လည်း သူ့အကျင့်သိက္ခာကို ယုံကြည်ဖို့ အထပ်ထပ်ကတိပေးရင်း ယုကို တောင်းပန်ပြီး အိမ်ကိုခေါ်လာခဲ့ရပါတယ်။



နောက်ရက်တွေမှာလည်း ဖခင်မရိပ်မိအောင် နည်းအမျိုးမျိုးနဲ့ ရှောင်တိမ်းပြီး နှစ်ယောက်သား သိက္ခာနဲ့သစ္စာတရားကို စောင့်ထိန်းခဲ့ကြရပါတယ်။ ဒီလိုနဲ့ပဲ အချိန်တွေကြာလာတဲ့အခါမှာ သမီးလေးတစ်ယောက် ဖွားမြင်ခဲ့ပါတယ်။ ထွန်းမင်းဆီကိုတော့ အင်တာနက်နဲ့ တောက်လျှောက် အခြေအနေတွေကို ပြောပြနေရတာပေါ့။ ထွန်းမင်းက မိုးဇော်ကို အားလည်းနာ၊ ကျေးဇူးလည်းတင်ပေါ့။ သမီးလေးရဲ့ ဓာတ်ပုံလေးတွေကိုလည်း လသားအရွယ်၊ တစ်နှစ်အရွယ်၊ နှစ်နှစ်အရွယ် ဓာတ်ပုံလေးတွေ Photo Message နဲ့ ပို့ပေးနေတာပေါ့။ ထွန်းမင်းအနေနဲ့လည်း သမီးလေးကို ချီချင်တဲ့ စိတ်၊ ထွေးပွေ့ချင်တဲ့စိတ်၊ ချော့မြှူချင်တဲ့စိတ်တွေ ဓာတ်ပုံလေးတွေမြင်ရင်း ပေါ်ပေါက်ခဲ့ရပါတယ်။ သမီးလေးအဖြစ် ဒါရိုက်တာ အောင်ဗပါဝါရဲ့သမီးလေး ဂျူလီယာပါဝါက သရုပ်ဆောင်ထားပါတယ်။

အဆင်ပြေချောမွေ့ခြင်း၊ သာယာဖြောင့်ဖြူးခြင်း၊ စိတ်ချမ်းမြေ့ပျော်ရွှင်ခြင်းဆိုတာ ကြာရှည်မတည်မြဲပါဘူး။ အဆင်မပြေခြင်း၊ ခက်ခဲကြမ်းတမ်းခြင်း၊ စိတ်ဆင်းရဲသောကရောက်ရခြင်းဆိုတာ အလှည့်ကျ ရောက်လာတတ်ပါတယ်။ အထိုက်အလျောက် အဆင်ပြေနေရတဲ့ ထွန်းမင်း၊ ယုနဲ့ မိုးဇော်တို့ရဲ့ဇာတ်လမ်းလေးဟာ မမျှော်လင့်တဲ့ သတင်းဆိုးနဲ့ ကြုံရပါတော့တယ်။ မုန်တိုင်းပေါ့။ လောကဓံမုန်တိုင်း၊ ဘဝမုန်တိုင်းဖြစ်ဖို့ လေမုန်တိုင်းက အစပျိုးလာပါတယ်။ ထွန်းမင်းတာဝန်ကျတဲ့သင်္ဘောက ပင်လယ်ပြင်မှာ မုန်တိုင်းမိပြီးနစ်မြုပ်သွားပါတယ်။ ရှင်တဲ့လူရှင်၊ သေတဲ့လူသေ၊ ရှင်မှန်းမသိ၊ သေမှန်းမသိ ပျောက်ဆုံးတဲ့လူ ပျောက်ဆုံးပေါ့။ ထွန်းမင်း

www.burmeseclassic.com

www.burmeseclassic.com

က ရှင်တဲ့လူစာရင်းထဲမှာမပါဘူး။ သေတဲ့လူစာရင်းထဲမှာ လည်း မတွေ့ဘူး။ ပျောက်ဆုံးတဲ့လူစာရင်းထဲမှာတော့ ပါ နေတယ်။ ယု ဘယ်လောက်အထိ ခံစားရမလဲ။ ဖွင့်ထုတ် ဖောက်ခွဲပြီးလည်း ဝမ်းနည်း၊ ကြေကွဲ၊ ခံစားလို့မရ။ လူသိ သူသိ အော်ငိုလို့လည်းမဖြစ်။ သမီးလေးကိုရော ဘယ်လို ပြောရမလဲ။ အဖြစ်ဆိုးနဲ့ကြုံရတယ်လို့ဆိုတာ ဒါမျိုးပဲထင်ပါ့။ ဒီလိုနဲ့ပဲ အချိန်တွေကြာလာတာနဲ့အမျှ ထွန်းမင်းရဲ့သတင်းက လည်း ပျောက်ကွယ်ခဲ့ပါတယ်။ သေဆုံးသွားပြီလို့ပဲ သတ် မှတ်လိုက်ကြရပါတော့တယ်။ ယုခံစားနေရတာကိုကြည့်ပြီး



မိုးဇော်လည်း ထပ်တူခံစားရပါတယ်။ ဟန်ဆောင်လင်မယား ဘဝဆိုတော့ ယုခံစားနေရတာကို ယုယပေးချင်လိုက်တာ။

**ယုယချင်ပေမယ့်လည်း ယုရယ်.....**

သမီးလေး ယုယမင်းမောင်ပင် အသက် ၆ နှစ် ၇ နှစ် သမီးအရွယ်ရှိလာပါပြီ။ ယုအနေနဲ့ မိုးဇော်အပေါ်မှာ သနား စိတ်တွေ ဝင်လာမိပါတယ်။ သစ္စာစောင့်သိခဲ့မှုအပေါ် လေး စားခဲ့မိပါတယ်။ မိုးဇော် ယုကို ဖွင့်ပြောလိုက်ပါတယ်။ စ တွေ့ကတည်းက ချစ်ခဲ့ရတာပါ၊ ထွန်းမင်းနဲ့ ချစ်သူတွေဖြစ် နေကြတာမို့ သူ့အချစ်ကို မျိုသိပ်ပြီး ရင်မှာဝှက်ခဲ့ရတာပါ၊ အခု ထွန်းမင်းလည်း တကယ်သေဆုံးပြီလို့ သတ်မှတ်လို့ရ ပါပြီ၊ ဟန်ဆောင်လင်မယားဘဝကို ပြည့်ဖုံးကားချပြီး လင် မယားအစစ်ဖြစ်ပါရစေပေါ့။ ယု ဘယ်လိုလုပ်ငြင်းမှာလဲနော်။ ခေါင်းခါဖို့ အင်အားမရှိပါဘူး။ ဒီလိုနဲ့ တရားဝင်လင်မယား အစစ် ဖြစ်ခဲ့ကြပါတယ်။ "ယောက်ျားရေ"၊ "မိန်းမရေ"နဲ့ အခေါ်အဝေါ်တွေ ပြောင်းလာတာကို ဖခင်ဦးဝင်းမြိုင်ကြား တော့ "ဟ! ဘယ့်နှယ် ဒီလောက်အချိန်တွေကြာမှ အခေါ် အဝေါ်တွေ ပြောင်းနေကြပါလား"ဆိုပြီး အံ့ဩမိပါတယ်။

တကယ်တော့ ထွန်းမင်း မသေပါဘူး။ လူနေမှုနိမ့်ပါး တဲ့ ကျွန်းလေးတစ်ကျွန်းမှာ သောင်တင်နေခဲ့တာပါ။ ပင်လယ် ထဲ ရက်ရှည်မျောပါခဲ့ရပြီး လူနေမှုမဖွံ့ဖြိုးတဲ့နေရာမှာ နေခဲ့ ရတော့ ကျန်းမာရေး ချို့ယွင်းခဲ့ရပါတယ်။ သံရုံးအဆင့်ဆင့် နဲ့ ပို့ဆောင်ပေးလို့ မြန်မာပြည်ပြန်ရောက်ခဲ့ပေမယ့် ထွန်းမင်း မှာ သွေးကင်ဆာရောဂါ ခံစားနေရပါပြီ။ Face Book မှာ သမီးလေး ယုယမင်းမောင်ပုံလေးတွေကို မြင်နေရတဲ့အတွက် သမီးလေးကို တွေ့ချင်ရှာပါတယ်။ ယုနဲ့ မိုးဇော်တို့ရဲ့ ဆက် ဆံရေးအခြေအနေကို ရိပ်မိပါတယ်။ သူပိုင်ဆိုင်သမျှတွေကို Bank Account မှာ သမီးလေးနာမည်နဲ့ လွှဲပြောင်းပေးပြီး နိုင်ငံခြားကိုပြန်ဖို့ ထွန်းမင်း ဆုံးဖြတ်ထားပါတယ်။ မပြန်ခင် ယုတို့မိသားစုနဲ့ဆုံပြီး ညစာစားဖို့ စီစဉ်ကြပါတယ်။

သမီးလေး ယုယမင်းမောင်ကွယ်ရာမှာ ရှေးဟောင်း နှောင်းဖြစ်တွေ ပြောကြတာကို မမျှော်လင့်ဘဲ သမီးလေး ကြားသွားတဲ့အတွက် ထွန်းမင်းဟာ ဖခင်အရင်းဆိုတာသိ သွားပါတယ်။ ဒါကြောင့် ထွန်းမင်းကို "အဖေ"လို့ခေါ်ခွင့် ပြုဖို့ မိုးဇော်ဆီမှာ သမီးလေးက ခွင့်ပန်ပါတယ်။ အဲဒီမှာတင် ထွန်းမင်း မခံစားနိုင်တော့ဘဲ ရောဂါဖောက်လာပြီး သွေးအန်

www.burmeseclassic.com

www.burmeseclassic.com



ပါတော့တယ်။ သူ့ရဲ့အဖြစ်ဆိုးကို အမြင်မခံချင်တဲ့အတွက် ညစာတောင် မစားတော့ဘဲ အိမ်ပြန်ခဲ့ပေမယ့် ကားပေါ်မှာပဲ အသက်ဆုံးခဲ့ပါတော့တယ်။ သမီးလေးခမျာမှာတော့ "အဖေ" လို့ ရင်တွင်းက ပွဲတင်ထပ် ခေါ်နေမိပါတော့တယ်။

ဇာတ်လမ်းကောင်းလေးမို့ အားပေးကြဖို့ မိတ်ဆက် တင်ပြလိုက်ပါတယ်။

ဦးဝင်းမြိုင် (သရုပ်ဆောင်)



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ပုံပြင်၊ လွမ်းပုံပြင် နှင့် ကျွန်တော့်နဂါးပတ်လက်စွပ်အကြောင်း

မောင်ထွန်းညွန့် (ကွမ်းခြံကုန်း)

www.burmeseclassic.com

www.burmeseclassic.com



"သူ.....သူပဲ အမေ"

သားကြီးမောင်အောင်ဟိန်းက ကျွန်တော့်ကို မရဲတရဲပြောကာ သူနှင့် ပါလာသော သူ့အရွယ် အမျိုးသမီးကို လည်း တစ်ဆက်တည်းပြောလိုက်လေ သည်။

"ထိုင်.....နွယ်၊ ဒါ ကိုယ်တို့အိမ် ပဲ၊ ဒါကိုယ့်ဖေဖေ၊ မေမေက ဈေးသွား နေတယ်"

နွယ်ဆိုသော အမျိုးသမီးလေး သည် ကျွန်တော့်ကို မျက်လုံးလှန်စွန်ပျံ တစ်ချက်ကြည့်ပြီး အနီးဆုံးကုလားထိုင် တွင် ဝင်ထိုင်ကာ မျက်လွှာကိုချထား လိုက်သည်။ ကိုင်ဆောင်လာသည့် လက်ကိုင်ပဝါ အနီရဲရဲလေးကိုလည်း မိန်းမငယ်တို့ ရှက်ရွံ့နေတတ်ဟန်ကို ဖော်ပြသည့်သဘောဖြင့် ပွတ်ချေလိုက်၊ ဆွဲဖြန့်လိုက်၊ ပြန်လုံးထွေးလိုက် လုပ်နေ သည်။

"နွယ်ဆိုတာ နာမည်အပြည့်အစုံ ပဲလားကွဲ့"

"ရှင်....."

ကျွန်တော့်အမေးကို မဖြေလင့်ခဲ့ သည့် မိန်းကလေးငယ်က 'ရှင်' လိုက် သည်နှင့် သားကြီးက သူ့ချစ်သူကိုယ် စား ဝင်ပြောရှာသည်။

"နွယ်နွယ်ထွန်းတဲ့ အဖေ၊ သား နဲ့တစ်ကျောင်းတည်းပဲ၊ ဆယ်တန်း လည်း အတူတူအောင်ခဲ့ကြတာပဲ"

"သြော်.....အေး.....အေး"

"ကျန်တာတွေကတော့ သား အဖေ့ကို ပြောပြီးခဲ့တဲ့အတိုင်းပဲ"

"သြော်.....အေး.....အေး"

ကျွန်တော်၏ ဒုတိယမြောက် 'သြော်..အေး...အေး' အဆုံးတွင် သား ကြီးသည် 'နွယ်' ဆိုသော သူ့ကောင်မ လေး၏ကုလားထိုင်နားသို့ သူ့ကုလား ထိုင်ကို ရွှေ့လိုက်ကာ အတော်အရေး ကြီးမည်ထင်ရသည့် ကိစ္စတို့ကို ကျွန် တော်မသိအောင် တတွတ်တွတ်ပြော နေလေသည်။ ကောင်မလေးကလည်း ခေါင်းညိတ်လိုက်၊ ခေါင်းခါလိုက်နှင့် အတိုင်အဖောက်ညီနေကြလေသည်။

ကျွန်တော်သည် မကြာခင် ချွေးမ တော်ရတော့မည့် 'နွယ်နွယ်ထွန်း' ဆို သော မိန်းကလေးကို အပြန်ပြန်အလှန် လှန်ကြည့်နေစဉ် စိတ်ထဲ အမည်မသိ ခံစားချက်တစ်ခု ဝင်နေမိသည်။

ကျွန်တော့်ရှေ့မှသားကြီး မောင် အောင်ဟိန်းနှင့် ချွေးမလောင်း နွယ် နွယ်ထွန်းတို့သည် ကျွန်တော်နှင့်ကလေး တို့အမေ မကြည်လှ၏ သဘောတူညီ ချက်ကို နည်းမျိုးစုံဖြင့် တောင်းခံကြ ပေရော့မည်။

သူ၏ချစ်သူ နွယ်နွယ်ထွန်းသည် မည်မျှတော်ကြောင်း၊ လိမ္မာရေးခြားရှိ ကြောင်း၊ လူကြီးမိဘတို့ကို ရိုသေ သိ တတ်ကြောင်း စသည်တို့ကို ပြောကြား ကာ ဤမိန်းကလေးသည် ဤလောက တွင် သူ၏ဇနီးအဖြစ်ထိုက်ဆုံး၊ ကျွန် တော်နှင့် မကြည်လှတို့၏ ချွေးမအဖြစ် ထိုက်ဆုံးဖြစ်ကြောင်းကို သားကြီးက သွယ်ဝိုက်ပြောကြားကာ ကျွန်တော်တို့ ၏ ဆန္ဒမဲကို မဖြစ်မနေ ရယူတော့မည် မှာ သေချာသည်။

သြော်.....ချစ်နေ၍ ကောင်းဆဲ ဖြစ်သကဲ့သို့ သံယောဇဉ် အသစ်ကျပ် ချွတ်ကို ဤတစ်သက်တွင်တော့ ဟောင်းချေ နွမ်းချေတော့မည်မဟုတ်ဟု ထင်နေကြ၏။ တစ်ယောက်၏ နှလုံး သားတွင် တစ်ယောက်က ကျူးကျော် အိမ် ဝင်ရောက်တည်ဆောက်ပြီး နေ ထိုင်ကာ အဆိပ်တက်၊ အိပ်ပျက်နေ ကြဆဲ။ အကြောင်းမလှ၍ မပေါင်းရ ပါလျှင် နှစ်ယောက်ပေါင်း၍ နှစ်လောင်း ပြိုင်ရန် ဝန်မလေးကြသည့် အနေ အထား ဖြစ်နေကြဆဲပေကိုး။

"လက်ဖက်ရည်သောက်ကြဦး"

ကြီးတော် ဒေါ်သိန်းမြက လက် ဖက်ရည်ပန်းကန်များ လာချပေးရင်း ခေါင်းငုံ့နေသော နွယ်နွယ်ထွန်း၏မျက် နှာကို မရမက ကြည့်လိုက်သေးသည်။

ပြီး မီးဖိုထဲဝင်ခါနီး ကျွန်တော့် နားနားကပ်ကာ ကျေနပ်ပြုံးဖြီးသော မျက်နှာထားဖြင့် တိုးတိုးလေးပြောသွား သေးသည်။

"မိန်းမချောလေးဟဲ့၊ ငါတောင် မြင်မြင်ချင်းချစ်သွားတယ်အုန်းမောင်ရဲ့"

ကြီးတော် ဒေါ်သိန်းမြသည် ကျွန် တော့်ကို ပြောရုံသာမက ကျွန်တော့် တင်ပါးကို တစ်ချက်ပုတ်သွားသည်ကို ထောက်လျှင် 'ငါတော့သဘောကျနေ ပြီ

www.burmeseclassic.com

နင် ကြည်လှနဲ့တိုင်ပင်ပြီး ပေးစားလိုက်တော့’ဆိုသည့် မဟာသင်္ကေတကြီးကို ပြသွားခြင်းလည်းဖြစ်သည်။

+++

“သမီး…လက်ဖက်ရည်သောက်လေ”

ကျွန်တော်က နွယ်နွယ်ထွန်းကို လက်ဖက်ရည်သောက်ရန် ရည်ညွှန်းတိုက်တွန်းလိုက်သည်ဆိုလျှင်ပင် ကိုရွှေအောင်ဟိန်းက…..

“ဖေဖေကလက်ဖက်ရည်သောက်ခိုင်းနေတယ် နွယ်”

ဟု ဝမ်းမြောက်ဝမ်းသာသံကြီးနှင့် ဒရောသောပါးပြောကာ လက်ဖက်ရည်ပန်းကန်ကိုယူ၍ နွယ်နွယ်ထွန်း၏ နှုတ်ခမ်းနားတော့ပြီးသားဖြစ်သွားလေသည်။

“ဟော…..မေမေ ဈေးကပြန်လာပြီ ဖေဖေ”

“ဩော်…..အေး…..အေး”

ကျွန်တော်က ထုံးစံအတိုင်းပင် ‘ဩော်…အေး..အေး’ဟုပြောရင်း သားကြီးကို မသိမသာ မျက်စောင်းခဲလိုက်သည်။

မကြည်လှ ဈေးကပြန်လာခြင်းသည် နေ့စဉ်ကိစ္စကြီးဖြစ်နေသည်ကို တသီးတသန့် အစီရင်ခံလိုက်သည် အထိ နွယ်၏အငွေ့ပြန်ပြီး စကားရော၊ အမူအရာပါ မှုမမှန်ဖြစ်နေသော သားကြီးကို ‘မင်းတော်တော်ကဲ’ဆိုသည့် သဘောဖြင့် ထိုးလိုက်၊ ခဲလိုက်သည့် မျက်စောင်းဖြစ်သည်။

အောင်ဟိန်းသည် လူမှန်းသိကတည်းက ယခု (၁၉)နှစ်သားဆိုသည့် သက်တမ်းရောက်လာသည်အထိ တစ်ခါမျှ မလုပ်ခဲ့သော လုပ်ရပ်ဖြစ်သည့် သူ့အမေ မကြည်လှ၏ ဈေးဆွဲခြင်းကို ပြေးယူခြင်းအမှုပြုလိုက်ပါသည်။

မကြည်လှက သူ့သားကြီး ဈေးဆွဲခြင်း လာကြိုဆွဲယူသည်ကို တအံ့တဩဖြင့် ကမ်းပေးလိုက်ကာ ကျွန်တော့်ဘက်သို့လှည့်ပြီး…..

“သူမှာလိုက်တဲ့ ပဲငါးပိတော့ တစ်ဈေးလုံးရှာမတွေ့ဘူး၊ နောက်တွေ့မှပဲ အားရပါးရ…..”

မကြည်လှသည် ကျွန်တော့်ကို ပြောရင်း နွယ်နွယ်ထွန်းကို လှမ်းမြင်လိုက်သောကြောင့် စကားမဆုံးဘဲ တစ်ပိုင်းတစ်စဖြင့် ရပ်သွား၏။

“သူဘယ်သူလဲ”ဆိုသည့် အမေးပါသော အကြည့်ဖြင့် ကျွန်တော့်ကို ကြည့်သည်။

အောင်ဟိန်း၏ နွယ်နွယ်ထွန်းဟု နာရီဝက်ခန့် သူ့ထက်စောသိထားသော ကျွန်တော်က လုံးဝမသိသေးသော မကြည်လှကို နာရီဝက်ကြိုသိထားသည်ဆိုသော ဝါကြီးဖြင့် ပြောပြရ သည်။

“သားကြီးခဏခဏပြောပြောနေတဲ့ နွယ်ဆိုတာလေ၊ နာမည်အပြည့်အစုံက နွယ်နွယ်ထွန်းတဲ့”

ကျွန်တော်က သိထားသလောက်ကို အပြည့်အစုံ ပြောပြလိုက်သည်။ ထိုသို့ပြောပြလိုက်၍ မကြည်လှမှာ တစ်မဟုတ်ချင်း များစွာအရေးကြီးသွားဟန်ဖြင့် မကြည်လှက ကျွန်တော့်ဘက် ပြန်လှည့်ကာ ပြောခဲ့၏။

“သူကလည်း ဒီအတိုင်းကြည့်နေရသလား၊ ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို”

မကြည်လှ၏မျက်နှာသည် သားကြီးဘက်သို့ လှည့်သွားပြန်သည်။

“သားကြီးကကော ကိုယ့်ရည်းစားကို အဲလေ…..ကိုယ့်သူငယ်ချင်းကို ဘာမှမကျွေးဘူးလားကွဲ့”

မကြည်လှသည် သူ့သားကြီးထံမှ နွယ်နွယ်ထွန်းထိုင်နေရာသို့ ကြည့်လိုက်ပြန်၏။

“ဟဲ့…..ဘယ်သူ၊ သမီးပေါ့လေ၊ သမီး စားလေ”

“လက်ဖက်ရည်တိုက်နေတာ မေမေရဲ့”

“အေး…သောက်လေ၊ သောက် သမီး သောက်”

မကြည်လှသည် ကျွန်တော့်ကို ပြောလိုက်၊ သားကြီးကိုပြောလိုက်၊ နွယ်နွယ်ထွန်းကိုပြောလိုက်ဖြင့် လူစွေတက်စွေပြောအပြီး ကျွန်တော့်ထံသို့ လျှောက်လာကာ ဈေးတွင် ငါးရွေးလာသောကြောင့် ငါးစော်နံနေသော လက်ဝါးနှစ်ဖက်ကို ကျွန်တော့်နားတွင် ကပ်အုပ်ပြီး ခပ်တိုးတိုးလေးပြောလေ၏။

“သားကောင်မလေးက ချောတယ်နော်၊ ရိုးပုံလည်းရတယ်၊ နော် အဖေကြီး”

ကျွန်တော်က ခေါင်းညိတ်ပြီး သူ့စကားကို အသံတိတ်ထောက်ခံခြင်းပြုလိုက်သည်။

မကြည်လှ ပြောမည်ဆိုက ပြောလောက်ပါသည်။

ဒေါ်သိန်းမြလည်း ပြောသွားပြီးဖြစ်သည်။

နွယ်နွယ်ထွန်းသည် ပြောပလောက်အောင်ကို ချောပါသည်။

မျက်နှာ၏အလှအပသည် မြန်မာဆန်သည်နှင့်အမျှ ထိုမြန်မာဆန်သော

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို တစ်ပတ်လှည့် ဆံပင်အလယ်ခွဲတွင် နှင်းဆီနီနီတစ်ပွင့် ရှုရှုလေးတင်ထားသည့် ဆံမြိတ်နွယ်က ပိုလှ၊ ပိုယဉ်စေပါသည်။

တောက်ပဝင်းလက်လွန်းသော မျက်လုံးသည် ကလေးမ၏ ထက်မြက်သည့် အတွင်းစိတ်ကို ပြနေသကဲ့သို့ နဂိုပန်းနုရောင်ပြေးနေသော နှုတ်ခမ်းနှစ်လွှာ၏ ပါးလွှာတင်းစေ့ပုံမှာ တစ်စုံတစ်ခုကို ဆုံးဖြတ်ပြီးလျှင် မည်သည့်နည်းနှင့်မျှ ပြန်မပြင်ဆိုသည့်သဘောကို အပြည့်ဖော်ဆောင်နေပါသည်။

ဩော်.....လှပထက်မြက်သည်နှင့်အမျှ ဆုံးဖြတ်ချက် ရဲရဲချတတ်သည့် မျက်နှာမျိုးကို ပိုင်ဆိုင်သည့် ကလေးမပါတကား။

ကျွန်တော်သည် နွယ်နွယ်ထွန်းလေး၏ မျက်နှာကိုကြည့်ပြီး အတွေးဝေဝါးနေစဉ်မှာပင် မကြည်လှ၏အသံထွက်လာပြန်သည်။

"သမီးတို့ ဘယ်မှာနေကြသလဲ၊ မောင်နှမ ဘယ်နှယောက်ရှိသလဲ၊ မိဘများကကော"

မကြည်လှက မေးခွန်းသုံးခုကို ဆက်တိုက်မေးကာ ကျွန်တော့်ကိုပါဆွဲပြီး နှစ်ယောက်ထိုင် ကြိမ်ထိုးကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

"ကော်ဖီ၊ ကော်ဖီလား၊ လက်ဖက်ရည်လားမသိဘူး၊ သောက်လိုက် ဦးသမီး"

အောင်ဟိန်းက တစ်ချီ ပျာပျာသလဲဖြစ်ပြန်သည်။ သင်းသည် သူ့ကောင်မလေးနား ကပ်တိုးသွားကာ လက်ဖက်ရည်ပန်းကန်ကို ထပ်မြှောက်ပြီး.....

"သောက်လိုက် နွယ်၊ အေးကုန်ရင် မကောင်းဘူး၊ အစားအစာဆိုတာ ပူတုန်းစားမှ၊ အေးသွားရင် ပြင်ပ မလိုလားအပ်တဲ့ ပိုးမွှားတွေ ဝင်ရောက်လာပြီးသကာလ....."

ကိုရွှေအောင်ဟိန်းက ပြောရင်းမှ ကျန်းမာရေးပညာပေး ဟောပြောပွဲလိုလို၊ ဘာလိုလိုဖြစ်သွားသဖြင့် နွယ်



နွယ်ထွန်းသည်ပင်လျှင် ခစ်ခနဲ တစ်ချက်ရယ်လိုက်သည်ကို ကြားလိုက်ရသည်။

နွယ်နွယ်ထွန်းသည် လက်ဖက်ရည်ပန်းကန်ကို လှပလွန်းစွာ ကိုင်လိုက်ပါသည်။ ပြီး နှုတ်ခမ်းနှင့် တွေ့သည်ဆိုရုံတွေ့ပြီး တစ်ငုံမျှသောက်လိုက်ပြီးနောက် ဆက်ကိုင်ထားပါ သည်။

နွယ်နွယ်ထွန်း၏ ဘယ်ဘက်လက်သူကြွယ်တွင် ဝတ်ဆင်ထား သည့် နဂါးပတ်လက်စွပ်ကို ကျွန်တော် သတိပြုမိပါသည်။ လက်စွပ်သည် မည်သည့်ကျောက်မျှမပါ၊ ရွှေချည်းသက်သက်ကို နဂါးပုံ ခွေလိမ်ပြုလုပ်ထားကာ ကွင်းပိတ်မဆက်သည့် နဂါးလိမ် နှစ်ပတ်ရစ်လက်စွပ်ဖြစ်ပါသည်။

မကြည်လှက သူမေးသည့်မေးခွန်းများကို ဖြေသံမကြားသေးသဖြင့် အားမလိုအားမရဖြစ်ဟန်ဖြင့် ထိုင်ရာမှထပြီး နွယ်နွယ်ထွန်းထံ လျှောက်သွားသည်။

အောင်ဟိန်းက ဖယ်ပေးသည့် ကုလားထိုင်တွင် မကြည်လှက နွယ်နွယ်ထွန်းဘက်သို့ ကိုယ်ကိုစောင်းငဲ့ကာထိုင်ချလိုက်ပြီးထပ်မေးပြန်သည်။

"သမီးတို့ ဘယ်မှာနေကြသလဲ၊ သမီးတို့ မိဘများကော"

နွယ်နွယ်ထွန်းက အောင်ဟိန်းကို တစ်ချက်ကြည့်ပြီးမှ မကြည်လှဘက်သို့ လှည့်ကာ ရှိသေစွာပင် ဖြေပါသည်။

"နွယ်တို့ အရှေ့ရန်ကင်းမှာနေပါတယ်၊ နွယ့်ဖေဖေက သပြေတစ်ခက် ရုပ်ရှင်ကုမ္ပဏီပိုင်ရှင် ဦးထွန်းညွန့်ကျော်ပါ၊ နွယ့်မေမေက ဒေါ်ခင်လှသီပါ"

မကြည်လှသည် နွယ်နွယ်ထွန်း၏စကားကို ထပ်တူပြုရေရွတ်ကာ ခေတ္တစဉ်းစားပြီး ရုတ်တရက် သတိရလာဟန်ဖြင့် ပြောပြန်သည်။

"နှိုးတစ်ဝက်အိပ်မက်ဇာတ်ကား ရိုက်သွားတဲ့ မင်းသမီးဒေါ်ခင်လှသီလား"

www.burmeseclassic.com

www.burmeseclassic.com

နွယ်နွယ်ထွန်းက ခေါင်းညိတ်သဖြင့် မကြည်လှမှာ ပိုအားတက်သွားကာ ဆက်ပြောခဲ့၏။

"ဒီလိုကွဲ့ မေမေတို့ ခပ်ရွယ် ရွယ်၊ အဲ....သမီးတို့အရွယ်က သမီးတို့ မေမေပါတဲ့ နိုးတစ်ဝက်အိပ်မက်ဆိုတဲ့ ဇာတ်ကားထွက်လာတာပေါ့၊ သိပ်တော်တာပဲကွယ်၊ ဘာကြောင့်များ သမီးတို့ မေမေ ဇာတ်ကားတွေ ဆက်မရိုက်ဘဲ တစ်ကားတည်းနဲ့ငြိမ်သွား...အဲလေ.... ဘာလို့အနားယူသွားတာပါလိမ့်"

"နွယ်မသိဘူး ဒေါ်ဒေါ်၊ မေမေ ရုပ်ရှင်ရိုက်ဖူးတယ်ဆိုတာလည်း မေမေ့ အခန်းထဲမှာ ချိတ်ထားတဲ့ ဓာတ်ပုံတွေကြောင့် သိရတာပါ၊ မေမေ ရုပ်ရှင်ရိုက်ခဲ့တာလည်း နွယ်တို့တစ်သက်လောက် ရှိနေပြီဆိုတော့ မေမေနဲ့နွယ် ဒီရုပ်ရှင်ကိစ္စကို တစ်ခါမှ စကားမစပ်မိကြပါဘူး၊ သတိတရလည်း မရှိကြပါဘူး ဒေါ်ဒေါ်"

"ဆက်ရိုက်ဖို့ကောင်းတာပေါ့၊ သမီးတို့မေမေ ရုပ်ရှင်ရိုက်တဲ့အချိန်တုန်းက မင်းသမီးကောင်းက သိပ်ရှားတာ၊ သူသာဆက်ရိုက်လိုက်ရင် အကယ်ဒမီတော့ တန်းနေတာပဲ"

သားရေး၊ သမီးရေး၊ အိမ်ထောင်ရေး၊ အနာဂတ်ရေးကို တစ်ခွန်းမျှမပြောဘဲ စကားလမ်းကြောင်းပြောင်းပြီး အကယ်ဒမီတို့၊ ဘာတို့ပြောနေသည့် သူ့မေမေကို အောင်ဟိန်းက မကျေနပ်ဟန်ဖြင့် မျက်မှောင်ကုတ် နားထောင်နေရာမှ သူလိုချင်သည့်ခေါင်းစဉ်ကို ဖွတ်အတင်းတင်လေတော့သည်။

"အဲ.....အဲဒါ သားနဲ့နွယ်တို့က တစ်ယောက်နဲ့တစ်ယောက် အကျေအလည် ဆွေးနွေးပြီးကြပြီးပြီ ဖေဖေနဲ့ မေမေ၊ ရှေ့ဘဝခရီး အဲ.....ဆိုကြပါစို့၊ အနာဂတ်အတွက်လည်း ပုံစံချပြီး အစီအစဉ်ဆွဲပြီးပါပြီ၊ ဖေဖေနဲ့မေမေ ဆန္ဒက ဘယ်လိုလဲဆိုတာ သားတို့ အနေနဲ့ သိချင်တယ်"

အောင်ဟိန်းက သူ့စကားကို လမ်းခုလတ်တွင်ပင် ရပ်ထားလိုက်သည်။ သူ့စကားသည် မဆုံး၊ မဆုံးသော်လည်း ပြီးပြည့်စုံပြီးသား ဖြစ်နေပေသည်။

+++

BURMESE CLASSIC .com

မှန်သည်။

သူ့စကားအရ သူတို့နှစ်ယောက် ဆွေးနွေးပြီးကြပြီ၊ ရှေ့လာမည့် အနာဂတ်အတွက်ပါ အစီအစဉ်ဆွဲပြီးပြီ၊ ပုံစံချပြီးပြီဆိုသောကြောင့် ဖေဖေနဲ့မေမေ ဆန္ဒက ဘယ်လိုလဲဆိုတာဟူသာ သူပြောသည်။

အကယ်၍ ကျွန်တော်တို့ဘက်က အကြောင်းကြောင်းကြောင့် သဘောမတူဟုဆိုပါက သူတို့သဘောနှင့်သူတို့ ဘဝကို တည်ဆောက်ကြပါတော့မည်ဟု ဆိုလိုပြီးသား။ ခပ်ရှင်းရှင်းနားလည်ရမည်ဆိုပါက မပေးစားလျှင် ခိုးပြေးမည်ဟု ဆိုလိုမှန်း ကျွန်တော်သိလိုက်ပါသည်။

ထို့ကြောင့်လည်း မကြည်လှကို စကားလက်တံရှည်ခွင့်မပေးတော့ဘဲ ကျွန်တော်ကပဲ စကားစလိုက်ပါသည်။

"ဖြစ်သင့်တာတော့ ဖြစ်ရမှာပေါ့ကွာ၊ သားကြီးရော၊ သမီးရော အရွယ်ရောက်နေကြပြီပဲ၊ ဆယ်တန်းအောင် လို့ အလုပ်လည်း အသီးသီးရှိနေကြပြီ ပဲ၊ ဖြစ်ရစေမှာပေါ့ကွာ"

မကြည်လှက ကျွန်တော့်စကားမဆုံးခင် ဝင်ပြောသည်။

"အေး..မင်းတို့အဖေပြောသလိုပဲဖြစ်ရပါစေ့မယ်၊ အဲ.....လူကြီးချင်းတော့ တွေ့ဖို့လိုလိမ့်မယ်ကွဲ့"

ကိုရွှေအောင်ဟိန်းက သွက်လက်လွန်းစွာပင် အားရဝမ်းသာ ပြောခဲ့၏။

"သားစီစဉ်ပါ့မယ်၊ လာမယ့်စနေနေ့ ဝါခေါင်လပြည့်နေ့ကျတယ် ဖေဖေနဲ့မေမေ၊ အဲဒီနေ့မှာ လူကြီးချင်းတွေ့ဖို့သာ စီစဉ်လိုက်ပါ့မယ်၊ နွယ်တို့အိမ်မှာပဲ တွေ့ကြတာပေါ့"

"သားကြီးပြောတာ ကောင်းပါတယ်နော် မကြည်လှ၊ အဲဒီနေ့ တွေ့ကြပေါ့၊ တွေ့ကြတယ်ဆိုတာလည်း သိပ်ထူးထူးထွေထွေ မဟုတ်တော့ပါဘူး၊ မင်းတို့ပြောထား၊ ဟိုဘက်မိဘတွေကလည်း သိကြပြီးသားပဲဆိုတော့ မင်္ဂလာဆောင်ကိစ္စလေးဘာလေး ဆွေး

**လက်စွပ်က နဂါးကွဲ့၊ နဂါးဆိုတာ အစစကားလုံးအရရော၊**

**နေ့သင့် နံသင့် အရုပ်အရရော စနေကွဲ့၊**

**သမီးရဲ့မေမေက ခင်လှသိဆိုတော့ ဘယ့်နှယ်**

**ဒီစနေနံ နဂါးလက်စွပ်ကို အပျိုတုန်းက ဝတ်ခဲ့တာပါလိမ့်...**

www.burmeseclassic.com

www.burmeseclassic.com



နွေးဖို့ပဲ ရှိတော့တာပေါ့''

ကလေးနှစ်ယောက်၏မျက်နှာများ သိသိသာသာ ဝင်းထိန်သွားကြသည်ကို ကြည့်နူးစရာ တွေ့လိုက်ရပါသည်။

ဩော်.....ပျော်ကြပါစေလေ။

ကျွန်တော်သည် သားကြီးနှင့် နွယ်နွယ်ထွန်းတို့၏ အခက်အခဲကင်းသည့် ချစ်ခရီးလမ်းကို ဝမ်းသာအားရ ဖြစ်နေစဉ်မှာပင် မရွှေကြည်လှသည် မိန်းမ ပီသလွန်းစွာပင် စပ်စပ်စုစုနိုင်လှစွာဖြင့် နွယ်နွယ်ထွန်း၏ ဘယ်ဘက်လက်သူကြွယ်မှ ရွှေသားနဂါးပတ်လက်စွပ်ကို ကိုင်ကြည့်ပြီး မေးခဲ့၏။

''လှလိုက်တဲ့လက်စွပ်လေးပါလား သမီးရာ၊ ရွှေချည်းပဲနော်၊ ဘယ်လောက်သားလဲ၊ ဘယ်လောက်ကုန်လဲကွဲ့''

အောင်ဟိန်းက ရှက်သွားဟန်ဖြင့် သူ့အမေကို လှမ်းဟန့်လေသည်။

''အို.....မေမေကလည်း ဘာတွေလျှောက်မေးနေမှန်းမသိဘူး''

မကြည်လှ မလျှော့ပါ။ အသံပင် ပိုမာလိုက်သေးသည်။

''ဘာတွေလျှောက်မေးရမှာလဲ ဟဲ့ သိချင်လို့မေးတာပေါ့ဟဲ့''

နွယ်နွယ်ထွန်းက လက်စွပ်ကို ချွတ်ပြီး မကြည်လှလက်ထဲသို့ ယုံယုံကြည်ကြည်၊ ရင်းရင်းနှီးနှီး ထည့်ပေးလိုက်သည်။

''ဒါ မေမေ့လက်စွပ်ပါ၊ မေမေပြောတော့ သူအပျိုတုန်းကတည်းက လက်စွပ်တဲ့''

မကြည်လှသည် ဤမျှဖြင့် ကျေနပ်တတ်သည့် ဣတ္ထိယမဟုတ်။ အတွန့်တက်၊ အကွန့်စွက်ရမှ ကျေနပ်တတ်သူဖြစ်သည်။ ထို့ကြောင့် နွယ်နွယ်ထွန်းကို ထပ်၍ပုစ္ဆာထုတ်ပြန်သည်။

''လက်စွပ်က နဂါးကွဲ့၊ နဂါးဆိုတာ အစစကားလုံးအရရော၊ နေ့သင့်နံသင့် အရုပ်အရရော စနေကွဲ့၊ သမီးရဲ့မေမေက ခင်လှသီဆိုတော့ ဘယ့်နှယ် ဒီစနေနံ နဂါးလက်စွပ်ကို အပျိုတုန်းက ဝတ်ခဲ့တာပါလိမ့်၊ ယတြာအရဖြစ်ချင်လည်း ဖြစ်နေမှာပဲလေ''

မရွှေကြည်လှက စကားလုံးတို့က နေ့သင့်နံသင့်၊ ယတြာတို့ဖြင့် တမြိန်တရှက် ပြောနေလေသည်။

ဗေဒကဝိန္ဒ ဆရာမ မကြည်လှဟုများ ကင်ပွန်းတပ်လေချေဦးမည်လားမဆိုနိုင်။

နွယ်နွယ်ထွန်းကတော့ အရိုးခံပဲ ဖြေရှာသည်။

''ဒါတော့မသိဘူး ဒေါ်ဒေါ်၊ နေ့နံတို့ ဘာတို့လည်း နွယ်နားမလည် ဘူး။ နွယ်ဆယ်တန်းအောင်တဲ့နှစ်က မေမေက နွယ့်ကို ဒီလက်စွပ်ဝတ်ပေး ရင်း ပြောခဲ့တာရှိတယ်၊ ဒါ မေမေ အပျိုကတည်းက မြတ်မြတ်နိုးနိုး ဝတ်ခဲ့တဲ့လက်စွပ်၊ ခု သမီးဆယ်တန်းအောင်တဲ့ အထိမ်းအမှတ်အဖြစ် မေမေဆုချတယ်လို့ ပြောတာတော့ မှတ်မိတယ်''

''အေး ကောင်းတယ်ကွယ်၊ လှလိုက်တဲ့လက်စွပ်လေး''

မကြည်လှက လက်စွပ်ကို နွယ်နွယ်ထွန်းထံ ပြန်ပေးရင် ကျွန်တော့်ဘက်လှည့်ကာ အစီအစဉ်ကို ပြောပြခဲ့၏။

''ကဲ.....လာမယ့်စနေနေ့ နွယ်တို့မိဘတွေနဲ့ သွားတွေ့ရမယ်''

''အေး.....သွားတွေ့လိုက်လေ''

''သူကကော မလိုက်ဘူးလား''

ကျွန်တော်က အေးဆေးသော အမူအရာဖြင့် ဖြေလိုက်သည်။

''ငါ အဲဒီနေ့ မအားဘူးကွ၊ ကြိုပြီး ဒိတ်လုပ်ထားတဲ့ အရေးတကြီးကိစ္စတစ်ခု ရှိနေတယ်၊ အောင်ဟိန်းတို့ကိစ္စ ဒီလိုဖြစ်မယ်ဆိုတာ စောစောကမှ မသိတာ၊ နို့ဖြင့်ဆို ဟိုကိုဘယ်ကတိပေးမလဲ၊ ခုတော့ ဟိုကိုစကားလွန်ထားပြီးပြီ၊ မသွားလို့ လုံးဝ မကောင်းဘူးကွ''

မကြည်လှနှင့် အောင်ဟိန်းမျက်နှာပုပ်သွားကြပါသည်။

သူတို့က ကျွန်တော့်စကားကို အမှန်ထင်သွားကာ မျက်နှာပုပ်သွားကြခြင်းဖြစ်၏။

ကျွန်တော်ကလည်း ဤကဲ့သို့ လိမ်ပြော၍မှ မရှောင်လွှဲလျှင် မဖြစ်သောကြောင့် သားကြီးကိစ္စဖြစ်သော်လည်း လိမ်ဆင် ဆင်၍ ရှောင်လွှဲလိုက်ရပါသည်။

ဩော်...သည်ဝါခေါင်လထဲတွင် ဒီနေ့ အပူဆုံးပါတကား။

+++

ဒီနေ့ ဝါခေါင်လပြည့်၊ စနေနေ့။

မကြည်လှနှင့် ဒေါ်သိန်းမြတို့ အောင်ဟိန်းကိုခေါ်ကာ နွယ်နွယ်ထွန်းတို့မိဘများဆီ သားရေးသမီးရေးကိစ္စ သွားပြောကြမည့်နေ့၊ ခုလောက်ဆို လျှင် တွေ့ဆုံပြောဆိုနေလောက်ပေပြီ။

အောင်ဟိန်း၏ အဖေသည် ကမာရွတ်၊ ဆင်ရေတွင်း၊ ပျော်ဘွယ်ကျောင်းလမ်းတွင်နေသည့် ဦးအောင်မောင်ဆိုသည့်ကျွန်တော်မှန်း နွယ်နွယ်ထွန်းတို့မိဘများ သိပြီးလောက်ပေပြီ။

www.burmeseclassic.com

www.burmeseclassic.com

အမှန်စင်စစ် ဤယနေ့ပွဲကို ကျွန်တော်လိုက်သင့်ပါသည်။

မောင်အောင်ဟိန်းဘက်က တာဝန်အရှိဆုံးဖြစ်သည့် ဖခင်တစ်ယောက်အနေနှင့် ကျွန်တော် အမှန်လိုက်သင့်ပါသည်။ လိုက်သင့်သည်ဟုလည်း ကျွန်တော့်ကိုယ်ကျွန်တော် မှန်မှန်ကန်ကန် နားလည်ထားပါသည်။

သို့သော် ကျွန်တော် လိုက် မသွား။

မဟုတ်မဟတ် လုပ်ဇာတ်တစ်ခုဖြင့် ချိန်းထားပြီးသည့် ကိစ္စတစ်ခုရှိသည်ဟုပြောပြီး ရှောင်ထွက်လာခဲ့သည်။

ကျွန်တော့်တွင် ဘာကိစ္စမျှမရှိ။

ကျွန်တော် အမှန်စင်စစ် သွားတွေ့သင့်သည်မှာ နှယ်နှယ်ထွန်း၏ မိဘများကိုဖြစ်သည်။ သို့သော် ကျွန်တော် သွားမတွေ့။

အိမ်မှ မကြည်လှတို့မထွက်မီ ကြိုထွက်ကာ ဤနေရာတွင် တစ်ယောက်တည်း လာထိုင်နေမိသည်။

အောင်ဟိန်းသည် ကျွန်တော့်ကို စိတ်ကောက်ပေမည်။

မကြည်လှသည် ကျွန်တော့်ကို အမျက်ထားပေလိမ့်မည်။

မကြည်လှနှင့် ကျွန်တော်တို့ မညားမီ၊ မယူမီအထိ မြင်ဖူးခဲ့ကြသူများမဟုတ်။

ကျွန်တော် လမ်းပေါ်တွင် တေပေလေလွင့်နေသည်ကို မကြည့်ရက်သည့် ကျွန်တော့်အမေက ဖတဆိုးကျွန်တော့်ကို တောမှ သူ့ဆွေမျိုးများနှင့်တိုင်ပင်၍ ထိုတောမှ မကြည်လှကို ကျွန်တော်နှင့် ပေးစားခဲ့သည်။

ခု မကြည်လှနှင့် ကျွန်တော့်သားကြီး အောင်ဟိန်း၊ သမီးကြီး ချောသစ္စာနှင့် သားငယ် နှစ်ခါလည်သား ကျော်နန္ဒတို့ ရရှိခဲ့ကြသည်။



မကြည်လှ၊ ကျွန်တော်၊ အောင်ဟိန်း၊ ချောသစ္စာ၊ ကျော်နန္ဒစသည့် ဤအိမ်ထောင်သည် မည်သည့်အခက်အခဲ အကွေ့အကောက်မျှရှိသည့် အိမ်ထောင်မဟုတ်။ ပကတိသာယာသည့် အိမ်ထောင်ဖြစ်သည်။

ကျွန်တော်၏ ရုံးအုပ်လစာ၊ အိမ်မှာနေရင်း မကြည်လှနှင့် သမီးကြီး စက်ချုပ်သည့် ဝင်ငွေ၊ ပုဂ္ဂလိကပွဲရုံတစ်ခုတွင် စာရေးဝင်လုပ်နေသည့် အောင်ဟိန်းက သူသိတတ်သလောက် ထောက်ပံ့ဖြည့်စွက်သည့် ဝင်ငွေတို့ဖြင့် ကျွန်တော်တို့မိသားစုငါးယောက်၊ ဒေါ်သိန်းမြတစ်ယောက်၊ စုစုပေါင်း ခြောက်ယောက်အတွက် မည်သည့်အခက်အခဲမျှမရှိသော၊ သာယာပြေပြစ်လှသည့် အိမ်ထောင်တစ်ခုအဖြစ် ယနေ့အထိ တည်ရှိနေဆဲဖြစ်သည်။

သို့သော် အိမ်ထောင်သက် ၁၉ နှစ်၊ အောင်ဟိန်းတစ်သက်တာအတွင်း ဤနေ့သည် ကျွန်တော်၏ ကြီးမား သောတာဝန်တစ်ခုကို အိမ်ထောင်ဦးစီးတစ်ယောက်အနေနှင့်လည်းကောင်း၊ ဖခင်တစ်ယောက်အနေနှင့်လည်းကောင်း တိတိပပ ပျက်ကွက်သည့်နေ့ဖြစ်ပါသည်။

+++

မတတ်နိုင်ပါ။

ကိုယ့်အကြောင်းနှင့်ကိုယ်ပဲလေ။

ကျွန်တော် ပတ်ဝန်းကျင်ကို မျက်လုံးကစားလိုက်သည်။

မြို့တော် ဗဟိုချက်မဖြစ်သည့်

www.burmeseclassic.com

www.burmeseclassic.com



**မပေါင်းကြရလို့**
**တသသဖြစ်နေကြရတာကိုက**
**အချစ်ကပေးတဲ့**
**အရသာတစ်မျိုးပါ။ ကိုယ့်အချစ်နဲ့**
**မသက်ဆိုင်သူအသီးသီးရဲ့**
**ရင်ခွင်ထဲကနေပြီး**
**မပေါင်းလိုက်ရတဲ့**
**ချစ်သူကို တစ်သက်လုံး**
**တိတ်တခိုး တမ်းတနေရတာ**
**ချစ်သူတွေအတွက် ငိုနေရတဲ့**
**ပျော်စရာတစ်မျိုးပါ**
**...**

မဟာဗန္ဓုလပန်းခြံ။

ကျွန်တော်သည် မဟာဗန္ဓုလပန်းခြံအတွင်းရှိ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလလမ်းကြားရှိ ပန်းရန်ပညာဖြင့် ဖန်ဆင်းထားအပ်သော ကျောက်ဂူအတုလေးအနီးရှိ နှစ်ယောက်ထိုင် ကျောက်သားခုံတန်းလေးပေါ်တွင် တစ်ယောက်တည်း ငေးငေးငူငူ ထိုင်နေသည်ကို ပြန်သတိထားမိသည်။

လွန်ခဲ့သော နှစ်(၂၀)ခန့်လောက်က ဤခုံတန်းလေးပေါ်တွင် ကျွန်တော် မကြာမကြာထိုင်နေကျ။ သို့သော် တစ်ယောက်တည်းတော့မဟုတ်။ ကျွန်တော့်ဘေးတွင် ပက်စီအမည်ရှိ လှချေ၊ ချောချေ၊ နှစ်သက်ချစ်ကြင်ဖွယ်ရာ ကောင်းချေသော အမျိုးသမီးတစ်ယောက်နှင့်ဖြစ်သည်။

ထိုအမျိုးသမီးသည် ကျွန်တော်၏ ချစ်သူ။

ထိုအမျိုးသမီးနှင့် ကျွန်တော်တို့သည် ချစ်သူဘဝတွင်သာ ရပ်တန့်မနေကြဘဲ အနာဂတ်ဘဝတွင် လမ်းကွေ့လမ်းကောက် ရဲရဲကြီး လျှောက်ကြမည်ဟု ရည်ရွယ်ထားကြသူများဖြစ်သည်။

"ရည်းစားထားရုံသက်သက်၊ လျှောက်လည်ရုံသက်သက်လောက်နဲ့တော့ မောင့်ဘေးမှာ ပက်စီ့ကို ထားနေစရာ မလိုပါဘူး။ ရုပ်ရှင်ကြည့်၊ ဝတ္ထုဖတ်ပြီး မင်းသားနေရာမှာ အစားဝင် စိတ်ကူးယဉ်လိုက်ရင် ဖြစ်တာပဲ"

"----"

"မောင် ပက်စီ့ကိုချစ်တာက တစ်သက်စာ၊ တစ်ဘဝစာ၊ အို..ကုန်ကုန် ပြောမယ်၊ တစ်သံသရာစာ ချစ်တာ ပက်စီရဲ့၊ မောင်တို့မြတ်စွာဘုရားဟောကြားခဲ့တဲ့ သံသရာဘဝများစွာသာ ပြန်ဖြစ်ကြရိုးမှန်ရင် မောင်တော့ ဖြစ်လေရာဘဝတိုင်းမှာ ပက်စီ့ရဲ့ချစ်သူဆိုတဲ့ သံသရာစာချုပ်တောင် ချုပ်ထားလိုက်ချင်တယ်"

ကျွန်တော့်စကားကို နားထောင်ရင်း ပက်စီက ကထိကလိုလို၊ တရားဟောဆရာလိုလိုဖြစ်နေသည့် ရည်းစားစကားကို သဘောတကျ တခစ်ခစ် ရယ်တတ်သည်။

"မောင်ဟာလေ ကဗျာရေးတော့လည်း စကားလုံးတွေက နုလိုက်တာ၊ ရွရွလေး၊ မှုန်မှုန်လေး၊ ရေးထား၊ ရွေးထားလိုက်တဲ့ စကားလုံးတွေများ ဘာနဲ့တူသလဲဆိုရင် လပြည့်နွေညမှာ ရုပ်တိုက်ပြေးနေတဲ့ ရွက်ဝါလေးတွေကျနေတာပဲ၊ ကဗျာဆရာ မောင်နီပြာဆိုတဲ့အတိုင်း နီတော့မလို၊ ပြာတော့မလိုနဲ့ တကယ့်ကိုချစ်စရာ၊ ဝါးစားချင်စရာလေးတွေ၊ အဲ.....စကားလည်းပြောရော ကြေးစည်သံပေါက်နေတော့တာပဲ၊ ဘာပဲဖြစ်ဖြစ် ပက်စီ ယူ့ကိုချစ်တယ်၊ မောင့်ကိုချစ်တယ်၊ ပက်စီ ယူ့ကို၊ မောင့်ကိုချစ်တဲ့အချစ်က နေ့ဖို့ညစာမထားဘူး။ ပက်စီ့မှာရှိတဲ့ အချစ်အားလုံးကို မောင့်တစ်ယောက်တည်းမှာ အကုန်ချစ်လိုက်တာပဲ၊ မောင်နဲ့တူအောင် လေသံပြောင်းပြောကြည့်ရင် ပုတ်ပြတ် တစ်ဘဝစာအချစ်ပေါ့ မောင်ရယ်"

ပျော်ခဲ့ကြပါသည်။

ကျွန်တော်နှင့်ပက်စီ ချစ်သူအဖြစ် ပျော်ခဲ့ကြပါသည်။

ထိုစဉ်က ကျွန်တော်သည် ဘွဲ့ရအလုပ်လက်မဲ့၊ စာရေး၊ ကဗျာရေး

www.burmeseclassic.com

www.burmeseclassic.com



ထနေသည့်အချိန်။ ကျွန်တော့်အမည် ရင်းပျောက်ပြီး ကဗျာဆရာ မောင်နီပြာ ဖြစ်ကာ ကဗျာတွေရေးပြီး လမ်းဘေး ရေအိုးစင်မှာ ရေသောက်ကာ ဘုန်းတော်ကြီးကျောင်းမှာ ကပ်နေရသည့် အချိန်။

ပက်စီက ''မြန်မာပြည်မှာ တစ်ကျပ်တန် ရှိရဲ့လား၊ သုံးလို့ရသလား၊ သုံးစရာနေရာကော ရှိသလား''တဲ့။

အမှန်တော့ ပက်စီတို့မိသားစု



သည် ကျိုကျိုတက်ချမ်းသာသူများဖြစ်သည်။

သူနှင့်ကျွန်တော်တို့ မဟာတက္ကသိုလ်မှာပင်တွေ့သည်။

ကျွန်တော်က ငွေမတတ်နိုင်၍ တစ်ဝက်တစ်ပျက်ဖြင့် ကျောင်းထွက် ကာ လမ်းပေါ်မှ ကဗျာဆရာဖြစ်လာ သည်။ သူက ဘွဲ့တွေ တစ်ခုပြီးတစ်ခု ယူခဲ့သည်။

မလိုအပ်သောကြောင့် ဘာ အလုပ်မှမလုပ်။ ဦးလုဘူးဆိုသည့် သူ့ အဖေ သူဌေးကြီး၏ မကုန်နိုင်သော စည်းစိမ်ငွေကြေးများကို သုံးစွဲပျော်ပါးနေခဲ့သည်။

သို့သော် ကျွန်တော့်ကိုမူ ချစ်လွန်းသည်။

ဖြစ်လည်းဖြစ်ထွန်းစေချင်သည်။

ကျွန်တော်ဆိုသောကောင်ကလည်း ကဗျာရေးနေသည်ကလွဲပြီး ဘာတစ်ခုကိုမျှ ဟုတ်တိပတ်တိမလုပ်။

ထိုအခါ သူ့အနေနှင့် ကျွန်တော်နှင့်ပတ်သက်ပြီး သူ့ဖခင်ထံတွင် ကောင်းကွက်ဟူ၍ ပြောပလောက်အောင် တစ်ကွက်မျှရှိမလာ၊ ရှာမရဘဝဖြင့် ခမျာကြုံရရှာသည်။

တစ်ဖက်ကလည်း သူနှင့် ဂုဏ်ရည်တူ ငွေပုံ၊ ရွှေပုံပေါ်မှ ရွှေကြိုး ငွေကြိုး ဆက်ချင်နေသူ၊ ငွေကိုငွေချင်းတွေခင်းပြီး သူ့ကိုကမ်းလှမ်းလာသူတို့ တစ်နေ့တခြား များပြားလာခဲ့သည်။

သို့သော် ပက်စီသည် ချစ်သူအတွက် ချစ်သူဆန်သော ချစ်သူအစစ် ဖြစ်ပါသည်။

''မောင့်ကို မခွဲနိုင်ဘူး၊ မောင့်နောက်လိုက်မယ်၊ မောင်နဲ့အတူတူ အဆင်းရဲခံမယ်''

ထိုကဲ့သို့ ပြောလာသည်။

ကျွန်တော် စဉ်းစားရသည်။

''မောင် ဘာတွေကို စဉ်းစားနေတာလဲ၊ ပက်စီသိတာ ချစ်တာပဲ၊ ကျန်တာ ဘာမှမသိဘူး၊ ချစ်ရင် သစ္စာရှိရမယ်၊ အချစ်ရှိနေရင် ပက်စီဦးဆောင်ပြီး မိုက်မယ်၊ ပက်စီ မောင်နဲ့ ဘ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ထူထောင်ပါရစေ''

သို့ကလို အခိုင်အမာ ဆိုလာ၏။

သူမသည် ပြောသလိုလုပ်တတ်သည့် မိန်းကလေးမှန်း ကျွန်တော်သိထားသောကြောင့် သူ့ကို လျှော့မတွက်ရဲတော့။ တိုးမလား၊ ဆုတ်မလားဆိုသော ဤလမ်းဆုံတွင် ကျွန်တော် ပြတ်သားရမည်ကို ကျွန်တော်သိသည်။

ထို့ကြောင့် ကျွန်တော်ပြတ်သားလိုက်သည်။

ဖြစ်သင့်သည်နှင့် ဖြစ်ထိုက်သည်တို့ကိုလည်းကောင်း၊ လုပ်ချင်သည်နှင့် လုပ်သင့်သည်တို့ကိုလည်းကောင်း သူ့ကို ပြောပြပြီး လမ်းခွဲပစ်လိုက်သည်။

''မပေါင်းကြရတာ ချစ်သူတို့ရဲ့ဘဝမှာ အကြီးမားဆုံးသော အရသာပါ ပက်စီ၊ မပေါင်းကြရလို့ တသသဖြစ်နေကြရတာကိုက အချစ်ကပေးတဲ့ အရသာတစ်မျိုးပါ၊ ကိုယ့်အချစ်နဲ့ မသက်ဆိုင်သူအသီးသီးရဲ့ ရင်ခွင်ထဲကနေပြီး မပေါင်းလိုက်ရတဲ့ ချစ်သူကို တစ်သက်လုံး တိတ်တခိုး တမ်းတနေရတာ ချစ်သူတွေအတွက် ငိုနေရတဲ့ ပျော်စရာတစ်မျိုးပါ ပက်စီ၊ ဒီအရသာ၊ ဒီမျက်ရည်ကျရတဲ့ ပျော်စရာကိုပဲ မောင်တို့ တစ်သက်လုံး ခွဲဝေခံစားကြရအောင်''

ထိုနောက်ဆုံးစကားကို ဤခုံတန်းရှည်ပေါ်တွင် ကျွန်တော်ပြောပြီး မျက်ရည်စိုစွတ်နေသော သူ့ပါးပြင်ကို ပထမဆုံးနှင့် နောက်ဆုံးအကြိမ် နမ်းခဲ့ပါသည်။ ပက်စီနှင့်ကျွန်တော်တို့၏ ချစ်သူဘဝတွင် တစ်နမ်းသာရှိခဲ့ပါသည်။

ပြီး ကျွန်တော် သူ့ကို လက်ဆောင်ပေးခဲ့ပါသည်။

ထိုလက်ဆောင်မှာ စနေသားဖြစ်သော ကျွန်တော့်ဖေဖေက စနေသားဖြစ်သော ကျွန်တော့်ကို ပေးခဲ့သည့် ရွှေသားနဂါးပတ်လက်စွပ်ဖြစ်ပါသည်။

ဤမျှလောက်သော လက်စွပ်လေးသည် သူ့အတွက် မပြောပလောက်ပါ။

သို့သော် သူသည် ချစ်သူဆန်ပါသည်။

''မောင့်ကိုယ်စား ပက်စီယူထားမယ်''

ကျွန်တော့်ရှေ့တွင် လက်စွပ်ကို သူဝတ်ပါသည်။

ထိုနေ့သည် နောက်ဆုံးတွေ့ခြင်းဖြစ်သည်။

တစ်ဘဝစာ ဝေးကြသည့်နေ့ပါပေ။

နောက် ပက်စီသည် ရုပ်ရှင်မင်းသမီးလုပ်သည်။ နိုးတစ်ဝက်အိပ်မက်ဇာတ်ကားကို ခေါင်းဆောင်မင်းသမီးအဖြစ်ရိုက်သည်။ နောက်ပျောက်သွားသည်။

ကျွန်တော်လည်း ကိုယ့်အသည်းကို ကိုယ်မလုံသောကြောင့် ထပ်မစုံစမ်းခဲ့တော့ပေ။

သြော်.....ယခုသားကြီးကိစ္စနှင့်ကျမှ.....

+++

မှောင်ပေပြီ။

ကျွန်တော်သည် ခုံတန်းရှည်ပေါ်ထိုင်နေ၊ တွေးနေရာမှ ထလိုက်သည်။ ညရောက်လာပေပြီ။

ခုနေ မကြည်လှနှင့် အောင်ဟိန်းတို့ ပြန်ရောက်နေဝေရော့မည်။

ရင်မဆိုင်ရဲသောကြောင့် လိုက်မသွားခဲ့သော်လည်း အိမ်ရောက်လျှင် နွယ်နွယ်ထွန်း၏ဖခင် ဦးထွန်းညွန့်ကျော်နှင့် နွယ်နွယ်ထွန်း၏မိခင် ဒေါ်ခင်လှသီ (ခေါ်) ကျွန်တော့်ပက်စီတို့က သတ်မှတ်သည့် မင်္ဂလာရက်ကို ကျွန်တော် သိရမည်ဖြစ်သည်။

မည်သို့ဆိုစေ.....

မင်္ဂလာနေ့တွင်မူ ကျွန်တော်သွားပါမည်ဟု မရဲတရဲ ဆုံးဖြတ်လိုက်ပါသည်။ ကျွန်တော်သည် ခုံတန်းရှည်မှ ပက်စီထိုင်နေကျနေရာကို ပက်စီရှိနေသည်ဟု စိတ်က ယုံယုံကြည်ကြည်ဖြင့် ထင်ကြည့်မြင်ယောင်ရင်း တစ်ကိုယ်တည်း ဆုံးဖြတ်လိုက်ခြင်းဖြစ်ပါသည်။

မောင်ထွန်းညွန့် (ကွမ်းခြံကုန်း)



www.burmeseclassic.com

www.burmeseclassic.com



# ထက်ထက်

## ဟာသများ

ကြွားချင်ဦး

ဖုန်းအသစ်လေးရသည့် မိန်းကလေးတစ်ယောက်သည် သူမ၏ဟန်းဆက်အသစ်လေးကို ကြွားချင်စိတ်ဖြင့်....

**မိန်းကလေး။** ။ မနေ့က တို့အစ်ကိုဝယ်ပေးတာလေ။

**သူငယ်ချင်း။** ။ ဟယ်...တန်ဖိုးကြီးဟန်းဆက်ပဲ၊ လှလိုက်တာ။

**လက်တည့်စမ်းသူ။** ။ ပြစမ်းပါဦး၊ Function တွေစုံရဲ့လား။

ဟန်းဆက်မြင်လျှင် လက်တည့်စမ်းတတ်သော မိန်းကလေးက ပိုင်ရှင်လက်ထဲမှ အတင်းဆွဲလုယူလိုက်၏။ ပြီးနောက် တစ်မျိုးပြီးတစ်မျိုး စမ်းကြည့်နေတော့သည်။ ပိုင်ရှင်မှာ ပြန်တောင်းရအခက်၊ နှမြောရအခက်ဖြင့် ရင်တထိတ်ထိတ် ကြည့်နေစဉ်....

**လက်တည့်စမ်းသူ။** ။ ဟင်..ဘာဖြစ်သွားမှန်းမသိတော့ဘူး၊ ဆက်မလုပ်တတ်တော့ဘူး၊ ဆောရီးနော်။

ဖုန်းကိုပြန်ပေးပြီး ထိုနေရာမှ ပြေးထွက်သွားတော့၏။

**သူငယ်ချင်း။** ။ ကဲ...ကြွားချင်ဦးလေ၊ သူ့အကြောင်းသိရဲ့နဲ့ ပြမိတာကိုး။

ဖုန်းပိုင်ရှင်လည်း ဟန်းဆက်အသစ်လေးကိုကြည့်၍ စိတ်ညစ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# ထွက်သက်ထိ



အသက်ခြောက်ဆယ်နီးပါး လူပျိုကြီးတစ်ဦးသည် ရောဂါဝေဒနာခံစားရ၍ ဆွေမျိုးများက အထူးကုဆေးခန်းသို့ ပို့လိုက်ကြ၏။ တစ်ပတ်ခန့်နေပြီးနောက် ရောဂါသက်သာလာသည်နှင့် အိမ်သို့ပြန်ခေါ်လာကြသည်။

**နှမဖြစ်သူ။** ။ တွေ့လား၊ အရေးအကြောင်းဆိုရင် အစ်ကို့အနားမှာပြုစုသူမရှိတော့ ဒုက္ခရောက်ရတယ်မဟုတ်လား။

**အစ်ကိုဖြစ်သူ။** ။ အဲဒါကြောင့် မင်းကို အိမ်ထောင်ပြုပါလို့ တိုက်တွန်းခဲ့တာပေါ့ကွာ၊ မင်းက ပြောစကားမှ နားမထောင်တာဘဲကိုး။

လူပျိုကြီးမှာ နှုတ်က ထုတ်ဖော်မပြောသော်လည်း စိတ်ထဲက "မိန်းမယူရင် တစ်ယောက်ပဲရမယ်၊ မယူတော့ မိန်းမများများရတာမှ သူတို့မသိကြဘဲကိုး" ဟုပြောရင်း ကျိတ်ပြုံးနေ၏။

**တူမဖြစ်သူ။** ။ ဟုတ်တယ် ဦးလေး၊ သမီးက ဦးလေးအတွက်စိတ်ပူနေတာ၊ ပြန်ရမှာတောင် စိတ်မဖြောင့်တော့ဘူး။

**တူဖြစ်သူ။** ။ ဒီလိုလုပ်ပါလား မေမေနဲ့ဘဘ၊ ဦးလေးအတွက် စပါယ်ရှယ်နာ့စ်တစ်ယောက်လောက် ငှားပေးထားခဲ့ပါလား။

သည်တော့မှ လူပျိုကြီးထံမှ အသံထွက်လာရင်း ကမန်းကတန်း ပြောလိုက်တော့၏။

**လူပျိုကြီး။** ။ ငှားရင်လည်း ချောချောလေးပဲ ခေါ်လာခဲ့ပါကွာ၊ အဟီး....။

www.burmeseclassic.com

www.burmeseclassic.com

# အမှိုက်လိုလူ

ချစ်သူနှစ်ဦးသည် ပန်းခြံထဲတွင်ထိုင်ရင်း ချစ်တင်းနှောနေချိန်ဖြစ်၏။

**ကောင်လေး။** ။ မောင့်အပေါ် ချစ်တဲ့သဘောထားကို ပြောပြပါဦး မ,ရာ။

**ကောင်မလေး။** ။ မ,အချစ်က ဖုန်းတစ်လုံးလိုပါပဲနော်၊ တန်ဖိုးကြီးဖြစ်ဖြစ်၊ တန်ဖိုးနည်းဖြစ်ဖြစ် ဖုန်းဆက်လို့ရရင် ပြီးတာပါပဲ၊ အရေးကြီးတာက တန်ဖိုးထားတတ်ဖို့ပဲမဟုတ်လား။

**ကောင်လေး။** ။ မှန်လိုက်တာ အချစ်ရာ။

မိန်းကလေးသည် ချစ်သူ၏ရင်ခွင်ထဲ တိုးဝင်ရင်း မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



**ကောင်မလေး။** ။ မောင်ကရော ပြောဦးလေ။

မူနွဲ့နွဲ့ဖြင့် ပြောလိုက်ရာ ကောင်လေးက အားကျမခံပေ။

**ကောင်လေး။** ။ မောင်က အချစ်ကို မော်တော်ကားတစ်စီးနဲ့ တင်စားချင်တယ်၊မောင်သာကား ဝယ်နိုင်ရင် အပိုင်မဝယ်ဘူး။

**ကောင်မလေး။** ။ ဟင်.....ဘာဖြစ်လို့လဲ။

**ကောင်လေး။** ။ ဩော်.....ငှားစီးတော့ ကားအမျိုးမျိုး စီးရတာပေါ့ကွာ၊ အပိုင်ဝယ်ထားရင် တစ်စီးပဲစီးရမယ်လေ။

ကောင်မလေးသည် ချစ်သူ၏စကားကို ဘဝင်မကျစိတ်ဖြင့် မျက်စောင်းထိုးကြည့်နေ၏။ ကောင်လေးက မသိဘဲ စကားကို ဆက်ပြောနေသည်။

**ကောင်လေး။** ။ အခုခေတ်ပေါ် ကားလေးတွေက လှမှလှ၊ အပဟီး....ပုံအမျိုးမျိုးနဲ့ စီးချင်စရာကြီး၊ ဟီး..ဟီး..ဟီး၊ ဟုတ်တယ်နော် ချစ်။

**ကောင်မလေး။** ။ တော်ပါ၊ ရှင်က အမှိုက်ကားနဲ့ မိလ္လာကားတောင် ခေါ်တင်ရင် တက်စီးမယ့်လူပဲ၊ ရှင့်စိတ်ဓာတ်ကိုကြောက်သွားပြီ၊ နေရစ်ခဲ့ပေတော့။

**ထက်ထက်**


## ဆရာမ ဒေါ်အေးမြတ်ချို B.A (MS)
## (လက္ခဏာ၊ ဗေဒင်၊ ယတြာအစီအရင်)

လက်ရှိ ချစ်သူ၊ ခင်ပွန်း ရုပ်ထွေး ဖောက်ပြန်မှု အမြန်ဆုံးကင်းရှင်းဖို့။
မိမိနောက်ကွယ်မှာ အသစ်တစ်ယောက်နဲ့ ခြေရှုပ်နေသူ အမြန်ဆုံး ကင်းရှင်းပြတ်သွားဖို့။
ခင်ပွန်း၏ လုပ်ငန်းခွင်မှာ အနှောင့်အယှက် ကင်းရှင်းစေဖို့။
ချစ်သူ၊ ခင်ပွန်းအပေါ် မိမိပြောစကား အောင်မြင်ပြီး ကြင်နာဂရုစိုက်မှုရဖို့။
အိမ်မှာမနေချင်၊ အပြင်မှာပျော်ချင်သော ခင်ပွန်းကို အိမ်မြဲ၊ အိမ်ကပ်စေဖို့။

**လိပ်စာ– အမှတ် (၈၄၃)၊ (၃၄) ရပ်ကွက်၊ ဦးဝိစာရလမ်း၊**
**မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်။**
**ဖုန်း– ၀၉ ၄၉၃၃၉၈၅၄၊ ၀၉ ၅၀၆၂၈၄၃**

**အမျိုးသမီးသီးသန့်**


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဈေးဟောင်းသည် ယခင်က မင်္ဂလာတောင်ညွန့်မြို့နယ်၊ စက်ရုံလမ်း၊ သားသတ်ရုံ၊ အမဲဈေးနှင့် မလှမ်းမကမ်းတွင်ရှိသည်။ တစ်ထပ်ဈေးရုံများဖြစ်သည်။ ယခုအဆင့်မြင့်ဈေးသစ်နေရာကဲ့သို့ အထပ်ပေါင်းများစွာ မဟုတ်သေးပါ။

ယခင်ကလည်း လိုင်းကားပေါင်းများစွာ မင်္ဂလာဈေးသို့ ရောက်သည်။ ဈေးရှေ့မှတ်တိုင်တွင် အမှတ် ၁၅၊ ၃၁၊ ၃၂၊ ၃၃ နှင့် ကားလေးယာဉ်လိုင်းများ ရပ်သည်။ တာမွေ၊ မြို့ထဲလိုင်းများက မင်္ဂလာဈေးတွင်ဆင်းရန် ၁၂၄ လမ်းမှတ်တိုင်တွင် ရပ်ပေးသည်။

မင်္ဂလာတောင်ညွန့်ရဲစခန်းတွင် ကျွန်တော်တို့အမှုစစ်များမှာ မင်္ဂလာဈေးသစ်ရောက်လာကတည်းက တာဝန်တွေပိုလာသည်။ စခန်းမှူး ရဲအုပ်ကျော်မြတ်သူက လိုင်းကားများပေါ်သို့ ကြို/ကာအနေဖြင့် လွှတ်တတ်သည်။

လိုင်းကားများပေါ်တွင် နေ့စဉ်နေ့တိုင်း ကိစ္စကြီးငယ်၊ ပြဿနာများရှိနေသည်။ မကြာခဏ ဆွဲကြိုးဖြတ်မှု၊ အိတ်ခါးခွဲမှုများ တက်တတ်သည်။ အရပ်ဝတ်နှင့် ရဲတပ်ဖွဲ့ဝင်များကို ကိုယ့်နယ်မြေအစမှအဆုံးထိ လိုက်ကြည့်ခိုင်းသည်။

နယ်ထိန်းတစ်ဖွဲ့သာ လက်ပူးလက်ကြပ် ဖမ်းမိဘူးပါသည်။ ကျွန်တော်နှင့် အမှုစစ်တွဲဖက် ရဲတပ်ကြပ်ကြီး ကြည်သိန်းတို့ တစ်တွဲထွက်ရန် စခန်းမှူးက ညွှန်ကြားထားသည်။ အခြားဆရာအောင်စံထွန်းတို့၊ ဆရာသိန်းဟန်တို့မှာလည်း သူ့အတွဲနှင့်သူဖြစ်သည်။

ကျွန်တော်တို့အတွဲအား အမှတ်(၁၅)ဘတ်စ်ကားလိုင်းပေါ်လိုက်ပါပြီး ခါးပိုက်နှိုက်ဖမ်းဆီးနိုင်ရန် စခန်းမှူးက တာဝန်ချရင်း မည်သို့လုပ်ရမည်ကိုပြောပြသည်။

"အရပ်ဝတ်နဲ့သွားပါ၊ ဗိုလ်တိုးတို့ကို ကြို/ကာလွှတ်တာ၊ ကိုယ့်ဆီက အနိုက်ခံရလို့ကတော့ ကြည့်ကောင်းမှာပဲ"

စခန်းမှူးက နောက်လွှတ်လိုက်ပါသေးသည်။ ကျွန်တော်တို့နှစ်ယောက် ရန်ကုန်ဘူတာကြီးရှေ့အထိသွားသည်။ အဆိုပါ ဘူတာကြီးမှတ်တိုင်မှ တက်လိုက်လာသည်။ အေးဆေးဆေးဆေးပင်ဖြစ်သည်။ စပယ်ယာတစ်ဦးသာ အလုပ်များနေသည်။

အကြွေစေ့တွေယူလိုက်၊ ကျပ်တန်ကိုအမ်းလိုက်လုပ်နေသည်။ လိုင်းကားစီးသည့် ခရီးသည်များ၏အတက်အဆင်းကို စောင့်ကြည့်ပြောဆိုနေ၏။ အလယ်တိုးရန်၊ အလယ်တွင် သုံးတန်းတန်းရန် ခရီးသည်များအား စပယ်ယာက ပြောသည်။ ကားဆရာအားလည်း ဘယ်မှတ်တိုင်ရပ်ပါ၊ မောင်းပါ၊ ဆွဲပါ ဆိုသည်ကိုလည်း လှမ်းပြောနေသည်။

ဘယ်မှတ်တိုင်ရောက်တော့မည်၊ အပေါက်ဝတိုးထားရန်လည်းပြောသည်။ ဆင်းမည့်မှတ်တိုင်ကို ကြိုပြောထားရန်လည်း စပယ်ယာက သတိပေးနေ၏။

ကိုကြည်သိန်းက ခါတိုင်းဘတ်စ်ကားစီးနေကျတွင် ဘာမျှမထူးခြားခဲ့သော်လည်း ဂျူတီနှင့်လိုက်ရသည့်အခါဖြစ်၍ အားလုံးကို မှတ်သားလေ့လာနေပုံရသည်။ အစီရင်ခံစာတင်ရန်အတွက် ကားနံပါတ်ကို ရေးမှတ်နေသည်။ ကားဒရိုင်ဘာနာမည်၊ စပယ်ယာနာမည်တို့ကိုလည်း မေးမြန်းနေသည်။

စပယ်ယာက စကားပြန်ပြောလိုက်၊ ကားလေး၊ ကားကြီးများ ရှောင်မောင်းရန်၊ ကျော်မောင်းရန် ယာဉ်မောင်းအားလှမ်းပြောလိုက် လုပ်နေသည်။ ကျွန်တော့်သဘောမှာ ကိုကြည်သိန်းကို ထိုသို့မေးမြန်းပြောဆိုခြင်းမျိုး မလုပ်စေချင်ပါ။ ခါးပိုက်နှိုက်ဖမ်းဆီးရန်အတွက် သူလိုကိုယ်လို မသိလိုက်မသိဘာသာနေမှ ဖြစ်နိုင်မည်ဟုယူဆမိသည်။

အမှတ်(၁၅)ကားပေါ်မှ တာမွေလမ်းကျယ်မှတ်တိုင်အရောက်တွင်ဆင်းလိုက်သည်။ ကျွန်တော်တို့ရဲစခန်းအပိုင်နယ်မြေ ကုန်ဆုံးသွားခြင်းကြောင့်ဖြစ်သည်။ တာမွေဘက်မှလာသည့် (၁၅) ကားပေါ် ပြန်တက်လိုက်လာပြန်၏။ လူးလာစုန်ဆန်၊ အသွားအပြန်လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ရန် စခန်းမှူးက မှာလိုက်သည်မဟုတ်ပါလား။

"ကိုကြည်သိန်း တရားခံဖမ်းမိဖို့က ခင်ဗျားပါးစပ်နဲ့ မျက်လုံးကို ငြိမ်ငြိမ်ထား၊ ကြားလား"

ကျွန်တော်က လေသံနှင့် ကပ်ပြောသည်။ ကိုကြည်သိန်းက ပြောလျှင်တော့ သဘောပေါက်လွယ်သည်။ သို့သော်လည်း ကျွန်တော့်နားနားသို့ ကပ်ပြောပါသေးသည်။

"ပါးစပ်က ဟုတ်ပါပြီ၊ မျက်လုံးနဲ့မှ ဖမ်းလို့ရနိုင်မှာမဟုတ်လားဆရာ"

"မျက်လုံးက မျက်ရောင်လိုက်တယ် ကိုကြည်သိန်း၊ ခင်ဗျားမျက်လုံးနဲ့ ကြည့်နေရင် ပြစ်မှုကျူးလွန်တဲ့သူက သိတယ်၊ အခြားသူလည်းသိတယ်၊ ခင်ဗျား သဘောပေါက်လား"

ကိုကြည်သိန်း ခေါင်းတညိတ်ညိတ်နှင့် လက်ခံသွားသည်။ ကျွန်တော်တို့အတွဲမှာ သတ်မှတ်သည့်အချိန်ကုန်သွားသော်လည်း ဘာမှမထူးခြားပါ။ ခါးပိုက်နှိုက်ဆိုသည်မှာ ချိတပ်လာမှာမဟုတ်သည့်အတွက် မတွေ့မမြင်ပါ။

ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်နှစ်ယောက် လိုင်းကားပေါ်ပါလာသည်ကို ပြစ်မှုကျူးလွန်မည့်သူက သိနေမည်ဖြစ်သည်။ ကျွန်တော်တို့က ခရီးသည်များလို တည်တည်ငြိမ်ငြိမ်မရှိခြင်းကြောင့် ဖြစ်နိုင်သည်။ တစ်ဖက်က ကြည့်လျှင်လည်း ဘတ်စ်ကားပေါ် ရဲပါလာမှန်းသိလျှင် ဒုစရိုက်သမားများ ရှောင်သွားဖို့တော့ ရှိနိုင်ပါသည်။

+++

ထမင်းစားချိန် တန်းဖြုတ်ရန် စခန်းမှူးက မှာလိုက်ခြင်းကြောင့် ကျွန်တော်တို့ မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ ပြန်လာကြ၏။ တာဝန်တစ်ခု ကျေပွန်ခဲ့တယ်ဆိုသည့်မျက်နှာနှင့် ကိုကြည်သိန်းက ဂီဒီ (အရပ်ရပ်နေ့စဉ်မှတ်တမ်း) ပြနေသည်ကို တွေ့ရသည်။

"ဗိုလ်တိုးတို့အဖွဲ့ ပြန်ဝင်လာပြီလား၊ လာဦး"

"ဟုတ်ကဲ့ ဆရာကျော်"

စခန်းမှူး ရဲအုပ် ကျော်မြတ်သူက စခန်းမှူးရုံးခန်းထဲမှ လှမ်းပြောခြင်းဖြစ်သည်။ ကျွန်တော်နှင့်ကိုကြည်သိန်း အရှိအသေပေးပြီးဝင်သွားသည်။ စခန်းမှူးက ကျွန်တော်တို့အား ဆူပါတော့သည်။

"ဘယ်သွားနေကြတာလဲ၊ ၁၅ ဘတ်စ်ကားပေါ်မှာ အိတ်ခွဲသွားလို့ လာတိုင်နေပြီ"

မှန်ပါသည်။ စခန်းမှူးစားပွဲရှေ့တွင် လူတစ်ယောက်ထိုင်နေသည်။ စားပွဲပေါ်တွင် လက်ဆွဲအိတ်မည်းတစ်လုံးလည်း တင်ထားသည်။ ဓားခွဲရာကို စခန်းမှူးက စစ်ဆေးနေခြင်းဖြစ်သည်။ စခန်းမှူးက ပုဂ္ဂိုလ်ရေးအရ ချစ်ခင်သော်လည်း ရဲလုပ်ငန်းနှင့်ပတ်သက်လျှင် ပြောဆိုဆူပူလေ့ရှိသည်။ အမှုသည်ရှေ့တွင်လည်း လျှော့ပြောခြင်းမရှိပါ။

ကျွန်တော်တို့လည်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်မိပါသည်။ လွန်းပျံတာဝန်ထမ်းဆောင်ခဲ့သည့်ကြားမှ ခါးပိုက်နှိုက်က ပညာပြသွား၍ဖြစ်သည်။ ငွေကိုးသိန်း ပါသွားသည်ဟု သိရသည်။ ကျွန်တော်တို့လိုက်ပါလာသော ကားပေါ်တွင်ခဲ့သည်တော့ မဖြစ်နိုင်။ လမ်းတွင် တစ်စင်းနှင့်တစ်စင်း ရှောင်သွားသည့် ဘတ်စ်ကားများကို ပြန်လည်မြင်ယောင်မိသည်။

စခန်းမှူးအား ကျွန်တော်တို့ဘာမှဆင်ခြေမပေးတော့ပါ။ စခန်းမှူးအနေနှင့် ကြိုတင်ကာကွယ်မှုလုပ်လျက်နှင့် အမှုတက်သည်ကို လက်ခံနိုင်မည်မဟုတ်ပါ။ စခန်းမှူးက အမှုဆက်စစ်ရန်ပြောသောကြောင့် အမှုတွဲနှင့် တရားလို အောင်ငြိမ့်ကို အမှုစစ်အခန်းကျယ်ကြီးထဲသို့ ခေါ်လာခဲ့သည်။

ကိုကြည်သိန်းက စစ်ချက်များ လိုက်ရေးသည်။ ကျွန်တော်က အသေးစိတ် မေးမြန်းစစ်ဆေးရာ အောက်ပါအတိုင်း ထွက်ဆိုသည် -

အောင်ငြိမ့်သည် မနေ့က ကူမဲမှ မော်တော်ကားဖြင့် ရန်ကုန်သို့ရောက်လာသူဖြစ်သည်။ ကူမဲဆိုသည်မှာ ရှမ်းပြည်နယ်မှကူမဲမဟုတ်ပါ။ ကျောက်ဆည်၊ ကူမဲ၊ ဝမ်းတွင်းစသည့် မြို့များမဖြစ်သည်။ အောင်ငြိမ့်သည် ကျောက်တံတားမြို့နယ်အတွင်းမှ '---'တည်းခိုခန်းတွင် တည်းခိုသည်။

မင်္ဂလာဈေးတွင် ကုန်ပစ္စည်းဝယ်ရန် ရန်ကုန်သို့ ဆင်းလာခြင်းဖြစ်၏။ တည်းခိုခန်းမှ နံနက်စောစောထပြီး ရွှေတိဂုံဘုရားကို ဦးခိုက်ပါသည်။

ဘုရားကုန်းတော်ပေါ် မရောက်မီကပင် နေရောင်ခြည်တွင် ရောင်ခြည်ဖြာနေသော ရွှေစေတီကြီးကို ဖူးမြော်ရ၏။ တကယ့်အံ့ချီးဖွယ်ဖြစ်ပါသည်။

တနင်္ဂနွေနံဘုရားတွင် ရေချမ်းသပ္ပာယ်သည်။ ဂေါတမမြတ်စွာဘုရားထံတွင် ပန်းကပ်ပြီး ဆုတောင်းတောင်းသည်။ တန်ခိုးကြီးဘုရား ဖူးမြော်ကန်တော့ရချိန်တွင် အညာမှမိဘ

www.burmeseclassic.com

www.burmeseclassic.com



များကို သတိရမိသည်။

တည်းခိုခန်းပြန်လာကာ ရေထပ်ချိုးသည်။ မင်္ဂလာဈေးသို့သွားရန် အိတ်ဆွဲပြီးထွက်လာခဲ့သည်။ ဆူးလေမှတ်တိုင်အနီးရှိ စားသောက်ဆိုင်တွင် ဝမ်းပြည့်အောင်ဖြည့်ပြီးမှ အမှတ် (၁၅) ဘတ်စ်ကားပေါ်တက်ခဲ့၏။ အမှတ် ၁၅ လိုင်းကားသည် စပျစ်ခိုင်ပမာ တိုးလိုးတွဲလဲဖြင့် ဆူးလေဘုရားလမ်းပေါ်မှ သမ္မတရုပ်ရှင်ရုံဘက်သို့ အရှိန်နှင့်ပြေးသွား၏။ မိုးသည် သဲကြီးမဲကြီးတော့မဟုတ်လင့်ကစား တဖွဲဖွဲတော့ ရွာချနေ၏။

ကောင်းကင်တွင်မိုးသားထုသည် သပြေသီးရောင်ပေါက်နေ၏။ ဗိုလ်ချုပ်လမ်းမကျော်မီ အောင်ခြိမ့် အတင်းတိုးကာ ကားထဲသို့ဝင်ခဲ့၏။ ကားထဲတွင်မူ အပြင်လောက် ကျပ်ညပ်မနေ။ မိုးစိုခံကာ အပြင်တွင် ဘာကြောင့် ရပ်စီးချင်ကြပါလိမ့်ဟု အောင်ခြိမ့် စဉ်းစားနေမိ၏။

အချိန်ခဏလေးမှာပင် ရန်ကုန်ဘူတာကြီးဘက် ကားချိုးသွားသည်။ အောင်ခြိမ့် ယခင်က ဒီလမ်းကြောင်းကို သွားဘူးသဖြင့် ကားညာဘက်အချိုးတွင် သိလိုက်ခြင်းဖြစ်သည်။

"အထဲဝင်ကြပါ၊ တိုးပေးပါ၊ အလယ်တိုးပေးပါ၊ အပြင်ကယောကျ်ားလေးတွေ၊ အစ်ကိုတို့ ဖျားနာကုန်လိမ့်မယ်၊ အထဲဝင်ကြပါ၊ အထဲမှာ ချောင်နေပါတယ်၊ ဝါသနာပါရင် ကလို့ရတယ်"

ယာဉ်နောက်လိုက်က အသံစာစာစာ အော်ပြောနေသော်လည်း မည်သူမှ အထဲမဝင်ကြ၊ အထဲမတိုးကြ။ တကယ်တော့ ယာဉ်နောက်လိုက်ပြောသလို ဝါသနာပါရင် ကလို့ရအောင်လည်း အထဲတွင် ချောင်ချောင်လည်လည်တော့မဟုတ်။ သဘော်သီးထဲက သဘော်စေ့တွေလို သူ့နေရာနှင့်သူ ရှိနေသည်။

အောင်ခြိမ့် ရန်ကုန်ကလူများအကြောင်း ကားပေါ်တွင်လိုက်ပါလာရင်း စဉ်းစားမိ၏။ လက်ဖက်ရည်ဆိုင်ထိုင်လျှင်လည်း ဆိုင်ထဲမထိုင်ချင်။ ဆိုင်အပြင် ပလက်ဖောင်းပေါ်တွင်ထိုင်လိုကြသည်။ ကားစီးလျှင်လည်း အပြင်မှာပဲ တွယ်စီးချင်ကြသည်။ ဒါဘာသဘောလဲ။

"မင်္ဂလာဈေးလမ်းဆင်းမယ့်သူတွေ ထွက်ထားပါ၊ မှတ်တိုင်ပါတယ် ဆရာရေ့"

အောင်ခြိမ့်၏အတွေးမဆုံးမီ ယာဉ်နောက်လိုက်အသံကြောင့် ကားနောက်ပေါက်ဘက် ပြန်တိုးလာခဲ့၏။ ကားရပ်လိုက်ချိန် အောင်ခြိမ့်သည် သူ့လက်ဆွဲအိတ်ကို အတင်းဆွဲယူရင်း လူကြားထဲမှ တိုးဝှေ့ဆင်းလိုက်၏။

ဈေးဘက်ပလက်ဖောင်းပေါ်တက်လိုက်ရင်း ပေါ့သွားသည်ထင်သောအိတ်ကို ငုံ့ကြည့်မိသည်။ လက်နှစ်ဖက်နှင့် အိတ်ကို မ,၍ ကြည့်လိုက်၏။ လက်ဆွဲအိတ်ထဲတွင် ငွေစက္ကူထုပ်များ မရှိတော့။ အိတ်လက်ဝဲဘက်ချုပ်ရိုးနှစ်ခုကြားအလယ်တွင် တစ်ပေခန့်အရှည် ဓားခွဲရာတစ်ခုကို တွေ့လိုက်ရသည်။

အောင်ခြိမ့် ရပ်နေရာမှ အမဲဈေးဘက် တစ်လှမ်းချင်းလျှောက်သွား၏။ တစ်ဖန် ဦးအုန်းခိုင်လမ်းမှ မင်္ဂလာတောင်ညွန့်ရဲစခန်းဆီသို့ သွားရောက်အမှုဖွင့်ခဲ့သည်။

+++

ကိုကြည်သိန်းက အခွဲခံရသောအိတ်အမည်းကို သေချာစွာ စစ်ဆေးနေသည်။ ကျွန်တော်လည်း လိုက်ကြည့်မိ၏။ ECHOLAC-Made in Japan စာတန်းပါ သားရေလက်ဆွဲအိတ်၏ ဝဲဘက်ချုပ်ရိုးနှစ်ခုကြားအလယ်တွင် အထက်အောက် တစ်ပေခန့် ဓားခွဲရာကို တွေ့ရသည်။

"ခါးပိုက်နှိုက်ဝါရင့်ထဲကပဲ၊ ဒီမှာကြည့် ဆရာတို့၊ ဓားခွဲရာက အစအနမထွက်ဘူး၊ တစ်ချက်တည်းပဲ၊ တိတိကျကျ ပြတ်ပြတ်သားသားခွဲထားတာတွေ့ရတယ်၊ ဓားခွဲလမ်းကြောင်း တည်ငြိမ်လိုက်တာ"

ကိုကြည်သိန်းပြောသည်ကို ကျွန်တော် နားထောင်ပြီး ဓားခွဲရာကို ပြန်ကြည့်မိသည်။ ယခင်အမှုများ စစ်ဆေးစဉ်က ဖြစ်သလို စောင်းစောင်း၊ ကန့်လန့် ခွဲထားသည်များကို တွေ့ဘူးပါသည်။ ယခု အလေ့အကျင့်ကောင်းသော တရားခံပဲဟု စဉ်းစားမိသည်။

"ငွေဘယ်လောက်ပါသွားလဲ"

ကျွန်တော် တရားလိုဘက်သို့ လှည့်ပြီး စစ်မေးပြန်သည်။ ကိုကြည်သိန်းပြောသည်ကို အောင်ခြိမ့်က ငြိမ်ငြိမ်နားထောင်နေရင်း ခေါင်းတညိတ်ညိတ်လုပ်နေရာမှ ကျွန်တော့်ကို မော့်ကြည့်ပြီး ပြန်ဖြေသည်။

"ကိုးသိန်းပါ ဆရာ၊ တခြားတော့ ဘာမှပါမသွားပါဘူး"

"ခင်ဗျား မင်္ဂလာဈေးမှာ ဘာတွေဝယ်မလို့လဲ၊ ပိုက်ဆံတွေများလှချည်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဟာမဟုတ်ပါဘူး၊ ရုံးဝန်ထမ်းတွေ ပစ္စည်းဝယ်ဖို့ပေးလိုက်တဲ့ငွေတွေပါ"

ကျွန်တော် ခေါင်းကြီးသွားပါသည်။ သက်ပြင်းလည်းချမိသည်။ သူ့ငွေမဟုတ်ဘူးဆိုလာသောကြောင့် ဟိုတွေး၊ ဒီတွေး တွေးမိသည်။ အိတ်မည်းကို သေသေချာချာ ပြန်ကြည့်မိသည်။ မည်သို့ပင်ဆိုစေ ဘတ်စ်ကားပေါ်တွင် အိတ်ကိုဓားနှင့်ခွဲသည့်အမှုမို့ ရဲလုပ်ငန်းများကို ရပ်ဆိုင်းထား၍မဖြစ်ဘဲ တိုင်းဒေသကြီးရုံး၊ ဒုစရိုက်နှိမ်နင်းရေးဌာနနှင့် သတင်းပို့ဆက်သွယ်၏။

မိမိနယ်မြေနှင့် ဆက်စပ်နေသော ရဲစခန်းများနှင့်လည်း ဆက်သွယ်ပြီး ဓားခွဲတတ်သော တရားခံများ ဖော်ထုတ်ပေးနိုင်ရေး အပူတပြင်း ဆောင်ရွက်ရ၏။ ခါးပိုက်နှိုက်လိုင်းအမျိုးမျိုးနှင့် နေရာဒေသအလိုက် ပြစ်မှုကျူးလွန်လေ့ရှိသူများကို မိတ်ဖက်ရဲစခန်းများနှင့်ပူးပေါင်းပြီး ဖော်ထုတ်ရမည်ဖြစ်သည်။

တိုင်ကြားသူအပေါ် ကျွန်တော် သံသယဝင်နေမိသည်။ သူများငွေတွေ ခါးပိုက်နှိုက်ခံရပြီး ရဲစခန်းတွင် အမှုဖွင့်ခဲ့လေသည်။ အောင်ခြိမ့်အတွက် အကောင်းဆုံးသော အထောက်အထားဖြစ်သည်။ ကျွန်တော်တို့ ရဲအမှုစစ်များ အနေဖြင့် သံသယဝင်စေကာမူ တိုင်ကြားသူကို သံသယရောင်စုံမျက်လုံးနှင့် မကြည့်ရပါ။

ထို့အတူ စကားဖြင့်လည်း ချိုးနှိမ်မပြောရပါ။ လေးလေးစားစားဆက်ဆံရ၏။ သက်သေအထောက်အထား၊ အကြောင်းရင်းဇာစ်မြစ်ကိုတော့ ရှာရပါမည်။ သံသယဆိုသည်မှာ ဟုတ်ချင်မှ ဟုတ်နိုင်ပါသည်။ ရဲစခန်းသို့လာတိုင်သည့် တရားလိုကို ပြဿနာမရှာသင့်ပါ။

"အောင်ခြိမ့် ခင်ဗျားစီးလာတဲ့ ကားနံပါတ် မှတ်မိသလား"

"မမှတ်မိဘူးခင်ဗျား၊ စိတ်ထူပူသွားတာမို့ ဘတ်စ်ကားနံပါတ် မှတ်ရမယ်လို့လည်း မသိဘူး"

"ခင်ဗျားစီးလာတုန်းက ခင်ဗျား အနေနဲ့ မသင်္ကာစရာဖြစ်မိသူ တစ်ယောက်ယောက် တွေ့မိသလား၊ သတိထားမိသလား"



"မတွေ့မိပါဘူး၊ ကျွန်တော်ကား ထဲကို တိုးစီးလာတာပဲ၊ ကားပေါ်က ဆင်းပြီးမှ အိတ်ခွဲခံရတာ သိလိုက်တာ"

"ငွေတွေကို ဘယ်လိုထည့်ထားခဲ့တာလဲ"

"အထုပ်လိုက်ထည့်ထားခဲ့ပါတယ်၊ နှစ်ထုပ်ကို ပလတ်စတစ်နဲ့ထပ်ပတ်ထားပါတယ်"

"အတော်လေးတာပဲ အိတ်ထဲက နှိုက်ယူသွားတာနဲ့ ခင်ဗျားသိဖို့ ကောင်းတာပေါ့"

"တိုးဝှေ့စီးရလို့လား မသိဘူး ဆရာ၊ ကျွန်တော် တော်တော်ပေါ့သွားခဲ့တာ"

ကျွန်တော် တွေးမိပါသည်။ အလင်းရောင်ပင် မရှိတော့။ ရဲထံအမှုလာတိုင်သည်မှလွဲပြီး အမှုပေါ်ပေါက်နိုင်ရေးအတွက် အထောက်အကူပေးမည့် ကူညီမှု တစ်စုံတစ်ရာ မပေးနိုင်။ တရားခံနောက်လိုက်ရန် ဂဃနဏမသိ။

ရဲကလည်း တရားလိုကူညီမှု၊ ပြည်သူကူညီမှု သူ့အတွေ့အကြုံ၊ သူ့ကျွမ်းကျင်ရာတို့ ပေါင်းစပ်ပြီး အမှုမှန်ဖော်ထုတ်နိုင်မည်မဟုတ်ပါလား။ အခုတော့ သည်အမှုက ပိန်းပိတ်ထူထဲစွာ မည်းမှောင်နေပြီ။

"ကျွန်တော့်ငွေဆို မတိုင်ပါဘူး၊ ခုဟာက ပစ္စည်းဝယ်ဖို့ပေးလိုက်တဲ့ သူများငွေတွေမို့ပါ၊ ခုလို ကျွန်တော်တိုင်မထားရင် ကျွန်တော့်ကို တစ်မျိုးထင်နေမှာစိုးလို့ပါ"

အောင်ခြိမ့်ထွက်ဆိုချက်အပေါ် ကျွန်တော်တွေးနေမိသည်။ သူ့ရည်ရွယ်ချက်ကလည်း ကြီးမားပါပေ့။ အမှုပေါ်ဖို့ ဦးမတည်။ သူ့ဘဝ အဖတ်ဆယ်ဖို့သာ ဦးတည်နေတာပဲဖြစ်သည်။ အမှု

www.burmeseclassic.com

www.burmeseclassic.com



စစ်တွဲဖက် ကိုကြည်သိန်းက ထွက်ဆိုချက်အပြည့်အစုံရေးသားပြီး ပြန်ဖတ်ပြခိုင်းသည်။ ထို့နောက် အောင်မြင့်အား ကူမဲသို့မပြန်သေးဘဲနေရန်မှာပြီး ရဲစခန်းမှ ပြန်လွှတ်လိုက်၏။

+++

ကိုကြည်သိန်းသည် အမှုနှင့်သိမ်းထားသည့် လက်ကိုင်အိတ်အမည်းကို ဂါတ်စာရေးကြီးထံ မှတ်ပုံတင် ၃၂ သွင်းရန်လုပ်နေပါသည်။ ကျွန်တော်က အိတ်ကိုယူပြီး ခါးခွဲရာကို ပြန်ကြည့်မိသည်။ အပြင်ဘက်ဇစ်ကို ဆွဲဖွင့်ပြီး အတွင်းသို့ လက်နှိုက်ကြည့်လိုက်၏။ ပလတ်စတစ်ချောချောလေးကို စမ်းမိသဖြင့် ဆွဲထုတ်လိုက်ရာ ပလတ်စတစ်အိတ်ကြည်လေးထဲထည့်ထားသော ဓာတ်ပုံတစ်ပုံ ပါလာသည်။

စုံတွဲရိုက်ထားသည့်ပုံဖြစ်ပြီး အောင်မြင့်နှင့် မိန်းမချောလေးတစ်ယောက်ပုံဖြစ်သည်။ ပျော်ရွှင်ခြင်းများနှင့်ဖြစ်သည်ကို ကြည့်ရုံနှင့် သိနိုင်ပါသည်။ ကိုကြည်သိန်းလည်း ဓာတ်ပုံကို စိတ်ဝင်စားသွား၏။ ဓာတ်ပုံကို ကြည့်နေရင်း ကိုကြည်သိန်း တစ်စုံတစ်ရာကို တွေးတောနေပုံရသည်။

"ဖောင်တော်ဦးဘုရားရှေ့မှာ ရိုက်ထားတာပဲ၊ မိတ္ထီလာဖောင်တော်ဦး သေချာတယ်၊ အမှုပေါ်ပြီ ဆရာ"

ကိုကြည်သိန်း ဘာတွေပြောနေသည်ကို ကျွန်တော် နားမလည်နိုင်သေးပါ။ သူပြောတာကို စောင့်နားထောင်နေမိသည်။ ကိုကြည်သိန်းမှာ ခါတိုင်း ရွှတ်ရွှတ်နောက်နောက်၊ ပေါ့ပေါ့ဆဆ နေတတ်သူဖြစ်၏။ အမှုကိစ္စနှင့်ဖြစ်လျှင် အတွေးအခေါ်တို့ ဘယ်ကရောက်လာမှန်းမသိချေ။

"မိန်းကလေးက ချောနေတယ်၊ သေသေချာချာကြည့်ရင် သွက်လက်ချက်ချာမယ့်ပုံပဲ၊ အောင်မြင့်အပေါ်လွှမ်းမိုးထားတာ သေချာတယ်"

"ကိုကြည်သိန်းရယ် ရဲစခန်းကို အားကိုးလို့လာတိုင်တဲ့ တရားလိုကို တရားခံနောက်ကြောင်းလိုက်သလို လုပ်လို့မကောင်းပါဘူး"

"ဆရာ အမှန်တရားက ဘာလဲဆိုတာ သိအောင်လုပ်ရမယ်လေ"

ကျွန်တော် ကိုကြည်သိန်းကိုဘာမှပြန်မပြောတော့ဘဲ ဓာတ်ပုံကိုယူပြီး အမှုတွဲတွင် တွဲထားလိုက်သည်။

"ဆရာဦးတိုးမြင့် မိတ္ထီလာက ဖုန်းပြန်ခေါ်ပြီ"

ကျွန်တော်က အမှုနှင့်ပတ်သက်ပြီးသက်သေထွက်ချက်ရနိုင်ရန် တရားလို တိုင်ကြားထားသည့်အတိုင်း ရုံးဝန်ထမ်းများ၏ငွေ ဟုတ်၊ မဟုတ် အတည်ပြုချင်သောကြောင့် မိတ္ထီလာမြို့မရဲစခန်းရှိ အရာခံ ကိုစိန်မောင်ထံ တယ်လီဖုန်းခေါ်ထားခြင်းဖြစ်သည်။ ပထမခေါ်တုန်းက တန်းစီနေ၍ ပြန်ခေါ်ခြင်းဖြစ်၏။

"ကျွန်တော် စိန်မောင်ပါ ဆရာ၊ ဘာကိစ္စရှိလို့ပါလဲ"

"ကျည်တော်အုပ်စုသမဝါယမဆိုင်က ကိုအောင်မြင့်က အမှုလာတိုင်ထားတယ်၊ ဝန်ထမ်းတွေရဲ့ငွေ ဘယ်လောက် ပစ္စည်းဝယ်ဖို့ပေးလိုက်တယ်ဆိုတာ ဆရာစိန်မောင် စုံစမ်းပေးပါလား၊ လိုအပ်ရင် တရားဝင်ထွက်ချက်ရေးပေးပါ"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်နေတဲ့ ရပ်ကွက်ထဲမှာပါ၊ အောင်မြင့်က ကူမဲသား ဆရာ၊ အစိုးရခန့် သမဝန်ထမ်းပါ၊ ကျွန်တော် မေးပေးပါ့မယ်"

"တစ်ခုရှိသေးတယ်၊ ဓာတ်ပုံနောက်ကျောမှာပါတဲ့နာမည်က သရဖီလို့ ရေးထားတယ်၊ ခပ်ချောချောပဲ၊ ဆရာစိန်မောင် စုံစမ်းပေးပါဦး"

"ဩော်.....သရဖီကိုလည်း ကျွန်တော်သိတယ် ဆရာ၊ မိတ္ထီလာက မဟုတ်ဘူး"

"ကိုအောင်မြင့်နဲ့ ဘယ်လိုဇာတ်လမ်းရှိလဲဆိုတာ သိချင်လို့ ဆရာစိန်မောင်"

တယ်လီဖုန်းပြောပြီး စခန်းမှူး ရဲအုပ် ကျော်မြတ်သူထံ ဝင်ရောက်ပြီး အမှုအခြေအနေနှင့် လုပ်ဆောင်ချက်များကို ကျွန်တော် သတင်းပို့သည်။ ဆရာကျော်က တိုင်း ဒ/နက အိတ်ခွဲသည့်ဂိုဏ်းများမှတ်တမ်းရှိသဖြင့် အကူအညီတောင်းရန်၊ သွားကူးရန် ပြောသည်။ ထို့နောက် ဆရာကျော်က နောက်မိန်းမ မယူနဲ့ဦးနော်လို့ ကျွန်တော့်ကို စနောက်နေပါသည်။

+++

ဆရာစိန်မောင်နှင့် ပြန်လည်ဆက်သွယ်ရသည်မှာ မလွယ်ပါ။ တယ်လီဖုန်းခေါ်၍ရသော်လည်း ကျွန်တော်ရော၊ ဆရာစိန်မောင်ပါ အလုပ်တာဝန်တွေ များပြားသူများဖြစ်သည်။ သူခေါ်ကိုယ်မရှိ၊ ကိုယ်ခေါ် သူမရှိ ဖြစ်နေသည့်အချိန်က များပါသည်။

ကျွန်တော် စခန်းမှူးအခန်းထဲသွားပြီး ဆရာစိန်မောင်ထံ ဖုန်းဆက်ရန်အပြုတွင် ဖုန်းမကိုင်ရသေး၊ တယ်လီဖုန်းသံ "ကလင် ကလင်"မြည်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သဖြင့် ကျွန်တော်လန့်သွားမိ၏။

"အမိန့်ရှိပါ၊ မင်္ဂလာတောင်ညွန့် ရဲစခန်းကပါ၊ ဘာများကူညီရပါမလဲ ခင်ဗျာ"

"ဆရာ၊ တပည့်စိန်မောင်ပါ၊ ဆရာခိုင်းထားတဲ့ သက်သေထွက်ချက်တွေ ကျွန်တော် လူကြုံနဲ့ ထည့်ပေးလိုက်တယ်၊ ဒီနေ့ညနေ ရန်ကုန်ကို ရောက်လာလိမ့်မယ်၊ သူ့နာမည် ထွန်းလွင်ဦးတဲ့၊ ဆရာမေးထားတဲ့ မသရဖီ အကြောင်းကို ထွန်းလွင်ဦးက ကျွန်တော့်ထက်သိတယ်၊ အားမနာနဲ့ ဆရာ၊ ထွန်းလွင်ဦးကို အကုန်မေးလို့ရတယ်၊ သရဖီနဲ့ပတ်သက်ရင် ထွန်းလွင်ဦးမှာ ဇာတ်လမ်းလည်း ရှိခဲ့ဘူးတယ် ဆရာ"

"အိုကေ.....ဆရာစိန်မောင်၊ ကလေးတွေ နေကောင်းလား၊ ရန်ကုန်ကို ဘာမှာဦးမလဲ"

"မရှိပါဘူး ဆရာ"

ထွန်းလွင်ဦး မနက်မိုးလင်းမှ ရဲစခန်းကို ရောက်လာသည်။ လူစုံတက်စုံ ရှိသည့်အထဲက ကျွန်တော့်ဆီသို့ ထွန်းလွင်ဦး တည့်တည့်လာရောက်နှုတ်ဆက်ပါသည်။ ဆရာစိန်မောင်က အသေအချာပြောလိုက်ပုံရသည်။

ကျွန်တော် ထွန်းလွင်ဦးကို ရဲစခန်းရှေ့ရှိ လက်ဖက်ရည်ဆိုင်သို့ခေါ်သွားသည်။ ကော်ပြန့်ကြော်၊ လက်ဖက်ရည်တို့နှင့် ဧည့်ခံ၏။ ဆရာစိန်မောင်ပေးလိုက်သည့် သက်သေထွက်ချက်များမှာအများကြီးဖြစ်သည်။ လူငါးယောက် စစ်ထားသည်။

အောင်ခြိမ့်ထံ ဝန်ထမ်းများ၏ ပိုက်ဆံများပါသွားကြောင်း အသေးစိတ်တွေ့ရ၏။ အသင်းပိုင်ငွေများပါ ပါသွားသည်ကိုလည်း တွေ့ရသည်။ ထွန်းလွင်ဦးအား သရဖီနှင့်ပတ်သက်ပြီး မေးမြန်းရန် ကျွန်တော် စိတ်စောနေမိသည်။

"ဆရာဦးတိုးမြင့်ရဲ့တပည့် ကိုစိန်မောင်နဲ့က ကျွန်တော်တို့ မယားညီအစ်ကိုပါ၊ သိချင်တာ အကုန်ပြောခဲ့လို့ မှာလိုက်ပါတယ်၊ သရဖီအကြောင်း ပြောပြရမလား"

ကျွန်တော်က ပြောပြရန် တောင်းပန်လိုက်ပါသည်။ ထွန်းလွင်ဦးက သူ့ရင်ထဲမှာ သိမ်းဆည်းထားသောဇာတ်လမ်းတစ်ပုဒ်ကို ပထမဆုံးအကြိမ် ကျွန်တော့်ကို ပြောပြခြင်းဖြစ်သည်ကို ကျွန်တော် နားလည်ပါသည်။

မိတ္ထီလာမြို့ ပေါက်ချောင်းဝန်းကျင်တွင် ထွန်းလွင်ဦးမှာ နာမည်တစ်လုံးနှင့်နေသူဖြစ်သည်။ ဘာသာရေး၊ လူမှုရေးအဖွဲ့များတွင် ပါဝင်ဆောင်ရွက်တတ်သူဖြစ်၏။ ထွန်းလွင်ဦးက အိမ်တွင် မွေးချင်းမောင်နှမများအနက် အကြီးဆုံးဖြစ်သည်။ မိသားစုစီးပွားရေး ဦးဆောင်နေ၍ လူပျိုကြီးဘဝသို့ ရောက်နေပြီဖြစ်သည်။

မိတ္ထီလာ၊ ဝမ်းတွင်း၊ သဲတောမှ အထည်များကို ပခုက္ကူသို့သွားရောင်းသည်။ ပခုက္ကူမှ သနပ်ခါးတုံး၊ သနပ်ခါးခဲများကို ရန်ကုန်ဆင်းပြီးရောင်း၏။ တစ်ပိုင်တစ်နိုင် အေးအေးလူလူလုပ်ကိုင်သော်လည်း မိသားစုစားရေး၊ ဝတ်ရေးများ ပုံမှန်ဖြေရှင်းနိုင်၏။

ရန်ကုန်တွင် လက်လီရောင်းသည်။ သိမ်ကြီးဈေး၊ ပုဇွန်တောင်ဈေးတို့တွင် ရောင်းချခြင်းဖြစ်၏။ ပုဇွန်တောင်ဘူတာအနီး မိတ္ထီလာဘုန်းကြီးကျောင်း၌ တည်းခိုလေ့ရှိ၏။ တစ်ပတ်ခန့်အကြာတွင် ကျန်ရှိသော ကုန်များကို တောင်ဥက္ကလာ၊ နန္ဒဝန်ဈေးသို့ ပင်ရင်းမှယူလာသည့်ဈေးနှင့် ဖောက်သည်ပေးသည်။

'မန္တလာအမြန်ယာဉ်'ဖြင့် မိတ္ထီလာသို့ပြန်သည်။ ရန်ကုန်မှ အလှကုန်များကို တစ်နိုင်ယူလာသည်။ တစ်ညလုံးမောင်းသောကားဖြစ်သဖြင့် အရောင်းအဝယ်ခရီးစဉ်တစ်လျှောက် ပင်ပန်းသမျှ အိပ်စက်အပန်းဖြေလာခဲ့သည်။

မကွေးကားဂိတ်ရောက်ပြီဖြစ်၏။ ထွန်းလွင်ဦးလည်း အခြားခရီးသည်များလို အောက်ဆင်းသည်။ ကိုယ်လက်သန့်စင်ပြီး နွားနို့သောက်၊ မုန့်စား၏။ လန်းဆန်းသွားသည်။ ကားပြန်ထွက်သောအခါ ထွန်းလွင်ဦး၏ ယာဘက်ခုံတွင် အမျိုးသမီးခရီးသည်တစ်ဦး ရောက်ရှိလာသည်။

"အစ်ကို လွတ်လွတ်လပ်လပ် ထိုင်ပါနော်၊ သရဖီက မိတ္ထီလာတင်ပါ၊ အစ်ကိုက မန္တလေးအထိမဟုတ်လား၊ စားပါဦး မြေပဲလိပ်"

"မိတ္ထီလာကို ဘာကိစ္စနဲ့ သွားမှာလဲ၊ မိတ္ထီလာသူတော့ မဟုတ်လောက်ဘူး၊ ညီမ စကားဝဲလို့"

"သရဖီ THESIS ကိစ္စနဲ့ သုံးခေါက်မြောက်ပဲ အစ်ကို"

ထွန်းလွင်ဦးကို သရဖီက စတင်မိတ်ဖွဲ့ခဲ့၏။ မိတ္ထီလာ 'ဇွဲ'တည်းခိုခန်းတွင် သရဖီတည်းခို၍ ထွန်းလွင်ဦးနှင့် မိတ္ထီလာကန်ပေါင်တစ်နေရာတွင် ထပ်ကြိမ်စကားပြောတွေ့ဆုံခဲ့သည်။ တစ်ခေါက်တစ်ခါသာလာသည်နှင့်အညီ သရဖီသည် ကြာကြာမနေ။ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



အချိန်ပြန်သွားမှန်းမသိရ။

သည်အခေါက်တွင် ထွန်းလွင်ဦးကို ပခုက္ကူသွားရန် သရဖီက အမြန်ဆုံးပြန်ခေါ်သွားနိုင်ပါသည်။ မည်သူမျှ မသိလိုက်ကြ။ မယားညီအစ်ကို ကိုစိန်မောင်တစ်ယောက်သာသိ၏။ သူလည်း ရန်ကုန်မှပါလာသော အလှကုန်များနှင့် မီးဖိုချောင်သုံးပစ္စည်းအချို့ကို ဖောက်သည်ပြန်သွင်းရန် အကူအညီပေးရသောကြောင့် မိန်းမချော သရဖီကို တွေ့မြင်လိုက်ဘူးခြင်းဖြစ်သည်။

+++

"အစ်ကို မန္တလေး ဂေါ်ဝိန်ဆိပ်ကနေ ပခုက္ကူသွားပါလား၊ ခရီးဖြောင့် အဆင်ချောပါတယ်၊ မန္တလေးမှာသရဖီနဲ့ တစ်ရက်လောက်"



ထိလာမန်းကားပေါ်တက်ကတည်းက သရဖီပြောဆိုရာနောက်သို့ လူပျိုကြီး ထွန်းလွင်ဦး ပါသွားခဲ့ပါပြီ။ တစ်လမ်းလုံး ကြည်နူးစရာ၊ ပျော်စရာလေးများ ပြောဆိုလိုက်လာသည့် သရဖီကို ထွန်းလွင်ဦး စိတ်မဝင်စားစရာမရှိပါပေ။

မန္တလေးသို့ ကားအစောကြီး ရောက်၏။ သရဖီကပဲ ဘုရားလည်ဖူးခြင်းကို ဦးဆောင်ခြင်းဖြစ်သည်။ သွားစရိတ်၊ စားသောက်စရိတ်များကိုလည်း သရဖီထုတ်သုံးခြင်းဖြစ်သည်။

ထွန်းလွင်ဦးသည် မိသားစုစီးပွားရေးနှင့်သာ အချိန်ကုန်နေခဲ့သည်။ ရည်းစားထားသော အတွေ့အကြုံသည် လည်း မရှိခဲ့။ သရဖီက အင်္ဂလိပ်လို ညှပ်ပြောလိုက်၊ ပုံပြင်၊ ဟာသ၊ သဘာဝတွေနှင့် အချစ်ဆိုသည့် သင်္ကေတကို ညွှန်းဆိုခဲ့လေပြီ။ ထွန်းလွင်ဦး ဘာသာနှင့်မှ ထုထားတာ မဟုတ်။

မြင်းကမလှုပ်ရုံမက ခုံကလှုပ်တဲ့ သရဖီအပေါ်တွင် အထင်သေးခြင်း၊ အထင်ကြီးခြင်းဟူ၍ မစဉ်းစားမိပါလေ။ သရဖီအပေါ် ခုံမင်နှစ်သက်ခြင်းသည်သာ ဆတိုးနေတော့သည်။ မန္တလေး နန်းမြို့ရိုးကို နောက်ခံထား၍ နှစ်ယောက်တွဲ ဓာတ်ပုံရိုက်ဖြစ်ကြသည်။

"နန်းရှေ့က ---တည်းခိုခန်းမှာ ဒီညတည်းကြမယ်နော် အစ်ကို"

"မဖြစ်ဘူးထင်တယ် သရဖီ၊ ပြဿနာတွေဘာတွေဖြစ်ဦးမယ်"

"မိန်းကလေးက မကြောက်ရဘဲ အစ်ကိုက ဘယ်လိုဖြစ်နေတာလဲ"

ပြောပြောဆိုဆိုနှင့် ---သို့ ညနေ ၅ နာရီခန့်တွင် ရောက်သွားသည်။

အတွေ့အကြုံမရှိသူမို့
ရင်တွေခုန်နေသည်။
သရဖီပြောသမျှကို
လိုက်လုပ်မိသည်။
သရဖီ၏
ပြောပုံဆိုပုံတွင်
နှစ်မြောနေပြီး
နုသစ်ရွှန်းပသော
ရုပကာအလှကိုလည်း
လုံးဝစွဲလမ်းနေပါပြီ။
ဘာဆိုဘာမှ
ထွန်းလွင်ဦး
မတွေးတော၊
မစဉ်းစားတော့ပါ

...

www.burmeseclassic.com

www.burmeseclassic.com

ထွန်းလွင်ဦးထံမှ မှတ်ပုံတင်တောင်းယူပြီး သရဖီက အခန်းနံပါတ်(၃)ကို တောင်းယူသည်။ တည်းခိုခန်းတွင် တစ်လှည့်စီရေချိုးပြီး အဝတ်အစားလဲသည်။

"လှလိုက်တာ သရဖီရယ်၊ မိုးကျရွှေကိုယ်လေးကျနေတာပဲ"

ထွန်းလွင်ဦးက သရဖီကို ရွှန်းရွှန်းစားစားကြည့်ပြီး ပြောလိုက်သည်။ သရဖီပြုံးလိုက်ပုံလေးက ရှက်လို့ပဲဆို သည်ကို ထွန်းလွင်ဦး မြင်လိုက်ရ၏။ သရဖီမှာ ရှေ့ကိုအတင်းတိုးနေသော် လည်း ရဲဆေးတင်ပြီး စွန့်စားလုပ်ဆောင်နေသည့်အဖြစ်ကို ထွန်းလွင်ဦး အလိုလိုသဘောပေါက်နေ၏။

သရဖီ၏ မျက်နှာဝိုင်းဝိုင်းလေးက သူမ၏ဆံပင်အလယ်ခွဲလေးနှင့် သိပ်လိုက်သည်ကို ကြည့်ကောင်းကောင်း နှင့် ထွန်းလွင်ဦး ကြည့်မဝ။ အမြဲတမ်းတောက်ပနေသည့် မျက်လုံးလေးတွေ၊ ဆေးမဆိုးဘဲ လှနေသည့် နှုတ်ခမ်းပါးလေးတွေအားလုံး နှစ်သက်စရာပါ။

"အစ်ကိုက သရဖီကို အခုမှမြင်ဘူးတာလား"

ရှက်သွေးဖြန်းစွာ ပြန်ပြောသည်မှာ သူ့ကိုစိုက်ကြည့်နေသည့်အတွက် ဖြစ်သည်။ ထွန်းလွင်ဦးလည်း ပြန်လည်သတိထားမိပြီး အပြင်သွားထမင်းစားရန် သရဖီကို လက်ဆွဲခေါ်သွားသည်။ ကျုံးဘေး 'ရသ'စားသောက်ဆိုင်တွင် စားသောက်ကြ၏။

အရှေ့တောင်ကျုံးထောင့်အထိ စကားပြောရင်း လမ်းလျှောက်ကြ၏။ တည်းခိုခန်းသို့ ပြန်ရောက်သောအခါ ၇ နာရီကျော်ကျော်ပဲရှိသေးသည်။

သရဖီက ပါလာသည့်ဓာတ်ဘူးအသေးလေးနှင့် ရေနွေးခပ်သည်။ ကော်ဖီမှုန့်အထုပ်သေး၊ နို့မှုန့်၊ သကြားတို့ကို မန်နေဂျာ၏အကူအညီဖြင့် ရယူလာ၏။

"သရဖီရယ် အခုမှထမင်းစားပြီးတာ၊ ကော်ဖီတွေဘာတွေ လုပ်မနေပါနဲ့"

ထွန်းလွင်ဦးက စကားအရပြောနေသော်လည်း အာရုံထဲတွင် လှုပ်ရှားနေသည်။ အတွေ့အကြုံသစ်တစ်ခုကို နဖူးတွေ့ဒူးတွေ့ တွေ့နေရသည်မဟုတ်ပါလား။

ထွန်းလွင်ဦးသည် မိန်းမချောလေးနှင့် ချစ်ရည်တူရမည့်အရေးကို တစိမ့်စိမ့်တွေးနေမိ၏။ အတွေ့အကြုံမရှိသူမို့ ရင်တွေခုန်နေသည်။ သရဖီပြောသမျှကို လိုက်လုပ်မိသည်။ သရဖီ၏ ပြောပုံဆိုပုံတွင် နှစ်မြောနေပြီး နုသစ်ရွှန်းပသော ရူပကာအလှကိုလည်း လုံးဝစွဲလမ်းနေပါပြီ။

ဆွဲငင်အားပါသော သရဖီ၏မျက်လုံးအကြည့်လေးများက ထွန်းလွင်ဦးကို ကြွေစေခဲ့ပါပြီ။ ဘာဆိုဘာမှ ထွန်းလွင်ဦး မတွေးတော့၊ မစဉ်းစားတော့ပါ။

"အစ်ကိုက သရဖီ့ကိုအထင်သေးနေပြီမဟုတ်လား၊ ဒါဆိုရင် သရဖီပြန်သွားရမလား"

"အထင်သေးတယ်၊ အထင်ကြီးတယ်ဆိုတာ တို့မတွေးမိပါဘူး၊ သရဖီက"

သရဖီက အရွှင်ဆုံးမျက်နှာလေးနှင့် ပြန်ပြောလိုက်သည်မှာ ထွန်းလွင်ဦးအတွက် ကျေနပ်စရာဖြစ်နေသည်။ အစစအရာရာ ကျေနပ်စရာပါ။

"အစ်ကို့ရဲ့ ယောကျ်ားပီသတဲ့ ရုပ်လက္ခဏာရယ်၊ ဖြူစင်တဲ့ အစ်ကို့ရဲ့စိတ်ထားရယ်ကို သရဖီကြည်ညိုမိတယ်၊ တစ်သက်အားကိုးချင်တယ်၊ သရဖီ့မှာ အပြစ်ရှိနေလား"

ထွန်းလွင်ဦး ဘာမျှဆက်မပြောပါ။ မဂ္ဂဇင်းစာအုပ်ကို လှန်လှောကြည့်ရှုနေသည်။ သရဖီက အချိုပန်းကန်ထဲတွင် ဇွန်းနှင့်ခေါက်နေသည်ကို ထွန်းလွင်ဦး မြင်ရ၊ ကြားရ၏။ ကော်ဖီဖျော်နေသည်။ မကြာပါ။ ဘယ်တစ်ဖက်၊ ညာတစ်ဖက် ကော်ဖီခွက်များနှင့် သရဖီ ခုတင်တွင်လာထိုင်သည်။

ဘယ်လက်နှင့်ကိုင်ထားသည့် ကော်ဖီခွက်ကို သရဖီက အငွေ့များ တထောင်းထောင်းထနေသည်ကို မှုတ်၍သောက်နေသည်။ သရဖီမှာ ကော်ဖီကြိုက်ပုံရသည်။ နေ့ခင်းကလည်း ကော်ဖီသုံးခွက်ထိ ဆိုင်တွင်သောက်သေး၏။

ထွန်းလွင်ဦးသည် ကော်ဖီသောက်ပြီးလျှင် မီးပိတ်ကာ အလှနတ်သမီးလေးကို အကြင်နာစတင်ရန် စိတ်ကူးသည်။ မသောက်ချင်သော်လည်း သရဖီ့ညာလက်တွင် ကိုင်ထားသော ကော်ဖီခွက်ကို မော့သောက်လိုက်သည်။ ပူဆင်းသွားသည်ကို မနည်းဟန်ဆောင်လိုက်ရသေး၏။

သောက်ပြီးကော်ဖီခွက်ကို သရဖီက လှမ်းယူပြီး ခြင်ထောင်ပါချပေးသွားသည်။ ကော်ဖီပန်းကန်များကို ရေချိုးခန်းဘေစင်တွင် ဆေးရန်ယူသွားသည်။ အတော်အတန်ကြာမည်ဖြစ်၏။ မည်မျှကြာသည်၊ မကြာသည်ကို ထွန်းလွင်ဦး မသိတော့ပါ။ မျက်ခွံများလေးလာသည်။ အိပ်ချင်လာသည်။

www.burmeseclassic.com

သရဖီ၏အတွေ့အထိကို စောင့်စားလင့်ကစား အခြေအနေမဟန်သည့်အဖြစ်က ကော်ဖီထဲ တစ်စုံတစ်ခု ထည့်တိုက်သည်ကို ထွန်းလွင်ဦး စဉ်းစားကြည့်မိ၏။ သို့သော် အိပ်ရာမှ လုံးဝထမရတော့ပါ။

ည ၁၁ နာရီ၌ ထွန်းလွင်ဦးလူးလွန့်ထနိုင်သည်။ သရဖီ့ကိုမတွေ့၍ မန်နေဂျာအား မေးကြည့်သည်။ သရဖီဆိုသူကို မသိကြောင်းပြောသည်။ အခန်း (၃)တွင် တည်းသည့် မိန်းကလေးဟုပြောတော့ သူ့မှတ်ပုံတင်တွင် လဲ့လဲ့ခင်အမည်နှင့် တည်းခိုသူဟုပြောပြသည်။

ထိုအမျိုးသမီး မီးရထားလက်မှတ်သွားယူရန် ဆိုင်ကယ်နှင့်လူတစ်ယောက် လာခေါ်သွားသည်ဟုဆို၏။ ထွန်းလွင်ဦး အခန်းသို့ပြန်သွားပြီး အိတ်များကိုစစ်ဆေးရာ ငွေများပျောက်ဆုံးနေတော့၏။ ငွေများကို ရေတွက်မထားမိသဖြင့် အတိအကျမပြောနိုင်။ ငါးသိန်းခန့်တော့ရှိမည်။

လုသလောက် ရက်စက်ပါလား။ သရဖီဆိုသည့်နာမည်မှအစ အားလုံး လိမ်သွားတာပါလား။ ရှက်စရာကောင်းလွန်း၍ မည်သူ့မှမပြောပါ။ မယားညီအစ်ကို ကိုစိန်မောင်ကိုသာ ငွေရေးကြေးရေး ပြန်ရှာရသည့်အတွက်ပြောပြရခြင်းဖြစ်သည်။ အတွင်းရေးတိုင်ပင်ခဲ့ရခြင်းဖြစ်သည်။

+++

ကိုကြည်သိန်းက ဖုန်းဆက်ခေါ်လိုက်သဖြင့် တရားလို အောင်ခြိမ့်ရောက်လာသည်။ အိတ်ခွဲတဲ့တရားခံ မိပြီလားဆိုသည့် မျက်နှာပေးနှင့်အမူစစ်အခန်းထဲသို့ ဝင်လာသည်။ ကျွန်တော် ရောက်မဆိုက် သူ့အရှိက်ထိစေသည့်စကား ပြောလိုက်သည်။

"သရဖီဆိုပါသွားတာ ကိုးသိန်းလုံးမဟုတ်လောက်ဘူး"

"အံ့သြစရာပဲ၊ ဆရာဘယ်လိုသိတာပါလဲခင်ဗျား"

"ခင်ဗျားအိတ်ထဲမှာ နှစ်ယောက်တွဲဓာတ်ပုံတွေ့တယ်လေ"

"ဓာတ်ပုံက စကားပြောနိုင်လို့လား ဆရာ"

အောင်ခြိမ့်ပြောသည်ကို ကျွန်တော် သဘောကျမိသည်။ ကိုကြည်သိန်းကလည်း အောင်ခြိမ့်ကို စွန့်စားပြီး မေးခွန်းတစ်ခုမေးရာ တည့်တည့်ကျသွားသည်ကို တွေ့ရပြန်သည်။

"မင်းတို့ ---ကို သွားကြတာလား"

"တပ်ကြပ်ကြီးကလည်း သိနေပါလား"

ခံရပုံချင်း ထပ်တူညီမျှပဲဟု စိတ်ကတွေးမိ၏။ ကျွန်တော် အောင်ခြိမ့် ကို အိတ်ခွဲခံရကြောင်း လိမ်တိုင်သည့်အတွက် လီဆယ်မှုနှင့် အရေးယူနိုင်ကြောင်း စကားစရာနေစဉ် စခန်းမှူးက ပြတင်းပေါက်မှ လှမ်းပြောနေသည်။

"ဗိုလ်တိုး မင်္ဂလာဈေးမှတ်တိုင်မှာ အိတ်ခွဲတဲ့တရားခံ သာကေတမှာ မိထားလို့ လာခေါ်ဖို့ စခန်းမှူး ကျော်မိုး ဖုန်းလှမ်းဆက်တယ်၊ သွားလိုက်ဦး"

ကိုကြည်သိန်းနှင့်ကျွန်တော် အောင်ခြိမ့်မျက်နှာကို ပြိုင်တူကြည့်လိုက်ကြသည်။ ဘာမှမပြောတော့ဘဲ သာကေတရဲစခန်းသို့ တရားခံသွားခေါ်သည်။ တရားခံ ကုလား (ခ)တင်ထွန်းကို မင်္ဂလာတောင်ညွန့်ရဲစခန်းသို့ လေးဘီးတက္ကစီဖြင့်ခေါ်လာ၏။

လမ်းတွင်မေးကြည့်ရာ တရားခံက အိတ်ခွဲနှိုက်ယူမိကြောင်း ဝန်ခံ၏။ သတင်းစာညီတူအောင် လှီးဖြတ်ထားပြီး အပေါ်တစ်ရွက်သာ ငွေအစစ်ထပ်ထားကြောင်း ပြောဆိုသည်။ တရားခံမှာ ရယ်မလိုလို၊ ငိုမလိုလိုနှင့်ထောင်ကျမည့်အရေး ပူပန်လျက်ရှိနေ၏။

ရဲစခန်းသို့ ပြန်ရောက်ခဲ့သည်။ အောင်ခြိမ့်က ကျွန်တော်တို့ကို စောင့်နေသည်။ အောင်ခြိမ့်မျက်နှာသည် ငိုမလို၊ ရယ်မလို ဖြစ်နေပါသည်။ ကျွန်တော်က ဘာပြောရမည်ကို မစဉ်းစားသေးပါ။ ကိုကြည်သိန်းက အောင်ခြိမ့်မျက်နှာကို စေ့စေ့ကြည့်ပြီး အသံကျယ်ကျယ်နှင့် ပြောချလိုက်သည်။

"အောင်ခြိမ့် မင်းတို့လိမ်ချင်ရင် သရဖီ(ခေါ်)လဲ့လဲ့ခင်ဆီမှာ သွားသင်ပါလား၊ ခြူးရေးလျှင် ခြုံပါရတယ်"

တိုးမြင့်

www.burmeseclassic.com

www.burmeseclassic.com



# အောင်ကျော်ပြုံး

## မှားတယ်ဆိုတာ

လုံးတင်မအမေကတော့ လုံးတင်မနဲ့တွေ့ရင် သူပြောနေကျစကားတွေအတိုင်း ပြောတတ်တယ်လေ။ လုံးတင်မကလည်း အမေ့သမီးပီပီ အမေက ပြောတော့မှာပေ့ါ။ ''အမျိုးသမီးကောင်းဆိုတာ အရှက်မရှိခဲ့ရင် ပျက်စီးတတ်တယ် မိလုံးတင်ရယ်''တဲ့။

တကယ့်ကိုမှ ပြောရက်လိုက်တဲ့အမေပါ။ ပြီးတော့ ဆက်ပြောလာသေးတယ်။ ဘာတဲ့။ မိန်းမတွေရဲ့ ဂါရဝတရား (၃)ပါးဆိုလားပဲ။ တော်တော်ပြောတတ်တဲ့အမေ။ သည်စကားတွေ ကို အမေ ဘယ်ကတတ်လာပါလိမ့်။ အဲဒါကိုတော့ လုံးတင်မ မသိဘူး။ လုံးတင်မ သိတာက အခုပြောနေတဲ့စကားတွေပါပဲ။ ဘာတဲ့လဲ။ မိန်းမတွေရဲ့ ဂါရဝတရား (၃)ပါးဆိုတာ မိခင်ဖခင်တွေကို ရှိသေရမယ်။ ယောက္ခမမိဘ

www.burmeseclassic.com

www.burmeseclassic.com



တွေကို ရှိသေးရမယ်၊ မိမိရဲ့လင်သားကို ရှိသေးရမယ်။

လုံးတင်မက အခုမှ အပျိုပေါက်အရွယ်ပဲရှိသေးတာ။ အပျိုပေါက်ဆိုလို့ လုံးတင်မရဲ့အသက်ကိုလည်း မေးကြည့်ပါဦး။ ဆယ့်ရှစ်နှစ်ကျော်လို့ ဆယ့်ကိုးနှစ်ထဲတောင်မှ ရောက်နေပြီပဲဥစ္စာ။ ဒါကလည်း ကိုယ့်ကိုယ်ကိုယ် ငုံ့ညှာပြီး ပြောလိုက်ရတာပါ။

နေရာတကာမှာ ပူစရာမရှိ ကြနေ်ပြီးတော့ အမေတို့က လိုက်ပူတတ်တယ်။ အမေပြောခဲ့တဲ့ ဂါရဝတရား (၃) ပါးထဲက တစ်ချက်ကတော့ မှန်ကောင်းမှန်ပေမယ့် ဟိုနှစ်ချက်ကတော့ လုံးတင်မအတွက် မှန်ကိုမမှန်ဘူး။ ဖြစ်လာနိုင်စရာအကြောင်းလည်း မရှိဘူး။ ဟိုနှစ်ချက်ဆိုတာက ယောက္ခမမိဘတွေကို ရှိသေရတာတို့၊ မိမိရဲ့လင်သားကို ရှိသေရတာတို့။

သည်ကိစ္စ၊ သည်အရေးတွေကို လုံးတင်မ စိတ်မကူးရဲပါဘူး။ လွတ်လွတ်လပ်လပ် တစ်ကိုယ်တည်း အပျိုကြီးဘဝပဲ လုပ်နေချင်တယ်။ သားသမီးသံယောဇဉ်၊ လင့်သံယောဇဉ်၊ ယောက္ခမသံယောဇဉ်တွေနဲ့ နေရတဲ့ဘဝမျိုးဟာ အေးချမ်းတယ်လို့ အပြင်မှာထင်ရပေမယ့် အတွင်းမှာကျတော့ ပူလောင်လှတဲ့ဘဝမျိုး ဖြစ်တယ်ဆိုတာ ဘယ်သူမှ သိတတ်ကြတာမျိုးမဟုတ်ဘူး။

လုံးတင်မတို့ကတော့ အချစ်ရေး၊ အိမ်ထောင်ရေးနဲ့ ပတ်သက်လာခဲ့ရင် ဝေးမှဝေးစွပါပဲ။ တစ်ယောက်တည်းပဲ နေချင်တယ်။ လွတ်လွတ်လပ်လပ်၊ ပျော်ပျော်ပါးပါး၊ ဘာမှအချုပ်အနှောင်မရှိတဲ့ ဘဝမျိုးပေါ့လေ။

ဒါကို လုံးတင်မရဲ့ အမေက မကြိုက်ဘူးနဲ့တူပါရဲ့။ လုံးတင်မ သည်လိုမျိုးနေခဲ့ရင် ပြောပါပြီ။ သူ့ခါတ်ပြား ဟောင်းကြီးပဲ ဖွင့်ဖွင့်ပြတတ်ပါပြီ။

''အမျိုးသမီးကောင်းဆိုတာ အရှက်မရှိရင် ပျက်စီးတတ်တယ်''ဆိုတာကိုပေါ့လေ။

လုံးတင်မကိုယ်လုံးတင်မ သည်လိုနေတာကို အမေ့အနေနဲ့ အရှက်မရှိဘူးလို့များ ထင်နေရော့သလား။ အမေလည်း ငယ်ရာကနေ ကြီးလာတဲ့သူပေပဲ။ လုံးတင်မရဲ့အပေါ်ကို ကိုယ်ချင်းစာကြည့်စေချင်ပါတယ်။ လုံးတင်မနဲ့ ပတ်သက်လာရင် နေရာတကာကို အရမ်းစိုးရိမ်ကြောင့်ကြလွန်းတယ်။ လုံးတင်မ ဘာပဲလုပ်လုပ် အမေ့ရဲ့အပြောကနေ လွတ်တယ်ရယ်လို့မရှိဘူး။

လုံးတင်မကို အမေချစ်တာက သူများတွေထက် ပိုပါတယ်။ သည်းတယ်၊ ကဲတယ်လို့လည်း လုံးတင်မထင်မိပါရဲ့။ အမေကသာ လုံးတင်မကို အရှက်မရှိဘူးလို့ပြောတာ။ အရှက်နဲ့ပတ်သက်လာရင် လုံးတင်မတို့က သိပြီးသား။ အရှက်ကို အသက်ပေးပြီး ကာကွယ်မယ့်အထဲမှာ လုံးတင်မတို့က ထိပ်ဆုံးနေရာကနေ ပါပြီးသားပဲ။

နေရာတကာမှာ ဘာမဟုတ်တဲ့ကိစ္စတွေအတွက်နဲ့ ဘာကိုများသွားပြီး ရှက်ရမှာတဲ့လဲ။ သူများပစ္စည်း ခိုးတာလည်းမဟုတ်၊ သူများမကြိုက်တဲ့ အပြုအမူမျိုးတွေ လုပ်တာလည်းမဟုတ်။ လုံးတင်မတို့ကတော့ ပြောင်ပြောင်ပဲ ပြောတတ်တယ်၊ ဆိုတတ်တယ်၊ ယူတတ်တယ်။ ဒါကို အမေက မကြိုက်ဘူးဖွင့်ပါရဲ့။

ပြောရရင် လုံးတင်မတို့အရွယ်က တက်လူတွေ။ အမေတို့အရွယ်တွေက ကျလူတွေ။ ယုံကြည်ချက်တွေကတော့ အနည်းနဲ့အများ ကွာခြားကောင်း ကွာခြားပါလိမ့်မယ်။ တစ်ခါတစ်ရံကျတော့ အမေ့ရဲ့စိတ်တွေနဲ့ လုံးတင်မရဲ့စိတ်တွေ၊ အနေအထားတွေပေါ့လေ။ မတူတာကတော့အမှန်။ ဒါကြောင့်လည်း ဆိုထားခဲ့တာနဲ့ တူပါရဲ့။ စိတ်တူရင် သင်ဖြူး၊ စိတ်မတူရင် ရောက်ဆူးဆိုလားပဲ။

လုံးတင်မရဲ့ ဘဝတွေထဲမှာ အမေ့ကိုတော့ အစဉ်သဖြင့် ရောက်ဆူးလိုဘဝမျိုးမဟုတ်ဘဲ သင်ဖြူးလိုဘဝမျိုး ဖြစ်စေခဲ့ချင်တာ အမှန်ပါ။ မေတ္တာစစ်၊ မေတ္တာမှန်ဆိုတာကလည်း တကယ်တမ်းကျတော့ တစ္ဆေသရဲနဲ့တူလှပါတယ်။ ကြည့်လေ၊ လူတိုင်းလူ တိုင်း သူ့အကြောင်းကို ပြောနေကြ ပေမယ့် တကယ့်လက်တွေ့မှာကျတော့ သူ့ကို တွေ့ဘူးကြတာလည်းမဟုတ် ဘူး။ တကယ်ပါ။ ပြောသာပြောရတယ်။ လုံးတင်မကိုယ်တိုင်တောင် တွေ့ဘူးတာမဟုတ်ပါဘူး။

အမေကတော့ ပြောပါတယ်။ နင့်ကို ပြောချင်လို့ ပြောနေရတာမဟုတ်ဘူး၊ အမေတစ်ယောက်အနေနဲ့ သားသမီးတစ်ယောက်အပေါ်မှာ ထားရမယ့် မေတ္တာ၊ ဒါတွေမကျေပွန်မှာစိုးလို့ပြောနေရတာတဲ့။ အမေ့မေတ္တာကြီးက ဘာကြီးမှန်းလည်း မသိပါဘူး။ လုံးတင်မကတော့ ပြောရင်းနဲ့ စဉ်းစားရကျပ်လာပါတယ်။

လုံးတင်မတို့ကတော့ ပြောစရာရှိရင် ရှင်းရှင်းနဲ့ ဘွင်းဘွင်းပဲ ပြောချင်တယ်။ ပြောချင်တယ်ဆိုကာမှ သတိထားမိတာ တစ်ခုရှိပါတယ်။ ဟိုအရင်

www.burmeseclassic.com

www.burmeseclassic.com



နှစ် သကြံန်ကပေါ့။ ဟုတ်တယ်..... ဟုတ်တယ်။ အဲသည်နှစ်က သကြံန် အကြောင်း လုံးတင်မ ပြောချင်ပါရဲ့။

+++

သကြံန်ရောက်ရင် ဘာဖြစ်တယ်လို့ မဆိုနိုင်ပါဘူး။ လုံးတင်မတို့ရောင်းတဲ့ ကွမ်းယာဆိုင်လေးက သိပ်ကို ရောင်းကောင်းတာ။ ကွမ်းဆိုင်ကိုလည်း အမေကပဲ ဦးစီးခေါင်းရွက်လုပ်ပြီး ရောင်းခဲ့တာ။ ကွမ်းသီးဈေးတွေ၊ ကွမ်းရွက်ဈေးတွေ ဘယ်လောက်ပဲ ခေါင်ခိုက်နေပါစေ၊ အမေကတော့ သူ့ကွမ်းယာကို ဘယ်တော့မှ ဈေးတက်ပြီး မရောင်းခဲ့ပါဘူး။ နဂိုကတည်းကိုက အမေက လောဘနည်းတယ်လေ။

ပြောတာကိုက ကြည့်ပါလား။ ဘုရားပေးသလောက်ပဲယူမယ်၊ ဘုရားကျွေးသလောက်ပဲစားမယ်တဲ့။

လုံးတင်မတော့ မောင်လေးနဲ့အတူ အမေ့ကို ဒိုင်ခံကူပြီး လုပ်ပေးရတယ်။ အဲသည်နှစ်သကြံန်က လုံးတင်မတို့လမ်းထိပ်မှာရှိတဲ့ ရွှေဝါဖူးရေကစားမဏ္ဍပ်နားမှာကပ်ပြီး ကွမ်းဆိုင်ထွက်ခဲ့ရတာမဟုတ်လား။ ကိုယ့်လိုအရွယ်တူတွေ ရေကစားကြတာမြင်တော့ လုံးတင်မလည်း ရေကစားချင်တာပေါ့။

သူများတွေက ရေကစားတဲ့ မဏ္ဍပ်ပေါ်ကနေ ဟေးလားဝါးလားနဲ့ နောက်လားပြောင်လားလုပ်နေရင် လုံးတင်မလည်း သူတို့လိုလိုက်ပြီး လုပ်ချင်တာ တကယ်ကိုပါပဲ။ ဒါပေမဲ့ အနားမှာ အမေရှိတော့ ဘယ်လိုမှ မလှုပ်သာ မလွန့်သာပါဘူးလေ။ သူများတွေ့ကဲ တိုင်းကိုယ်ကလိုက်မကဲနဲ့တဲ့။ မိန်းကလေးဆိုတာ ဣန္ဒြေသိက္ခာရှိမှ တော်

**လူကြီးစကား**
**နားမထောင်တဲ့သူဟာ**
**အချိန်တန်ရင်**
**ဒုက္ခတွေ့စမြဲပဲ၊**
**အလကားသက်သက်မဲ့**
**ကိုယ့်အတွက်နဲ့**
**သူများတွေကို**
**သွားဒုက္ခပေးတယ်၊**
**အေးလေ၊**
**တရားကို**
**နတ်စောင့်ပါတယ်**
**...**

ရုံကျတာတဲ့။ သည်စကားတွေက အမေ
ပြောတာပါ။

ဆိုတော့ အမေ့ကွမ်းယာကပဲ
ကောင်းလို့လား၊ ဒါမှမဟုတ် လုံးတင်မ
ကိုပဲ ကျိတ်ပြီးရိုတ်ချင်လို့လားတော့
မပြောတတ်ပါဘူး။ လုံးတင်မတို့ ကွမ်း
ယာဆိုင်က သကြံန်သုံးရက်စလုံး လူ
ပြတ်တယ်ရယ်လို့ မရှိပါဘူး။ ရောင်း
အားသွက်တယ်လို့ ဆိုရမယ်။

မှတ်မှတ်ရရ သကြံန်အတက်နေ့
ကြီးမှာ ကွမ်းရောင်းနေရင်းနဲ့ ကွမ်း
ရွက်တွေက ပြတ်သွားတယ်။ ဒါနဲ့
အမေက သူ့အသိ ကွမ်းဖောက်သည်
ပေးတဲ့ မနော်တို့ဆီမှာ မောင်လေးနဲ့
အတူ ကွမ်းရွက်သွားယူဖို့ လုံးတင်မကို
ခိုင်းလာတယ်။



www.burmeseclassic.com

အမေခိုင်းလာတော့လည်း လုံးတင်မ သွားရမှာပေါ့။ မောင်လေးကိုတော့ ခေါ်မသွားချင်ပါဘူး။ သည်ကောင်လေးပါလာခဲ့ရင် သိပ်ရှုပ်တယ်။ အမေ့ကိုလည်း သမီးတစ်ယောက်တည်းသွားမယ်ဆိုပြီး ထွက်ချလာခဲ့တယ်။ ဒါကို အမေက မကြိုက်ဘူး လေ။ မကြိုက်လည်း ဘယ်တတ်နိုင် ပါ့မလဲ။ သည်လို တစ်ယောက်တည်းသွားရတာကိုပဲ လုံးတင်မကြိုက်တယ်။ မနော်တို့အိမ်သွားရင်းနဲ့ လမ်းမှာလည်း သင်္ကြန်မဏ္ဍပ်တွေ တစ်ဝကြီး ကြည့်ရတာပေါ့။

သည်ကြားထဲမှာ ရေပက်ခံကားပေါ်ကလူတွေက လုံးတင်မကိုကြည့်ပြီးတော့ ရီသဲ့သဲ့နဲ့ လှောင်ပြောင်သွားကြသေးရဲ့။ ဘာတဲ့လဲ အပျိုပိန်ပိန် ရေမစိမ်နဲ့ အီကြာကွေး အီကြာကွေး ဆိုလားပဲ။ ပြီးတော့လည်း ဆိုလိုက်သေးရဲ့။ အမေဆူရင် မောင့်နောက်လိုက်ခဲ့တဲ့။

လုံးတင်မကတော့ စိတ်မဆိုးပါဘူး။ သူတို့လည်း ပျော်လို့ လုံးတင်မကို စတာနောက်တာပဲဟာ။ သင်္ကြန်တွင်းမှာ စိတ်ဆိုးခဲ့ရင် စိတ်ဆိုးတဲ့သူကို သိကြားမင်းကြီးက အရေးယူတတ်တယ်တဲ့။ ဘယ်သူပြောတဲ့စကားမှန်းတော့ မသိပါဘူး။ လုံးတင်မ ဘယ်သူ့ကိုမှ စိတ်မဆိုးရက်ပါဘူး။

သင်္ကြန်ကိုချစ်သလို သင်္ကြန်မှာပွင့်တဲ့ ပိတောက်တွေကိုလည်း လုံးတင်မ ချစ်ပါတယ်။ သည်လိုပါပဲ။ သင်္ကြန်တွင်းမှာ သင်္ကြန်နဲ့အတူ ပျော်ကြတဲ့ လူသားအားလုံးကိုလည်း လုံးတင်မ ချစ်ပါတယ်။ ဘယ်သူ့ကိုမှ ထိခိုက်အောင်၊ နစ်နာအောင် လုံးတင်မ မလုပ်ချင်ပါဘူး။

သင်္ကြန်ဆိုတာ မင်္ဂလာရှိရမယ်လေ။ နှစ်ဟောင်းက အညစ်အကြေးတွေကို နှစ်သစ်မှာ သင်္ကြန်ရေနဲ့ဆေးကြောနေတဲ့ ကာလမဟုတ်လား။

သင်္ကြန်ပြီးခဲ့ရင် နှစ်သစ်ကိုပဲရောက်တော့မယ့်ဥစ္စာ။ စိတ်သစ် လူသစ်နဲ့အတူ သင်္ကြန်မှာပဲ အေးအေးချမ်းချမ်း ပျော်ချင်ပါတယ်။ ရေကစားစေချင်ပါတယ်။ မင်္ဂလာရှိတဲ့သင်္ကြန်ပဲ ဖြစ်စေချင်ပါတယ်။

ဒါပေမဲ့လို့ ခက်တာက လူတွေ။ ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူတွေလည်း တစ်ပုံတစ်ပင်နဲ့ အစုံအလင်ရှိတတ်ကြတာမျိုးလား။ ဘာပြောလို့ရမှာတဲ့လဲ။

လုံးတင်မ ကွမ်းရွက်တွေကို ပလတ်စတစ်အိတ်နဲ့ထည့်ယူပြီး ပြန်အလာမှာပဲ ဆိုင်နားမရောက်ခင်မှာပေါ့လေ။ မူးမူးနဲ့ ရေကစားပြီး လမ်းပေါ်မှာ အော်ဟစ်သောင်းကျန်းနေတဲ့ လူသုံးယောက်ကို တွေ့လိုက်ရတယ်။ လုံးတင်မတို့ဆိုင်ကိုရောက်ဖို့ကလည်း အတော်ကြီးလှမ်းသေးတာမို့ မရဲသော်လည်း ပြေးခဲ့စေဆိုတဲ့အတိုင်း လုံးတင်မလည်း ကိုယ့်ကွမ်းထုပ်ကို ကိုယ်ကိုင်ပြီး ခပ်တည်တည်နဲ့ လျှောက်လာခဲ့တယ်။

+++

ဒါပေမဲ့ မရပါဘူး။ စောစောပိုင်းကပြောခဲ့တဲ့ မူးနေတဲ့လူသုံးယောက်က လုံးတင်မအနားကို အပြေးကပ်လာပြီး ရီသဲ့သဲ့နဲ့ပြောကြ၊ ပြီးတော့လည်း လုံးတင်မကို ဆွဲလားရမ်းလား လုပ်ကြတယ်လေ။

လုံးတင်မ ရှက်လိုက်တာ။ ပြီးတော့ လုံးတင်မတို့ ဖြစ်ပျက်နေတဲ့နေရာကလည်း ရေကစားတဲ့မဏ္ဍပ်မပြောနဲ့၊ လမ်းပေါ်မှာ ရေပက်နေတဲ့ လူတွေ၊ အထူးသဖြင့် ကလေးတွေတောင်ရှိကြတာမဟုတ်ဘူး။ လုံးတင်မတို့နေရာကိုရောက်ဖို့ကဖြင့် အဝေးကြီးပါပဲ။

လုံးတင်မက ရှေ့ကိုသွားမလို့ ဟန်ပြင်လိုက်တိုင်း သင်းတို့သုံးယောက်က လုံးတင်မရဲ့ရှေ့ကနေ ကာဆီးလို့ ပိတ်ထားကြတယ်။ သည်ကြားထဲမှာ အတင့်ရဲစွာနဲ့ တစ်ယောက်က လက်ကိုလာကိုင်သေးတယ်။ ဘာရမလဲ လုံးတင်မကလည်း လက်ထဲမှာရှိတဲ့ ကွမ်းထုပ်ကြီးနဲ့ ကိုင်လာတဲ့လူရဲ့မျက်နှာကို ရိုက်ထည့်လိုက်တာပေါ့။

ဒါပေမဲ့ မရပါဘူး။ မိန်းမနဲ့ယောကျ်ား အရာရာတိုင်းမှာ ဘယ်ယှဉ်လို့ရမှာတဲ့လဲ။ သည်ကတည်းကိုက တစ်ယောက်တည်းထွက်လာတာကို အမှားမှန်း ချက်ချင်းသိလိုက်ပါရဲ့။ လုံးတင်မ သိလိုက်ပါရဲ့လေ။

ဘာမဟုတ်တဲ့ ကိစ္စလေးအတွက်နဲ့ လုံးတင်မ ရေတိမ်နစ်ရတော့မှာတဲ့လား၊ သိက္ခာကျရတော့မှာလား။ အမေ့စကားကို နားမထောင်ခဲ့ရင် သည်လိုပဲဖြစ်တတ်တာတွေကိုတွေးပြီး လုံးတင်မကိုယ်လုံးတင်မ နောင်တရမိသွားပါတယ်။

တော်ပါသေးတယ်လို့ ဆိုရမယ်။ သည်အချိန်မှာ ရေကစားမဏ္ဍပ်တစ်ခုကနေ ရေကစားပြီး ပြန်လာကြတဲ့ လုံးတင်မတို့နေတဲ့ ရပ်ကွက်ထဲက လူအချို့

www.burmeseclassic.com

www.burmeseclassic.com



နဲ့ တွေ့လိုက်ပေလို့သာပေါ့။ နို့မို့ဆို လုံးတင်မရဲ့အဖြစ်က မတွေးရဲစရာပါပဲ။

သည်လူတွေက လုံးတင်မ သည်လိုဖြစ်ပျက်နေတာကို အဝေးကနေ လှမ်းမြင်လိုက်တယ်နဲ့တူပါရဲ့။ ချက်ချင်းပဲ လုံးတင်မတို့ရှိရာ အပြေးရောက်ချလာပြီး မူးမူးနဲ့ သောင်းကျန်းနေတဲ့ ဟိုလူသုံးယောက်ကို အစွမ်းကုန်ထိုးကြိတ်ကြတော့တာပါပဲ။ လုံးတင်မ တားချိန်တောင် မရလိုက်ပါဘူး။

ကိုယ့်ရပ်ကွက်ကလူကို ထိလာတော့လည်း သူတို့ခမျာ ဘယ်ခံချင်ပါ့မလဲ။ ရပ်ကွက်ထဲကလူတွေရဲ့ လက်သံကလည်း ဘယ်လောက်ပြောင်သလဲလို့တော့ မမေးလေနဲ့။ ငမူးသုံးကောင်စလုံး အကွဲကွဲအပြဲပြဲနဲ့ မြေပြင်မှာအိပ်စက်နေတာကိုပဲ ကြည့်တော့လေ။

သည်မြင်ကွင်းတွေကိုကြည့်ပြီး လုံးတင်မ ရင်တွေပန်းတွေ တုန်လာလိုက်တာ။ လုံးတင်မကသာ သည်လိုဖြစ်နေပေမယ့်လို့ ရပ်ကွက်ထဲကလူတွေကတော့ ဘာမှမဖြစ်သလိုပါပဲ။ တကယ့်ကိုမှ တကယ့်ကိုပါပဲ။ အေးဆေးနေလိုက်ကြတာ။

လုံးတင်မကိုလည်း ဆိုင်ရောက်တဲ့ထိအောင် ရပ်ကွက်ထဲကလူတွေက လိုက်ပို့ကြပါတယ်။ သည်ကိစ္စတွေကို အမေကလည်းသိရော ဘာပြောလို့ကောင်းမှာတဲ့လဲ။

''လူကြီးစကား နားမထောင်တဲ့သူဟာ အချိန်တန်ရင် ဒုက္ခတွေ့စမြဲပဲ၊ အလကားသက်သက်မဲ့ ကိုယ့်အတွက်နဲ့ သူများတွေကို သွားဒုက္ခပေးတယ်၊ အေးလေ၊ တရားကို နတ်စောင့်ပါတယ်၊ လုံးတင်မကို စောင့်ရှောက်ပြီး ခေါ်လာကြတဲ့ အမေတို့ရပ်ကွက်ထဲက လူကလေးတွေ ဘာမှပြဿနာမတက်ကြပါစေနဲ့၊ လုံးတင်မ...လုံးတင်မ၊ နင့်ကြောင့်လည်း ခက်ပါတယ်လေ''

အမေပြောတဲ့အတိုင်း၊ တွေးတဲ့အတိုင်းပါပဲ။ လုံးတင်မတို့ ဖြစ်ပျက်ခဲ့တဲ့ ကိစ္စတွေရဲ့အပေါ်မှာ အခြေခံလို့ ဆိုင်ရာကနေ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေကလည်း လုံးတင်မကို အကြောင်းပြုပြီး ရပ်ကွက်ထဲကလူတွေကို စစ်ဆေးမေးမြန်း ဖော်ထုတ်ကြတယ်။ ဒါကြောင့်မို့လည်း ရပ်ကွက်ထဲက လူတချို့တောင် အရေးယူအပြစ်ပေးခြင်းကို ခံခဲ့ရပါတယ်။

လုံးတင်မ စိတ်မကောင်းလိုက်တာ။ ကိုယ့်အတွက်နဲ့ ဖြစ်ရလေခြင်းပေါ့နော်။ တော်ပါပြီ၊ တော်ပါပြီ။ နောင်လာမယ့် သကြံန်တွေမှာ သည်လိုဆိုးဝါးတဲ့ အဖြစ်မျိုးတွေနဲ့ မတွေ့ကြုံရအောင်လို့ လုံးတင်မ နေတော့မယ်ဆိုတာ ရဲရဲကြီး ကတိခံဝန်ပြုပါတယ်။ လုံးတင်မကြောင့် ဖြစ်ရတယ်ဆိုတာလည်း ဝန်ခံပါတယ်။ ဝန်ခံရမှာပေါ့။ ကိုယ်ကမှားခဲ့ပြီးပြီမဟုတ်လား။

မှားတယ်ဆိုတာ မဆန်းပါဘူး။ အရေးကြီးတာက ပြင်လိုက်ဖို့ကိုပါပဲ။ လုံးတင်မပြောတာ ဟုတ်ပါရဲ့နော်၊ ဟုတ်ပါရဲ့။

**အောင်ကျော်ပြုံး**

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝ သက်တမ်းတစ်လျှောက်လုံးတွင် ဤရက်သတ္တပတ်သည် စည်းစိမ်အရှိဆုံး၊ အဆင့်မြင့်လူတန်းစားဆိုသည်မှာ မည်သို့ စည်းစိမ်ခံ၍ နေထိုင်စားသောက်ကြပါသနည်းဟူသောအဖြေကို ရှင်းရှင်းလင်းလင်း ဖြေဆိုနိုင်လေပြီ။

+++

# ဒေဝမြင့်

## ညီညီ့ကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com

စင်စစ်အားဖြင့် ကျွန်တော်သည် ခြေသလုံးအိမ်တိုင်ဘဝဖြင့် တော်တစ်လှည့်ပြတ်တစ်လှည့်၊ စားရမဲ့ သောက်ရမဲ့ နိုကိုးရာမဲ့ ရက်ပေါင်း၊ လပေါင်းများစွာ ကျင်လည်ခဲ့ရသည်။

မိဘနှစ်ပါးသည် ကျွန်တော် လူလားမမြောက်ခင်ကတည်းက စီးပွားရေးအတွက် ခရီးသွားစဉ် ကားအက်ဆီးဒင့်ဖြစ်၍ ကွယ်လွန်ခဲ့ကြသည်။ ထိုအချိန်မှစ၍ ကျွန်တော်နှင့် ကျွန်တော့်ညီ တကွဲတပြားစီ ဖြစ်ခဲ့ကြရသည်။ ကျွန်တော့်ညီဆိုသည်မှာ ကျွန်တော် လူ့လောကသို့ရောက်ရှိပြီး ငါးဆယ့်ခြောက်စက္ကန့်မျှအကြာတွင် မွေးဖွားခဲ့သူဖြစ်သည်။ ရှင်းရှင်းဆိုရသော် ကျွန်တော်နှင့်ညီသည် အမြွှာညီအစ်ကိုအဖြစ် မွေးဖွားခဲ့ကြသည်။ ညီက ကျွန်တော့်ထက် ငါးဆယ့်ခြောက်စက္ကန့်မျှ ငယ်သည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်နှင့်ညီသည် အမြွှာညီအစ်ကိုဖြစ်လင့်ကစား ဘဝအကျိုးပေးချင်းက မိုးနှင့်မြေပမာ ပကတိ ကွဲပြားခြားနားခဲ့လေသည်။ ညီ့ကို မွေးစားကြသူများက အလွန်တရာ ချမ်းသာကြွယ်ဝပြီး ကျွန်တော့်ကို မွေးစားသူ မွေးစားမိဘနှစ်ဦးသည် သားထောက်သမီးခံ လုံးဝမရှိသော သာမန်အဆင့် လူလတ်တန်းစားဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် မွေးစားမိဘများထံတွင် လုံးလည်ချာလည်လိုက်ကာ နောက်ဆုံးတွင် မွေးစားဖခင် လေဖြတ်သွားသောကြောင့် ပညာစကောစကဖြင့် ကျောင်းထွက်ခဲ့ရသည်။ မွေးစားမိဘနှင့်အတူ ကုန်စုံဆိုင် အလယ်အလတ်စားတစ်ခုမှရသောဝင်ငွေဖြင့် နေ့စဉ်ထမင်းနှစ်နပ်ကို ဝမ်းဖြည့်ရုံမျှ စားသောက်ခဲ့ရသည်။ လေဖြတ်နေသောမွေးစားဖခင်၏ ကျန်းမာရေးအတွက် ဆေးဖိုးဝါးခ၊ ကုန်ကျစရိတ်များကြောင့် လောကဓံကို အလူးအလဲခံခဲ့ရသည်။

ကျွန်တော် အသက် (၂၀)ပြည့်ချိန်တွင် အိပ်ရာထဲတွင် အချိန်ပြည့်လဲလျောင်းလျက် လှုပ်ရှားမှုမှန်သမျှ ကျွန်တော်၏အကူအညီဖြင့် ထိုင်နိုင်၊ ထနိုင် ပြုလုပ်ခဲ့ရသော မွေးစားဖခင် ကွယ်လွန်ခဲ့ရသည်။

ရက်လည်ဆွမ်းကိစ္စ ပြီးသောအချိန်မှစ၍ မွေးစားမိခင်သည် ဒုက္ခများမြောင်လှစွာသောလူ့ဘောင်လောကကို ကျောခိုင်းလျက် မြတ်ဗုဒ္ဓ၏ သမီးတော်အဖြစ် သီလရှင်တစ်ပါးဘဝသို့ ရောက်ရှိသွားလေတော့သည်။

ကျန်ရှိသော အိမ်မည်ကာမတ္တဟု ခေါ်ဆိုရမည့် သက်ကယ်မိုး၊ ဝါးထရံကာ နေစရာတစ်ခုနှင့် ကုန်စုံဆိုင်ဆိုသော်လည်း မည်သည့်ကုန်မှ စုံစုံလင်လင်မရှိသောဆိုင်တို့ကို တစ်ဦးတည်းသော မွေးစားသား ကျွန်တော့်အား အမွေပေးသွားခဲ့သည်။

တစ်ကိုယ်တည်းအထီးကျန်အဖြစ်သို့ နေ့ချင်းညချင်း ရောက်ရှိသွားသော ကျွန်တော်သည် ကျောင်းပညာအလယ်တန်းအဆင့်ဖြင့် ငွေကြေးချို့ငဲ့နွမ်းပါးနေသော မိမိကိုယ်မိမိ တိုးတက်ရာလမ်းကြောင်းကို မည်သို့ရှာဖွေရမည်နည်းဟု၍ အတွေးဝက်ပါတွင် ချာချာလည်ခဲ့ရသည်။

ထိုသို့ မိမိ၏အနာဂတ်ကာလကို စိတ်အားငယ်ငယ်ဖြင့် လူးလွန့်လှုပ်ရှားရင်း ဖြစ်သလို ကျင်လည်ကျက်စားခဲ့ရသည်။ ထမင်းနှစ်နပ်ပင်လျှင် နေ့စဉ်နပ်မှန်အောင် မစားနိုင်သော ဘဝဆိုး၌ နစ်မြုပ်နေသော အခိုက်အတန့်ဝယ် ကျွန်တော့်ထံသို့ လူကြုံဖြင့် စာတစ်စောင် ရောက်လာလေသည်။

မည်သူကမှကျွန်တော့်ကဲ့သို့သော အထီးကျန်သမားတစ်ယောက်ထံသို့ စာတစ်တန်ပေတစ်ဖွဲ့ဖြင့် ရေးသားခြင်း ထုံးတမ်းစဉ်လာမရှိခဲ့ပါချေ။ ထို့ကြောင့် အစပထမတွင် နာမည်တူမှားရှား လူမှား၍ ပေးလာသောစာ ဖြစ်လေမလားဟု၍ သံသယဖြစ်ခဲ့ရသေးသည်။ စာလာပေးသူသည် စာအိတ်ကို ကျွန်တော့်လက်ထဲသို့ထည့်ပြီးနောက် တာဝန်ကျေသွားသည့်ပမာ လှည့်ထွက်သွားခဲ့၏။

မည်သို့ပင်ဖြစ်စေ ကျွန်တော်သည် ဇဝေဇဝါဖြင့်ပင် ထိုစာအိတ်ကို တုန်ယင်သောလက်ဖြင့် ဖွင့်ဖောက်လိုက်ရာ ငွေစက္ကူတစ်ထပ်နှင့်အတူ 'ကိုကို'ဟူသော စာရွက်၏ထိပ်၊ စာကြောင်းများ၏အစတွင် ရေးထားသောအမည်ကြောင့် ဆယ်စုနှစ် နှစ်ကြိမ်မက ကျွန်တော်၏ ဘဝထဲမှ လုံးလုံးလျားလျား ပျောက်ကွယ်နေခဲ့ရသော ညီညီများ ဖြစ်လေမလားဟု မရဲတရဲ တွေးထင်မိသည်။

ထို့နောက် စာကိုဆက်လက်ဖတ်ရှုလိုက်သောအခါတွင် ကျွန်တော်၏ ထင်မြင်ယူဆချက်မှာ ရာခိုင်နှုန်းပြည့် မှန်ကန်နေကြောင်း သိလိုက်ရသည်။ စာကြောင်းများ၏အောက်ခြေတွင် လိပ်စာအပြည့်အစုံ ရေးထားသည်။

စာပါအကြောင်းအရာမှာ ညီညီ၏ မွေးစားဖခင်သည် ဗြိတိသျှနယ်ချဲ့အစိုးရ လက်ထက်ကတည်းက မိုးကုတ်တွင်းစားမျိုးရိုး၊ အလွန်တရာ ချမ်းသာကြွယ်ဝသူဖြစ်သည်။ ညီညီ့အား မွေးစားပြီး

www.burmeseclassic.com

www.burmeseclassic.com



နောက် ငါးနှစ်သားအရွယ်အရောက်တွင် သူ၏ဇနီး နှလုံးရောဂါဖြင့် ကွယ်လွန်သွားသည်။

ထိုအချိန်မှစ၍ ညီညီ၏မွေးစားဖခင် ဦးကြွယ်ဝအောင်သည် ညီညီအား ရန်ကုန်မြို့ရှိမစ်ရှင်ကျောင်းတစ်ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား(ဘော်ဒါဆောင်တွင်)အပ်နှံလိုက်သည်။ အထက်တန်းကျောင်းသားဖြစ်သွားသောအခါ သူ့ကို လန်ဒန်မက်ထရစ်စာမေးပွဲ ဖြေဆိုစေသည်။ အောင်မြင်ခဲ့သောကြောင့် ဗြိတိန်နိုင်ငံသို့ ပညာတော်သင်အဖြစ် ရွေးချယ်စေလွှတ်ခြင်းခံရသည်။

ဦးကြွယ်ဝအောင်သည် ညီညီအတွက် ကျောင်းစရိတ်၊ စားစရိတ်နှင့် သုံးစွဲစရိတ်များကို လုံလောက်ရုံမျှမက ပိုပိုလျှံလျှံဖြင့် လန်ဒန်မြို့ရှိ ဘာကလေဘဏ် (Barclay Bank)တွင် ကြိုတင်ငွေသိန်းတစ်ရာ ထည့်သွင်းအပ်နှံ ဘဏ်စာရင်းဖွင့်ပေးထားသည်။ ထို့ကြောင့် ညီညီသည် ဗြိတိသျှတို့ မြန်မာပြည်မှ ဆုတ်ခွာထွက်ပြေးခဲ့ကြပြီး ဂျပန်ခေတ်တစ်လျှောက်လုံး ဗြိတိန်နိုင်ငံတွင် ပူပင်သောကမရှိ၊ ကြောင့်ကြခြင်းကင်းစွာ နေနိုင်ခဲ့သည်။

ဒုတိယကမ္ဘာစစ်ပြီးချိန်တွင် မွေးစားဖခင် ဦးကြွယ်ဝအောင်သည် မွေးစားသား ညီညီရှိရာ လန်ဒန်မြို့သို့ ဘီအိုစီလေကြောင်းလိုင်း၏ 'အာဂိုးနပ်သ်' လေယာဉ်ဖြင့် အသွားတွင် ရောမ လေယာဉ်ကွင်းမှအတက် လေယာဉ်စက် ချို့ယွင်း၍ မြေပြင်သို့ပြန်အဆင်း လေယာဉ်ပြေးလမ်းကျော်လွန်ကာ အခြားသော အဆောက်အအုံများကို အရှိန်အဟုန်ဖြင့် တိုးမိ၊ တိုက်မိပြီး ပျက်စီးသွားခဲ့သည်။ လေယာဉ်ခရီးသည် (၃၀) ယောက်အနက် (၁၆)ယောက် ဒဏ်ရာအနည်းငယ် ရရှိခဲ့ပြီး ဒဏ်ရာအကြီးအကျယ်ရသူ (၁၂)ယောက်ထဲမှ နှစ်ယောက်သေဆုံးသွားသည်။ ကျန်ဆယ်ယောက်ကို လန်ဒန်မြို့သို့ ဆက်လက်ပို့ဆောင်ခဲ့၏။

ညီညီ၏မွေးစားဖခင် ဦးကြွယ်ဝအောင်သည် လန်ဒန်မြို့၏ ဆေးရုံကြီးတွင် အတွင်းလူနာ ဆယ်ယောက်ထဲမှ တစ်ယောက်အပါအဝင်အဖြစ် တက်ရောက် ကုသခဲ့သည်။ ထိုအချိန်ကဆိုလျှင် ညီညီသည် သူ၏မွေးစားဖခင် အနီးတွင် နေ့ရောညပါ အနီးကပ်ပြုစုစောင့်ရှောက်ခဲ့သည်။ သို့ရာတွင် ဆေးရုံ၌ ရက်သတ္တ နှစ်ပတ်မျှသာ ကုသခဲ့ရပြီး နောက်ဆုံး၌ ဆရာဝန်ကြီးများက လက်လျှော့လိုက်ကြလေတော့သည်။

မည်သို့ပင်ဖြစ်စေ ဦးကြွယ်ဝအောင်သည် နောက်ဆုံးအချိန်မရောက်မီကာလတွင် သူ၏တစ်ဦးတည်းသော အမွေစား၊ အမွေခံသားအဖြစ် ညီညီအောင်အား အမွေအားလုံး တရားဝင်လွှဲပြောင်းပေးခဲ့လေသည်။

+++

ကံကြမ္မာ၏ မျက်နှာသာပေးခြင်းခံရသော ညီညီအောင်သည် ငယ်ငယ်ရွယ်ရွယ်နှင့် တစ်မဟုတ်ချင်း သူကြွယ်တစ်ဦးဖြစ်သွားသည်။ သူသည် မွေးစားဖခင် ကွယ်လွန်ပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လာသည်။ ရောက်ရောက်ချင်း မိုးကုတ်မြို့ရှိ ဖခင်၏နေအိမ်တွင် တစ်လမျှ နေခဲ့သေးသည်။

ထိုအချိန်ကာလအတောအတွင်း ဦးကြွယ်ဝအောင် ပိုင်ဆိုင်သမျှ အရာခပ်သိမ်းသည် တစ်ဦးတည်းသော အမွေစားအမွေခံသားဖြစ်သူ ညီညီအောင်မှာ ပိုင်ဆိုင်သူဖြစ်သွားလေတော့သည်။ တစ်နေ့တွင် ညီညီသည် ဦးကြွယ်ဝအောင်၏ ကိုယ်ရေးကိုယ်တာစာရွက်စာတမ်းများ ထည့်ထားသော မီးအာမခံသေတ္တာကို သော့ဖွင့်သည်။ ဦးကြွယ်ဝအောင်၏ ဒိုင်ယာရီ နေ့စဉ်မှတ်တမ်းစာအုပ်အဟောင်းကို တစ်မျက်နှာချင်း၊ တစ်ရွက်ချင်း ဖတ်ရှုလေ့လာသောအခါကျမှ သူသည် ဦးကြွယ်ဝအောင်၏ မွေးစားသားဖြစ်ကြောင်း၊ သူ့မိဘရင်းဖြစ်ကြသော ဦးမိုးနှင့် ဒေါ်သီတာတို့ ဇနီးမောင်နှံ နှစ်ယောက်စလုံး ကားအက်ဆီးဒင့်ဖြင့် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်း၊ သူ့အမြွှာအစ်ကိုဖြစ်သော မောင်ကိုကိုသည် မိဘနှစ်ပါး ဦးခေါင်းချရာ ရွာသာကုန်းတွင် ဆက်လက်နေထိုင်လျက်ရှိကြောင်း စသည်တို့ကို သိလိုက်ရသည်။

ထို့ကြောင့် တစ်ဦးတည်းသော အမြွှာအစ်ကို သွေးရင်းသားရင်းကို ရန်ကုန်အိမ်သို့ခေါ်ယူ၍ အတူနေထိုင်ရန် သန္နိဋ္ဌာန်ချလိုက်သည်။ ထို့နောက် စိတ်ချရသော လူယုံတစ်ယောက်ကို ရွာသာကုန်းသို့ စေလွှတ်လိုက်သည်။ ရွာလူကြီးထံတွင် ရှေးဦးစွာ စုံစမ်းမေးမြန်းပြီးမှ အကယ်၍ အမြွှာအစ်ကို အသက်ထင်ရှားရှိခဲ့ပါလျှင် ရန်ကုန်လိပ်စာနှင့်အတူ ခရီးစရိတ်၊ စားစရိတ်၊ အသုံးစရိတ် စသည်တို့ကို ပြည့်စုံလုံလောက်စွာ ပေးခိုင်းလိုက်ခြင်းဖြစ်ကြောင်း ပြည့်ပြည့်စုံစုံ ရှင်းပြထားသည်။ စာ၏ ပထမဆုံး ခြားချက်တစ်ခုမှာ လက်ရေးဖြင့် ရေးသားထားခြင်းမဟုတ်ဘဲ လက်နှိပ်စက်

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်သည်။ ဒုတိယ ထူးခြားချက်မှာ.....

''ညီညီမှာ အမြွှာညီအစ်ကို အရင်းတစ်ယောက် ရှိကြောင်းကို မွေးစားအဖေ ဦးကြွယ်ဝအောင်က နောက်ဆုံးထွက်သက်အထိ ဖုံးကွယ်ထားခဲ့တယ်။ ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့ဘူး။ ဒါကြောင့် ညီညီရဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေ၊ မိတ်ဆွေအပေါင်းအသင်းတွေကိုလည်း ဆက်လက်ပြီး ညီညီ ဖုံးကွယ်ထားချင်တယ်။ ညီညီဆီကို ရန်ကုန်လိပ်စာအတိုင်း လာတွေ့တဲ့အခါမှာ အတတ်နိုင်ဆုံး သပ်သပ်ရပ်ရပ်၊ သားသားနားနား ဝတ်စားဆင်ယင်ခဲ့စေချင်ပါတယ်။ ဖြစ်နိုင်ရင် ကိုကို့အနေနဲ့ (ညီညီနဲ့ ရုပ်ချင်းဆင်တူခဲ့ရင်)ညီညီဟန်ဆောင်ပြီး လာခဲ့ပါ။ ညီညီရဲ့(ပတ်စ်ပို့အရွယ်အစား)ဓာတ်ပုံတစ်ပုံကိုပါ စာအိတ်ထဲမှာ ထည့်ပေးလိုက်ပါတယ်''

ဟူ၍ ဖတ်ရှုရသည်။ ထိုဓာတ်ပုံလေးထဲတွင် တွေ့ရသော ရုပ်ဆင်းသဏ္ဌာန်မှာ ကျွန်တော့်ကိုယ်ပွား ဓာတ်ပုံတစ်ပုံအလား ထင်မြင်ယူဆနိုင်လောက်သည်။



ထို့ကြောင့် ကျွန်တော်သည် မိမိကိုယ်မိမိ အသွင်သဏ္ဌာန်နှင့် အမူအကျင့်စရိုက်တို့ကို အတတ်နိုင်ဆုံး သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့်၊ သားသားနားနား၊ လူသစ်စိတ်သစ်ဖြင့် ယခင်မောင်ကိုကိုနှင့်မတူ တစ်မူထူးခြားစွာ ဖန်တီးရန် ဆုံးဖြတ်ချက်ချလိုက်ရပေတော့သည်။

ရန်ကုန်မြို့သို့ ရောက်လျှင်ရောက်ချင်း ကျွန်တော့်ကိုယ်ကျွန်တော် (ဓာတ်ပုံထဲမှ)ညီညီနှင့် ဆင်တူယိုးမှား ဝတ်စားဆင်ယင်လိုက်သည်။ နဖူးဆံစပ်မှ ခြေဖျားအထိ သန့်ရှင်းစင်ကြယ်သွားသည်။ 'လူမှာအဝတ်၊ တောင်းမှာအကွပ်'ဟူသော ဆိုရိုးစကားအတိုင်း ရွာသာကုန်းဇနပုဒ်မှ 'ငကို'ဟူသော ကျေးတောသားလေးတစ်ယောက်နှင့် လုံးလုံးလျားလျား ကွဲပြားခြားနားသွားသည်။

+++

တက္ကစီစတင်းတွင် အသားနားဆုံး တက္ကစီတစ်စီးငှား၍ ညီညီ၏လိပ်စာအတိုင်း မောင်းပို့ခိုင်းလိုက်ရသည်။ ညီညီနေသောနေရာမှာ ရန်ကုန်မြို့၏ ဆင်ခြေဖုံး ဆိတ်ငြိမ်နယ်မြေ တစ်နေရာတွင် သုံးဧကခန့်ကျယ်ဝန်းသော ခြံကျယ်ဝင်းကျယ်ကြီးထဲမှ နှစ်ထပ်တိုက်ခံအိမ်ကြီးတစ်အိမ်ဖြစ်သည်။

ကျွန်တော်စီးလာသော တက္ကစီသည် ပိတ်ထားသော ခြံဝင်းတံခါးရှေ့တွင် ရပ်တန့်လိုက်သည်။ ထိုအခါ ခြံစောင့်ကြီးက အပြေးအလွှားဖြင့် ခြံတံခါးဖွင့်ပေးသည်။ ကားကို ခြံထဲအထိ တောက်လျှောက်မောင်းဝင်သွားပြီးနောက် တိုက်ခံအိမ်ကြီး၏ ဆင်ဝင်အောက်တွင် ကားကို အရှိန်လျှော့၍ ရပ်တန့်စေသည်။ တက္ကစီဒရိုင်ဘာသည် ကျွန်တော်ထုတ်ပေးသော တက္ကစီခကို လှမ်းယူစဉ် ကျွန်တော်က.....

''အကြွေပြန်မအမ်းနဲ့တော့''

ဟု ပြောလိုက်သည်။ ထိုအခါ တက္ကစီဒရိုင်ဘာက သူ့နဖူးကို လက်ဖမိုးဖြင့်ဖိကပ်လျက် ဂါရဝပြုသည်။ ထို့နောက် ကားကိုပြန်လည်မောင်းထွက်သွားသည်။ ကျွန်တော်က တိုက်ခံအိမ်၏ရှေ့ဘက် တံခါးပေါက်အရောက် သံခေါက်တံခါးကို တစ်စုံတစ်ယောက်က သော့ဖွင့်ပေးသည်။ သံတံခါးကို ဘေးသို့ဆွဲစေ့လိုက်သောအခါ ကျွန်တော်က အတွင်းသို့ဝင်သွားသည်။

''ဆရာ မောင်းမကန်အပန်းဖြေခရီးသွားတာ ဒီတစ်ခါ မြန်သားပဲ၊ ကျွန်မတို့က သုံးလေးပတ်လောက်ကြာလိမ့်မယ်လို့ မှန်းထားတာ''

တံခါးဖွင့်ပေးသူ အဒေါ်ကြီးတစ်ဦးက ပင့်သန္ဓာရသဘောမျိုး မှုန်မှိုင်းဝေသီသော မျက်လုံးအစုံဖြင့် ဖျတ်ခနဲလှမ်းကြည့်၍ မေးသည်။

ကျွန်တော်က ဘာပြောရမှန်းမသိ၍ အလိုက်သင့်အလျားသင့် ဦးခေါင်းတစ်ချက်ညိတ်ပြ၍ ဧည့်ခန်းဆောင်ထဲသို့ဆက်ဝင်သွားသည်။ ဧည့်ခန်းဆောင်ထဲတွင် ခန်းလုံးပြည့် သားမွေးကော်ဇောကြီး ခင်းထားသည်။ ဆိုဖာဆက်တီများဖြင့် ခင်းကျင်းထားသည်။

ကျွန်တော်က နီးရာဆိုဖာတစ်လုံးပေါ်တွင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ရွှေရောင်ကနုတ်ပေါင်မူးဖြင့် ပေါင်သွင်းထားသော ဆီဆေးပန်းချီကားကြီးများကို အမှတ်မထင် ကြည့်

www.burmeseclassic.com



လိုက်မိသည်။ မိုးကုတ်တွင်းစားမျိုးရိုးများ၏ ပုံတူများ၊ ညီညီ၏ အရွယ်ရောက်စပုံတူ စသည်ဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ချိတ်ဆွဲတန်ဆာဆင်ထား၏။

"ဩော်.....ဆရာ့အိပ်ခန်းဖွင့်ဖို့ ကိုဖိုးထောင်ကို သော့နဲ့လွှတ်လိုက်မယ်နော်"

အဒေါ်ကြီးက ပြောပြောဆိုဆိုနှင့် ညှော်ခန်းဆောင်၏နောက်ပေါက်သို့ လျှောက်သွားသည်။ မကြာမီ သျှောင်ကြီးဖွေးနှင့် အဘိုးကြီးတစ်ယောက်က သော့တွဲကိုင်၍ ထွက်လာသည်။ အဒေါ်ကြီးနှင့် သက်တူရွယ်တူခန့် ရှိပေလိမ့်မည်။ ထိုအဘိုးကြီးရော၊ အဒေါ်ကြီးပါ ညီညီအောင်ကို ရဲရဲတင်းတင်း ကြည့်လေ့ကြည့်ထ ရှိပုံမရပါချေ။ အစဉ်သဖြင့် မျက်လွှာချထားလေ့ရှိကြသည်။ ထို့ကြောင့် ညီညီနှင့် ဆင်ဆင်တူနေသော ကျွန်တော့်ကို ညီညီအောင်အမှတ်ဖြင့် လက်ခံနေကြခြင်းဖြစ်သည်။

သို့ဖြစ်ရာ ညီညီအောင်၏စာထဲတွင် ပါရှိသည့်အတိုင်း ဦးကြွယ်ဝအောင်မှ အစပြု၍ ညီညီ့တွင် အမွှာအစ်ကိုတစ်ယောက်ရှိနေခြင်းကို လျှို့ဝှက်ထားသည့်အတိုင်း ကျွန်တော်က ဆက်လက်ထိန်းသိမ်းထားရမည်။ ညီညီနှင့် တွေ့သောအခါကျမှ မည်သို့မည်ပုံ ရှေ့သို့ မည်သည့်နည်းနှင့် ဆက်ရမည်ကို ဆွေးနွေးတော့မည်ဟု သန္နိဋ္ဌာန်ချလိုက်မိ၏။

တိုက်ခံအိမ်အတွင်း တစ်ဆစ်ချိုးလှေကားမှတက်သွားသော ဦးဖိုးထောင်က ကျွန်တော့်ခရီးဆောင်သေတ္တာကို ဆွဲသွားသည်။ သူ၏နောက်မှ ကျွန်တော်က ခြေလှမ်းမှန်မှန်ဖြင့် တက်လိုက်သွားရသည်။ အပေါ်ထပ် လူသွားစင်္ကြံ၏အဆုံးရှိ အိပ်ခန်းဆောင်တံခါးကို ဦးဖိုးထောင်က သော့ဖွင့်ပေးပြီးနောက် အခန်းတွင်းသို့ဝင်ကာ သူဆွဲလာသော ခရီးဆောင်သေတ္တာကို ခုတင်အနီးတွင်ချသည်။

"ကျွန်တော် ဘာလုပ်ပေးစရာရှိပါသေးသလဲ ဆရာ"

သူ့အမေးကို ကျွန်တော်က တီးတိုးလေသံဖြင့်.....

"လောလောဆယ် ဘာမှလုပ်ပေးစရာ မလိုသေးပါဘူး၊ လိုရင်ခေါ်လိုက်မယ်"

ဟူ၍ပြောလိုက်သည်။ ကျွန်တော်၏ လေယူလေသိမ်းမှာ ပကတိပုံမှန်အတိုင်း အသံတုန်ယင်ခြင်းမရှိပါချေ။ ထို့ကြောင့် ကျွန်တော့်ကိုယ်ကျွန်တော် အံ့သြနေမိသည်။ ထိုအခါ ဦးဖိုးထောင်က ကျွန်တော့်ရှေ့မှ ခါးညွတ်၍ ဖြတ်သွားကာ လူသွားစင်္ကြံမှလျှောက်သွားပြီး လှေကားမှ ဆင်းသွားလေတော့သည်။

အိပ်ခန်းတံခါးသော့ပေါက်တွင် တန်းလန်းလျှိုထားသော အခန်းသော့ကို ကျွန်တော်က ဖြုတ်ယူ၍ အခန်းတွင်းသို့ ဝင်လိုက်သည်။ ထို့နောက် အိပ်ခန်းတံခါးကို အတွင်းမှ ပြန်ပိတ်လိုက်လေသည်။

ထိုအချိန်မှစ၍ ကျွန်တော်သည် စိတ်လွတ်ကိုယ်လွတ်ဖြင့် ကြေးခုတင်ကြီးပေါ်ရှိ စပရိန်မွေ့ရာထူထူကြီးပေါ်သို့ ဝမ်းလျားထိုးပစ်မှောက်လိုက်လေတော့သည်။ မိနစ်အနည်းငယ်မျှ စိတ်ရောကိုယ်ပါ အနားယူပြီးမှ ပက်လက်အနေအထားဖြင့် အိပ်ခန်းတွင်းကို မျက်လုံးတစ်ချက်ဝေ့၍ ကြည့်လိုက်မိသည်။ လိုလေသေးမရှိ အရာခပ်သိမ်းပြည့်စုံသော အဆင့်အတန်းအမြင့်စားလူနေမှုစနစ်၏ အရသာကိုခံစားကြည့်နေသည်။

ထိုအချိန်တွင် ကျွန်တော်သည် ဗဟိဒ္ဓသဏ္ဌာန်အားဖြင့် ညီညီနှင့် ဆင်တူနေသည့်ပမာ ကျွန်တော်၏ အဇ္ဈတ္တသန္တာန်သည်လည်း အလိုအလျောက် ညီညီကဲ့သို့ ဖြစ်နေသည်။ ရှင်းရှင်းဆိုရလျှင် ကျွန်တော့်အနေနှင့်ညီညီအောင်ကဲ့သို့ ဟန်ဆောင်ခြင်းမဟုတ်ဘဲ စိတ်ရောကိုယ်ပါ ညီညီအောင်၏ဘဝထဲသို့ ဝင်စားလိုက်ခြင်း ဖြစ်နေလေသည်။

တစ်နည်းအားဖြင့် ဖြစ်သင့်ဖြစ်ထိုက်ခြင်း ရှိ၊ မရှိ မစဉ်းစားတော့ဘဲ ဆင်ခြင်တုံတရားကင်းမဲ့စွာ ဖြစ်ချင်စိတ်ကိုသာ ဦးစားပေး ရှေ့တန်းတင်လိုက်သည်။ မကြာမီ ကျွန်တော်သည် အိပ်ပျော်မှန်းမသိ အိပ်မောကျသွားသည်။ ကျွန်တော့်နားထဲတွင် တယ်လီဖုန်းမြည်သံကို အဝေးတစ်နေရာမှ ကြားနေရသည့်ပမာဖြစ်သည်။ တဖြည်းဖြည်းချင်း နီးလာသည်ဟု ထင်ရပြီး ကျွန်တော် လန့်နိုးလာသည်။ ထိုအခါ တယ်လီဖုန်းမြည်သံသည် ကျွန်တော် လဲလျောင်းအိပ်ပျော်နေသော အိပ်ရာခုတင်၏ဘေးဘက် လက်တစ်ကမ်းအကွာမှ ထွက်ပေါ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က ဖုန်းကို ကောက်ကိုင် နားထောင်လိုက်သည်။

မှန်ပြတင်းအပြင်ဘက်တွင် အမှောင်ထုက တစ်စတစ်စ သိပ်သည်းလာချေပြီ။

"ဟယ်လို.....ပြောပါ"

ကျွန်တော်က အိပ်ချင်မူးတူးအသံ

www.burmeseclassic.com

အစ်တစ်တစ်ဖြင့် ထူးလိုက်သည်။

''ကိုအောင်၊ အခုချက်ချင်း ကိုအောင်နဲ့တွေ့ချင်တယ်၊ အရမ်းအရေးကြီးတယ်၊ မိုမို ကိုအောင့်ဆီကို လာခဲ့မယ်နော်''

တစ်ဖက်မှပြောနေသော မိန်းကလေးအသံက အထိတ်တလန့်ဖြစ်နေပုံရသည်။

''မိုမို ဟုတ်လား၊ ဘာကိစ္စလဲ''

ကျွန်တော်က ဇဝေဇဝါဖြင့် ပြန်မေးသည်။

''မြတ်မိုမိုရဲ့အသံကိုတောင်မမှတ်မိတော့ဘူးလားကွယ်၊ ကိုအောင်ကတော့ တကယ်ပဲ၊ မင်းမင်းကျော်ခေါင်က ကိုအောင့်ကို အကြွေးဆပ်စရာရှိလို့တဲ့၊ အဲဒါ ဒီညကျရင် ကိုအောင့်ကို မဖြစ်မနေ တွေ့ဆုံပွဲလေးတစ်ခု အမှတ်တရလုပ်မယ်လို့ပြောတယ်၊ သူတို့နဲ့ကိုအောင် ဘာတွေများ ပတ်သက်နေလို့လဲ''

''မင်းမင်းကျော်ခေါင်နဲ့ကိုယ် ဘာမှမပတ်သက်ဖူးပါဘူး၊ တကယ်လို့ သူတို့က ပတ်သက်တယ်ဆိုပြီး အကြွေးဆပ်ချင်တယ်ဆိုရင်လည်း လက်ခံလိုက်ရုံပဲမဟုတ်လား''

ကျွန်တော်က စဉ်းစဉ်းစားစားဖြေလိုက်သည်။ ကျွန်တော်၏ အမြွှာညီဖြစ်သောညီညီအောင်ကို မင်းမင်းကျော်ခေါင်တို့က ကြွေးဆပ်မည်ဆိုလျှင် ကျွန်တော်က ညီညီအောင်အဖြစ်နှင့် လက်ခံလိုက်ရုံရှိသည်။ ထို့နောက် ညီညီနှင့် ကျွန်တော် တွေ့ကြသောအခါ ထိုငွေကြေးများကို ညီညီ့လက်သို့ ပေးအပ်လိုက်မည်။ သို့ဖြစ်လျှင် ညီညီ အံ့ဩသွားလိမ့်မည်ထင်သည်။

''ကိုအောင် သူတို့က မိုမို့ကို အတင်းအကျပ်.....''

မြတ်မိုမိုဆိုသော မိန်းကလေး၏ အသံမှာ ပြောနေရင်းမှာပင် တိခနဲပြတ်သွားသည်။

''မိုမို..မိုမို၊ မင်းအခုဘယ်မှာလဲ၊ သူတို့ဆိုတာ ဘယ်သူတွေလဲ၊ မင်းနဲ့ သူတို့ ဘာတွေဖြစ်နေကြတာလဲ''

ကျွန်တော်က ကမန်းကတန်းမေးသည်။

''သူတို့က မိုမို့ကို မျက်ခြည် မပြတ်စောင့်ကြည့်နေကြတာ၊ သူတို့ အလစ်မှာ မိုမို ကိုအောင့်ခြံကိုအရောက် လာခဲ့မယ်၊ အဲဒီတော့မှ အကြောင်းစုံ ရှင်းပြမယ်၊ ဒါပေမဲ့.....''

မြတ်မိုမိုဆိုသော မိန်းကလေး၏ အသံက စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားပြန်သည်။ ကျွန်တော်သည် ဖုန်းကိုပြန်ချ၍ မှန်ပြတင်းမှ မြင်နေရသော အဝေးမြင်ကွင်းကို စိတ်ရှည်လက်ရှည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်၍ ခြံပြင်ဘက် ကားလမ်းပေါ်သို့ အတော်ကြာကြာ လှမ်းကြည့်နေသည်။ မိနစ်နှစ်ဆယ်မျှအကြာတွင် ကားတစ်စီး မောင်းလာသည်ကို မြင်ရသည်။ မကြာမီ ထိုကားနောက်မှ အခြားကားတစ်စီးမောင်းလာကာ ပထမကားကို ကျော်တက်၍ ရှေ့မှကန့်လန့်ဖြတ်ပိတ်၍ ရပ်လိုက်သည်။ ကားနှစ်စီးစလုံး ရှေ့မီးများထွန်းထားသောကြောင့် မြင်နေရသည်။

မည်သို့ပင်ဖြစ်စေ မြတ်မိုမိုဆို သော မိန်းကလေးနှင့် သူမကို နောက်ယောင်ခံလိုက်လာသူတို့ တွေ့ဆုံနေကြခြင်း ဖြစ်တန်ရာသည်။ ဤကိစ္စတွင် ကျွန်တော်သည် ဘုမသိ ဘမသိနှင့် ဝင်ပါစရာမလိုဟု ယူဆသည်။ သို့ရာတွင် မြတ်မိုမိုသည် ကျွန်တော့်ညီဖြစ်သူ ညီညီနှင့် ပတ်သက်နေပေလိမ့် မည်။

သို့ဖြစ်လျှင် အကယ်၍ ညီညီသာ ရှိခဲ့လျှင် မြတ်မိုမိုအတွက် တစ်စုံတစ်ရာ အကူအညီပေးလိမ့်မည်ဟူသော အတွေးကို တွေးမိသောအခါ ကျွန်တော်သည် လောလောဆယ် အချိန်တွင် ညီညီအောင်ကိုယ်စား ဤအိမ်ဂေဟာသို့ ရောက်နေသူဖြစ်သောကြောင့် ညီညီအောင့်ကိစ္စကို တတ်နိုင်သမျှ ဝင်ရောက်ဖြေရှင်းပေးရန် ဆုံးဖြတ်လိုက်သည်။ အကယ်၍ ဖြေရှင်း၍ မရလျှင် ကျွန်တော်သည် ညီညီအောင်မဟုတ်ကြောင်းပြော၍ ဘေးထွက်လိုက်ရုံသာဖြစ်သည်။

ထို့ကြောင့် အိပ်ရာခုတင်ဘေး ဘက်စားပွဲပေါ်တွင် အဆင်သင့်တွေ့ရသော ဓာတ်ခဲသုံးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို ဆွဲယူ၍ အိပ်ခန်းထဲတွင် ခလုတ်နှိပ်၍ စစ်ဆေးကြည့်သည်။ လက်နှိပ်ဓာတ်မီးမှ ထွက်ပေါ်လာသော အလင်းရောင်တန်းသည် ပကတိ ထိန်လင်းနေလေသည်။ ခလုတ်ပြန်ပိတ်လိုက်ပြီးနောက် ကျွန်တော်သည် အိပ်ခန်းတွင်းမှထွက်၍ အောက်ထပ်သို့ လှေကားမှ ဆင်းခဲ့သည်။ တိုက်ခံအိမ်ထဲမှမထွက်မီ ဧည့်ခန်းတွင်းရှိ စားပွဲပေါ်တွင် အဆင်သင့်တွေ့ရသော Writing Pad စာရေးကတ်၏ ပထမဆုံးစာမျက်နှာပေါ်တွင် 'ရဲကိုအမြန်ဆုံးဖုန်းဆက်ပါ'ဟု ရေးခဲ့သည်။ တိုက်ခံအိမ်ထဲမှထွက်၍ ခြံဝရှိရာသို့လျှောက်ပြီး ခြံထဲမှ ထွက်ခဲ့သည်။ ထိုကားနှစ်စီး ရပ်

www.burmeseclassic.com

www.burmeseclassic.com



တန့်နေသောနေရာသည် ခြံပြင်ဘက်ကိုက်လေးရာသာသာမျှ ကွာလှမ်း၏။ ထို့ကြောင့် ကျွန်တော်သည် သိပ်ကြာကြာမလျှောက်လိုက်ရဘဲ ထိုကားနှစ်စီးအနီးသို့ ရောက်ရှိသွားလေသည်။

သူတို့အနေနှင့် မထင်မှတ်ဘဲ အနီးသို့ ခြေသံလုံလုံဖြင့် ချဉ်းကပ်သွားသော ကျွန်တော့်ကို တအံ့တသြလှည့်ကြည့်လိုက်ကြသည်။ သူတို့ဆိုသည်မှာ မိန်းမပျိုတစ်ယောက်နှင့် အမျိုးသားနှစ်ဦးဖြစ်သည်။ ထိုအမျိုးသား နှစ်ဦးစလုံး လည်သာကျာကင်၊ ဘောင်းဘီရှည်၊ သက္ကလတ်ဦးထုပ်ကိုယ်စီဖြင့်ဖြစ်သည်။ မိန်းမပျို၏ ဘေးတစ်ဖက်တစ်ချက်တွင်ရပ်လျက် သူမ၏ လက်မောင်းနှစ်ဖက်ကို တစ်ဖက်တစ်ယောက် ချုပ်ကိုင်ထားကြသည်။

“မိန်းကလေးတစ်ယောက်ကို ယောကျ်ားရင့်မာကြီးနှစ်ယောက်က နိုင်လိုမင်းထက် ချုပ်ကိုင်ထားတာ လူစွမ်းကောင်းမဖြစ်နိုင်ပါဘူးဗျာ၊ လွှတ်လိုက်ကြပါ၊ တစ်ယောက်နဲ့တစ်ယောက် ပြေပြေလည်လည်နဲ့ အေးအေးဆေးဆေး ဖြေရှင်းလို့လည်းရတာပဲမဟုတ်လား”

အမျိုးသားနှစ်ယောက်က ကျွန်တော့်ဘက်သို့အာရုံရောက်နေခိုက် မိန်းမပျိုသည် ရရှိသောအခွင့်အရေးကို အသုံးပြု၍ ဆောင့်ရုန်းလူးလွန့်လိုက်သည်။ သူမသည် စက္ကန့်အနည်းငယ်အတွင်း ကျွန်တော်နှင့် ဘေးချင်းယှဉ်လျက်အနေအထားသို့ ရောက်ရှိလာသည်။

“ကိုအောင် မင်းမင်းကျော်ခေါင်ကို သတိထား၊ သူ့ဆီမှာ လက်နက်ပုန်းတစ်လက် ပါလာတယ်”

သူမက တီးတိုးသတိပေးသည်။

“ဩ.....လက်စသတ်တော့ ညီညီအောင်ကိုယ်တိုင် ရောက်လာမှကိုး၊ ငါတို့က မင်းကို ကြွေးဆပ်စရာရှိလို့ မြတ်မိုမိုကို မရမက မေးနေရတာ၊ ဒါထက် မင်းက မောင်းမကန်ကမ်းခြေကို အပန်းဖြေခရီးထွက်သွားပြီဆိုပြီး ခြေရာဖျောက်ခဲ့တယ်မဟုတ်လား၊ အခု ဘယ်လိုဖြစ်ပြီး ချက်ချင်းကြီး ပြန်ရောက်လာတာလဲ”

“အခြေအနေအရပေါ့ကွာ၊ ကဲ.. မင်းတို့ ကြွေးဆပ်ချင်သပဆိုရင်လည်း ဆပ်လေကွာ”



ကျွန်တော်က လက်နှိပ်ဓာတ်မီးကို မင်းမင်းကျော်ခေါင်ဆိုသူ၏ မျက်နှာပြင်သို့ တည့်တည့်မတ်မတ် ထိုးကြည့်လိုက်သည်။ သူသည် မျက်စိ၊ မျက်နှာကို ဘယ်လက်ဖျံဖြင့် ကာရင်း ဘောင်းဘီအိတ်ထဲမှ ပြောင်းတိုတစ်လက်ကို ဆွဲထုတ်၍ ကျွန်တော့်ရင်ဘတ်ကို ထိုးချိန်သည်။

“မင်းကို ဆပ်ရမယ့်ကြွေးက ရန်ကြွေးကွ၊ ကဲ...ရော့၊ သေလိုက်စမ်း”

သူ့လက်ထဲရှိ သေနတ်ပြောင်းဝမှ ကျည်ထိပ်ဖူးများသည် ကျွန်တော့်ရင်သို့ ထိမှန်စူးဝင်သွားကြသည်။ ကျွန်တော်ကိုင်ထားသော လက်နှိပ်ဓာတ်မီး လွတ်ကျသွားသည်။ ဒူးထောက်လျက်သားမှတစ်ဆင့် မြေပြင်သို့ မျက်နှာမှောက်ကာ ပစ်ကျသွားခဲ့သည်။

ထိုအခိုက်အတန့်တွင် ကျွန်တော်၏ အကြားအာရုံထဲသို့ နောက်ဆုံးတိုးဝင်လာသောအသံမှာ ရဲလှည့်ကင်းကား၏ ဥဩသံဖြစ်သည်။ ထိုအသံကိုကြားလိုက်ရသည်မှာ ကျွန်တော့်ဘဝတစ်လျှောက်လုံးတွင် ဤတစ်ကြိမ်သည် သာယာနာပျော်ဖွယ်အကောင်းဆုံးဖြစ်နေပါတော့သည်။

ဆွေမြင့်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်ဆိုပါက နွေးအနေဖြင့် မိမိ၏ညီမငယ် ယွန်းရွှေစင်နှင့်ပတ်သက်သည့် ဖြစ်ရပ်ဆိုးများကို ပြန်လည်စဉ်းစား တွေးတောလိုသောဆန္ဒအလျှင်းမရှိခဲ့ပေ။ အမှုမဲ့အမှတ်မဲ့ တွေးမိငေးမိပြန်တော့လည်း အဟောင်းသည်အသစ်ဖြစ်ရသည်။ တွေးမိတိုင်း အသစ်ဖြစ်ခဲ့ရသော ညီမငယ်၏ ကံကြမ္မာရိုင်းကြောင့် စိတ်နှလုံးကြေကွဲ ဝမ်းနည်းခြင်းများဖြင့် သောကမျက်ရည် ကျခဲ့ရသည်က နွေးအတွက် ကြိမ်ဖန်ထပ်စွာ မရေမတွက်နိုင်အောင်ပင်။ ပို၍ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်စေရသည်က နွေးကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်ထားသည့် တူမဖြစ်သူ ပိတောက်သွေးသည် သူမ၏ မိခင်ဖြစ်သူ ယွန်းရွှေစင်နှင့် ရုပ်ချင်းခွဲမရအောင် တစ်ထပ်တည်းတူညီနေခြင်းကြောင့်ဟု ဆိုရပေတော့မည်။

ပိတောက်သွေး၏အပြုံးသည် ယွန်းရွှေစင်၏အပြုံး၊ ပိတောက်သွေး ၏ ဝါဝင်းနုညက်သည့် အသားအရေ သည် ယွန်းရွှေစင်၏ အသားအရေ။ တူနိုင်လွန်းသည့် သားအမိနှစ်ယောက်ပေ။

နွေးအနေဖြင့် ယွန်းရွှေစင်နှင့် ပိတောက်သွေးဟူသော သားအမိနှစ်ယောက်သည် မိမိ၏ သွေးရင်းသားရင်းများမို့ အံ့သြမှုမဖြစ်သော်လည်း တူမဖြစ်သူ ပိတောက်သွေးကို မြင်လေတိုင်း ညီမဖြစ်သူ ယွန်းရွှေစင်အား လွမ်းဆွတ်သတိရခြင်းများစွာဖြင့် သောကဗျာပါရ ဆင့်ပွားခဲ့ရ၏။

"ပျောက်သောသူ ရှာလျှင်တွေ့၊ သေသောသူ ကြာလျှင်မေ့"ဟူသည့် ဆိုရိုးစကား ရှိငြားသော်လည်း နွေးသည် ပုထုဇဉ်ဖြစ်ပါ၏။ ချစ်တတ်သည့် နှလုံးသားရှိခြင်းကြောင့်လည်း ကြင်နာသနားတတ်၏။ ချစ်ခင်တွယ်တာတတ်၏။ သံယောဇဉ်တည်းဟူသော နှယ်ယှက်ခြင်းသဘောများကြောင့် ညီမဖြစ်သူ ယွန်းရွှေစင်အား အလွယ်တကူမေ့ပျောက်ပစ်ဖို့ရန် လွန်စွာခက်ခဲပင်ပန်းလှချေ၏။

ယွန်းရွှေစင်သည် မဖြစ်သင့်မဖြစ်ထိုက်သည့် ဖြစ်ရပ်များ ကြုံတွေ့ခဲ့ရပြီး တမလွန်သို့ ထွက်ခွာသွားသည်ကားမှန်၏။ သို့တစ်မူ ယွန်းရွှေစင်မှမွေးဖွား၍ မိမိတို့နှင့် ထားပစ်ခဲ့လေသော တူမဖြစ်သူ ပိတောက်သွေးအား ဆယ့်ကိုးနှစ်ဆယ် အပျိုကြီးဖားဖားသို့တိုင် ပြုစုစောင့်ရှောက် ကျွေးမွေးလာခဲ့ရသည်က နွေးပင်ဖြစ်ပါချေ၏။

တစ်ချိန်သော ကာလများဆီက နွေးနှင့်ယွန်းရွှေစင်ဟူသော ညီအစ်မနှစ်ယောက်သည် မုဆိုးမ မိခင်ကြီးဖြစ်သည့် ဒေါ်မြခင်၏ အုပ်ထိန်းမှုအောက်၌ အေးအတူပူအမျှ နေထိုင်ပညာသင်ကြားခဲ့ကြပါ၏။ နွေး အဝေးသင်တွဲရရှိ၍ ကျောင်းဆရာမဖြစ်သည့်အချိန် ယွန်းရွှေစင်မှာ ဆယ်တန်းတစ်နှစ်ကျရှုံးခဲ့သည်။ မိခင်ကြီး ဒေါ်မြခင်မှာ နှစ်ပေါင်းများစွာ စျေးရောင်းစျေးဝယ်ပြု၍ စားဝတ်နေရေးနှင့် သမီးများ၏ ပညာသင်စရိတ်များ ရှာဖွေရသည့်ဒဏ်ကြောင့် ရောဂါဘယများ ထူပြောလာခဲ့သည်။ ထိုအခါမှစ၍ နွေးသည်သာ အိမ်ထောင်ဦးစီးသဖွယ် ဖြစ်လာခဲ့ရသည်။ သို့သော် ပညာရေးဝန်ထမ်းဖြစ်သည်ကြောင့် တခြားတစ်မြို့တစ်ရွာသို့ သွားရောက်အမှုထမ်းရသဖြင့် ယွန်းရွှေစင်အား ထိန်းသိမ်းစောင့်ရှောက်နိုင်ခြင်းမရှိ။ ကင်းကွာသကဲ့သို့ ဖြစ်ခဲ့ရသည်။ ထို့ပြင် မိခင်ကြီးအားလည်း အနီးကပ်မစောင့်ရှောက်နိုင်ခဲ့ပါပေ။

ထိုကာလတွင် ယွန်းရွှေစင်တစ်ယောက် မိခင်နှင့်အစ်မတို့၏ ပြောဆိုဆုံးမမှု ကင်းကွာနေသည့်အချိန်တွင် သူမသည် ကြမ်းတမ်းခက်ထန်သည့် ကြမ္မာဆိုးချောက်ထဲသို့ ဖွတ်တရွတ်ဆိုးဆင်းခဲ့သည်လားမပြောတတ်။ ပိုးဖလံမျိုး မီးကိုတိုး ကိုယ်ကျိုးနည်းရသည်ဟူသော ဆိုရိုးစကားအတိုင်း ယွန်းရွှေစင်မှာ ဘဝပျက်ခမန်း ဖြစ်ခဲ့ရသည်။

မိဘများ၏ စွန့်ပစ်ခြင်းခံထားရပြီး မူးယစ်ဆေးဝါးမှီဝဲသော လူငယ်တစ်ဦးနှင့် မဖြစ်သင့်တာ ဖြစ်ခဲ့ခြင်းကြောင့် ယွန်းရွှေစင် ကိုယ်ဝန်ရရှိခဲ့သည်။ ယွန်းရွှေစင်၏ မဆင်မခြင် မှားယွင်းမှုသည်

www.burmeseclassic.com

www.burmeseclassic.com

ယွန်းရွှေစင်သာမက မိခင်နှင့် အစ်မဖြစ်သူတို့မှာ ပတ်ဝန်းကျင်၏ ယိုးစွပ်အပြစ်တင်ခြင်းကို ခံခဲ့ရသည်။ နွေးဆိုပါလျှင် မိမိညီမ၏ဖြစ်အင်ကြောင့် သေချင်လောက်အောင်ပင် အရှက်တကွဲဖြစ်ခဲ့ရသည်။ သို့စေကာမူ ယွန်းရွှေစင်၏ပြဿနာအား ဖြေရှင်းရန် နွေးကြိုးစားခဲ့ပါ၏။ ထိုလူငယ်၏ မိဘများမှာ ချမ်းသာကြွယ်ဝသော ဆန်စက်သူဌေးများ ဖြစ်ကြသော်လည်း တရားဝင် စွန့်ပစ်ထားသော သားမိုက်တစ်ယောက်၏ နောက်ဆက်တွဲပြဿနာများကို လုံးလုံးတာဝန်မယူခဲ့ပါပေ။ နွေးသည် ယွန်းရွှေစင်၏ကိုယ်ဝန်နှင့်ပတ်သက်သည့် လူငယ်အား သဘောထားကြီးစွာဖြင့် တွေ့ဆုံရန် ကြိုးစားခဲ့ပါ၏။ သို့သော် ထိုလူငယ်မှာ မူးယစ်ဆေးဝါးသုံးစွဲမှု၊ လက်ဝယ်ထားရှိမှုနှင့် ရောင်းဝယ်မှုတို့ကြောင့် ဖမ်းဆီးအရေးယူခြင်းခံခဲ့ရသည်။

နောက်ပိုင်း နွေးသည် ညီမဖြစ်သူ၏ ပြဿနာအတွက် ခိုင်မာစွာဆုံးဖြတ်ချက်ချလျက် ဆွေမျိုးများရှိရာ တောရွာသို့သွားရောက်၍ ကိုယ်ဝန်အား မွေးဖွားစေခဲ့သည်။

ယွန်းရွှေစင်သည် ပိတောက်သွေးအား မွေးဖွားပြီး နှစ်လခန့်အကြာတွင် မိခင်နှင့်နွေးအား အကြောင်းမကြား၊ ခွင့်မတောင်းဘဲ ပျောက်ခြင်းမလှပျောက်သွားခဲ့ပေသည်။ ထိုမှစ၍ နွေးမှာ ညီမဖြစ်သူမွေး၍ ထားပစ်ခဲ့လေသော သမီးလေး ပိတောက်သွေးအား ကြင်နာသနားခြင်းများဖြင့် ပိုးမွေးသကဲ့သို့မွေးခဲ့ရပေသည်။

ပိတောက်သွေးမှာ လူမမည်ကလေးငယ်ဖြစ်သည်ကြောင့် သူမ၏မိခင်မှ သူမအားထား၍ ထွက်သွားခြင်းကို လုံးဝမမှတ်မိခဲ့ရှာပေ။ ပိတောက်သွေး ခုနစ်နှစ်အရွယ်တွင် ယွန်းရွှေစင်၏အခြေအနေသတင်းများအား နွေးရရှိလာခဲ့သည်။ ယွန်းရွှေစင် တိုင်းတစ်ပါး နိုင်ငံတစ်ခုတွင် ရောက်ရှိ အလုပ်လုပ်ကိုင်လျက်ရှိနေကြောင်း သိရသည်။

နောက်ဆက်တွဲ ယွန်းရွှေစင်၏ အမင်္ဂလာသတင်းကား နွေးနှင့်သူမ၏ မိခင် ဒေါ်မြခင်မှာ အသည်းကွဲလုခမန်း ဖြစ်ခဲ့ရသည်၊ သိခဲ့ရသည်၊ ကြေကွဲခဲ့ရသည်။

ယင်းသတင်းမှာ ယွန်းရွှေစင်တစ်ယောက် ထိုနိုင်ငံတွင် မသမာသူတို့၏ လုယက်သတ်ဖြတ်မှုကြောင့် သေဆုံးသွားရသည်ဆိုသည့်သတင်းပင် ဖြစ်ပေသည်။

+++

ယခုအချိန်တွင် ပိတောက်သွေးသည် အမေတူသမီးလေးမို့ လှချင် တိုင်းလှနေပါ၏။ တစိမ့်စိမ့်ကြည့်လေလှလေမြဲမို့ သူမအား ပတ်ဝန်းကျင်မှ မသိမသာမှ သိသိသာသာ ဂရုပြုလာကြသည်။ အထူးသဖြင့် ဆန့်ကျင်ဘက်ပုရိသတို့၏ ဂရုပြု၊ စိတ်ဝင်စားမှုများ ပိုမိုလာသည်ကို ပိတောက်သွေးကိုယ်တိုင် ကြုံတွေ့လာရသည်။

နွေးမှာ တူမဖြစ်သူအား ဂရုစိုက်နေသူမို့ ပိတောက်သွေးအပေါ် ပိုမိုစူးစိုက်လာသော ပတ်ဝန်းကျင်အခြေအနေအား သတိထားမိပါ၏။ သားသမီးရင်းပမာ ချစ်ရသော တူမလေးပိတောက်သွေးတစ်ယောက် လောကဓံကို ခံနိုင်ရည်ရှိနိုင်ပါ့မလား။ ညီမငယ် ယွန်းရွှေစင်ကဲ့သို့ လမ်းမှားရွေးချယ်ခဲ့ပါက ကိုယ်ကျိုးနည်းအဖြစ်ဆိုးမျိုး ကြုံတွေ့သွားမည်ကို နွေးသည် အထူးစိုးရိမ်မိသည်။

နွေးတစ်ယောက် စိုးရိမ်မည်ဆိုကလည်း စိုးရိမ်စရာပင်။ ပိတောက်သွေးက ယွန်းရွှေစင်နှင့် ထပ်တူထပ်မျှ ပုံတူပွားထားသည့်အလား လှပလွန်းသည်မဟုတ်ပါလား။

အကယ်၍သာ ပိတောက်သွေးတစ်ယောက် သူမ၏မိခင် ကြုံတွေ့ခဲ့ရသောဘဝမျိုး ကြုံတွေ့ခဲ့မည်ဆိုပါက ကြီးတော်ဖြစ်သူနွေး ရင်ကွဲပက်လက်ဖြစ်ပြီး သေပွဲဝင်ရန်သာရှိတော့သည်။

ပိတောက်သွေးကလည်း မိမိအတွက် စိုးရိမ်လွန်းနေသော ကြီးတော်ဖြစ်သူအား ပူပင်သောကမရောက်ရန် ရယ်သွမ်းသွေး၍ ပြောခဲ့ပါ၏။

"ကြီးကြီးနွေးရယ် သမီးကကလေးတစ်ယောက် မဟုတ်တော့ပါဘူး ကြီးကြီးရဲ့၊ အခုပဲကြည့်လေ၊ ဘွားဘွားနဲ့ ကြီးကြီးတို့ကျေးဇူးကြောင့် ဥပဒေဘွဲ့ရတော့မယ့် အဝေးသင်တက္ကသိုလ်ကျောင်းသူ ဖြစ်နေပြီပဲ၊ ဒီလောက်ပညာတွေတတ်ထားပြီး ရူးရူးမိုက်မိုက်လုပ်ရပ်တွေ သမီးလုပ်ပါ့မလားရှင်၊ သမီးရဲ့ဘဝ၊ သမီးတတ်ထားတဲ့ပညာ၊ လေ့လာဖတ်ရှုတဲ့ 'စာပေဗဟုသုတတွေ၊ ဘွားဘွားနဲ့ ကြီးကြီးတို့ ဆိုဆုံးမတဲ့စကားတွေနဲ့ အမှားအမှန်ကို ဝေဖန်သုံးသပ် ခွဲခြားနိုင်ပါတယ် ကြီးကြီးရယ်၊ သမီးကို အရမ်းကြီးမစိုးရိမ်ပါနဲ့နော်၊ ကြီးကြီးတို့ကို စိတ်ဆင်းရဲစေရမယ့်အဖြစ်မျိုး သမီးဘယ်တော့မှ မလုပ်ပါဘူး၊ စိတ်အေးအေးထားပါနော်၊ သမီး ကတိပေးပါတယ်"

ပိတောက်သွေး၏ ရှင်းသန့်သော

www.burmeseclassic.com

ကတိပြုချက်များသည် နွေးအတွက် စိတ်ချမ်းမြေ့စရာကောင်းလှပါ၏။

ပိတောက်သွေးသည် သူမ၏မိခင်ကဲ့သို့ လှပသော်လည်း သူမ၏မိခင် စိတ်ဓာတ်နှင့်ကား ကွာခြားသည်ကို နွေးသိပါ၏။

သို့တစေ ယခုခေတ်ကာလတွင် မိုက်ရူးရဲဆန်သော၊ အမှန်ကိုမမြင်နိုင်သော လူငယ်၊ လူရွယ်တို့၏ အလွန်အမင်း စည်းဘောင်လွတ်သော အကျင့်အကြံ၊ အပြုအမူများအား နွေးတစ်ယောက် မယုံနိုင်ပါပေ။ သို့ကြောင့်ပင် နွေးမှာ ပိတောက်သွေး၏ရှေ့ရေး အတွက် စိုးရိမ်မြဲ စိုးရိမ်နေမည်သာ။

"ကြီးကြီးနွေးကို ကဲတယ်ပဲပြောပြော၊ ကြီးကြီးကတော့ သမီးကို စိုးရိမ်နေမှာပဲလေ၊ ဘာဖြစ်လို့လဲဆိုတော့ သမီးကို ကြီးကြီးတို့က ချစ်တာကိုး၊ သမီးတို့အမေတုန်းက ကြီးကြီးတို့ဘဝ အခက်အခဲတွေ ကြုံနေရတာမို့ သမီးရဲ့အမေကို ဘွားဘွားတို့၊ ကြီးကြီးတို့က ရင်အုပ်မကွာ ထိန်းသိမ်းစောင့်ရှောက်နိုင်မှု အားနည်းခဲ့ရတယ်ကွယ်၊ အဲဒီအချက်ဟာ ကြီးကြီးတို့မိသားစုလေး အတွက် ဘယ်လိုမှ ဖြေသိမ့်လို့မရတဲ့ အချက်ပဲကွဲ့၊ သမီးရဲ့ဘွားဘွားလည်း ကျန်းမာရေးမကောင်း၊ ကြီးကြီးက လည်း အစိုးရဝန်ထမ်းဖြစ်ပြီး တခြား တစ်မြို့တစ်ရွာမှာ တာဝန်ထမ်းဆောင် နေရတော့ သမီးရဲ့အမေ၊ ငါတို့ညီမ လေးကို ဂရုတစိုက် မကြည့်ရှုခဲ့ရလို့ သမီးအမေ လမ်းမှားရောက်ခဲ့ရတယ်"

နွေး၏မျက်ဝန်းအိမ်များ၌ မျက် [illegible] ပြည့်လျှံလျက်ရှိနေ၏။ ကြီး [illegible] ဆိုနိုင်သော စကားများ [illegible]

ကြောင့် ပိတောက်သွေး၏ မျက်နှာလေးမှာ ညှိုးငယ်သွားရ၏။ ပိတောက်သွေးသည် နံရံတွင် ချိတ်ဆွဲထားသော မိခင်၏ ငယ်ရွယ်နုပျိုသော အလှဓာတ်ပုံအားကြည့်လျက် ဆို့နင့်တက်လာ သော မျက်ရည်စလေးများအား လက်ချောင်းလေးဖြင့် အသာတို့၍ ဖယ်လိုက်သည်။ ယင်းနောက်.....

"ဘွားဘွားတို့၊ ကြီးကြီးတို့ရဲ့ မေတ္တာ၊ စေတနာကို သမီးအပြည့်အဝ နားလည်ပါတယ်၊ လူရယ်လို့ဖြစ်လာ ရင် လူတွေမှာရှိရမယ့် လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းတွေကို လိုက်နာကျင့်ဆောင်ရမှာပါ၊ ဒီ့အပြင် လူဖြစ်လာတဲ့ အတွက် လောကဓံတရား ရှစ်ပါးကို လည်း ကြုံကြုံခံ ရင်ဆိုင်ရမယ်ဆိုတာ လည်း သမီးနားလည်ထားပါတယ်၊ အထူးသဖြင့် သမီးဟာ မြန်မာအမျိုး သမီးတစ်ဦးဖြစ်တဲ့အတွက် အမျိုးသမီး တွေမှာရှိရမယ့် လောကပါလတရားနှစ် ပါးဖြစ်တဲ့ ဟိရိဩတ္တပ္ပဆိုတဲ့ အရှက် အကြောက်တရားတွေ ရှိရမယ်ဆိုတာ လည်း သမီးသိပါတယ်၊ ဒါကြောင့် မိန်း ကလေးတစ်ယောက်ရဲ့ အဖိုးမဖြတ်နိုင် တဲ့ တန်ဖိုးတွေ ကျဆင်းမသွားရလေ အောင် သမီးကိုယ်သမီး ထိန်းပါ့မယ်၊ ကြီးကြီး ဘာမှစိတ်မပူပါနဲ့နော်၊ သမီး တို့အမျိုးသမီးတွေအတွက် ခုခံပိုင်ခွင့်၊ ကာကွယ်ပိုင်ခွင့်တွေရှိပါတယ်၊ အဓိက ကတော့ တရားဥပဒေက သမီးတို့တစ် တွေကို အကာအကွယ်ပြုထားပါတယ်"

နွေး၏ရင်ခွင်သို့ သိမ်မွေ့စွာ ဝင် ရောက်ခိုလှုံလာသော တူမချောလေး အား အလိုက်သင့် ပွေ့ဖက်လိုက်ပြီး နောက် ပိတောက်သွေး၏ အပြောလေး [illegible]

များကြောင့် နွေးမှာ ကျေနပ်မဆုံးဖြစ်၍နေတော့သည်။ မည်သို့ဆိုစေ နွေး၏နှလုံးသားတစ်စုံ တဒင်္ဂ အေးမြသွား သော်လည်း တူမချော ပိတောက်သွေး အတွက် စိုးရိမ်မြဲစိုးရိမ်နေခဲ့သည်။

ပိတောက်သွေးတစ်ယောက် သူမ ၏မိခင် ယွန်းရွှေစင်လိုဘဝမျိုး မရောက် ပါစေနဲ့ဟု နွေးတစ်ယောက်ဆုတောင်း နေမိပေသည်။ သူမ၏မိခင် ယွန်းရွှေ စင်တုန်းက.....ကြာတော့လည်း ကြာ ခဲ့ပေပြီ။

+++

ကျောင်းဆရာမလေးနွေးသည် နောက်တစ်နေ့တွင် ကျောင်း၌သင်ကြား ရမည့် ဘာသာရပ်ဆိုင်ရာ စာအုပ်များ လေ့လာဖတ်ရှုနေခိုက် သူမ၏အနီးရှိ စားပွဲတွင် စာကြည့်နေသော ညီမဖြစ် သူ ယွန်းရွှေစင်အား အကဲခတ်လိုက် သည်။ ယွန်းရွှေစင်သည် ကိုးတန်း အောင် ဆယ်တန်းတက်ဖြစ်သည်။ ဒီ နှစ် ဆယ်တန်းကို နှစ်ချင်းပေါက်အောင် မှ ဖြစ်မည်ဟု ညီမဖြစ်သူအား နွေးက မကြာခဏပြောထားရသည်။ ထိုသို့ ပြောနေသည့်ကြားမှ ယွန်းရွှေစင်၏ စားပွဲပေါ်၌ စာအုပ်များနှင့်အတူ မှန် တစ်ချပ်ထောင်ထား၏။ စာကိုနည်း နည်းကြည့်၍ မှန်ကိုများများကြည့်နေ ၏။ စာကိုစိတ်ဝင်စားမှုထက် မှန်ကိုပို ၍ စိတ်ဝင်စားပုံရ၏။ မှန်ထဲ၌ပေါ်နေ သော သူမ၏အလှအားမြင်၍ သဘော ကျနေ၏။ နွေးသည် ညီမဖြစ်သူအား ချစ်ပါ၏။ သနားလည်းသနား၏။ ညီမ ဖြစ်သူ အလှကြိုက်သည်ကိုလည်း မုဒိတာပွားပါ၏။ သို့သော် ကျောင်းသူ တစ်ဦးသည် ကျောင်းစာထက် မိမိ၏

www.burmeseclassic.com

www.burmeseclassic.com



အလုအား ပို၍ဦးစားပေးနေခြင်းကား ဘဝရည်မှန်းချက်ပန်းတိုင်အတွက် အဟန့်အတားဖြစ်နေသည်ကြောင့် ညီမဖြစ်သူအတွက် စိုးရိမ်မိသည်။ ယင်းကြောင့် ညီမဖြစ်သူအား မပြောလိုသော်လည်း ပြောရပြန်ပါ၏။

"ယွန်းလေးရယ်၊ ငါ့ညီမက လုပြီးသားပါကွယ်၊ ဘယ်အချိန်ကြည့်ကြည့် ယွန်းလေးရဲ့မျက်နှာ လုနေတာပါပဲ၊ ဒီနှစ်က ယွန်းလေး ဆယ်တန်းရောက်ပြီဆိုတော့ အရင်ကထက် စာကိုပိုပြီးကျက်မှတ်ရမှာလေ၊ ယွန်းအနေနဲ့ စာကိုပဲပိုပြီး အာရုံပြုသင့်တယ်ကွဲ့၊ ဒါမှ ငါ့ညီမ လုလည်းလု၊ ဆယ်တန်းလည်း အောင်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ"

နွေး၏ပြောဆိုမှုအား ယွန်းရွှေစင်က ပမာမခန့် ရယ်သွမ်းသွေးလျက်....

"မမရယ် ယွန်းလေးကို ဘာအတွက် စိတ်ပူနေရတာလဲ၊ ယွန်းရဲ့ဘဝတစ်လျှောက်မှာ စာမေးပွဲကျတယ်ဆိုတာ အစဉ်အလာရှိခဲ့လို့လား မမရယ်၊ ဘယ်လိုဖြစ်ဖြစ် ဒီနှစ်တော့ ယွန်းလေး ဆယ်တန်းအောင်မှာပါ၊ အင်း....အလုအပကို မက်မောပြီး ကြိုက်တာကတော့ မိန်းကလေးတိုင်း ကြိုက်ကြတာမို့ ယွန်းလေးအလုကြိုက်တာကို အပြစ်မဆိုသင့်ပါဘူး၊ ကိုယ့်ဘဝကိုယ် နားလည်ပါတယ်၊ ဒီလို ကျပ်ကျပ်တည်းတည်းနေရတဲ့ဘဝကနေ ရုန်းထွက်နိုင်အောင် ယွန်းလေး ကြိုးစားမှာပါ"

ညီမဖြစ်သူ၏ ပြောလာသော စကားများကြောင့် နွေးမှာစိတ်မကောင်းဖြစ်သွားခဲ့ရသည်။ နောက်ပိုင်းကာလများတွင် နွေးသည် တခြားမြို့ရွာသို့ ရာထူးတစ်ဆင့်တိုးဖြင့် ပြောင်းရွှေ့ခဲ့ရသည်။ ယွန်းရွှေစင်အား မိခင်အားပြုစုရန်နှင့် စာကြိုးစားရန် အတန်တန်မှာကြားခဲ့ပြီး တာဝန်ကျရာမြို့သို့ ပြောင်းရွှေ့သွားခဲ့ရသည်။

ယွန်းရွှေစင်သည် မိမိလေးစားရိုသေရမည့်အစ်မ အနီးတွင်မရှိသည့်အခါ စာကို ဟုတ်တိပတ်တိ မကျက်မှတ်တော့ပေ။ နေ့စဉ် မိမိကိုယ်မိမိ အလုအပခြယ်မှုန်းလျက် ကျောင်းတက်၏ သို့မတက်၏သို့ ဖြစ်၍နေတော့သည်။ စာပေအရာတွင် မထူးချွန်သော်လည်း အလုအပနှင့်ပတ်သက်၍မူ ချီးမွမ်းခြင်းခံရသော ယွန်းရွှေစင်မှာ ဘဝင်လေဟပ်၍နေ၏။ အထူးသဖြင့် ဆန့်ကျင်ဘက် ပုရိသ ယောကျ်ားများ၏ စိတ်ဝင်တစား ပြောဆိုမှုပေါ်တွင် ပို၍ သာယာ ယစ်မူးမိသည်။

ယင်းနောက် ယွန်းရွှေစင်သည် ထက်အောင်နိုင်ဆိုသော လူငယ်တစ်ဦးနှင့် ငြိစွန်းခဲ့သည်။ ထိုလူငယ်သည် ကျောင်းသားမဟုတ်သကဲ့သို့ အလုပ်အကိုင်ရှိသော လူငယ်လည်းမဟုတ် ပေ။ ထိုလူငယ်သည် ရုပ်ရည်အသင့်အတင့်ရှိသော်လည်း ဆယ်တန်းနှစ်ကြိမ်ကျရှုံး၍ ကျောင်းထွက်ခဲ့ရသူဖြစ်၏။ ပို၍ဆိုးသည်ကား စိတ်ကြွမူးယစ်ဆေးများသုံးစွဲ၍ စာရိတ္တမကောင်း ပျက်ပြားနေသူဖြစ်သည်။

ထက်အောင်နိုင်သည် ဆန်စက်ပိုင်ရှင်၏သားဖြစ်သော်လည်း အပေါင်းအသင်းမက်၍ အသုံးအဖြုန်းကြီး၏။ ပေတေလေလွင့်၏။ စိတ်ကြွမူးယစ်ဆေးသုံး၏။ မိဘစကားနားမထောင်သဖြင့် မိဘများ၏ တရားဝင် စွန့်ပစ်

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းခံရသူဖြစ်၏။

ထက်အောင်နိုင်၏အကြောင်းကို ဃနဏမသိရှိဘဲ ရုပ်ရည်သားနားမှု နှင့် အပြောအဆိုအပေါ်တွင် ယွန်းရွှေ စင်ယစ်မူးမိ၏၊ စွဲလမ်းမိ၏။ သို့ဖြင့် ဆင်ခြင်တိုင်းထွာမှုအားနည်းသော သူမတစ်ယောက် ထက်အောင်နိုင်နှင့်စည်းဘောင်လွတ်ခဲ့ကြသဖြင့် သူမမှာ မဖုံးနိုင်မဖိနိုင်ဖြစ်ခဲ့ရ၏။ ဖုံးဖိမရသောအခြေအနေရောက်မှသာ ယွန်းရွှေစင်မှာ မိခင်နှင့်အစ်မအား မဝံ့မရဲဖြင့်အသိပေးရတော့သည်။ ယွန်းရွှေစင်၏ပြဿနာအား သိလိုက်ရသော မိခင်နှင့်နွေးမှာ ရုတ်တရက် မိုးကြိုးပစ်ချလိုက်သည့်ပမာ။ မိုးမီးလောင်မတတ် ဖြစ်ရသောဒေါသတို့ဖြင့် နွေးသည် ညီမဖြစ်သူ အားရိုက်နှက်မိသည်။

"ရိုက်ပါ မမရယ်၊ ညီမကို စိတ်ရှိလက်ရှိ ရိုက်လိုက်စမ်းပါ၊ အမေနဲ့ မမတို့ရဲ့စကားကို ပမာမခန့်လုပ်ခဲ့တဲ့ ယွန်းလေးကို အသေသာရိုက်လိုက်စမ်းပါ၊ ဟီး....."

သူမအား ဆက်ရိုက်ပါဟု ငို၍ ပြောနေသော်လည်း နွေးတစ်ယောက် ဆက်မရိုက်ဖြစ်တော့။ ယွန်းရွှေစင်အား ရိုက်လေတိုင်း ရိုက်သည့်နွေးကိုယ်တိုင်အသည်းနှလုံးများ ကြွေလွင့်နေရသကဲ့သို့ နာကျင်လှပေသည်။

"ရက်စက်လိုက်တာ ယွန်းရွှေစင်ရယ်၊ ရက်စက်လိုက်တာဟယ်၊ နင့်ရဲ့အဆင်အခြင်မဲ့လုပ်ရပ်တွေကြောင့် ငါတို့မှာရှိတဲ့ ဂုဏ်သိက္ခာတွေ၊ အရှက်အကြောက်တရားတွေကို ဖျက်ဆီးစေသလို ဖြစ်ရတယ်ဆိုတာ နင်မစဉ်းစားမိဘူးလား၊ နင့်ကြောင့် ငါတို့မိသားစုတွေ ပတ်ဝန်းကျင်အလယ်မှာ ဘယ်လိုမျက်နှာပြရတော့မှာလဲဟယ်"

မမျှော်လင့်သော ယွန်းရွှေစင်၏ဖြစ်ရပ်ကြောင့် အရှက်အကြောက်ကြီးမားလှသောနွေးမှာ ချုံးပွဲချ ငိုကြွေးမိသည်။ မိခင်ဒေါ်မြခင်ကလည်း ရင်ဘတ်စည်တီး၍.....

"သမီးအငယ်ဆုံးဆိုပြီး အမေရော၊ အစ်မရော နင့်ကို အလိုလိုက်ထားခဲ့တာ၊ အခုတော့ နင့်ကြောင့် ငါတို့ အရှက်ကွဲရပြီ၊ ပတ်ဝန်းကျင်ကို ငါတို့မျက်နှာတွေ ဘယ်လိုပြရမလဲဟယ်၊ မိယွန်းရယ်.....ငါတို့သားအမိကို သတ်လိုက်ပါတော့ဟယ်၊ သတ်လိုက်ပါ တော့"

မိခင်ဒေါ်မြခင်နှင့် နွေးတို့သားအမိမှာ ယွန်းရွှေစင်၏ပြဿနာကို မည်သို့ဖြေရှင်းရမည်မသိ ဖြစ်နေရသည်။ ယွန်းရွှေစင်သည်လည်း မိမိအမှားကို မိမိမြင်ပြီဖြစ်သော်လည်း ပြုပြင်၍မရသည်မို့ ကိုယ်ဝန်အားဖျက်ချရန် ကြိုးစားတော့သည်။ နွေးတို့သားအမိက ယွန်းရွှေစင်၏လုပ်ရပ်အား ကြိုတင်သိရှိသွားပြီး အချိန်မီတားဆီးခဲ့ရသည်။ နွေးက သူမ၏ညီမအား ကရုဏာဒေါသောဖြင့် ဆုံးမခဲ့သည်။

"ဒီမှာ မိယွန်း၊ အရာရာကို မဆင်ခြင်၊ မစဉ်းစားခဲ့လို့ နင့်ဘဝမှာ ဖျက်မရတဲ့အမှားတစ်ခုကို ကျူးလွန်မိခဲ့ပြီ၊ အခုလည်း ကိုယ့်ရင်မှာလွယ်ထားတဲ့ကိုယ်ဝန်ကို ဖျက်ချဖို့လုပ်ပြန်ပြီ၊ နင်လုပ်လေသမျှ အမှားတွေဖြစ်နေတယ်၊ ကိုယ်လွယ်ထားတဲ့ ရင်သွေး ကို ဖျက်ချရလောက်အောင် နင့်မှာ နှလုံးသားမရှိတော့လို့လား၊ အမှား အမှန်ခွဲခြားနိုင်တဲ့ ဦးနှောက်မရှိတော့လို့လား၊ ဘာဖြစ်လို့ မှားပြီးရင်းမှားချင်နေရတာလဲ၊ ဟင်.....မိယွန်း"

နွေးမှာ ကျဆင်းလာသောမျက်ရည်များအား သုတ်လိုက်ပြီးနောက် ဆက်လက်၍.....

"နင့်ရဲ့ မဆင်မခြင်လုပ်ရပ်ကြောင့် နင်တင် ဒုက္ခရောက်၊ အရှက်ရခဲ့တာမဟုတ်ဘူး၊ အမေနဲ့ငါပါ လူတကာရဲ့ တံတွေးခွက်မှာ ပက်လက်မျောရမယ့်ကိန်းဟဲ့၊ ဒါပေမဲ့ အခုအချိန်မှာ ဆင်ခြင်တုံတရားနဲ့ နင်လူဆန်ရတော့မယ့် အချိန်ရောက်နေပြီ၊ နင့်ရဲ့ပယောဂကြောင့် ဖြစ်ပေါ်လာတဲ့ အသက်တစ်ချောင်းကို နင်မွေးရမယ်၊ နင့်ရင်သွေးကို ဖျက်ချစရာမလိုဘူး၊ နင်မွေးကိုမွေးရမယ် မိယွန်း၊ ဟိုကောင့်ကိုတော့ နင့်စိတ်ထဲက ထုတ်ပစ်နိုင်အောင် ကြိုးစားပါ၊ မူးယစ်ဆေးဝါးမှုဆိုတာ အင်မတန်ကြီးလေးတဲ့ ပြစ်မှုတစ်ခုဆိုတာ နင်သိလောက်ပါတယ်၊ သူ့မိဘတွေကိုလည်း သူနဲ့ပတ်သက်ခဲ့တဲ့ကိစ္စကို သွားမရှင်းပြနဲ့တော့၊ တရားဝင်စွန့်ပစ်ထားတဲ့သားရဲ့ ရင်သွေးဆိုလည်း ယုံကြည်လက်ခံမှာမဟုတ်လို့ ကိုယ့်ဘဝကိုယ်လျှောက်နိုင်အောင် ကြိုးစားရမယ်"

+++

မိခင်နှင့် အစ်မတို့၏ မေတ္တာ၊ စေတနာသည် လွန်စွာအေးမြလှသည်။ ယွန်းရွှေစင်သည် မိခင်နှင့်အစ်မတို့၏ စေတနာကို နားလည်သည်မို့ ရင်၌လွယ်ထားသော ရင်သွေးအား စိတ်မပါတပါဖြင့် ဆွေမျိုးများရှိရာတော(?)သို့ သွားရောက်မွေးဖွားခဲ့ပေသည်။ မွေးဖွားခဲ့သည်မှာ သမီးမိန်းကလေးဖြစ်၍ မိခင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်အစ်မတို့မှာ သည်းသည်းလှုပ်ချစ်ကြပေသည်။

သို့သော် ယွန်းရွှေစင်သည် မိမိ၏မှားယွင်းမှုအား ဖုံးဖိကာကွယ်နိုင်ရန် အလုအယှက်နှင့် ငွေကြေးချမ်းသာကြွယ်ဝမှုအတွက် မည်သို့ဆောင်ရွက်ရမည်ကို အမျိုးမျိုးစဉ်းစား တွေးတောကြံစည်လျက်ရှိသည်။ ယွန်းရွှေစင်သည် ချစ်စရာကောင်းသော သမီးငယ်အားကြည့်လျက် တွေးမိတွေးရာတွေးတောမိပေ၏။

"ငါ့ရဲ့အမှားတစ်ချက်ကြောင့် ဘာမှအပြစ်မရှိတဲ့ကလေး လူ့လောကထဲ ရောက်လာပါပကောလား၊ အမေနဲ့ အစ်မက ငါ့ရဲ့ဖွတ်တရွတ်နိုင်မှုကိုသည်း ခံပြီး ငါ့ဒဏ်ကို ခံခဲ့ကြတယ်၊ ဒီတစ်ခါ ငါ မှား ဒီကလေးဒဏ်ကို ခံရဦးမှာလား၊ အင်း...ဒီလိုတော့ အဖြစ်မခံနိုင်ပါဘူး၊ သူလည်း သူ့လမ်းသူလျှောက်၊ ကိုယ်လည်း ကိုယ့်လမ်းကိုယ်လျှောက်ပဲ၊ မိခင်တစ်ယောက်အနေနဲ့ ကိုယ့်ကလေးကို သံယောဇဉ်ရှိပေမယ့် ငါ့ရဲ့ဘဝမှာ ငါ့ရဲ့အလှတွေနဲ့ ဖွံ့စည်းထားတဲ့ ချမ်းသာကြွယ်ဝမှုရှိမှဖြစ်မှာ၊ ဒီလိုချမ်းသာကြွယ်ဝခြင်းဟာလည်း ငါ့ရဲ့အဓိကရည်မှန်းချက်ပန်းတိုင်ပဲဆိုတော့ စွန့်လွှတ်သင့်တာ စွန့်လွှတ်ရမှာပဲ"

ပိတောက်သွေးလေး တစ်နှစ်ပြည့်သည့်အချိန်တွင် ယွန်းရွှေစင်သည် မိခင်အား အကြောင်းအမျိုးမျိုးပြလျက် ပိတောက်သွေးလေးအား သူမ၏မိခင်ထံ အပ်နှံခဲ့ပြီး ရန်ကုန်သို့ ထွက်ခွာသွားတော့သည်။ ထိုအချိန် နွေးသည် တာဝန်ကျရာကျောင်း၌ ရှိမနေပေ။ ဖောင်ကြီးသင်တန်းသို့ သွားရောက်နေခြင်းဖြစ်သည်။ မိခင် ဒေါ်မြခင်မှာ ယွန်းရွှေစင်၏ ဖွတ်တရွတ်လုပ်ရပ်ကြောင့် သမီးကြီးအား ချက်ချင်း အကြောင်းမကြားနိုင်ခဲ့ပေ။ နွေးတစ်ယောက် သင်တန်းဆင်း၍ပြန်လာသည့်အခါမှ ရင်ကွဲပက်လက်ဖြင့် သိရတော့သည်။ မည်သို့ဆိုစေ လူမမည်သမီးလေးအား ထားရစ်ခဲ့၍ တစ်ကိုယ်ရေဘဝတိုးတက်မှုအတွက် ကိုယ်လွတ်ရုန်းထွက်သည့် ယွန်းရွှေစင်အား နာကြည်းနေမိတော့သည်။

ပိတောက်သွေး လေးနှစ်အရွယ်ခန့် ရောက်သည့်အခါတွင် မမျှော်လင့်ဘဲ နွေးထံသို့ စာတစ်စောင်ရောက်ရှိလာသည်။ ယင်းစာမှာ နိုင်ငံခြားတိုင်း တစ်ပါးမှဖြစ်၍ လူကြုံအဆင့်ဆင့်ဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။ ထိုစာမှာ ညီမဖြစ်သူ ယွန်းရွှေစင်ထံမှဖြစ်၍ နွေးမှာ ဝမ်းသာဝမ်းနည်းဖြစ်ရသည်။

"မမ...

ယွန်းကို မမတို့ နာကြည်းစိတ်ဆိုးနေမှာပဲနော်၊ တကယ်တော့လည်း ယွန်းကို အမေနဲ့မမ နာကြည်းသင့်ပါတယ်။ ယွန်းလေ အလှအပတရားကို ကြိုက်နှစ်သက်မှုလွန်ကဲလို့ မဖြစ်သင့်တာ ဖြစ်ခဲ့ရတာဆိုတာကို ယွန်းဝန်ခံပါတယ်။ ယွန်းဘဝတစ်လျှောက်လုံးမှာ လူတွေလက်မခံနိုင်တဲ့ အရာတွေကို ယွန်းကိုယ်တိုင် စိတ်ကြိုက် လုပ်ခဲ့ပါတယ်။ တကယ်တော့ ယွန်းလေ လူဖြစ်ရကျိုးနပ်အောင် လောကခံကို မခံစားနိုင်တာကိုက ယွန်းရဲ့ချို့ယွင်းချက်တစ်ခုပါ။ ပတ်ဝန်းကျင်ရဲ့ သံသယအကြည့်တွေ၊ အထင်သေးတဲ့အကြည့်တွေကို ယွန်းမခံစားနိုင်ဘူး။ နောက်ပြီး ယွန်းမွေးခဲ့တဲ့ ကလေးရဲ့ ဒဏ်ကိုလည်း ယွန်းမခံစားနိုင်ဘူး။ ယွန်းကို မိခင်ကောင်း မပီသဘူးဘဲပြောပြော ယွန်းရဲ့ဘဝရှေ့ရေး အောင်မြင်ဖို့အတွက် ယွန်း တစ်နယ်တခြားကိုထွက်ပြီး ကြိုးစားနေခဲ့တာပါ။ ဒါပေမဲ့ ယွန်းရဲ့မူလဇာစ်မြစ်က မိခင်စိတ်အငိုက်ခံနေတာကို ဖြေးဖြေး ခြားရောက်မှ ယွန်းသိခဲ့ရတယ်။ ယွန်းမှားသွားတယ်ဆိုတာလည်း ကိုယ်တိုင်အခက်အခဲတွေ ကျော်လွှားမှ သိခဲ့ရတာ။ ဒီတစ်ခါ အမေနဲ့ မမကို ယွန်းဝန်ချတောင်းပန်ပါတယ်။ အခု ယွန်းလေ သမီးလေးကို ကိုယ်ချင်းစာခြင်းများစွာနဲ့ သတိရနေပါတယ်။ နောက်ပြီး



နောင်တတွေနဲ့အတူ ယွန်းနေ့တိုင်းငိုနေမိတယ် မမရယ်။ ယွန်းကိုခွင့်လွှတ်ပါ။ ငွေကြေးလည်း အတော်အတန်စုပြီးပြီမို့ ယွန်း မမတို့ဆီ ပြန်လာခဲ့တော့မယ်နော်။ သမီးလေးကိုလည်း တွေ့ချင်လှပါပြီ။"

မိခင်တို့၌ထားရှိအပ်သော မေတ္တာတရားသည် ယွန်းရွှေစင်၌ အမှန်တကယ်ရှိနေသေးသည်ကြောင့် နွေးဝမ်းသာကြည်နူးခဲ့ရသည်။ မိခင်ကြီးအား ယွန်းရွှေစင်အကြောင်း ပြောပြသောအခါ မိခင်ကြီးမှာလည်း ဝမ်းသာလွန်း၍ မျက်ရည်များကြားမှ ပြုံးယောင်သန်းလာခဲ့ရသည်။

သို့သော် ထိုပျော်ရွှင်မှုလေးသည် အစဉ်မဟုတ်သည်ကြောင့် တစ်လခန့်ကြာသည့်အချိန်တွင် နောက်ထပ်စာတစ်စောင် နွေးထံသို့ ရောက်ရှိလာပြန်၏။ ထိုစာကား ယွန်းရွှေစင်ကိုယ်တိုင်ရေးသားသည်မဟုတ်။ ထိုစာကား ယွန်းရွှေစင်တစ်ယောက် မိမိနိုင်ငံသို့ ပြန်လာရန် စီစဉ်နေစဉ် မသမာသူတို့၏ ငွေကြေးလုယက် သတ်ဖြတ်မှုခံလိုက်ရသည့် သတင်းတစ်ခုပင်ဖြစ်သည်။ နွေးတို့သားအမိ တုန်လှုပ်ချောက်ချား၍ ဖြေမဆည်နိုင်ဖြစ်ခဲ့ရသည်။ ထိုစာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ ယွန်းရွှေစင်အကြောင်း စုံစမ်းမှုများပြုသော်လည်း နိုင်ငံခြားသို့ တရားမဝင်သွားရောက်ခြင်းနှင့် လူမှောင်ခိုမှတစ်ဆင့် ပေးပို့ခြင်းခံရမှုများကြောင့် လွယ်လင့်တကူ စုံစမ်း၍မရဖြစ်ခဲ့သည်။ ညီမဖြစ်သူ ယွန်းရွှေစင်သည် လူမှောင်ခိုများလက်ထဲတွင် ဆိုးဝါးသော အခြေအနေများ တွေ့ကြုံခဲ့ရခြင်းနှင့်အတူ နိုင်ငံခြားတိုင်းပြည်၌ တရားမဝင်နေထိုင်၍ ပြည့်တန်ဆာလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်ခဲ့သည်ကိုသာ နွေးတစ်ယောက် သိခဲ့ပါလျှင် မည်သို့ဖြစ်မည်ကို ခန့်မှန်း၍ မရနိုင်ပါချေ။

ပြည်ပသို့သွားရောက်ခြင်း၏ ခိုင်လုံသောအထောက်အထားများ မရှိခြင်းကြောင့် ညီမဖြစ်သူအတွက် နွေးမှာ လက်လျှော့လိုက်ရတော့သည်။

ညီမဖြစ်သူအတွက်လည်း ဖြေမဆည်နိုင်အောင် ဖြစ်ခဲ့ရသည်။

"ဘယ်လိုဝဋ်ကြွေးကံကြမ္မာကြောင့် ညီမလေးယွန်း ဒီလိုဖြစ်ရပ်ဆိုးတွေ ကြုံနေရတာလဲကွယ်"

နွေးတစ်ယောက် ဖြေသိမ့်၍မရနိုင်ပါ။ နွေးသည် ပိတောက်သွေးအား ဖက်လျက်မှင်ရှိုက်၍.....

"ကြီးကြီးကမှ အဖေမရှိပေမယ့် အမေရှိသေးတယ်၊ တို့သမီးလေးကတော့ အဖေလည်းမရှိသလို အမေလည်း မရှိတော့ပါလားကွယ်"

+++

ယခုအခါတွင် ပိတောက်သွေးသည် အဝေးသင်တက္ကသိုလ်မှ ဥပဒေဘွဲ့အားရရှိခဲ့ပြီး ယခုအခါတွင်အထက်တန်းရှေ့နေဘဝဖြင့် ဥပဒေရေးရာလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အလုကျက်သရေ တိုးပွား၍ ကာယိန္ဒြေတို့ဖြင့်ပြည့်စုံသော တူမဖြစ်သူအား နွေးသည် တစိမ့်စိမ့်ကြည့် လျက် ထုံးစံအတိုင်း စိုးရိမ်ပူပန်နေဆဲပင်ဖြစ်သည်။ မိခင် ဒေါ်မြခင်က သမီးကြီး၏ ပရိဒေဝအပူမီးအား ငြိမ်းသတ်သည့်အနေဖြင့် နှစ်သိမ့်ခဲ့ပေသည်။

"သမီးရဲ့တူမလေးက ဥပဒေပညာရှင်၊ ပညာတတ်တစ်ယောက်ဖြစ်နေပါပြီကွယ်၊ ပိတောက်သွေးဟာ သူ့အမေ ယွန်းရွှေစင်နဲ့တူပေမယ့် စိတ်ချင်းမတူပါဘူး၊ မြင့်မြတ်တဲ့စိတ်ထားနိုင်တာကတော့ သူ့အမေက ပိတောက်သွေးကို မမီပါဘူးကွယ်၊ ပညာရော၊ စိတ်သဘောထားအတွေးအခေါ်ကအစ ဘာမှပြောစရာမရှိတဲ့ ပိတောက်သွေးဟာ သူ့ဘဝသူ ရဲရဲကြီးလျှောက်လှမ်းနိုင်ပြီ၊ သူ့အတွက် စိတ်အေးအေးသာထားပြီး နေပါတော့ သမီးရယ်"

မိခင်၏ နှစ်သိမ့်စကားများကြောင့် နွေး၏နှလုံးသားတစ်ခုလုံးအား လေပြည်အေးတစ်ချက် ဖြတ်တိုက်လိုက်သည့်ပမာ အေးမြသွားရသည်။ မိခင်ပြောသည်မှာ မှန်ပါသည်။ ယွန်းရွှေစင်နှင့် ပိတောက်သွေးတို့သည် နွေး၏ရင်ခွင်ထဲမှ ရုန်းထွက်ခဲ့ကြသူများဖြစ်ကြ၏။ ယွန်းရွှေစင်မှာ နွေး၏ရင်ခွင်အား ခြေစုံကန်၍ ထွက်ခွာသွားသော်လည်း ပိတောက်သွေးမှာမူ သူမ၏မိခင်ကဲ့သို့မဟုတ်။ ချစ်ခြင်းမေတ္တာနှင့် ယှက်နွယ်နေသော နှလုံးသားဖြင့် အသာအယာတွန်းဖယ်၍ ဘဝကိုရင်ဆိုင်ခဲ့သူဖြစ်သည်။

ပိတောက်သွေး၏ ဘဝဖြစ်စဉ်အား သုံးသပ်ဆင်ခြင်လျက် နွေးမှာ တူမလေးအတွက် ကြည်နူးဝမ်းသာဖြစ်ရသည်။ စိုးရိမ်မှုသောကတို့ဖြင့် လေးလံနေသော သူမ၏စိတ်တို့သည် တူမငယ် ပိတောက်သွေး၏ လေပြည်အေးကြောင့် ပိုမိုပေါ့ပါးစေပေသည်။

"သမီးလေ လူမမည်အရွယ်က မသိခဲ့၊ မမှတ်မိခဲ့ရတဲ့ မိခင်တစ်ယောက်ရဲ့ အဖြစ်သနစ်ကို ဆင်ခြင်သုံးသပ်ပြီး ကိုယ့်ဘဝကိုယ် ကောင်းမွန်အောင် ကြိုးစားခဲ့ပါတယ်၊ သမီးရဲ့အမေဟာ အမျိုးသမီးတစ်ဦးပါ၊ အမျိုးသမီးတစ်ယောက်ရဲ့ စိတ်အခြေအနေဟာ ကြံ့ခိုင်မှုမရှိခဲ့လို့ရှိရင် သူမဘဝဟာ မလိုလားအပ်တဲ့ကိစ္စတွေ ဖြစ်လာနိုင်ပါတယ်၊ သမီးရဲ့အမေဟာလည်း စိတ်အင်အား ယိုင်နဲ့ခဲ့လို့ မဖြစ်သင့်တဲ့ကိစ္စတွေ ဖြစ်ခဲ့တာပါရှင်၊ သမီးလည်း အမေတူသမီးဖြစ်လို့ သဘာဝအရ စိတ်ယိုင်နဲ့နိုင်ပေမယ့် ကြီးကြီးတို့ ရင်အုပ်မကွာ ဆုံးမပဲ့ပြင်ပေးခဲ့တဲ့ ဘာသာတရား၊ ယဉ်ကျေးမှုထုံးတမ်းစဉ်လာနဲ့ သင်ကြားပေးခဲ့တဲ့ ပညာတွေက သမီးရဲ့စိတ်ကို အင်အားတွေဖြစ်စေခဲ့ပါတယ်၊ အခုလည်း သမီး ဥပဒေဘက်တော်သားဖြစ်နေပြီမို့ သမီးကိုယ်၌က အမှားအမှန်ကို ကွဲကွဲပြားပြား ခွဲခြားနိုင်ပါပြီ၊ ဒါကြောင့် သမီးအတွက်နဲ့ ကြီးကြီး စိတ်ချမ်းသာပါတော့လို့"

အနက်ရောင်ရှေ့နေဝတ်စုံလေးဖြင့် တရားရုံးသို့သွားရန် ပြင်ဆင်နေသော ချောမောလှပသည့် ပိတောက်သွေးအား နွေးသည် ပီတိလွှမ်းသော အပြုံးမျက်နှာဖြင့် ငေး၍ကြည့်နေမိတော့သည်။

မောင်သာမြန် (ဇီးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



## ခင်ဦး(ပုတီးကုန်း)

# တက်ခေတ်နှတ်ဆိုးလေးများ

www.burmeseclassic.com

www.burmeseclassic.com


ဖုန်းတစ်လုံးကို
ဝယ်ရန်
အနှစ်နှစ်အလလက
စုဆောင်းခဲ့ရသူ
ဦးကျော်သူမှာ
ယနေ့ သားအား
ကျပ် ၁၅၀၀ တန်
ခေတ်မီသော
ဖုန်းကတ်တစ်ကတ်ကို
လက်ဆောင်
ပေးနိုင်ခဲ့ပေပြီ
...

အပြင်၌ မိုးလေးဖွဲဖွဲကျနေသည်။ ကောင်းကင်ယံကြီးတစ်ခုလုံးက မှိုင်းပျပျဖြစ်နေ၍ မိုးသည်းထန်လာမည်ကို သူတို့နှစ်ဦး ကြောက်မိသည်။

"ကဲ.....ချစ်ချစ်ရေ ဒီဥနဲ့ပင်ကြီးက မိုးဖွဲလောက်ကို လုံခြုံပေမယ့် မိုးသည်းလာရင် မလုံဘူး၊ မင်းအတွက် စိုးရိမ်တယ်၊ တို့ တန်ဆောင်းထဲဝင်ခို ကြရအောင်"

တန်ဆောင်းကြီးကား အမိုးအကာလုံခြုံလှသည်။ အလှူဒါန၊ တရားပွဲရှိမှသာ လူစည်ကား၍ ကျန်သည့်အချိန် တစ်ဦးတလေမျှမရှိ၊ ထို့ကြောင့် ဝင်းနိုင်နှင့် သူ၏ချစ်သူ ချစ်ချစ်တို့မှာ တန်ဆောင်းကြီးအတွင်း၌ အေးချမ်းစွာ စကားပြောဆိုလျက်ရှိသည်။

ညနေဆည်းဆာသည် မိုးကြောင့်ပို၍မှောင်နေသည်။ တန်ဆောင်းဘေးရှိ အုတ်ခုံလေးပေါ်၌ သူတို့နှစ်ဦးထိုင်ကာ ကျောင်းချိန်၊ ကျူရှင်ချိန်အတွင်းမှ နားမလည်သော သင်ခန်းစာကို ချစ်ချစ်အား ဝင်းနိုင်က ရှင်းပြနေသည်။

"ချစ်ချစ်လေ ပညာရေးဂျာနယ်၊ စာစောင်တွေကြိုက်တယ်၊ အဲဒီအထဲမှာ သချာ်ပဟေဠိတွေပါတယ်၊ အရင်တစ်ပတ်က မသိကိန်းနှစ်လုံးကိုရှင်းတာ မရလို့ ကိုကိုရယ်"

"ဟင်..ဒါဆို စာစောင်ယူခဲ့လေ၊ ကိုယ်တွက်ကြည့်မယ်"

"မနက်ဖြန် ကျူရှင်ချိန်ကျရင် ယူလာပြမယ်လေ"

"ကောင်းပြီလေ"

ဝင်းနိုင်နှင့်ချစ်ချစ်တို့ မှောင်လာမည်စိုး၍ ပြန်လာခဲ့ကြသည်။ အိမ်သို့ရောက်သော် ဝင်းနိုင်၏ဖခင်ကြီးမှာ ပြုံးပြုံးကြီးနှင့် အိမ်ဝမှ ကြိုဆိုနေသည်။

"ဟင်.....ဖေဖေ"

"အေး.....မင်းကိုစောင့်နေတာ၊ ပေးစရာရှိလို့"

"ဗျာ....."

ဝင်းနိုင်မှာ သူ့အား ဖခင်ဖြစ်သူက ဆူပူအပြစ်ပြောဆိုခြင်းမရှိဘဲ ပေးစရာရှိလို့ဟူသောစကားကြောင့် ရင်ထဲမှအလုံးကြီးကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဖေဖေ ကျပ် ၁၅၀၀ တန် ဖုန်း ပေါက်တယ်ကွ"

"ဟာ...ဟုတ်လား၊ သားကိုပေးနော်"

"ပေးမှာပါကွာ၊ ဟန်းဆက်ဝယ်ပြီးရင် ရမှာပေါ့"

"ဖေဖေ ဟန်းဆက်ဝယ်ရင် ကောင်းကောင်းပဲဝယ်နော်၊ အင်တာနက်ရအောင် လုပ်ဦးမယ်နော်"

"အေးပါကွာ၊ မင်းတို့ရဲ့ အိုင်တီခေတ်ကြောင့် နိုင်ငံခြားရောက်နေတဲ့ အမျိုးဆီကို ညတိုင်းဆက်နိုင်နေကြပြီလေ"

ဦးကျော်သူမှာ သားဖြစ်သူအား ပြောရင်း အတိတ်ကယ်ဘဝကို ပြန်၍သတိရမိလိုက်သည်။

+++



မိုးသည်းသည်းထဲ၌ ကလေးတစ်စု အော်ဟစ်ဆော့ကစားနေခဲ့ကြသည်။ ထိုအထဲ၌ ကျော်သူဆိုသောကလေးမှာ အကဲဆုံးဖြစ်သည်။

"ဘူတာရုံမှာ သင်္ဘောကြီးတွေ ဆိုက်လိမ့်မယ်၊ မယုံမရှိနဲ့၊ အမှန်ပါပဲကွဲ့"

"အာလူးလာမပေးနဲ့၊ လေနည်းနည်းလျှော့"

ဤသို့သော တေးသီချင်းလေးအား သံပြိုင်အော်ဟစ်ရာမှ ခေတ်တစ်ခုပြီးတစ်ခု ကျော်လွန်လာသည်နှင့် အမှန်တရားဖြစ်လာခဲ့သည်။

ရာသီဥတု ဖောက်ပြန်လာသည်နှင့် မိုးကြီးခြင်း၊ ရေလွှမ်းခြင်းတို့ကြောင့် ဤအခြေအနေဖြစ်ရပ်တို့ မှန်ကန်လာရသည်။ ထို့ပြင် စိတ်ကူးယဉ် သိပ္ပံကာတွန်းဇာတ်လမ်းအား ကျော်သူတို့ ဖတ်ခဲ့ရသည်။

ယခု ထိုကာတွန်းဆရာတို့ရေးခဲ့သည့် စိတ်ကူးယဉ်အိပ်မက်တို့ ဖြစ်လာခဲ့ပေသည်။ ကလေးဘဝက စိတ်ကူးယဉ်မှုဇာတ်လမ်းထဲမှ ယခု ဦးကျော်သူတို့ကိုယ်တိုင် ဇာတ်လိုက်ကြီးများ ဖြစ်နေကြပေပြီ။

အိုင်တီခေတ်လူသားတို့အတွင်း လူသားတစ်ဦးအဖြစ် ခေတ်မီလူ့အဖွဲ့အစည်းကြီးထဲ၌ ရပ်တည်နေ ပေသည်။ မျိုးဆက်သစ်တို့ ကောင်းစားကြလေပြီ။

ဖုန်းတစ်လုံးကိုဝယ်ရန် အနှစ်နှစ်အလလကစုဆောင်းခဲ့ရသူ ဦးကျော်သူမှာ ယနေ့ သားအား ကျပ် ၁၅၀၀ တန်ခေတ်မီသောဖုန်းကတ်တစ်ကတ်ကို လက်ဆောင်ပေးနိုင်ခဲ့ပေပြီ။

"သား မင်းကိုပေးထားတဲ့ စီ အမ်အေဖုန်းကို ၁၇ သိန်းခွဲပေးရတာကွ ...၊ အပျောက်မခံနိုင်ဘူး။ ဒါ ပြန်ပေးပေါ့"

"နေပါဦး ဖေဖေရာ၊ အဲဒီဖုန်းက မင်မိုရီကတ်ထဲမှာ ထည့်ထားတာတွေ ကူးပြီးမှ ပြန်ယူပေါ့"

"အေး၊ မပျောက်စေနဲ့ဦး"

ထိုသို့ သားအဖနှစ်ဦး စကားပြောပြီးနောက် ထမင်းစားကြတော့သည်။

ထိုစဉ် ကုလားထိုင်ပေါ်၌တင်ထားသောဟန်းဖုန်းမှ အသံမြည်လာသည်။

"ဟယ်လို....."

"ကိုကိုရေ....."

"ဩော်...ချစ်ချစ်လား ဘာပြောစရာရှိလို့လဲ"

"မနက်ဖြန် ကျူရှင်ပိတ်တယ်တဲ့၊ အဲဒါ ညနေကျရင် တန်ဆောင်းမှာ ဆုံရအောင်"

"အိုကေ"

"သား မင်းဆီဖုန်းဆက်တာ ဘယ်သူလဲ"

"ဩော်.....သားရဲ့သူငယ်ချင်းပါ ဖေဖေ"

"အေး.....အေး၊ ပညာသင်ချိန်မှာ အချစ်တွေထားရင် ပညာရေးနောင့်နှေးတတ်တယ်ကွ၊ စာကိုဂရုစိုက်ပါ"

"ဟုတ်ကဲ့ပါ ဖေဖေရာ၊ သားသူငယ်ချင်းတွေက အရမ်းစာကြိုးစားကြတာ၊ စာညံ့တဲ့သူဆိုပေါင်းကိုမပေါင်းဘူး"

"အေးပါကွာ၊ ငါ့သားကို ယုံလိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဖြစ်သူ ဦးကျော်သူက စာကြည့်ခန်းသို့ ဝင်သွားသည်။ ဝင်းနိုင်မှာ အိမ်စာများလုပ်ရင်း ချစ်ချစ်၏ ခတ်ပုံလေးကို ခိုးကြည့်လိုက်သည်။

"မနက်ဖြန်မှတွေ့မယ်နော်၊ အခု ကိုယ် အိမ်စာတွေ လုပ်လိုက်ဦးမယ်"

ခတ်ပုံလေးအားနမ်းပြီး အံဆွဲထဲသို့ပြန်ထည့်ပြီး ဇက်သိမ်းလိုက်သည်။

+++

ဦးတရုတ်မှာ သူ၏ ဆိုင်ထဲ၌ အလုပ်ရှုပ်နေချိန် ဆိုင်ထဲသို့ ခေတ်မီမီ ဝတ်စား ထားသော လူငယ်လေးတစ်ဦးနှင့် မိန်းမလှလေးတစ်ဦးဝင်လာသည်။

"ဦး ဖုန်းလေးတစ် ကောလောက် ခေါ်ပါရစေ"

"ဩော်..အေး..အေး၊ ရပါတယ် ကွာ"

ဦးတရုတ်က ဖုန်း အသုံးပြုခ ကျပ် ၁၀၀ ရ လျှင်မနည်းဟုတွက်ကာ ခါးမှ ကျပ် ၁၅၀၀ တန် ဖုန်းကတ်ထည့်ထားသည့် ဟန်းဆက်ကို ဖြုတ်ပေးလိုက်သည်။

"ဦး ဆက်လို့မရဘူး"

"ဟေ....."

ဖုန်းကို နှစ်ခါဆက်ကြည့်သော်လည်း ခေါ်မရ၍ ဦးတရုတ်အား ဖုန်းပြန်ပေးလိုက်သည်။ ပိုက်ဆံမရ၍ ဦးတရုတ်မှာ မျက်နှာရှုံ့မဲ့သွားလေသည်။ ကောင်လေးနှင့်ကောင်မလေးမှာမပြန်သေးချေ။

"ဟော့...မင်းတို့ဘာကိစ္စရှိသေးလို့လဲကွ"

ဦးတရုတ်က မျက်နှာငယ်လေးနှင့် ပေ၍ရပ်နေသော ကောင်လေးအား ကြည့်၍ မေးလိုက်သည်။

ယခုခိုးမှု၌ သမီးရည်းစား စကားပြောချိန်၌ နောက်ကျောမှ အုတ်ခုံပေါ်တွင် တင်ထားသောဖုန်းကို အပေါင်းပါတစ်ဦးအား မျက်ရိပ်ပြ၍ ခိုးစေခဲ့ပြီး ထိုသို့ခိုးယူနိုင်ရန် မြစိုးက အတွဲရှေ့မှ လူလုံးပြ၍ သွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖုန်းပိုင်ရှင်က အာရုံပြောင်းခဲ့ကြောင်း၊ သူ့အား အတွဲက အာရုံစိုက်နေစဉ်

...

"ဦးရယ် ကျွန်တော့်ကို တစ်ခုလောက် ကူညီပါ"

"ဟေ.....ပြောလေ"

"ကျွန်တော့်ရဲ့ စီဒီအမ်အေဖုန်း ပျောက်သွားလို့ လိုက်လာတာပါ၊ ဟိုနားကထောင့်မှာ အရက်သောက်နေတဲ့ လူကို ကျွန်တော် မှတ်မိတယ်၊ အဲဒါကြောင့် ဒီဆိုင်ကို လိုက်လာတာပါ"

"ဩော်....."

ဦးတရုတ်မှာ ကောင်လေးပြောပြသည်ကို သဘောပေါက်လိုက်သည်။ ထောင့်တစ်နေရာ၌ အရက်သောက်နေသောသူ၌ ဖုန်းသာရှိခဲ့လျှင် စောစောက ကောင်လေးဆက်ခဲ့သော ဖုန်းခေါ်သံမှာ မြည်မည်အမှန်ဖြစ်သည်။ သို့သော် မထူးခြား၍ ထိုလူတွင် ဖုန်းမရှိကြောင်း သေချာသည်။

"အေး အဲဒီကောင်က အလစ်သုတ်၊ သူခိုးကြမ်းပိုး မြစိုးတဲ့ကွ၊ ငါသိတယ်၊ ငါမေးပေးမယ်၊ မင်းတို့ ရဲကို အကြောင်းကြားပြီး ဈေးထိပ်အဝက သူ့အထွက်ကို စောင့်ဖမ်းပေါ့"

ထိုသို့ပြောပြီး ကောင်လေးနှင့် ကောင်မလေးတို့ ဈေးဝသို့ထွက်သွားသည်။ မြစိုးက လှစ်ခနဲထ၍ သွားမည်ပြုလုပ်စဉ် ဦးတရုတ်က နာမည်ခေါ်၍ တားထားလိုက်သည်။

"မြစိုး၊ နေပါဦးကွ"

"ဘာလဲဗျ ဦးလေးရဲ့"

"မင်းကိုငါ မေးစရာရှိလို့ပါကွ"

"ဟုတ်ကဲ့၊ မေးပါဦးလေး"

"မင်း ဖုန်းတစ်လုံးကောက်မရဘူးလား"

"ဦးလေးလိုချင်ရင် ......တင်ပေါ့၊ ဖုန်းတွေပေါ်လို့ ......"

www.burmeseclassic.com

www.burmeseclassic.com

"မင်းပြောမှလားကွ၊ မင်း ဖုန်း တစ်လုံးလောက် ကောက်မရဘူးလားလို့ ပဲ မေးနေတာကွ"

"ဟင့်အင်း၊ မရပါဘူးဗျာ"

"မြစိုးရာ မင်းအကြောင်း ငါ ကောင်းကောင်းသိနေတာပဲ၊ မင်းလိမ် နေတာပါ၊ မင်းမှာ ရှိကိုရှိမယ်လို့ ငါထင် တယ်"

"ဟာဗျာ.....ကျွန်တော်က ဖုန်း လည်းမကိုင်တတ်၊ နားလည်းမလည် ဘူး၊ ကျွန်တော်က ဘာလုပ်ဖို့လဲဗျာ"

"ရောင်းစားဖို့ပေါ့ကွာ"

"ဟာ.....ဦးလေးကလည်းဗျာ"

ဦးတရုတ်က ထိုသို့အချိန်ဆွဲနေ၍ မြစိုးမှာ အပြင်သို့သွားရန် အနည်းငယ် ကြန့်ကြာသွားသည်။ မြစိုး ဈေးအဝင်ဝ သို့အထွက် ရဲနှင့်ကောင်လေးတို့က ဆီး ၍ဖမ်းလိုက်ကြသည်။

"ဟေ့ကောင် မြစိုး၊ မင်းဘာလဲ ဆိုတာ ငါတို့ရဲက သိပြီးသား၊ မင်းမှန် မှန်ပြောစမ်း"

မြစိုးက ကောင်လေးနှင့် ကောင်မ လေးဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဟာ.....ဆရာ ကျွန်တော် ကောင်မလေးနဲ့ ကောင်လေးတို့ စကား ပြောတာကို ချောင်းကြည့်မိတာအမှန် ပါ၊ ခဏချောင်းကြည့်ပြီး သူတို့ရှေ့က ပဲ ဖြတ်လျှောက်လာခဲ့တာ"

"မောင်ဝင်းနိုင်က မြစိုးကို ဘာ ကြောင့်စွပ်စွဲရသလဲ"

"သူက ဆေးမင်ကြောင်ရုပ်တွေ နဲ့ စွပ်ကျယ်ချိုင်းပြတ်ဝတ်ထားတယ်၊ ကျွန်တော်တို့ရှေ့က ဖြတ်လျှောက်သွား တာ သူပဲ၊ သူတစ်ဦးတည်းပဲရှိတာ၊ ဖုန်း ကို နောက်က အုတ်ခုံလေးပေါ်မှာ တင် ထားတာ၊ သတိရလို့ ကြည့်လိုက်တော့ မရှိတော့ဘူး"

"ဒီတော့အရက်ဆိုင်ထဲအရောက် မင်းတို့က နောက်ယောင်ခံပြီး လိုက်ခဲ့ တာပေါ့"

"ဟုတ်ကဲ့ပါ"

ထိုသို့ပြောပြနေစဉ် မြစိုးက ရှင်း ပြခဲ့ပြန်သည်။

"ဆရာ ချောင်းကြည့်တာက ကျွန်တော့်အပြင် အခြားနှစ်ယောက်ရှိ သေးတယ်ဆိုတာ သိခဲ့တယ်ဗျာ"

"မင်းမြင်ခဲ့တယ်ပေါ့၊ ဒါဆို မင်း တို့အဖွဲ့ထဲကရော မဖြစ်နိုင်ဘူးလား"

ရဲတပ်ဖွဲ့ဝင်က အတွေ့အကြုံအရ အကဲခတ်၍ မေးလိုက်သည်။ ရုတ် တရက် မြစိုး၏မျက်နှာမှာ ကွက်ခနဲ ပျက်သွားသည်။ မြစိုးအား ချော့မော့ ၍မေးသော်လည်း မည်သို့မျှ ထူးခြား မလာ၍ ခဏစောင့်နေလိုက်ကြသည်။

မြစိုးကို မေးမြန်းပြီး သွားခွင့်ပြု လိုက်၏။

တစ်ပတ်ခန့်အကြာတွင် သင်္ဘော ပေါ်မှ လူငယ်တစ်ဦးအား ရဲအရာရှိများ က ခေါ်ဆောင်လာသည်။

"မင်းပုံစံနဲ့ ဖုန်းချိတ်ထားတဲ့ပုံက မအပ်စပ်ဘူး၊ မင်းရုပ်ရည်နဲ့ဖုန်းကို ပြန် ကြည့်စမ်းပါဦး"

ရဲကပြောသဖြင့် အမေးခံရသူက သူ့ကိုယ်သူပြန်ကြည့်သည်။

"မင်း ဒီဖုန်းကို ဘယ်ကရသလဲ"

"ကျွန်တော် ကောက်ရလို့ပါ"

"ဟေ....."

"ဟုတ်ပါတယ်၊ ကောက်ရတာ ပါ"

"ကောက်ရလည်း ပိုင်ရှင်ကို ဆက်သွယ်ပြီး ပြန်ပေးရမှာပေါ့ကွ"

"ကျွန်တော် မဆက်တတ်ဘူးဗျ"

"ကဲ..မင်းခါးကဖုန်းကို ဖြုတ်ပေး စမ်း"

ဖုန်းကိုယူကြည့်ပြီး စစ်ဆေးရာ ယခင်နာဂစ်မုန်တိုင်းအပြီး၌ ထုတ်ပေး ထားသော စီဒီအမ်အေဖုန်းဖြစ်ကြောင်း တွေ့လိုက်ရသည်။ ဖုန်းပိုင်ရှင် ဝင်းနိုင် က သူ၏ဖုန်းနံပါတ်ကို ပေးထားရာ ရဲ အရာရှိက သူ၏ခါးမှဖုန်းကိုဖြုတ်၍ ထို နံပါတ်ကို နှိပ်လိုက်ရာ ထိုဖုန်းမှာအသံ မြည်လာသည်။

"မင်းက ဝင်းနိုင်ဆီကဖုန်းကိုခိုး လာတာကိုးကွ၊ မင်းလိမ်နေမှန်း မင်း မျက်လုံးတွေက ဖော်ပြပြီးသား"

"ဟာ.....ကျွန်တော်မခိုးပါဘူး ဆရာရယ်၊ ကျွန်တော် အမှန်အတိုင်း ပြောရရင် ကျပ် ၅၀၀၀ နဲ့ မြစိုးဆီက ဝယ်လာတာပါ"

"ဟင်.....ဈေးပေါသားပဲကွ၊ သိန်းချီတန်တဲ့ ဖုန်းတစ်လုံးကို ကျပ် ၅၀၀၀ နဲ့ ရတယ်ဆိုတော့ တန်လိုက် တာကွာ"

ထိုသို့ပြောပြီး ဖုန်းပိုင်ရှင်ကောင် လေးအား ရဲစခန်းသို့ လှမ်းခေါ်ခဲ့သည်။ နောက် တစ်နာရီခန့်အကြာ၌ ရဲတပ်ဖွဲ့ ဝင်များက မြစိုးကို ဖမ်းလာကြသည်။

"ကဲ.....ဖုန်းသူခိုးကြီး မြစိုးရေ၊ မင်း အမှန်အတိုင်း ထွက်ဆိုနော်"

မြစိုးအား ရဲအရာရှိများက တစ်ဦး ပြီးတစ်ဦး အလှည့်ကျစစ်ဆေးခဲ့ကြ၏။ ဖုန်းများခိုးခဲ့သည်မှာ သုံးလေးလုံး ခန့်ရှိကြောင်း၊ မြစိုးက အဖွဲ့နှင့်ကလေး များကို ခေါ်ဆောင်ခဲ့ကြောင်း၊ စား သောက်ဆိုင်၊ ဆိပ်ကမ်း၊ သင်္ဘောပေါ် တို့၌ ခိုးရသည်မှာ များစွာလွယ်ကူ

www.burmeseclassic.com

www.burmeseclassic.com





ကြောင်း၊ ယခုခိုးမှု၌ သမီးရည်းစား စကားပြောချိန်၌ နောက်ကျောမှ အုတ်ခုံပေါ်တွင် တင်ထားသောဖုန်းကို အပေါင်းပါတစ်ဦးအား မျက်ရိပ်ပြ၍ ခိုး စေခဲ့ပြီး ထိုသို့ခိုးယူနိုင်ရန် မြစိုးက အတွဲရှေ့မှ လူလုံးပြ၍သွားခဲ့ခြင်းဖြစ်ကြောင်း၊ ဖုန်းပိုင်ရှင်က အာရုံပြောင်းခဲ့ကြောင်း၊ သူ့အား အတွဲက အာရုံစိုက်နေစဉ် နောက်မှလူက ဖုန်းကို နှိုက်လိုက်ခြင်းဖြစ်ကြောင်း အစစ်ခံစဉ် ထွက်ဆိုခဲ့၏။

''ကဲ..မင်းတို့နှစ်ဦးစလုံးက ကြံရာပါတွေဖြစ်သလို သူခိုး အစစ်တွေဖြစ်လို့ မင်းတို့ပြစ်မှုကို နောင်ဆက်မလုပ်ဖို့ တို့ကတော့ ရုံးတင်ရမှာပဲကွ''

ထိုသို့ပြောနေစဉ် ဝင်းနိုင်နှင့် သူ၏ဖခင်တို့ ရောက်လာကြ၏။ ရဲတပ်ဖွဲ့ဝင်များအား ကျေးဇူးအထူးတင်ကြောင်း ပြုံးရွှင်စွာ ပြောဆိုနေခဲ့ကြသည်။

''ကဲ.....မင်းတို့လည်း ကိုယ့်ပစ္စည်းကို ပေါ့ပေါ့တန်တန် မထားနဲ့ပေါ့ကွာ၊ သူခိုးတွေက အမြဲတမ်း စားကျက်ရှာနေကြတာ၊ လွယ်ရင်လုပ်တာပဲ၊ အိမ်ရှေ့ဝရန်တာမှာ လှန်းထားတဲ့ အဝတ်တွေကို ညအချိန် သိမ်းထားကြပါ၊ မသိမ်းရင် အဝတ်ကိုဆွဲမပြီး ဝရန်တာပေါ်တက်ရာက အိမ်ကို ဖောက်ပြီး အတွင်းပစ္စည်းပါ ခိုးတတ်ကြပါတယ်၊ လူတွေကလည်း သတိရှိရမှာပေါ့ဗျာ၊ ပေါ့ပေါ့တန်တန်ထားရင် သူခိုးခိုးခံရတတ်ပါတယ်''

ရဲအရာရှိက ဆုံးမစကားပြောရင်း ဝင်းနိုင်အား ဖုန်းကိုပြန်ပေးလိုက်သည်။ မြစိုးတို့နှစ်ဦးအား ရဲအရာရှိက ရဲအချုပ်ခန်းထဲသို့ ထည့်လိုက်သည်။

ခင်ဦး(ပုတီးကုန်း)


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

ခရသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄ - လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ - ၅၀၄၁၂၃၈။


www.burmeseclassic.com

www.burmeseclassic.com



ဘာသာပြန်

လျှမ်းထက်

# ရုပ်ရှင်သရုပ်ဆောင်တစ်ဦး၏ သည်းထိတ်ရင်ဖို

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီကို တွေ့ဆုံရန် သူ၏အထူးမီးရထားတွဲရှိအခန်းသို့ သွားရောက်ခဲ့ပါသည်။ အသွားတွင် ကျွန်တော့်ရင်သည် တဖျပ်ဖျပ်ခုန်နေပါသည်။ ကြောက်စိတ်ကို ကြိုးစား၍ ပယ်ဖျောက်ခဲ့ပါသည်။

မည်မျှပင် ကြိုးစားသော်လည်း ကြောင့်ကြစိတ်၊ ကြောက်ရွံ့သည့်စိတ်ကသာ အနိုင်ယူနေပါတော့သည်။ ခြေလှမ်းနေရင်းမှာပင် စိတ်ဓာတ်ချောက်ချားမှုကြောင့် ဇောချွေးများထွက်နေပါသည်။ သည်းထိတ်ရင်ဖို ဝတ္ထုကြီးတစ်ပုဒ်ကို ဖတ်ရှုနေရသလို ခံစားနေရ၏။ ထို့အတူ ရထားတွဲအခန်းတံခါးကို အားတင်း၍ အသာအယာခေါက်နေစဉ်မှာပင် ရင်တထိတ်ထိတ်ခုန်နေပါသည်။ ပါးစပ်မှ အသံထွက်မရအောင်လည်း ဖြစ်နေတော့၏။

"ဝင်ခဲ့ပါလားကွယ်"

ဟူသော ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏အသံကို ကြားလိုက်ရသည်နှင့် ကျွန်တော်သည် စိတ်ကိုတင်းကာ တံခါးကို ညင်သာစွာတွန်းဖွင့်ပြီး အခန်းအတွင်းဝင်သွားခဲ့ပါသည်။

ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီသည် ကုလားထိုင်ပေါ်တွင် ထိုင်လျက် စာရေးစားပွဲတွင် လက်တင်ကာ သူ့နေ့စဉ်မှတ်တမ်းကို ရေးနေပါသည်။ သူသည် ကျွန်တော်ဝင်လာသည်ကို မြင်သည်နှင့် မတ်တတ်ရပ်ကာ ပြုံး၍နှုတ်ဆက်လိုက်ပါသည်။ သူနှင့်ကျွန်တော် မျက်နှာချင်းဆိုင် ရပ်လိုက်သည်နှင့် ကျွန်တော့်မှာ ကြက်သေသေသွားပြီး တအံ့တသြဖြစ်သွားတော့၏။

မှန်ပါသည်။ ကျွန်တော့်အဖို့ ကိုယ်လုံးပေါ်မှန်ချပ်ကြီးရှေ့တွင်ရပ်၍ မှန်ကြည့်နေမိသလောဟု ထင်မိသည်။ ဟုတ်မှဟုတ်ပါ့မလား၊ အိပ်မက်များ မက်နေသလောဟုလည်း ထင်သည်။ သေသေချာချာကြည့်လေ တအံ့တသြဖြစ်လေ ဖြစ်ရတော့၏။ သူနှင့်ကျွန်တော်သည် ရွေးမရအောင် ရုပ်ချင်းတူရန် အဆက်အစပ်မရှိ။ ရုပ်ချင်း၊ အရပ်အမောင်းချင်း ခွဲမရအောင် တူနေပါသည်။

ရုပ်ရှင်များ၊ ပြဇာတ်များတွင် နှစ်ကိုယ်ခွဲရန် မိတ်ကပ်နှင့် မျက်တောင်တုများနှင့် အခြားပစ္စည်းများ သုံးကြရပါသည်။ သို့သော် ကျွန်တော်နှင့် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီတို့မှာ သဘာဝ ပဉ္စလက်ဆရာကြီးအစွမ်းကြောင့် မည်သည့်မိတ်ကပ်မှ သုံးရန်မလိုဘဲ နှစ်ကိုယ်ခွဲပြီးသား ဖြစ်နေပါသည်။ တစ်ဦးနှင့်တစ်ဦးစိုက်ကြည့်ပြီး ခေတ္တ စကားမပြောနိုင်လောက်အောင် မှင်တက်မိသွားတော့၏။ မိနစ်အနည်းငယ်ကြာမှပင် စကားပြောနိုင်ကြပါသည်။ စကားပြောရာတွင် ကျွန်တော်တို့ ငယ်စဉ်ကာလက အကြောင်းများကို တစ်ယောက်တစ်လှည့် ပြောကြသည်။ အံ့ဖွယ်သူရဲကောင်းပုံမှာ ကျွန်တော်တို့နှစ်ယောက်၏ ကလေးဘဝက ဖြစ်စဉ်များမှာ အလွန်တူကြပါသည်။ တိုက်ဆိုင်မှုဆိုရလျှင် တိုက်ပဲတိုက်ဆိုင်လွန်းသည်ဟု ဆိုနိုင်ပါသည်။ ဤနေရာတွင်လည်း သဘာဝတရား၏ ကျွန်တော်တို့ နားမလည်နိုင်သော လျှို့ဝှက်ချက်ဟု ဆိုရမည်ဖြစ်သည်။

ပို၍အံ့သြဖွယ်ကောင်းနေသည်မှာ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့် ကျွန်တော်တို့၏ ငယ်စဉ်ဘဝက အကျင့်အကြံများမှာလည်း ထူးထူးခြားခြား တူညီနေသည်ကို တွေ့ရသည်။ ဤကဲ့သို့ နှစ်ယောက်သား အားပါးတရ စကားပြောနေစဉ် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီသည် ရုတ်တရက် ရပ်လိုက်သဖြင့် ကျွန်တော်ကလည်း ရပ်လိုက်ပါသည်။ ထိုအခါကျမှ ကျွန်တော်သည် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီကို ထောင့်စုံအောင် ကြည့်မိပါတော့သည်။ သူစကားပြောသည့် လေသံအနိမ့်အမြင့်၊ စကားလုံးများကို ရွေးချယ်သုံးနှုန်းပုံများကိုလည်း မှတ်ထားလိုက်မိသည်။

ကျွန်တော် ပထမကမ္ဘာစစ်တွင် စစ်မှုထမ်းခဲ့ပြီး ဥရောပ အနောက်ဘက် စစ်မျက်နှာတွင် တာဝန်ထမ်းဆောင်ခဲ့ရ ပထမကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီး အရပ်သားတစ်ယောက်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com

ကျူရာအလုပ် လုပ်ခဲ့ရပုံ၊ နောက်ဆုံးတွင် ရုပ်ရှင်နှင့် ပြဇာတ်လောကသို့ ခြေစုံပစ်ဝင်ခဲ့ရာမှ ဇာတ်ပို့ဇာတ်ရံမှ ရုပ်ရှင်မင်းသားအဖြစ် အောင်မြင်ပေါက်ရောက်မှုရခဲ့ပုံများကို ပြောပြသောအခါ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီက ရိုးရိုးသားသား၊ လေးလေးစားစား နားစိုက်ထောင်ခဲ့သည်။ ကျွန်တော့်ကိုလည်း ထူးထူးခြားခြား စိတ်ဝင်စားသွားပုံရပါသည်။

ချက်ချင်းဆိုသလို ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီသည် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး "ဟေ့ မင်းတာဝန်ဟာ အင်မတန် ကြီးလေးတယ်ဆိုတာကို မင်းသတိထားရလိမ့်မယ်၊ အောင်မြင်မှုရမယ်လို့ စိတ်ချယုံကြည်ရဲ့လားဟေ့"ဟု ရုတ်တရက် မေးလိုက်ပါသည်။

ကျွန်တော်က ပြန်ဖြေရမည့်အဖြေကို စဉ်းစားနေချိန်မှာပင် ဗိုလ်ချုပ်ကြီးက "ဟေ့ အားလုံး အဆင်ပြေသွားမှာပါကွာ၊ သိပ်စိုးရိမ်မနေပါနဲ့"ဟု ကျွန်တော့်ကို အားပေးနှုတ်ဆက်လိုက်ပါတော့သည်။ ကျွန်တော်သည် ဗိုလ်ချုပ်ကြီးအားလက်ဆွဲနှုတ်ဆက်၍ ဗိုလ်ချုပ်ကြီး၏ရထားတွဲမှ ထွက်ခွာလာခဲ့ပါသည်။

အထက်ဖော်ပြပါ စာပိုဒ်သည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ခန့်က အုပ်ရေနှစ်သန်းကျော် ပုံနှိပ်ထုတ်ဝေခဲ့ရပြီး ကမ္ဘာ့နိုင်ငံအသီးသီးသို့ ထူးထူးခြားခြား ဂယက်ရိုက်ခဲ့သော "I was Monty's Double"ကျွန်တော်မောင်ဂိုမာရီကိုယ်ပွားအဖြစ် ဆောင်ရွက်ခဲ့စဉ်က ဟူသော စာအုပ်မှ စာပိုဒ်တစ်ပိုဒ်ကို ထုတ်နုတ်၍ မြန်မာဘာသာ ပြန်ဆိုထားခြင်းဖြစ်ပါသည်။

စာရေးသူမှာ ဗြိတိသျှအမျိုးသား၊ ပြဇာတ်နှင့် ရုပ်ရှင်သရုပ်ဆောင်၊ စစ်မှုထမ်း ဗိုလ်ကလစ်(ဖ်)တန်ဂျိမ်းဖြစ်ပါသည်။ (သူ့ဓာတ်ပုံကို မိတ္တူကူးယူ ဖော်ပြထားပါသည်။)စစ်ပြီးကာလတွင် ရုပ်ရှင်နှင့် ပြဇာတ်လောကသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး သူအမှန်တကယ် ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီအတုအဖြစ် ဆောင်ရွက်ခဲ့ရသည်ကို အထက်ဖော်ပြပါ "I was Monty's Double" အမည်နှင့်ပင် ရုပ်ရှင်ရိုက်ကူးပြသခဲ့ရာ အောင်မြင်ပေါက်ရောက်ခဲ့သော ရုပ်ရှင်ကားကြီးတစ်ကားဖြစ်ခဲ့ပါသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားလာသည်နှင့် ဗြိတိသျှဘုရင့်ကြည်းတပ်မတော်သို့ ဝင်ရောက်အမှုထမ်းခဲ့ရာ ဗိုလ်အဖြစ်ရာထူးတိုးမြှင့်ပေးခြင်း ခံခဲ့ရပါသည်။ ဗိုလ်ဂျိမ်းသည် ကမ္ဘာ



ကျော် ရုပ်ရှင်မင်းသားကြီး ဒေးဗစ်နီဗန်(ထိုစဉ်က ဗိုလ်မှူးကြီး)နှင့်အတူ ရှေ့တန်းရောက် မဟာမိတ်တပ်မတော်သားများကို ဖျော်ဖြေရန် ပြဇာတ်များတွင် ပါဝင်ခဲ့ရပြီး တပ်မတော်သားများ လစာပေးသောဌာနတွင် စာရင်းစစ်အဖြစ် အမှုထမ်းခဲ့ရ၏။

ဗိုလ်ဂျိမ်းမှာ ထိုကာလက ဟိုးဟိုးကျော်နေသော ဗြိတိသျှဘုရင့်တပ်မတော်မှ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့် ခွဲမရအောင် ရုပ်ဆင်တူနေသူဖြစ်၏။

ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီမှာ အင်္ဂလန်နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီး၌ပင် ကျော်ကြားနေသော စစ်သေနာပတိကြီးဖြစ်ပါသည်။ ထိုစဉ်ကာလက နာဇီဂျာမနီတို့၏ ဟိုးဟိုးကျော်နေသော ဗိုလ်ချုပ်ကြီး ရွမ်မဲ ခေါင်းဆောင်သော ကန္တာရမြေခွေးများ"Desert Fox" ဟု ကင်ပွန်းတပ်ခံရသော နာဇီတပ်မတော်အား မြောက်အာဖရိကစစ်မျက်နှာမှ မောင်းနှင်ထုတ်နိုင်ခဲ့သဖြင့် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီမှာ နာမည်

www.burmeseclassic.com

www.burmeseclassic.com



ကျော်ကြား လူသိများခဲ့၏။ အင်္ဂလန်နိုင်ငံတွင်မူ ပြည်သူလူထုက သူ့အား ချစ်စနိုး "မွန်တီ"ဟု ခေါ်ဆိုခဲ့ကြသည်။

နာဇီဂျာမန်တပ်မတော်မှ တပ်မှူးကြီးများကပင် လေးစားကြရသည်။ ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားသည့် ၁၉၃၉ စက်တင်ဘာလမှစ၍ ၁၉၄၂ ခုနှစ် ကုန်ဆုံးချိန်အထိ နာဇီဂျာမန်တို့အဖို့ အောင်ပွဲခံရန် သေချာသလောက်ဖြစ်ခဲ့သည်။ ဥရောပတိုက်နိုင်ငံအသီးသီးကိုသိမ်းပိုက်ထားနိုင်ခဲ့ပြီး ဗြိတိသျှတို့အား ဥရောပတိုက်မှ မောင်းထုတ်နိုင်ခဲ့၏။ အင်္ဂလန်နိုင်ငံမှာ တစ်ကောင်ကြွက်နိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့ရ၏။

အမေရိကန်ပြည်ထောင်စု ဒုတိယကမ္ဘာစစ်ကြီးအတွင်း ပါဝင်လာခဲ့ရာမှ ၁၉၄၃ ခုနှစ်ကစ၍ စစ်ဒီရေသည် မဟာမိတ်တို့ဘက်မှ တက်လာခဲ့သည်။ နာဇီတပ်မတော်ကြီးများသည် အရှေ့ဘက် ဥရောပစစ်မျက်နှာ (ယခင် ဆိုဗီယက်ပြည်ထောင်စု၊ ယခုရုရှား)တွင် အရှုံးနှင့်ရင်ဆိုင်ခဲ့ရပြီး မြောက်အာဖရိက စစ်မျက်နှာတွင်လည်း နာဇီဂျာမန်တပ်များနှင့် ဖက်ဆစ်အီတလီတပ်များသည် ခွာစစ်ပြုခဲ့ကြရသည်။

ဤစီမံချက်ကို
မဟာမိတ်တပ်ပေါင်းစု
စစ်သေနာပတိကြီးဖြစ်သော
ဗိုလ်ချုပ်ကြီးအိုက်စင်ဟောင်ဝါကိုယ်တိုင်
သဘောတူညီခဲ့ပြီး
ဗြိတိသျှဝန်ကြီးချုပ် ချာချီကလည်း
ဤစီမံချက်ကို ထောက်ခံခဲ့သည်။
စစ်သမိုင်းတွင် ဤကဲ့သို့
ရန်သူမျက်ခြည်ပြတ်စေသော
လှည့်စားမှုစစ်ဆင်ရေးမျိုး
ဒုတိယကမ္ဘာစစ်ကြီးအတွင်းက
မည်သည့်နိုင်ငံမျှ မပြုလုပ်ခဲ့ဟုဆိုသည်

• • •

သင့်တော်သောအချိန်တွင် မဟာမိတ်တို့သည် ဥရောပကမ်းခြေတက်စစ်ဆင်ရေးကြီးကို ဆင်နွှဲရန် ပြင်ဆင်ခဲ့ကြသည်။ အင်္ဂလန်နိုင်ငံမှ ကာလေရေလက်ကြားကိုဖြတ်၍ ကမ်းခြေတက် စစ်ပွဲကြီးဆင်နွှဲမည်ဟု ရည်မှန်းထားသည်။ ရည်ရွယ်ထားသည့်အတိုင်း မဟာမိတ်တို့သည် အင်္ဂလန်နိုင်ငံတွင် ကြည်းတပ်၊ ရေတပ်၊ လေတပ်များကို စုရုံး၍ ကမ်းခြေတက်စစ်ဆင်ရေးအတွက် လေ့ကျင့်မှုများ၊ ပြင်ဆင်မှုများ ပြုလုပ်ခဲ့၏။

ဤသည်ကို နာဇီပါတီ ထိပ်သီးခေါင်းဆောင်များနှင့် ဂျာမန်တပ်မတော် တပ်မှူးကြီးများအားလုံးက တိတိကျကျကြိုတင်သိထားသည်။ မဟာမိတ်တပ်ပေါင်းစုသည် ပြင်သစ်နိုင်ငံ၊ နော်မန်ဒီကမ်းခြေမှ ဝင်ရောက်တိုက်ခိုက်မည်ဟုလည်း သေသေချာချာ ယူဆထား၏။

သို့ဖြစ်၍ နာဇီဂျာမန်တို့သည် နော်မန်ဒီကမ်းခြေတစ်လျှောက်ရှိ သောင်ခုံများ၊ ကမ်းစောက်များ၊ လှိုဏ်များတွင် မိုင်းဗုံးငါးသန်းကျော် မြှုပ်နှံထားခဲ့သည်။ မဟာမိတ်တပ်များ တက်ရောက်နိုင်သော သောင်ခုံများ၊ ကျောက်ကမ်းပါးများ၊ ကမ်းစောက်များတွင် အတားအဆီးများ၊ မြေကတုတ်များ၊ ရေမြှုပ်ဗုံးများ၊ ကွန်ကရစ်ကတုတ်များ၊ ဆက်သွယ်ရေးမြေအောက်ဥမင်လိုဏ်ခေါင်းများနှင့် ယင်းခံတပ်များကိုလည်း မြင့်မားသော သံဆူးကြိုးတံတိုင်းများ ကာထား၏။ အလွန်ကြီးမားသော အဝေးပစ်အမြောက်ကြီးများကိုလည်း ပင်လယ်ပြင်ဘက်သို့ ချိန်ရွယ်ထားပြီး မဟာမိတ်တို့၏ ဥရောပကမ်းခြေတက်စစ်ပွဲကြီး ဆင်နွှဲလာပါက ပင်လယ်ပြင်တွင်အဆုံးသတ်စေရန် စီမံထား၏။ ကမ်းခြေအနီးရှိ ယာတောများ၊ စားကျက်မြေများတွင်လည်း မဟာမိတ်လေထီးတပ်များ၊ စက်မဲ့လေယာဉ်များ ရုတ်တရက်မဆင်းနိုင်ရန် သံဆူးကြိုးများ၊ တုတ်ချွန်၊ သံချွန်များ၊ မြေမြှုပ်ဗုံးများ မြှုပ်ထားသည်။

ဤအစီအမံများကို စနစ်တကျ ပြုလုပ်ထားသူမှာ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီ၏ အဓိကရန်သူတော်ကြီး ဂျာမန်ဗိုလ်ချုပ်ကြီး ရွမ်မဲဖြစ်သည်။ သူတို့နှစ်ယောက်သည် ကျားနှင့်ဆင် လယ်ပြင်မှာတွေ့သလို တွေ့ကြမည်ဖြစ်သည်။

ဗြိတိသျှနှင့် မဟာမိတ်တို့အဖို့ ဆင်နွှဲရမည့် ဥရောပကမ်းခြေတက် မဟာထိုးစစ်အတွက် ပြင်ဆင်ရသည့်မှာလည်း အလွန်ကြီးမားလှသည်။ လက်နက်၊ လူသူရိက္ခာများ စုဆောင်းထားရသဖြင့် ထိုစဉ်ကာလက အင်္ဂလန်နိုင်ငံမှာ

www.burmeseclassic.com

www.burmeseclassic.com

အလွန်ကြီးမားသော လက်နက်တိုက်ကြီးနှင့် တူနေသည်။

မှတ်တမ်းများအရ သံချပ်ကာကားပေါင်း ၅၀၀၀၀ ကျော်ရှိပြီး ဂျစ်ကားများ၊ ထရပ်ကားများ၊ မြေညှိစက်များ၊ လေယာဉ်ပျံများ၊ စက်မဲ့ယာဉ်များ၊ အရေးပေါ်ပြုလုပ်ထားသည့် ကွန်ကရစ်သင်္ဘောဆိပ်များ စသည်တို့မှာလည်း အံ့မခန်းလိလိများပြားသည်။ သမိုင်းသုတေသီများကမူ ကမ္ဘာ့သမိုင်းတွင် တစ်ကြိမ်တစ်ခါဖူးမျှ မတွေ့ရနိုင်သော ကြိုတင်ပြင်ဆင်မှုဟု ဆိုကြသည်။





ဤမဟာစစ်ဆင်ရေးကြီး ဆင်နွှဲပေလိမ့်မည်ဟု သိထားသော နာဇီဂျာမန်တပ်မတော်မှ တပ်မများနှင့် နာဇီပါတီ ထိပ်သီးခေါင်းဆောင်များ ကြိုတင်သိထားသော်လည်း မည်သည့်အချိန်၊ မည်သည့်စစ်မျက်နှာ၊ မည်သည့်နေရာက စတင်ထိုးစစ်ဆင်မည်ဆိုသည်ကို မသိကြ။ ထိုစစ်ဆင်ရေးကြီး၏ အဓိကခေါင်းဆောင်မှာ နာမည်ကျော် ဗြိတိသျှစစ်သေနာပတိ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီဖြစ်ရမည်ဟု ကောက်ချက်ချထားကြသည်။

မှန်ပါသည်။ ထိုစဉ်ကာလက ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီလောက် မည်သည့်မဟာမိတ်စစ်သေနာပတိမျှ ထင်ပေါ်ကျော်ကြား လူသိများသော ဗိုလ်ချုပ်မရှိပေ။ သို့ဖြစ်၍ ဤဥရောပကမ်းခြေတက် မဟာထိုးစစ်ကို ဦးဆောင်ရာတွင် သူသည် အဓိကအဖြစ် ပါဝင်ရပေလိမ့်မည်ဟု နာဇီခေါင်းဆောင်ကြီး ဟစ်တလာနှင့် နာဇီဂျာမန်တပ်မတော်မှ ထိပ်သီး စစ်သေနာပတိများက ယူဆထား၏။ သူသည် နာဇီတို့၏ စောင့်ကြည့်ခြင်းခံရသူဖြစ်သည်။ နာဇီထောက်လှမ်းရေးသမားများသည် မောင်ဂိုမာရီအား ထာဝစဉ် စောင့်ကြည့်နေကြပြီး သူ၏ သွားလာလှုပ်ရှားမှုသတင်းကို နာဇီထောက်လှမ်းရေးဌာနချုပ်နှင့် စစ်ထောက်လှမ်းရေးအဖွဲ့ချုပ်သို့ သတင်းများပေးပို့ကြရသည်ဟုဆိုသည်။ ထို့ကြောင့်ပင် နာဇီထိပ်သီးခေါင်းဆောင်များနှင့် နာဇီဂျာမန်တပ်မတော် စစ်သေနာပတိများကို လှည့်စားရန်နှင့် နာဇီဂျာမန်တို့အား နော်မန်ဒီ မဟာကမ်းခြေတက် စစ်ဆင်ရေးကြီးကို မျက်ခြည်ပြတ်စေမည့် ယောင်ပြစစ်ဆင်ရေးတစ်ခုပြုလုပ်ရန် မဟာမိတ် ထိပ်သီးခေါင်းဆောင်များက စဉ်းစားကြသည်။

ဤစီမံချက်ကို မဟာမိတ်တပ်ပေါင်းစု စစ်သေနာပတိကြီးဖြစ်သော ဗိုလ်ချုပ်ကြီး အိုက်စင်ဟောင်ဝါကိုယ်တိုင် သဘောတူညီခဲ့ပြီး ဗြိတိသျှဝန်ကြီးချုပ် ချာချီကလည်း ဤစီမံချက်ကို ထောက်ခံခဲ့သည်။ စစ်သမိုင်းတွင် ဤကဲ့သို့ ရန်သူမျက်ခြည်ပြတ်စေသော လှည့်စားမှုစစ်ဆင်ရေးမျိုး ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မည်သည့်နိုင်ငံမျှ မပြုလုပ်ခဲ့ဟုဆိုသည်။

မှတ်တမ်းအရဆိုရလျှင် ဤရန်သူမျက်ခြည်ပြတ် စစ်ဆင်ရေးအကြောင်းကို ဆင်ဒွမ်မြောက် ဂျော့ဘုရင်ကိုပင် အသိမပေးခဲ့ကြ။ ထိုစဉ်က ဗြိတိသျှထောက်လှမ်းရေးအဖွဲ့အမှတ် (၅)နှင့် ဗြိတိသျှဘုရင့်တပ်မတော်မှ ထိပ်သီးခေါင်းဆောင်များသည် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့် ရုပ်ချင်းခွဲမရအောင် ချွတ်စွပ်တူသည့် ပုဂ္ဂိုလ်များအား ရှာပုံတော်ဖွင့်ခဲ့သည်။

ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီကိုယ်ပွား အတုပြုလုပ်ရမည့် ပုဂ္ဂိုလ်သည် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ လုပ်ဖော်ကိုင်ဖက်များကိုယ်တိုင် တကယ့်မောင်ဂိုမာရီအဖြစ် ထင်မှတ်များလောက်အောင် တူရမည်ဖြစ်သည်။ သွားပုံလာပုံ၊ စကားပြောဟန်၊ လေယူလေသိမ်း၊ အသံအနေအထားကစ၍ တူ

www.burmeseclassic.com

www.burmeseclassic.com



ရမည်ဖြစ်ပြီး မဟာမိတ်ထိပ်သီး စစ်ခေါင်းဆောင်များကိုယ်တိုင် မောင်ဂိုမာရီအစစ်ဟု ထင်ရမည်ဖြစ်၏။

မောင်ဂိုမာရီအတု ပြုလုပ်ရမည့်သူအား ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့်အတူ လျှို့ဝှက်စွာ သွားလာနေထိုင်စေပြီး ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ၏ စရိုက်လက္ခဏာများကို စနစ်တကျ လေ့လာစေရမည်ဖြစ်၏။ ထိုသူအား ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့်အတူ နေထိုင်စေပြီး တူညီသည်ဟု စိတ်ချယုံကြည်လာလျှင် တကယ့်မောင်ဂိုမာရီအဖြစ် အင်္ဂလန်နိုင်ငံ တစ်နံတစ်လျား သွားလာ၍ စစ်ရေးပြပွဲများ၊ ညီလာခံပွဲများကို တက်ရောက်ရမည်ဖြစ်သည်။

ဤဆောင်းပါးအစတွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ဗိုလ်ကျိမ်းသည် ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့် တွေ့ဆုံ၍ လျှို့ဝှက်စွာ အတူနေထိုင်ရေးကို စီစဉ်ခဲ့ရ၏။ ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီလို ပုဂ္ဂိုလ်ကြီးအဖြစ် ဟန်ဆောင်ရမည့်တာဝန်မှာ ကြီးမားလှသည်။ ထိပ်တန်းလျှို့ဝှက်ချက်ဖြစ်သဖြင့် ကျိမ်းအဖို့ သူ့ဇနီးကိုပင် ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ ခရီးထွက်မည်ဟုသာ ပြောထားခဲ့၏။

အစစအရာရာ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီနှင့် ချွတ်စွပ်တူလာသည်နှင့် မဟာမိတ်စစ်ဦးစီးခေါင်းဆောင်များသည် နာဇီဂျာမန် ထိပ်သီးခေါင်းဆောင်များကိုလည်းကောင်း၊ နာဇီတပ်မတော်ကြီးမှ တပ်မှူးကြီးများကိုလည်းကောင်း လှည့်စားရန် ''ယောင်ပြ''စစ်ဆင်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်တော့သည်။

ဗိုလ်ချုပ်ကြီးမောင်ဂိုမာရီအတု ဗိုလ်ကျိမ်းသည် ဗြိတိသျှပိုင် ဂျီဘရော်(လ်)တာခံတပ်သို့ ထွက်ခွာသွားခဲ့သည်။ ဤသို့ထွက်ခွာသွားကြောင်းကို အင်္ဂလန်နိုင်ငံရှိ ဂျာမန်ထောက်လှမ်းရေးသမားများ သိစေရန် ရေဒီယိုနှင့် သတင်းဂျာနယ်များက အရိပ်အမြွက် သတင်းထုတ်ပြန်သည်။ နာဇီခေါင်းဆောင်ကြီး ဟစ်တလာနှင့် ဂျာမန်တပ်မတော်မှ ခေါင်းဆောင်များကမူ မွန်တီ ဂျီဘရော်(လ်)တာခံတပ်သို့ ထွက်ခွာသွားခြင်းသည် ဥရောပကမ်းခြေတက် မဟာထိုးစစ်ကို ခေတ္တရပ်ဆိုင်းထားခြင်းဖြစ်သည်ဟု ယူဆသည်။

ထိုစဉ်က စပိန်နိုင်ငံသည် ဂျာမနီနိုင်ငံနာဇီဂျာမနီ၊ ဖက်ဆစ်အီတလီ၊ ဩစတြေးလျတို့နှင့် မဟာမိတ်ဖြစ်သည်။ ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီ ဂျီဘရော်(လ်)တာသို့ ရောက်ရှိလာခြင်းကို စပိန်နိုင်ငံမှ ထုတ်ဝေသော သတင်းစာများ ဂျာနယ်များ၊ ရုပ်သံလွှင့်အစီအစဉ်များက အကျယ်တဝင့် ထုတ်လွှင့်ခဲ့၏။ စပိန်နိုင်ငံရှိ နာဇီသူလျှိုများကလည်း ဗိုလ်ချုပ်ကြီး မောင်ဂိုမာရီအား ဂျီဘရော်(လ်)တာမှ အကြီးအကျယ်ကြိုဆိုပုံသတင်းကို သက်ဆိုင်ရာသို့ ပေးပို့ကြ၏။

နာဇီဂျာမန်တို့အဖို့ မဟာမိတ်တို့သည် စစ်မျက်နှာအသစ်ဖွင့်မည်ဟု ယူဆထားကြသည်။ မောင်ဂိုမာရီအတု ဗိုလ်ကျိမ်းသည် ဗြိတိသျှစစ်ဦးစီးဌာနချုပ်မှ အဖွဲ့ဝင်များနှင့်အတူ အာဖရိကမြောက်ပိုင်း၊ အယ်(လ်)ဂျီးရီးယားနိုင်ငံသို့ ထွက်ခွာသွားခဲ့ရာ နာဇီဂျာမန်တို့ကမူ ဥရောပကမ်းခြေတက်စစ်ဆင်ရေး ခေတ္တရပ်ဆိုင်းသွားပြီဟု ယူဆခဲ့ကြသည်။

ဤယောင်ပြစစ်ဆင်ရေးကြောင့် ၁၉၄၄ ခုနှစ်၊ ဇွန်လဆန်းတွင် ပြုလုပ်ခဲ့သော ဥရောပကမ်းခြေတက် ဒီဒေးစစ်ဆင်ရေးသည် အလွယ်တကူနှင့် အောင်မြင်ခဲ့ရပါကြောင်း။

**လှုမ်းထက်**

***ကျမ်းကိုး– "I was Monty's Double"***

***By- C.James***




www.burmeseclassic.com

www.burmeseclassic.com

# ရွှေဘိုဘကမထိခင်အောင်

## သွေးကစကားပြောသောအခါ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အခန်းထဲမှာ သူအလှဆုံး။ သူ့နာမည်က ဟယ်လင် Hellen။ အင်္ဂလိပ်ကပြားအနွယ်ပေါ့။

ဟယ်လင့်အသက်က ၁၇ နှစ်ခန့်ရှိမည်ထင်ရသည်။ ကျွန်မက သူ့ထက် နှစ်နှစ်လောက်ကြီးနိုင်၏။ သို့သော် ဟယ်လင်က ထွားမှထွားသနဲ့၊ အင်္ဂလိပ်အမျိုးအနွယ်ပေမို့ ထွားသည်နှင့်တူပါသည်။ အရပ်အမောင်းက ငါးပေနှင့်ငါးလက်မခန့်ရှိ၍ ကိုယ်အလေးချိန် ၁၁၅ ပေါင်ကျော်ရှိသည်။

ဟယ်လင့်မျက်နှာပေါက်က ရှည်မျောမျောသဏ္ဍာန်၊ ဆံကေသာက ညိုနီနီ၊ မျက်ခုံးက နက်မှောင်မှောင်ထူထူထဲထဲ၊ ဖြူဝင်းသော အသားအရေရှိသူဖြစ်သဖြင့် ကြည့်၍ကောင်း၏။ နှာတံပေါ်၊ နှုတ်ခမ်းလွှာက ဆေးမဆိုးဘဲ ရဲနေသည်။ အပျိုဖားဖားအနေအထားမှာရှိ၍ ဖွံ့ဖြိုးလှ၏။

ဟယ်လင့်တစ်ကိုယ်လုံးကို ခြုံငုံ၍ကြည့်လိုက်လျှင် လွန်စွာလှပကြော့ရှင်းသည့် အပျိုစင်တစ်ယောက်ဟုဆိုနိုင်သည်။ သူက အမြဲလိုလို ခပ်တည်တည်ကြီးနေသဖြင့် လှပသော်လည်း ကျက်သရေမရှိလှချေ။

ကျွန်မတို့ A.V.P. High School သည် လုံချည်အပြာရင့်၊ အင်္ကျီအဖြူ လက်ရှည်၊ သို့မဟုတ် လက်တိုဝတ်ရ၏။ Uniform ဟု ဆိုရမည်။ ထိုအပြာဝတ်စုံ ဝတ်ရာတွင် တစ်ကျောင်းလုံး၌ ဟယ်လင်တစ်ယောက်က အထူးခြားဆုံးဖြစ်နေ၏။ ဟယ်လင်က အမြဲတမ်း ခါးပတ်အဖြူ ပတ်ထားလေ့ရှိသည်။ ဟယ်လင့်ခါးပတ်က ရိုးရိုးခါးပတ်မဟုတ်။ ငွေပြားခါးပတ်ဖြစ်၏။

ကျွန်မတို့အတန်းထဲတွင် ဟယ်လင်၏ အခင်မင်ဆုံးကျောင်းသူဆိုလို့ နှစ်ဦးတည်းသာရှိသည်။ ပက်ဂီ Peggy နှင့် မာရီ Mary ဖြစ်သည်။ ယောကျ်ားလေးထဲမှာတော့ ဂျော့ George နှင့် ကယ်လီ Kelly တို့ပါ။

သူတို့တစ်တွေက ဟယ်လင်နှင့် ဘာသာတူသည့် ခရစ်ယာန်ဘာသာဝင်တွေဖြစ်သည်။ အသားအရေက တော့ မည်းကြုတ်ကြုတ်နှင့် ဟယ်လင်နှင့်ကွာမှကွာ။

ဟယ်လင်က ခေသူမဟုတ်။ ကာနယ်ရာထူးအဆင့်အတန်းရှိသူတစ်ဦး၏သမီးဖြစ်သည်။ သူ့ဒယ်ဒီက အင်းစိန်တိုက်ပွဲတွင် ကျဆုံးခဲ့ပြီ။ ကာနယ်အဆင့်ရာထူးရှိသူ၏သမီးပေမို့ မာနက ကြီးမှကြီး။ ဘယ်သူနဲ့မှ အဖက်မလုပ်။ မတန်သလို နေတတ်၊ ဆက်ဆံတတ်၏။

အထူးသဖြင့် ကျွန်မတို့ မြန်မာ

**ခင်အောင်ကလည်း အတန်းထဲ၌ အစွာဆုံး၊ အဆိုးဆုံး ကျောင်းသား တစ်ဦးဖြစ်နေသည်။ ဘယ်သူ့ကိုမှမကြောက်။ ဘယ်သူ့ကိုမှ ဗိုလ်မထားချေ။ လက်ဝှေ့သမားမို့ ရန်ဖြစ်ကောင်း၊ အထိုးအသတ်ကောင်းလှသူ။ အသက်အားဖြင့် ၂၀ မျှရှိသည်**

၀ ၀ ၀

www.burmeseclassic.com

www.burmeseclassic.com

လူမျိုးတွေအပေါ်ဟယ်လင်က အတော်အထင်အမြင်သေးသူဖြစ်သည်။ မြန်မာစကားကို ဟယ်လင်က ခပ်ဝဲဝဲပြောဆိုတတ်၏။ အတန်းထဲတွင် မြန်မာစာ၊ မြန်မာဘာသာမှအပ ကျန်ဘာသာအားလုံး၌ ဟယ်လင်က အတော်ဆုံး။

ကျွန်မတို့၏ သတ္တမတန်းတွင် ကျောင်းသား၊ ကျောင်းသူဦးရေ ၄၀ မျှရှိရာ အစမ်းစာမေးပွဲ၌ ပထမ၊ သို့မဟုတ် ဒုတိယရစမြဲ။ ၁၉၅၅ ခုနှစ်ကာလအထိ ကျွန်မတို့ A.V.P. High School တွင် မြန်မာစာဘာသာတစ်ခုမှအပ ကျန်ဘာသာအားလုံးကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားရသည်။

အတန်းထဲတွင် ဟယ်လင်နှင့်ပြိုင်ဘက်က တုတ်တုတ်နှင့်အပုပါ။ တုတ်တုတ်နှင့်အပုကလည်း စာတော်ကြ၏။ အင်္ဂလိပ်ကပြားမထက်သာရမှ ကျေနပ်တတ်သည့် မြန်မာကျောင်းသူနှစ်ဦးဖြစ်၏။

သုံးလတစ်ခါ အစမ်းစာမေးပွဲစစ်ရာ တစ်ကြိမ်၌ တုတ်တုတ်က ပထမစွဲသွားသည်။ ဟယ်လင်တစ်ယောက် ဆွေ့ဆွေ့ခုန်ကာ ခံပြင်းနေတော့သည်။ ကြွေပြင်မဆည်နိုင်လောက်အောင် ဒေါသပုန်ထနေလေသည်။

ဟယ်လင့်မျက်နှာတွင် ဒေါသအရောင်တွေ လွှမ်းခြုံနေသည်။ အတန်းပိုင်ဆရာမ ဒေါ်နီနီသော်က သုံးလပတ် အမှတ်စာရင်းကို ကြေညာအပြီး ကျွန်မတို့အတန်းထဲက ထွက်ခွာသွားခဲ့သည်။

"တုတ်တုတ်ဆိုတဲ့ကောင်မ ပထမရသွားအောင် ဆရာ၊ ဆရာမတွေက ညစ်ပြီးအမှတ်ပေးလိုက်တာဖြစ်ရမယ်၊ ငါ့ကို နင်တို့မြန်မာဆရာ၊ ဆရာမတွေက နှိမ်ချင်လို့နေမှာ"

ဟယ်လင်က ဆရာ၊ ဆရာမတွေကို မတရားသဖြင့် စွပ်စွဲခဲ့၍ ကျွန်မနှင့် အချီအချ စကားများရသည်။

ကျွန်မကလည်း မဟုတ်လျှင်မခံတတ်၊ ကြောက်စိတ်ဆိုတာ ဝေလာ ဝေး။

"ဟယ်လင် ဆရာ၊ ဆရာမတွေကို မဟုတ်မတရား မစွပ်စွဲပါနဲ့၊ မြန်မာဘာသာမှာ ဟယ်လင်က ၅၁ မှတ်ပဲရတာ၊ တုတ်တုတ်က ၈၆ မှတ်တောင်ရတာ၊ တုတ်တုတ်လည်း စာတော်တယ်ဆိုတာ ဟယ်လင်သိသားပဲဟာ"

"နင်က ဘာဖြစ်လို့ နာနေရတာလဲ၊ နောက်ထပ် ဘာမှမပြောနဲ့၊ ငါမကြားချင်ဘူး"

ဟယ်လင်က ကျွန်မထက်ငယ်သော်လည်း ကျွန်မကို 'ငါ'၊ 'နင်'ဟု ရိုင်းရိုင်းစိုင်းစိုင်း ပြောလေ့ရှိ၏။

ထိုသို့ ရိုင်းရိုင်းပျပျပြောသော်လည်း ကျွန်မတို့ကို အင်္ဂလိပ်နှင့်သင်္ချာဘာသာပြသည့် ဟယ်လင့်အဒေါ်ဖြစ်သော ဆရာမကြီး တီချာ ဒေါ်ရှိသီ Dorothy ၏မျက်နှာကို ထောက်ထား၍ အမြဲလိုလို အရှုံးပေးလေ့ပေးထရှိခဲ့၏။



တီချာဒေါ်ရှိသီက ဤသို့ပြောထား၊ မှာထားသောစကားရှိသည်။

"တီချာရဲ့တူ မစ်ကီ Mikey နဲ့ ဟယ်လင် Hellen ကို ညည်းတို့ကျောင်းသူကျောင်းသားတွေက အလိုလိုက်ထားရမယ်၊ သူတို့ဘာပြောပြော ပြန်ခံမပြောရဘူး၊ မစ်ကီနဲ့ဟယ်လင့်ကို အထိမခံနိုင်ဘူး၊ အဲဒါ သိထားကြ"

ထိုစကားအရ ကျွန်မတို့သတ္တမတန်းကျောင်းသား၊ ကျောင်းသူအားလုံး

www.burmeseclassic.com

www.burmeseclassic.com





က သူတို့မောင်နှမနှင့် ထိပ်တိုက်မတွေ့ရအောင် အမြဲရှောင်ကြသည်ကများပါသည်။

ရှောင်ကြဉ်သည်းခံကြရသည်ဆိုရာဝယ် အတန်းထဲတွင် လုံးဝမတည့်သူမှာ လက်ဝှေ့ (Boxing)သမား ခင်အောင်ဖြစ်တော့သည်။

ခင်အောင်ကလည်း အတန်းထဲ၌ အစွာဆုံး၊ အဆိုးဆုံး ကျောင်းသားတစ်ဦးဖြစ်နေသည်။ ဘယ်သူ့ကိုမှ မကြောက်။ ဘယ်သူ့ကိုမှ ဗိုလ်မထားချေ။ လက်ဝှေ့သမားမို့ ရန်ဖြစ်ကောင်း၊ အထိုးအသတ်ကောင်းလှသူ။ အသက်အားဖြင့် ၂၀ မျှရှိသည်။ ခင်အောင်က ပေါင် ၁၂၀ မျှခန့်ရှိသည်။

၁၉၅၅ ခုနှစ်လောက်က ခင်အောင်သည် မန္တလေး၊ မေမြို့(ပြင်ဦးလွင်)၊ စစ်ကိုင်းမြို့များသို့ သွားရောက်၍ လက်ဝှေ့ထိုးသတ်ခဲ့ရာတွင် ရှုံးပွဲမရှိသည့် လက်ဝှေ့ချန်ပီယံ (Boxing Champion)ဖြစ်နေသည်။ အင်္ဂလိပ်ကပြားလိုလူကိုတော့ ထည့်တွက်ဟန်မတူ။ ထိုခေတ်၊ ထိုအချိန်က သူ့ကျွန်ဘဝတွင် နေထိုင်ခဲ့ရဖူးသည့်သမိုင်းကြောင့် အင်္ဂလိပ်များအပေါ် မုန်းတီးစိတ်ကိုယ်စီ ရှိနေကြသည်။

+++

တစ်နေ့ အခန်းထဲတွင် ခပ်မိုက်မိုက်၊ ခပ်ရဲရဲလုပ်တတ်သော လူကောင်ထွားကြီး မစ်ကီက မောင်ချို၏ သစ်သားပေတံကိုယူ၍ ချိုးပစ်လိုက်သည်။

မောင်ချိုက လျော်ပေးရန် အတန်တန် ဟောင်းပန်၍ပြောသော်ငြားလည်း ဂရုမစိုက်ပေ။

"လျော်မပေးဘူး၊ မင်းဘာလုပ်

"

မြန်မာတိုင်းရင်းသူ၊
တိုင်းရင်းသားတွေက
ဒီပါးရိုက်တဲ့
သတင်းကို ဖတ်ပြီး
ထမင်းစားလို့မြိန်ကြမှာ
သေချာပါတယ်၊
အလောင်းမင်းတရား
ဦးအောင်ဇေယျရဲ့
သွေးနီကြောင်း၊
အလောင်းမင်းတရားရဲ့
အနွယ်ဖွားဖြစ်တဲ့
ကျွန်မ မိဒေါင်းစိန်က
ကနေ့သက်သေ
ထူပြလိုက်ပါပြီ

"

www.burmeseclassic.com

ချင်သလဲ၊ မင်းတို့မြန်မာတွေကို ငါ မကြောက်ဘူး"

သူပြောလိုက်သည့်အသံကို နောက်ဆုံးခုံတန်းတွင်ထိုင်နေသော ခင်အောင်က ကြားသိသွားသည်။ မစ်ကီရှိရာသို့ ဖျတ်ခနဲထွက်လာပြီး မစ်ကီနှင့်ရင်ဆိုင်လိုက်၏။

"ဟေ့ကောင် မစ်ကီ၊ ငါ့သူငယ်ချင်း မောင်ချိုရဲ့ပေတံကို မင်းဘာဖြစ်လို့ ချိုးပစ်ရတာလဲကွ"

"မင်းနဲ့ဘာဆိုင်သလဲ၊ မင်းက ဘာလုပ်ချင်သလဲ"

"ငါနဲ့ဆိုင်တယ်ကွ၊ ဒါငါ့သူငယ်ချင်း၊ မင်းလျော်ပေးလိုက်"

မစ်ကီက ထိုင်နေရာမှ မတ်တတ်ရပ်လိုက်သည်။

"လျော်မပေးဘူး၊ မင်းဘာလုပ်ချင်လဲ၊ လာခဲ့"

မစ်ကီက ခင်အောင်အား လက်သီးနှင့်ပြိုင်ထိုးရန် ဟန်ရေးပြင်စဉ် လက်ဝှေ့ချန်ပီယံ ခင်အောင်က လက်သီးနှစ်လုံးကို ဆင့်၍ပစ်ထိုးလိုက်ရာ မစ်ကီ၏မျက်နှာဆီသို့ လျင်မြန်စွာကျရောက်သွားသဖြင့် မစ်ကီမှာ ဝုန်းခနဲ လဲကျသွားတော့၏။

"လုပ်ကြပါဦး....လုပ်ကြပါဦး၊ ထိုးကုန်ကြပြီ....,ထိုးကုန်ကြပြီ"

ကျောင်းသူတွေက တစ်ပြိုင်နက်တည်း ထအော်တော့သည်။ အတန်းထဲတွင် ဆရာ၊ ဆရာမ မရောက်သေးမီ ရန်ဖြစ်နေ၍ အခက်အခဲကြုံတွေ့နေရ၏။ ထိုစဉ် အဋ္ဌမတန်းအတန်းမှ ဆရာမက သတ္တမတန်းထဲသို့ လျင်မြန်စွာပြေးလာကာ ဖျန်ဖြေလိုက်သည်။

"ရပ်လိုက်...ရပ်လိုက်စမ်း၊ ခင်အောင်၊ ဆရာမ ပြောနေတယ်လေ"

ခင်အောင်က မစ်ကီအား ဆက်၍မထိုးတော့ဘဲ ရပ်လိုက်သည်။ လဲကျရာမှ မစ်ကီက ကုန်း၍မတ်တတ်ရပ်လိုက်သည်။ ခင်အောင်အား ဝိုက်လက်သီးတစ်လုံးဖြင့် အားကုန်ထိုးခဲ့ရာ ခင်အောင်က ဖျတ်ခနဲ တိမ်းရှောင်လိုက်၍ မထိဘဲ မစ်ကီမှာ အားလွန်၍ လဲကျသွားပြန်သည်။

"မစ်ကီ ရပ်ဆိုတာ မကြားဘူးလား"

ကျောင်းသားအားလုံးက မစ်ကီကိုရော ခင်အောင်ကိုပါ ဆွဲဖက်ထားလိုက်သည်။ ယင်းသို့ ဆူညံဆူညံဖြစ်နေစဉ် မစ်ကီ၏အဒေါ် တီချာဒေါ်ရှိသီ ရောက်ရှိလာသည်။



"ကြည့်စမ်း...ကြည့်စမ်း၊ ငါ့တူ နှာခေါင်းက သွေးတွေထွက်ကုန်ပြီ၊ သွေးတွေထွက်ကုန်ပြီ၊ မိုက်ရိုင်းတဲ့အကောင်၊ မိုက်ရိုင်းတဲ့အကောင်၊ မိုက်ရိုင်းတဲ့အကောင်၊ နင်တို့မြန်မာလူမျိုးတွေ ဒီလောက်မိုက်ရိုင်းရသလား။ ကဲ..ကဲ.....မိုက်ရိုင်းဦး.....မိုက်ရိုင်းဦး"

ခင်အောင်ကို တီချာဒေါ်ရှိသီက ပါးနှင့်နားအုံကို လက်ဝါးနှင့် ဘယ်ပြန်ညာပြန် ဆက်ကာဆက်ကာ ရိုက်နေခဲ့၏။ ကျွန်မတို့ မချိတင်ကဲဖြစ်လှ၍ တီချာဒေါ်ရှိသီ၏လက်ကို ကျွန်မက ဖွတ်ဝင်၍ ဖမ်းချုပ်ထားလိုက်သည်။

"နင်တို့ ငါ့ကိုလွှတ်၊ နင်တို့ငါ့ကို လွှတ်၊ နင်တို့မြန်မာလူမျိုးကိုထိလို့ နာတာပေါ့လေ၊ ဟုတ်လား ဟုတ်လား"

တီချာဒေါ်ရှိသီက စိတ်ဆိုးတကြီးဖြင့် အသံကုန်ဟစ်၍ အော်ပြောခဲ့သည်။

ကျွန်မကတော့ တီချာဒေါ်ရှိသီကို မလွှတ်။

"ဒေါ်ငါးစိန်၊ နင်ဘာလုပ်တာလဲ၊ လွှတ်.....လွှတ်၊ ငါ့အဒေါ်ကို လွှတ်လိုက်စမ်း"

ဟယ်လင်က ကျွန်မအား ဝင်ဆွဲပြီး အတင်းဆောင့်တွန်းပစ်လိုက်သည်။

ကျွန်မလည်း အသားနာ၍ စိတ်ဆိုးလာပြီး စိန်ခေါ်မိတော့၏။

"ဟဲ့ကောင်မ ရွှေဘိုသူအကြောင်း ပြလိုက်မယ်ဟေ့"

ထိုသို့ပြောပြီး ဟယ်လင်၏ ပါးဖောင်းဖောင်းလေးကို ကျွန်မ၏ညာလက်နှင့် အားရပါးရ လွှဲ၍ရိုက်ပစ်လိုက်တော့သည်။

+ +

www.burmeseclassic.com

www.burmeseclassic.com



A.V.P. High School ကျောင်းအုပ်ဆရာကြီး မစ္စတာလောရင့် (Mr. Lawrence) ထံ ကျွန်မ ဒေါ်ငြိမ်းစိန်နှင့် ခင်အောင်အား သင်္ချာမတန်း အင်္ဂလိပ်နှင့်သင်္ချာဘာသာပြ တီချာဒေါ်ရှိသီနှင့် အဋ္ဌမတန်းအတန်းပိုင်ဆရာ ဦးထွန်းမောင်နှင့် မစ္စတာဒေးဗစ်တို့က ခေါ်ဆောင်သွား၏။

ကျောင်းအုပ်ဆရာကြီး မစ္စတာလောရင့်သည် အင်မတန်မှ စည်းကမ်းကြီးသူဖြစ်သလို ဒေါသဖြစ်ပါက မညှာမတာ ရိုက်နှက်၍ ဆုံးမတတ်လေ့ရှိ၏။ ကျောင်းအုပ်ဆရာကြီး၏ ကြိမ်သုံးလုံးကို ကျွန်မ အလွန်ကြောက်လှ၏။

ခင်အောင်ကတော့ ကြောက်ပုံမရ။ သူသည် ကျောင်းအုပ်ဆရာကြီး၏ကြိမ်နှင့် လေးငါးခါ မိတ်ဆက်ဖူးပြီးဖြစ်၏။ ခင်အောင်က ကျောင်းတွင်းလူဆိုးလေးဟု နာမည်ရထားသူဖြစ်သည်။

ကျောင်းစာမရ၍ ကျောင်းအုပ်ဆရာကြီး၏ ရုံးခန်းသို့ ရောက်ရခြင်းမဟုတ်။ မကြာခဏရန်ဖြစ်၍ အပြစ်ပေးခံရခြင်းဖြစ်သည်။ သူသည် ဘယ်သူ့ကိုမှမကြောက်၊ ရဲရဲတောက်လုပ်တတ်၏။ အတန်းထဲတွင် ဗိုလ်လုပ်ချင်သော အင်္ဂလိပ်အနွယ်ဝင် ကပြားမစ်ကီအား ခင်အောင်က လက်ရုံးရည်သုံးရန် စောင့်ဆိုင်းချောင်းနေခဲ့ပုံရ၏။ ယခုတော့ သူ့အကွက်ထဲသို့ ဝင်သွားလေပြီ။

လှပထည်ဝါ ခံ့ညားလှသည့် ကော်ဇောအစိမ်းရင့်ရောင်ကို ကျောင်းအုပ်ဆရာကြီး မစ္စတာ လောရင့်၏ရုံးခန်းထဲတွင် အပြည့်ခင်းထား၏။ အခန်းက ၁၅ ပေပတ်လည်ကျယ်၏။

ကျောင်းအုပ်ဆရာကြီး၏ထိုင်ခုံ

**မြန်မာပြည်ကြီးကို**
**လက်နက်အားကိုးနဲ့**
**နှစ်ပေါင်းတစ်ရာကျော်ကျော်**
**ဗိုလ်ကျစိုးမိုးလာခဲ့တဲ့**
**နယ်ချဲ့အရင်းရှင်**
**အင်္ဂလိပ်မျက်နှာဖြူလူမျိုးရဲ့**
**အနွယ်ဖွား**
**အင်္ဂလိပ်ကပြားမ**
**ဟယ်လင်ရဲ့ပါးကို**
**ရွှေဘိုသူ**
**မြန်မာအမျိုးသမီး**
**တစ်ယောက်က**
**ရိုက်ပစ်လိုက်တယ်ဆိုတာ**
**အင်မတန်ထူးခြားတဲ့**
**သတင်းတစ်ပုဒ်ပါပဲ**
**. . .**



ကျောဘက်ထိပ်တွင် ပြည်ထောင်စုအလံတော်ကြီးကို ပြန့်ပြူးစွာကပ်ထားသည်။

အခန်းတွင်းရှိ စားပွဲအရှည်ကြီးပေါ်တွင် စားပွဲခင်းအဖြူကို ခင်းထားသည်။ ထိုင်ခုံရှစ်လုံးကိုလည်း ထားရှိသေးသည်။

ရုံးခန်းမအတွင်းရှိ စားပွဲရှည်ကြီး၏ ထိပ်တစ်ဖက်၌ ကျွန်မ ဒေါ်ငြိမ်းစိန်နှင့် ခင်အောင်တို့က ရိုကျိုးစွာ လက်ပိုက်၍ ရပ်နေကြသည်။

အတန်းပိုင်ဆရာမ၊ တီချာဒေါ်ရှိသီ၊ ဆရာ မစ္စတာဒေးဗစ်၊ ဆရာဦးထွန်းမောင်နှင့် ဒသမတန်းကဆရာမ ဒေါ်မာဂရက်ဝင်းတို့သည် ထိုင်ခုံတွင် ခပ်မတ်မတ်ထိုင်နေခဲ့ကြသည်။ စားပွဲရှည်၏ တစ်ဖက်ထိပ်၌ ကျောင်းအုပ်ဆရာကြီးက ခပ်တင်းတင်းမျက်နှာထားနှင့် ထိုင်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

ရုံးခန်းထဲတွင် တိတ်ဆိတ်ငြိမ်သက်နေ၏။ ကျောင်းအုပ်ဆရာကြီးသည် ကျွန်မနှင့် ခင်အောင်တို့အား စူးစူးဝါးဝါး စိုက်၍ကြည့်လိုက်သည်။ ထို့နောက် ကျောင်းအုပ်ဆရာကြီးထံမှ ပြတ်သားသောအသံ ထွက်လာခဲ့၏။

"နားထောင်"

ကျွန်မတို့နှစ်ယောက် ရင်တမမ နှင့် နားထောင်နေပါသည်။ တစ်ခုခု တော့ ဖြစ်တော့မည်ဟု တွေးထားမိပါ သည်။ လုပ်ခဲ့ပြီးပြီဖြစ်၍ ပေးသမျှ အပြစ်ဒဏ်ကို ခံယူမည်ဟု ဆုံးဖြတ် ထားသည်။

"နားထောင်၊ မင်းတို့ ဘာဖြစ်တယ်ဆိုတာ ဆရာကြီး အားလုံးသိထားပြီးပြီ၊ လိုရင်းပဲပြောမယ်၊ ဆုံးဖြတ်မယ်၊ ခင်အောင်"

ဆရာကြီးက အသံကိုမြှင့်၍ ခင်အောင်၏နာမည်ကို ခေါ်လိုက်သည်။

"မင်း မစ်ဂီကို လက်သီးနဲ့ထိုးတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ် ခင်ဗျ"

"မင်း ရုံးတင်ခံရတာ ဒီတစ်ခါနဲ့ဆိုရင် ငါးကြိမ်ရှိပြီဆိုတာ ဟုတ်လား"

"ဟုတ်ပါတယ် ဆရာကြီး"

"အေး မင်းမှာ ပြစ်ချက်တွေရှိနေတဲ့အတွက် ဒီကနေ့ပဲ ဒီကျောင်းက ထုတ်လိုက်ပြီ၊ ဒါပဲ"

ခင်အောင်က ခေါင်းငုံ့ထားသည်ကို ကျွန်မ သတိထားလိုက်မိသည်။

"မဒေါင်းစိန်"

"ဟုတ်ကဲ့ရှင့်"

"ဟယ်လင်ရဲ့ပါးကို ရိုက်တယ် မဟုတ်လား"

"ရိုက်ပါတယ်ရှင့်"

"ပါးကိုရိုက်တယ်ဆိုတာအလွန်ပဲရင့်သီးလှတဲ့အတွက် ဒေါင်းစိန်ကို ဒီကနေ့ကစပြီး ကျောင်းကထုတ်လိုက် ပြီ"

ကျွန်မက ဘာမျှမပြောဘဲ ခေါင်းကိုငုံ့ထားပါသည်။ ကျောင်းအုပ်ဆရာကြီး၏ စကားဆုံးသည်နှင့် ဟယ်လင်၏အဒေါ် တီချာဒေါ်ရှီသီက မျက်နှာမော့လိုက်ပြီး အသံခပ်မာမာနှင့် ပြောချလိုက်ပြန်သည်။

"သူ့ကို ကျွန်မ တရားစွဲဦးမှာ၊ ပါးရိုက်တယ်ဆိုတာ အလွန်ပဲစော်ကားလိုက်တဲ့လုပ်ရပ်ပါ၊ ကျွန်မ မခံဘူး"

ကျွန်မလည်း မထူးတော့ပြီဖြစ်သည့်အတွက် ကျွန်မရင်တွင်းမှ ခံစားချက်ကို ပြောပြရန် ဆုံးဖြတ်လိုက်၏။ ဆရာကြီးနှင့်တကွ ဆရာ၊ ဆရာမများအားလုံးကို လက်အုပ်ချီကန်တော့လိုက်ပြီး ကျွန်မ ပြောလိုရာကို ပြောချလိုက်တော့သည်။

"ကျွန်မ ဆရာကြီး၊ ဆရာမကြီးအားလုံးကို ရိုသေစွာ လက်အုပ်ချီပြီးကန်တော့လိုက်ပါတယ်ရှင့်၊ ကျွန်မ ရင်တွင်းမှာရှိနေတဲ့ စကားတွေကို ပြောဆိုခွင့်ပြုပါရှင့်"

အားလုံးက ငြိမ်၍နားထောင်နေကြသည်။

"ဟယ်လင်ရဲ့ပါးကို ကျွန်မက ရိုက်တဲ့အတွက် ကျွန်မကို ဆရာကြီးအနေနဲ့ ကျောင်းကထုတ်ပစ်တာကို ကျွန်မ ခံယူပါတယ်၊ ဆရာမက ကျွန်မကို တရားစွဲဦးမယ်ဆိုတာကို ကျွန်မကပဲ ကျေးဇူးတင် ကျေနပ်မိပါတယ်ရှင့်"

အားလုံးက ကျွန်မ၏စကားကို စိတ်ဝင်စားစွာ နားထောင်နေခဲ့ကြ၏။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မရဲ့ဖေဖေက တို့ဗမာအစည်းအရုံးဝင် သခင်ဒေါင်းညိုပါ၊ သတင်းထောက်တစ်ယောက်လည်း ဖြစ်ပါတယ်၊ သတင်းထောက်ဆိုတာ တိုင်းပြည်တစ်



www.burmeseclassic.com

www.burmeseclassic.com


ဝန်းက သိသွားရအောင် သတင်းအဖြစ် ရေးပိုင်ခွင့်ရှိတဲ့ လူတန်းစားပါ''

ကျွန်မက ဆရာကြီးကို အကဲခတ်ရင်း ဆက်လက်ပြောလိုက်သည်။

''ကျွန်မတို့မြန်မာပြည်ကြီးကို လက်နက်အားကိုးနဲ့ နှစ်ပေါင်းတစ်ရာကျော်ကျော် ဗိုလ်ကျစိုးမိုးလာခဲ့တဲ့ နယ်ချဲ့အရင်းရှင် အင်္ဂလိပ်မျက်နှာဖြူလူမျိုးရဲ့အနွယ်ဖွား အင်္ဂလိပ်ကပြားမ ဟယ်လင်ရဲ့ပါးကို ရွှေဘိုသူ မြန်မာအမျိုးသမီးတစ်ယောက်က ရိုက်ပစ်လိုက်တယ်ဆိုတာ အင်မတန်ထူးခြားတဲ့ သတင်းတစ်ပုဒ်ပါပဲ''

ကျွန်မ၏အပြောကြောင့် ဆရာကြီးနှင့် ဆရာ၊ ဆရာမအားလုံး အံ့အားသင့်ကုန်ကြသည်။

''မြန်မာပြည်တစ်ဝန်းမှာ ရှိနေကြတဲ့ ကျွန်မတို့ မြန်မာတိုင်းရင်းသူ၊ တိုင်းရင်းသားတွေက ဒီပါးရိုက်တဲ့သတင်းကို ဖတ်ပြီး ထမင်းစားလို့မြိန်ကြမှာ သေချာပါတယ်၊ အလောင်းမင်းတရား ဦးအောင်ဇေယျရဲ့သွေးနီကြောင်း၊ အလောင်းမင်းတရားရဲ့ အနွယ်ဖွားဖြစ်တဲ့ ကျွန်မ မိဒေါင်းစိန်က ကနေ့သက်သေထူပြလိုက်ပါပြီ၊ ကျွန်မကို ပါးရိုက်မှုနဲ့ တရားစွဲပါ၊ စွဲဖြစ်အောင်စွဲပါလို့ ပြောခဲ့ပါရစေရှင့်၊ ဒီလောက်ပါပဲရှင့်၊ လာ.....ခင်အောင် သွားကြစို့''

''ခဏနေပါဦး၊ ငါလည်းပြောစရာရှိနေတယ်''

ခင်အောင်က ရဲရဲတောက်အသံဖြင့် ပြောလိုက်ပြန်သည်။

''ကျွန်တော့်ဖေဖေကလည်း သခင်အဖွဲ့ဝင် သခင်ဖေအောင်ပါ၊ နယ်ချဲ့အရင်းရှင်ကို ရဲရဲတောက် တော်လှန်ခဲ့သူပါ၊ ကျွန်တော် မသေသေးသရွေ့ ကာလပတ်လုံး နယ်ချဲ့တွေကို ရဲရဲဝံ့ဝံ့နဲ့ တတ်နိုင်တဲ့ဘက်ကနေပြီး အတတ်နိုင်ဆုံး ချေဖျက်ပစ်မယ်လို့ ပြောခဲ့ပါ့မယ်၊ ဒါလောက်ပါပဲ''

ကျွန်မတို့နှစ်ယောက် ကျောင်းအုပ်ဆရာကြီးရုံးခန်းမှ ထွက်ခွာလာခဲ့ကြသည်။

ကျွန်မတို့က မည်သူ့ကိုမှ လှည့်မကြည့်။ ကျောင်းထုတ်ခံရခြင်းကိုပင် ဂုဏ်ယူစွာဖြင့် ရင်ကော့၍ ထွက်ခဲ့ကြတော့၏။

ရွှေဘိုဘာမထိခင်အောင်


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်

နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

**ခရုသင်း သမင်ဖြူ**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၇)

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှိုစွဲရောဂါ၊ ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့် အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊ ရင်ကချိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရှိုဖြူဆင်းရောဂါ အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို **အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်

အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ PH: 252598, 243851

နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် တတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

# သန်းမြင့်ဦး

## အဆိုးနဲ့ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



မင်းရထား တို့ခနဲရပ်သွားသည်နှင့် မင်းမင်းသည် ပြတင်းပေါက်မှနေ၍ အပြင်သို့ ခေါင်းပြူကြည့်လိုက်မိသည်။ သည်တော့လည်း မြင်းရထားမောင်းသူက ရှေ့ဆီသို့ မေးငေါ့ပြရင်း တစ်ဆက်တည်း.....

''ဟိုရှေ့မှာလေ၊ မောင်ရင်ရောက်ချင်နေတဲ့ သီရိမင်္ဂလာစံအိမ်၊ မြင်းရထားကတော့ ရှေ့ဆက်သွားလို့ မရတော့ဘူး၊ မောင်ရင်မြင်တဲ့အတိုင်းပဲ၊ ရှေ့မှာက ချုံနွယ်ပိတ်ပေါင်းတွေနဲ့ လမ်းကပိတ်နေပြီ၊ မောင်ရင် ဖြည်းဖြည်းချင်းသာ ဆင်းပြီးလျှောက်သွားပေတော့''

ဟုတ်တော့လည်းဟုတ်သည်။

မြင်းရထားမောင်းသူ ပြောသကဲ့သို့ပင် မြင်းရထားဖြင့် ရှေ့ခရီးဆက်ဖို့ဆိုသည်က သိပ်ပြီးမလွယ်ပါလေတော့။ မျက်စိမြင်ကွင်းတစ်ဆုံး မြက်ရိုင်းပင်ရှည်ကြီးတွေက ဖုံးအုပ်ထားနေပါ၏။

မင်းမင်းသည် ပင့်သက်တစ်ချက်ကိုသာ ရှိုက်လိုက်မိပါ၏။ ဘာကြောင့်လဲမသိ။ ရင်မှာ တင်းတင်းကျပ်ကျပ်ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည့်နှယ်လည်းရှိသည်။

အဝတ်အစားတွေထည့်ထားသည့် ခရီးဆောင်လက်ဆွဲအိတ်ကို ဆွဲ၍ မြင်းရထားအောက်သို့ ခုန်ဆင်းသည်။ မြင်းရထားခ ပေးလိုက်သည်နှင့် မြင်းရထားမောင်းသူက ထိုနေရာမှ အလျင်အမြန် ထွက်ခွာသွားတော့သည်။

မင်းမင်းသည် နာရီကို အမှတ်တမဲ့ကြည့်မိသည်။ ညနေ ၆ နာရီထိုးဖို့ ဆယ့်ငါးမိနစ်ခန့်သာ လိုတော့၏။ သို့သော် ဆောင်းတွင်းကာလမို့ထင်သည်။ နေရောင်က ကွယ်ပျောက်ပြီး အမှောင်ထုက လွှမ်းခြုံစပြုလာသည့် အဖြစ်ကိုမြင်တွေ့ရသည်။

မင်းမင်းသည် သီရိမင်္ဂလာ စံအိမ်ဆီသို့ လှမ်း၍ကြည့်လိုက်ပါ၏။ သီရိမင်္ဂလာစံအိမ်သည် မြေမြင့်ပိုင်းတွင် ဆောက်လုပ်ထားသည့် နှစ်ထပ်အဆောက်အအုံလေးတစ်ခုဖြစ်ပါ၏။ ပုံစံက ရှေးမကျ ခေတ်မဆန် ဆောက်လုပ်ထားပြီး ထိပ်ဖျားတွင် စုလစ်မွမ်းချွန်တို့ဖြင့် ပြည့်လျှမ်းနေပါ၏။ သီရိမင်္ဂလာစံ အိမ်တွင် စောစီးစွာပင် မီးထွန်းထားပုံရသည်။ မီးအလင်းရောင် ပြိုးပြိုးပြက်ပြက်ကို ပိတ်ထားသည့် မှန်ပြတင်းပေါက်များမှတစ်ဆင့် လှမ်းမြင်တွေ့နေရပါ၏။

မင်းမင်းသည် မြက်ရိုင်းပင်ရှည်များကို အားနေသည့် လက်တစ်ဖက်ဖြင့်ဖယ်၍ ရှေ့ဆီသို့ လျှောက်လှမ်းခဲ့ပါ၏။

အဝတ်မဲ့ခြေထောက်နှင့် လက်တို့မှာ စူးခြင်း၊ ရှခြင်းခံရသည်။ သည်ကြားထဲ မြက်လျှောမြွေတစ်ကောင်သူ့ရှေ့ကနေ ဖြတ်ပြေးသွားသေးသည်။

မင်းမင်းသည် သတိကြီးစွာထားပြီး ရှေ့ဆီသို့ အဆက်မပြတ် လျှောက်လှမ်းသည်။ မကြာမီမှာပင် မြေသားကို လှေကားထစ်လေးများ ပြုလုပ်ထားသည့်နေရာသို့ ရောက်လာသည်။ အနိုက်အတန့်မျှ အမောအပန်းဖြေပြီးမှ လှေကားထစ်လေးများအတိုင်း တက်ရောက်ခဲ့သည်။

လှေကားထစ်ဆုံးသွားသည်နှင့် သီရိမင်္ဂလာစံအိမ်ကြီး၏တံခါးရှေ့သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားပါ၏။

**မင်းကို ကျားစာကျွေးဖို့ ခေါ်လိုက်တာပဲ၊**
**မင်းအရင် သူ့မိတ်ဆွေတစ်ယောက်လည်း**
**ကျားစာအကျွေးခံလိုက်ရပြီးပြီ၊ အမှန်အတိုင်းပြောရရင်**
**မင်းသောက်မယ့် လိမ္မော်ရည်ထဲမှာ**
**အိပ်ဆေးတွေခတ်ထားတယ်. . .**

www.burmeseclassic.com

www.burmeseclassic.com

တံခါးမှာ စေ့ပိတ်ထားသည်။ အတွင်းကနေ ချက်ချထားသည်။ တံခါး၏ ယာဘက်ဘေးတွင် လူခေါ်ခေါင်း လောင်းလေး ချိတ်ဆွဲထားသည်။

မင်းမင်းက ထိုလူခေါ်ခေါင်းလောင်းလေးကို ဆွဲလှုပ်လိုက်ပါ၏။ ဂလောင် ဂလောင်ဆိုသည့်အသံ ထွက်ပေါ်လာပြီး သိပ်မကြာလိုက်။ ချက်ဖြုတ်သံနှင့်အတူ တံခါးရွက်တစ်ရွက် ပွင့်ထွက်သွား၏။

တံခါးဝတွင် ထွက်ပေါ်လာသည်က ဒေါ်လေးဒေါ်နှင်းရီ၏ခင်ပွန်းဖြစ်သူ ဦးရေချမ်းဖြစ်ပါ၏။ မင်းမင်းကို မြင်တွေ့သည်နှင့် ဦးရေချမ်း၏မျက်နှာမှာ ပြုံးဖြီးဖြီးကြီးဖြစ်သွားလျက်.....

''ဟား.....မောင်မင်းမင်းပါလား။ အင်း.....မြင်းရထားလုံးရပ်တာကိုတော့ မြင်မိပါရဲ့၊ ဒါပေမဲ့ မြင်းရထားလုံးနဲ့ ရောက်လာတဲ့လူက မောင်မင်းမင်း ဖြစ်လိမ့်မယ်လို့တော့ လုံးဝမထင်မိတာ အမှန်ပဲကွဲ့''

ဦးရေချမ်းနှင့် နှစ်ကြိမ်သုံးကြိမ်သာ ဆုံဖူးသော်လည်း သူ့အပေါ်မှာ တကယ့်တူရင်းသားရင်းကဲ့သို့ ခင်မင်မှုရှိသည်။ ယခုတစ်ကြိမ် တွေ့ရသလောက်တော့ ဦးရေချမ်းသည် နဂိုရှိရင်းစွဲအသက်ထက် အနည်းငယ် ပိုမိုအိုစာသွားသည်ဟု မှတ်ထင်ရသည်။ နားသယ်စပ်တွင် ဆံပင်ဖြူများ ထိုးထိုးထောင်ထောင် ထွက်နေသည့်အဖြစ်ကို အိမ်ရှေ့တံစက်မြိတ်အောက်တွင် ထွန်းညှိထားသည့် မီးအလင်းရောင်ဖြင့် တွေ့မြင်နေရ၏။

''ဒေါ်လေးကော ဦးရေချမ်း''

ဦးရေချမ်းကိုကျော်၍ နောက်ဘက်သို့လှမ်းကြည့်ရင်း မေးလိုက်မိသည်။ ဦးရေချမ်းသည် တံခါးဝမှ အသာဖယ်ပေးလျက်.....



''အထဲမှာရှိပါတယ်၊ ကဲပါ.. မောင်မင်းမင်း အထဲဝင်ပါဦးလေ၊ ခရီးပန်းလာတယ်မဟုတ်လား၊ အေးအေးဆေးဆေး ထိုင်အနားယူပြီးမှ စကားပြောကြတာပေါ့''

သည်တော့လည်း မင်းမင်း အထဲသို့လှမ်းဝင်လိုက်ရပါ၏။ အတွင်းတွင် မီးအလင်းရောင် ရှိနေသော်လည်း မှိန်ပျပျသာ။

မရှင်းလင်းရသည်မှာ ကြာပြီမို့လားမသိ။ နံရံများတွင် ပင့်ကူမြွေးများ ယှက်သန်းနေသည်။ ဝင်ပေါက်နှင့် တည့်တည့် နံရံထက်တွင်တော့ ရှေးဟောင်းနာရီအိုကြီးတစ်လုံး ရှိနေပါ၏။ ထိုနာရီအိုကြီးဆီမှ လက်တံသွား နေသည့် တထပ်ထပ်မြည်သံက တိတ်ဆိတ်နေသည့်ပတ်ဝန်းကျင်ကို လှုပ်ရှားအသက်ဝင်စေသလို ဖြစ်နေသည်။

မင်းမင်းသည် ဧည့်ခန်းအလယ်တွင် တွေ့ရသည့် ဆိုဖာများဆီသို့ လျှောက်သွားပြီး ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ခရီးဆောင် လက်ဆွဲအိတ်ကိုလည်း ဘေးနားချထားလိုက်သည်။ ဦးရေချမ်းသည် အတွင်းသို့ဝင်ရောက်လာလျက် မင်းမင်းနှင့် မျက်နှာချင်းဆိုင်ဆိုဖာတွင် ဝင်ထိုင်လိုက်၏။

''သူ့ညီမ နေထိုင်မကောင်းဖြစ်နေတယ်ဆိုပြီး ဦးလေးဆီက စာရရချင်း ကျွန်တော့်ကိုဖွတ်အတင်း လွှတ်တော့တာပဲ၊ မေမေကိုယ်တိုင်လည်း လိုက်လာချင်ပေမဲ့ ခရီးဝေးတွေဘာတွေ သွားနိုင်လောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးအခြေအနေက သိပ် မကောင်းဘူးလေ၊ ဒါနဲ့ ဒေါ်လေးက ဘာဖြစ်တာတဲ့လဲ''

ဦးရေချမ်းသည် မျက်နှာကို လက်ဝါးဖြင့် တစ်ချက်ပွတ်သပ်လိုက်ရာမှ တစ်ဆက်တည်း.....

''ထုံးစံအတိုင်းပေါ့ကွယ်၊ ဆီးချိုသွေးတိုးပေါ့၊ ဒီတစ်ခါဖြစ်တာ အရင်ကထက်ပိုဆိုးတယ်၊ အသက်ကလည်း နည်းနည်းရလာတော့ ငယ်ငယ်တုန်းကလို ရောဂါရဲ့ဒဏ်ကို သိပ်ပြီးမခံစားနိုင်တော့ဘူးနဲ့ တူပါတယ်ကွယ်''

''ဒေါ်လေးကို ဆေးရုံတင်ဖို့ကော မလုပ်ဘူးလား''

''မင်းလာတော့မှပဲ ဒီကိစ္စတွေကို လုပ်ဖို့ စိတ်ကူးထားတယ်လေ၊ ဒါကြောင့်လည်း မင်းကို လှမ်းခေါ်လိုက်ရတာပေါ့''

ထိုစဉ် နောက်ကျောဘက်ဆီမှ ခြေသံတရှပ်ရှပ်ကို ကြားလိုက်ရသည်။ တစ်ဆက်တည်း ငေါက်ဆတ်ဆတ်လေသံဖြင့် ပြောလာသည့်စကားသံကို ကြားလိုက်ရ၏။

''မင်းမင်း မင်းဘာဖြစ်လို့ ဒီကိုလိုက်လာရတာလဲ၊ ငါဘာမှမဖြစ်ဘူး၊ မင်း အခုချက်ချင်းပြန်တော့၊ ဘာမှအပိုအလုပ်တွေလာလုပ်မနေနဲ့''

မင်းမင်းသည် အသံကြားရာ နောက်ဘက်ဆီသို့ နောက်ပြန်လှည့်ကြည့်လိုက်၏။ ခန္ဓာကိုယ် ပိန်ပိန်ပါးပါး၊ မျက်တွင်းချောင်ကျကျ၊ ကပိုကရို ဝတ်ဆင်ထားသည့် ဒေါ်လေး ဒေါ်နှင်းရီအား မြင်တွေ့လိုက်ရ၏။ ဒေါ်လေး ဒေါ်နှင်းရီသည် သခင်တစ်ခေါက် တွေ့စကထက်စာလျှင် အတော်ကြီး

မင်းဘာမှ
ပြောနေစရာမလိုဘူး၊
အရေးကြီးတာက
မင်း အခုချက်ချင်း
ဒီကနေ ပြန်ပြီး
ထွက်သွားဖို့ပဲ၊
အိုကွာ...
အခုချက်ချင်း
ပြန်တော့ကွာ၊
မင်းရဲ့မျက်နှာကိုလည်း
ငါမမြင်ချင်ဘူး၊
မင်းရဲ့အသံကိုလည်း
ငါ မကြားချင်တော့ဘူး
...



www.burmeseclassic.com

www.burmeseclassic.com

ပိန်ကျသွားသည်မှာအမှန်။

"ဒေါ်လေး သိပ်နေမကောင်းဘူးထင်တယ်၊ အခန်းထဲမှာပဲနေပါလား၊ ဘာဖြစ်လို့ အပြင်ကိုထွက်လာရတာလဲ ဒေါ်လေးရယ်"

မင်းမင်းက ကရုဏာဒေါသောဖြင့် လှမ်းပြောလိုက်၏။ သို့တစေ သူ့စကားက သိပ်ပြီးအရာရောက်ပုံမပေါ်ပါလေ။ တည်တည်တင်းတင်းရှိသည့်အကြည့်ဖြင့်ကြည့်ရင်း သူ့အား ဒေါ်လေးဒေါ်နှင်းရီ လှမ်းပြောခဲ့ပုံက.....

"မင်းရဲ့ပါးစပ်ကို ပိတ်ထားစမ်း၊ ငါနဲ့ပတ်သက်ပြီး မင်းဘာမှ ပြောနေစရာမလိုဘူး၊ အရေးကြီးတာက မင်းအခုချက်ချင်း ဒီကနေ ပြန်ပြီးထွက်သွားဖို့ပဲ၊ အိုကွာ.....အခုချက်ချင်း ပြန်တော့ကွာ၊ မင်းရဲ့မျက်နှာကိုလည်း ငါမမြင်ချင်ဘူး၊ မင်းရဲ့အသံကိုလည်း ငါ မကြားချင်တော့ဘူး"

ဒေါ်လေးဒေါ်နှင်းရီသည် သူ့အားအဘယ်ကြောင့် ထိုမျှအထိ ဒေါသကြီးနေရသည်ကို မင်းမင်း စဉ်းစားမရပါလေတော့။ ဒေါ်လေးဒေါ်နှင်းရီ သူ့အား ဖွတ်အတင်း နှင်ထုတ်နေသည်နှင့်စပ်လျဉ်း၍ မင်းမင်း၏စိတ်ထဲမှာ တစ်စက်ကလေးမှမကောင်း။ သို့နှင့်အမျှ ဝမ်းပန်းတနည်းဖြစ်မိသလိုလည်း ခံစားမိရပါ၏။

"ဘာဖြစ်လို့ ကျွန်တော့်ကို ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းသလို ဖွတ်အတင်းနှင်ထုတ်နေရတာလဲဗျာ၊ ကျွန်တော်က ဒေါ်လေးနေထိုင်မကောင်းဘူးဆိုလို့ အဝေးကြီးကနေလာရတဲ့ဥစ္စာကို၊ နည်းနည်းပါးပါးတော့ နားနေခွင့်လေး ပေးပါဦးလားဗျာ"

"အို.....မလိုချင်ဘူး....မလိုချင်ဘူး၊ မင်းအခုချက်ချင်း ပြန်ဆိုပြန်တော့၊ ဘာမှထပ်ပြီး စကားရှည်မနေနဲ့တော့"



**ဒေါ်လေး ဒေါ်နှင်းရီထံမှ အကြောင်းစုံ ကြားသိလိုက်ရသည့်နောက် သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ တဖြန်းဖြန်း ထသွားခဲ့ရသည်နှင့်အမျှ ဒေါ်လေး ဒေါ်နှင်းရီကိုလည်း အထူးတလည် ကျေးဇူးတင်မိရပါတော့၏**

°°°

www.burmeseclassic.com



ဒေါ်လေးဒေါ်နှင်းရီသည် ဘူး ဆိုလျှင် ဖရုံမသီးတော့သလို ပြန်ပေတော့ဆိုသည့်စကားကိုသာ ထပ်ကာတလဲလဲ သုံးနေပါ၏။ ကြားထဲမှ ဦးရေချမ်းမှာ မနေသာတော့ဟန်ဖြင့်.....

''မင်းဘာဖြစ်နေတာလဲ မနှင်း၊ သူက ခရီးဝေးကနေ လာရတယ်ဆိုတာကိုလည်း သတိထားဦးမှပေါ့၊ ခဏတစ်ဖြုတ်လောက်တော့ အနားယူပါစေဦး၊ ဒီမှာ တစ်ရက်တန်သည်၊ နှစ်ရက်တန်သည် နေပါစေဦးကွာ၊ မင်းဟာ လူမှုရေး တစ်စက်ကလေးမှ နားမလည်တဲ့ မိန်းမပဲ၊ သြော်..... မောင်မင်းမင်း လမ်းမှာ ညစာတွေ ဘာတွေကော စားခဲ့ရဲ့လားကွယ်၊ မောင်မင်းမင်းကိုကြည့်ရတာ ဗိုက်ဆာနေတဲ့ပုံပဲ''

ဒက်ထိဆိုလာသည့် ဦးရေချမ်း၏ စကားကြောင့် မင်းမင်းသည် ဦးခေါင်းကိုသာ အသာညိတ်ပြလိုက်ချေ၏။

''ဟုတ်တယ် ဦးလေး၊ ဒေါ်လေးအတွက် စိုးရိမ်စိတ်နဲ့ ခရီးကို အဆက်မပြတ် နှင်ခဲ့တာ၊ လမ်းမှာ လက်ဖက်ရည်တစ်ခွက်နဲ့ ကိတ်မုန့်တစ်ချပ်ပဲ စားခဲ့ရတယ်၊ ဟင်း.... ဟင်း''

''အေး.....အဲဒီလို ဆိုလည်း အတော်ပဲ၊ ဒီကနေ့မှ ငါကလည်း ထမင်းတွေဟင်းတွေကို ပိုပြီးချက်ထားမိတယ်၊ မင်းအတွက်အဆင်သင့်ဖြစ်သွားတာပေါ့၊ ကဲ.....ကဲ ထမင်းစားခန်းကိုသွားပြီး ဗိုက်ဖြည့်လိုက်ကြတာပေါ့၊ နောက်မှ မင်းအတွက် အိပ်ခန်းစီစဉ်ပေးမယ်၊ ဟုတ်ပြီလား''

ပြောပြောဆိုဆို ဦးရေချမ်းသည် ထိုင်ရာမှ ထရပ်လိုက်၏။ ထိုစဉ် ဒေါ်လေးဒေါ်နှင်းရီသည် ဦးရေချမ်းအား ရှုတည်တည်ကြီးကြည့်ရင်း.....

''ရှင့်ကို ကျွန်မ ပြောပြီးပြီနော်၊ သူ့ကိုပြန်ခိုင်းလိုက်တော့၊ သူ့ကို ဒီမှာထားဖို့ လုံးဝမစဉ်းစားနဲ့တော့''

သို့သော် ဦးရေချမ်းသည် ဒေါ်လေးဒေါ်နှင်းရီ၏စကားကို သိပ်ပြီး အရေးစိုက်ဟန်မရှိဘဲ မင်းမင်းဘက်သို့လှည့်၍.....

''ကဲ...ထလေကွယ်၊ ထမင်းစားခန်းထဲ သွားကြမယ်လေ၊ မင်းရဲ့ဒေါ်လေးက ဒီလိုပဲကွဲ့၊ ကျန်းမာရေးက သိပ်မကောင်းတော့ လူတိုင်းအပေါ်မှာ အလကားနေရင်း စိတ်တိုနေတော့တာပဲ''

မင်းမင်း ဘာမှမပြောတော့ဘဲ ထိုင်ရာမှ ထရပ်လိုက်ပြီး ဦးရေချမ်းနှင့်အတူ ထမင်းစားခန်းဆီသို့ ထွက်ခဲ့ကြပါ၏။ ဒေါ်လေးဒေါ်နှင်းရီကလည်း မကျေမနပ်နှင့် သူတို့နှစ်ယောက်၏ နောက်မှ လိုက်ခဲ့၏။

+++

ဦးရေချမ်းသည် သူကိုယ်တိုင်ချက်ထားသည့် ထမင်းဟင်းများကို စားပွဲပေါ်သို့ ချပေးသည်။ ထမင်းဖြူ၊ ကြက်သားဆီပြန်ဟင်းနှင့် ချဉ်ပေါင်ရွက်ဟင်းရည်၊ ပြီးတော့ ငါးပိရည်၊ တို့စရာများဖြစ်သည်။ ပြီးတော့ ထမင်းစားပြီးလျှင်သောက်ဖို့ လိမ္မော်ရည်တစ်ခွက်ကိုလည်း မင်းမင်း၏ရှေ့သို့ ချပေးသည်။

''ကဲ....စား၊ အားရပါးရစား၊ ဘာမှအားနာစရာမလိုဘူး ငါတွေအား

www.burmeseclassic.com

လုံး ဦးလေးကိုယ်တိုင် စီမံပြီး ချက်ပြုတ်ထားတာ''

ဦးရေချမ်းက လိုက်လိုက်လဲ့လဲ့ ပြောသည်။ မင်းမင်းက ဘာမှမပြော။ ထမင်းကိုသာ ဦးခေါင်းငုံ့ပြီး စားနေလိုက်သည်။ လမ်းခရီးတစ်လျှောက် အစားအသောက်ကို ဟုတ်တိပတ်တိ မစားသောက်ခဲ့ရသောကြောင့် ထင်သည်၊ ထမင်းနှစ်ပန်းကန်ကုန်သွား၏။ လက်သုတ်ပဝါဖြင့် လက်သုတ်၊ ပါးစပ်သုတ်ပြုနေစဉ်မှာပင် အိမ်ကြီး၏ အတွင်းတစ်နေရာဆီမှ ကျားဟိန်းသံတစ်ချက်ကို ကြားလိုက်ရသည်။

''ဦးလေး ကျားဟိန်းသံက ဘယ်ကထွက်လာတာလဲ''

မင်းမင်းက သိလိုစိတ်ဖြင့် မေးလိုက်မိ၏။ ဦးရေချမ်းက ပြုံးလျက်.....

''သြော်.....ဒါလား၊ ဦးလေး ကျားပေါက်လေးတစ်ကောင်ကို မြေအောက်ခန်းထဲမှာ မွေးထားတယ်လေ၊ အခုတော့ ဒီကောင်ကြီးက နည်းနည်းတောင်ကြီးလာပါပြီ၊ ဒီအချိန်ဆို သူ့ကိုအစာကျွေးနေကျလေ၊ အခု ဒီကောင်ကြီး ဗိုက်ဆာနေလို့ အသံပေးနေတာနဲ့တူတယ်''

မင်းမင်း ဘာမှထပ်မေးမနေပါလေတော့။ အချိုရည်အဖြစ် ချပေးထားသည့် လိမ္မော်ရည်ကိုသာ မော့သောက်လိုက်မိတော့သည်။ ဘာကြောင့်လဲမသိပါ။ ထိုလိမ္မော်ရည်ကို သောက်လိုက်အပြီး မကြာမတင်မှာပင် ဦးခေါင်းထဲတွင် နောက်ကျိကျိဖြစ်ချင်လာသည်။ မျက်လုံးအစုံမှာ အလိုလိုနေရင်း လေးပင်လာပြီး မျက်စိမြင်ကွင်းအားလုံး မှုန်ဝါးဝေဝါးချင်လာ၏။ ထိုစဉ်မှာပင် ကျားဟိန်းသံများကို အဆက်မပြတ် ကြားလိုက်ရပြီးနောက် သူ့မျက်နှာပြင်နှင့် စားပွဲခုံတို့ ထိတွေ့သွားသည်။ သည့်နောက်တော့ သူ သည် အခိုက်အတန့်အားဖြင့် ပတ်ဝန်းကျင်တစ်ခုလုံးနှင့် အဆက်ပြတ်သွားရပါလေတော့၏။

+++

မည်မျှကြာအောင် သတိလစ်သွားသည်မသိပါ။ သူသတိပြန်ရလာသည့်အချိန်မှာတော့ ကြမ်းပြင်ပေါ်တွင် ပိုးလိုးပက်လက်အနေအထားဖြင့်ဖြစ်နေသည်။ သူ့ကိုယ်ပေါ်တွင် စောင်ပါးလေးတစ်ထည် လွှမ်းခြုံထားသည့်အဖြစ်ကို သတိပြုမိသည်၊ ပြီး တော့ သူ့ဘေးတွင်ထိုင်နေသည့် ဒေါ် လေး ဒေါ်နှင်းရီကိုမြင်တွေ့လိုက်ရပါ၏။

''သြော်.....လူလေး သတိရလာပြီလား''

''ကျွန်တော် ဘာတွေဘယ်လိုဖြစ်သွားတာလဲ ဒေါ်လေး''

''အေး.....မင်းကို ကျားစာကျွေးဖို့ ခေါ်လိုက်တာပဲ၊ မင်းအရင် သူ့မိတ်ဆွေတစ်ယောက်လည်း ကျားစာအကျွေးခံလိုက်ရပြီးပြီ၊ အမှန်အတိုင်းပြောရရင် မင်းသောက်မယ့် လိမ္မော်ရည်ထဲမှာ အိပ်ဆေးတွေခတ်ထားတယ်၊ မင်း သတိမေ့သွားတော့မှ သူ့ကျားလှောင်အိမ်ဆီကို ခေါ်သွားနိုင်မှာကိုး၊ ဒါပေမဲ့ သူအခု လူလေးကို ဘာမှမလုပ်နိုင်တော့ပါဘူး၊ သူ့နောက်စေ့ကို ရေတက်ကျည်ပွေ့နဲ့ထုပြီး သတိမေ့အောင် လုပ်ထားလိုက်တယ်၊ သူအခု ဘာမှမတတ်နိုင်တော့ဘူး၊ ကဲ...ကဲ၊ မင်းဒီကနေထွက်သွားဖို့လုပ်တော့၊ မင်း



ဒေါ်လေးရဲ့စေတနာကို သဘောပေါက်မှာပါနော်၊ မင်းကိုဘာကြောင့် ဒေါ်လေးဖွတ်အတင်းနှင်ထုတ်နေရတယ်ဆိုတာကို''

ဒေါ်လေး ဒေါ်နှင်းရီထံမှ အကြောင်းစုံကြားသိလိုက်ရသည့်နောက် သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထသွားခဲ့ရသည်နှင့်အမျှ ဒေါ်လေး ဒေါ်နှင်းရီကိုလည်း အထူးတလည်ကျေးဇူးတင်မိရပါတော့၏။

တကယ်တော့ ဦးရေချမ်းသည် ယဉ်ယဉ်လေးနှင့် စိတ်မကျန်းမမာဖြစ်နေသည့် လူသတ်သမားတစ်ယောက်ပေပဲ။

မည်သို့ပင်ဖြစ်စေ သည်က အကြောင်းတွေကိုတော့ သက်ဆိုင်ရာသို့ သတင်းပေးပို့ရပေတော့သည်သာ တည်း။

သန်းမြင့်ဦး

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲတွေ့နေရတာ မစောင့်နိုင်တော့ဘူးကွာ၊ ဥကိုပိုင်ချင်လှပြီ"

"မလောပါနဲ့ ကိုဆွေရယ်၊ ဥလည်း ကိုဆွေ့လိုပါပဲ၊ ဒါပေမဲ့ ဥတို့မှာ အကြောင်းတရားလေးတွေ ရှိနေကြတာ မဟုတ်လား"

"ဟင်း.....အားလုံး အဆင်ပြေရင် သိပ်ကောင်းမှာပဲ ဥရယ်"

ကန်ရေပြင်ပေါ်မှ လှိုင်းကြက်ခွပ်လေးများကိုကြည့်ရင်း သက်ပြင်းကိုယ်စီချမိကြ၏။ ဆွေမောင်နှင့် ခင်ခင်ဥတို့မှာ ချစ်သူဟောင်းများဖြစ်ကြသည်။ သူတို့၏ ချစ်သက်တမ်း ငါးနှစ်အကြာတွင် နှစ်ဦးစလုံးမှာ အိမ်ထောင်ကျခဲ့ကြ၏။ မိဘသဘောတူသူနှင့် ခင်ခင်ဥက လက်ထပ်လိုက်ရသလို ဆွေမောင်သည် လည်း ခင်ခင်ဥ အိမ်ထောင်ကျပြီး တစ်နှစ်ခန့်တွင် အမျိုးသမီးတစ်ဦးနှင့် အကြောင်းပါခဲ့သည်။

"ကိုဆွေလေ မြစိမ်းနဲ့ ယူလိုက်ရပေမယ့် ဥကို တစ်နေ့မှ မမေ့နိုင်ခဲ့ပါဘူး"

"ဥလည်း ကိုဆွေ့လိုပါပဲနော်၊ မိဘသဘောတူတဲ့ ကိုချစ်ဦးကို ခေါင်းညိတ်ခဲ့ရပေမယ့် အိမ်ထောင်သည်တစ်ယောက်အနေနဲ့ စိတ်ထဲက ဖောက်ပြန်နေခဲ့တယ်၊ အတွေးထဲမှာ ကိုဆွေက စိုးမိုးနေခဲ့ပါတယ်"

"ဟုတ်တယ် ဥ၊ ကိုယ်တို့မှာ သားသမီးတွေကိုယ်စီရှိနေကြလို့သာ တို့နှစ်ယောက်ပြန်ဆုံခွင့်ရဖို့ ခက်ခဲနေကြတာနော်၊ အိမ်ထောင်သစ် ထူကြရမှာကို မျက်နှာပူနေကြတယ်၊ ပြန်တွေးကြည့်ပြန်တော့ အချိန်တွေနှမြောမိတယ်"

"ဒါပေါ့ ကိုဆွေ၊ ဥတို့ရဲ့ အိမ်ထောင်ဖက်တွေက ဆုံးပါးကုန်ကြတာပဲလေ၊ တစ်ပင်လဲ တစ်ပင်ထူကြတာပဲနော်၊ ဖောက်ပြန်နေတာမှ မဟုတ်ဘဲရင်"

"လူငယ်တွေသာဆို တုံးတိုက်တိုက်၊ ကျားကိုက်ကိုက် ဖွတ်လုပ်မိကြမှာပဲ၊ အခုတော့ ဟိုငဲ့ ဒီငဲ့နဲ့ အချိန်တွေ ကြာနေရတယ်ကွာ"

ဆွေမောင်အား မိခင်ဖြစ်သူ ဒေါ်တင်ကြည်က အိမ်ထောင်ပြုနိုင်သော်လည်း ခင်ခင်ဥနှင့် သဘောမကျပေ။ သူ့သားကို ထားသွားခဲ့သည့်အတွက် အမြင်မကြည်လင်ပေ။ နှမဖြစ်သူ အေးအေးမာမှာလည်း ခင်ခင်ဥနှင့် ငယ်ပေါင်းများဖြစ်သည့်တိုင် အစ်ကိုဖြစ်သူအတွက် မကျေမချမ်းနိုင်ဖြစ်နေတုန်းပင်။ သည်တော့ သားသမီးများအား အဆင်မပြေဖြစ်ရန် ဘေးတီးပေးသည့်နှယ်။ သားက နားလည်ပေးပေမယ့် သမီးက ခါးသီးစွာ တုံ့ပြန်၏။

ကံဆိုးချင်တော့ ဆွေမောင့်သမီး ဥမ္မာဆွေနှင့် ခင်ခင်ဥသမီး ဖြူဖြူဥတို့က ပြိုင်ဘက်များဖြစ်နေကြသည်။ ကျောင်းတူ၊ အတန်းတူ ဖြစ်နေကြ၍ ပိုဆိုးနေ၏။

ခင်ခင်ဥဘက်ကလည်း ထို့အတူပင်။ သားသမီးများကြောင့် စိတ်ညစ်နေရသည်။ ဖခင်ကြီးက အိမ်ထောင်သစ်ထူစေလိုသော်လည်း ရှာဖွေကျွေးမွေးနေသည့် အစ်ကိုကြီးက သဘောမကျပေ။ ဆုံးသွားသည့် ခင်ပွန်းဖြစ်သူ ကိုချစ်ဦးက အစ်ကိုဖြစ်သူနှင့် အခင်မင်ဆုံး မိတ်ဆွေရင်းဖြစ်နေ၏။ ခင်ခင်ဥမှာ တွေးမိတိုင်း စိတ်မသက်သာပေ။

"ဟင်း.....ကိုကြီးက ကိုချစ်ဦးရဲ့ မိဘတွေမျက်နှာရှိသေးတယ်ဆိုပြီး ကိုဆွေနဲ့ မယူစေချင်ဘူး၊ ကလေးတွေကို ကိုချစ်ဦးမိဘတွေအိမ် ခေါ်သွားပေးတယ်၊ ဒါပေမဲ့ ဟိုမှာလည်း အတူနေမြေးတွေရှိနေတော့ ဟိုက မကျေမနပ်နဲ့ပေါ့၊ သူတို့ဆီ သောင်တင်မှာစိုးပြီး ရောက်တာနဲ့ ပြန်လွှတ်ချင်ကြတယ်"

"အဲဒီလို ဆက်ဆံနေတာ ကို

www.burmeseclassic.com

www.burmeseclassic.com


ကြီးက မသိဘူးလား''

''သိတာပေ့ါ၊ သူက ကိုချစ်ဦးရမယ့် အမွေအနှစ်ကို မျှော်ကိုးချင်နေတာလေ၊ ပေးပါလိမ့်မယ်၊ ကိုချစ်ဦးအမေက သိပ်ကိုအတ္တကြီးတဲ့ အဘွားကြီး၊ မင်္ဂလာဆောင်ပြီးတာနဲ့ သူ့သားကို ချွေးမအိမ်တန်းထည့်လိုက်တာပဲ၊ ကိုကြီးက ဘာမှနားမလည်ဘူး၊ သူနဲ့စကားပြောဖော် အတူတူရတာကိုပျော်နေတာလေ''

''ကိုချစ်ဦးမှာ ညီတစ်ယောက်နဲ့ နှမတစ်ယောက် ရှိကြတယ်နော်''

''ဟုတ်တယ်လေ၊ သူ့ညီမမိသားစုက မိဘအိမ်မှာ အတူနေကြတယ်၊ သူ့ညီက သတ်သတ်နေတာပါ''

''––––''



''ပြီးတော့ သားကြီးဆိုပြီး ချစ်လည်းမချစ်ဘူး၊ ငွေပဲတောင်းနေတာ ပါ၊ မိဘဆိုတော့လည်း ကိုချစ်ဦးက မငြိုငြင်ရှာပါဘူး၊ ကဲပါလေ.....ဥပြောနေတာနဲ့ ကိုဆွေ စိတ်မကောင်းဖြစ်နေပြီ၊ ကဲ...ထ၊ ပြန်ကြမယ်၊ တော်ကြာကလေးတွေ ရိပ်မိသွားရင် မိဘအပေါ် အရိုအသေကင်းမဲ့ကြလိမ့်မယ်နော်''

''ဉသဘောပါဗျာ၊ ကိုဆွေက တော့ နှစ်ယောက်တည်းအတူနေချင် လှပြီ၊ သိပ်ပြီးဖိအားပေးလာရင်တော့ ခိုးပြေးကြမှာနော်''

ခင်ခင်ဥက ဆွေမောင့်အပြောကို သဘောကျစွာဖြင့် ပါးချိုင့်လေးများပေါ်သည်အထိ ပြုံးပြမိ၏။

''ကိုယ့်အသက်အရွယ်လည်းပြန်ကြည့်ပါဦး ကိုဆွေရယ်၊ လေးဆယ်ကျော်၊ ငါးဆယ်အတွင်း ရောက်နေပြီနော်၊ ဆယ်ကျော်သက်လိုစိတ်မျိုး မထားရတော့ဘူးနော်''

''အဲဒါကြောင့် ဥကိုချစ်ရတာ၊ ကိုယ့်စိတ်တွေ လွတ်သွားတိုင်း ထိန်းချုပ်ပေးတတ်တယ်နော်၊ ကျေးဇူးတင်ပါတယ် ချစ်သူလေးရယ်''

ဆွေမောင်သည် ခင်ခင်ဥ၏လက်ကလေးအား ဆွဲထူထမတ်လိုက်သည် နှင့် ယိမ်းယိုင်သွားသော ကိုယ်လေးကို ပွေ့ဖက်လိုက်၏။

''အို.....လွှတ်ပါ ကိုဆွေရယ်''

ခင်ခင်ဥက ရုန်းကန်ငြင်းဆန်လိုက်သော်လည်း ဆွေမောင်က လွှတ်မပေးပေ။ ညနေစောင်းအချိန် နေဝင်ရီတရောသို့ ရောက်နေ၏။ ခင်ခင်ဥက အိမ်ကို အချိန်ပိုဆင်းရမည်ဟု လိမ်ညာပြောခဲ့ပြီး ရုံးဆင်းသည်နှင့် ဆွေမောင်ခေါ်ရာသို့ လိုက်သွား၏။ စားသောက်ဆိုင်တွင် ဗိုက်ဖြည့်ကြပြီးနောက် တက္ကသိုလ်ရိပ်သာလမ်းအတိုင်း ချစ်သူလက်ကိုတွဲ၍လျှောက်ခဲ့ကြသည်။ အင်းလျားကန်ပေါင်တွင် ထိုင်ရင်း ချစ်စကားများပြောကြ၊ အခက်အခဲများကိုရင်ဖွင့်ကြနှင့် မှောင်စပျိုးမှ တက္ကစီနှင့် ဆွေမောင်က ပြန်လိုက်ပို့ပေး၏။

''တော်ပြီ ကိုဆွေရာ၊ လွှတ်တော့နော်''

သူတို့အနီးအနားတွင် အတွဲများမရှိကြတော့ပေ။ သည်တော့ ခင်ခင်ဥက အနည်းငယ်ကြောက်လာ၏။ ချစ်စိတ်ကို ထိန်းချုပ်ပေးပြီးနောက် အင်းလျားကန်မှ အိမ်ပြန်ရန် ကန်ပတ်လမ်းအတိုင်း လျှောက်လာကြသည်။

+++

''ဦးလေး မီးခြစ်ပါလား၊ ခဏလောက်''

ဆွေမောင်က မီးခြစ်ကို အိတ်ထဲမှထုတ်ယူပေးလိုက်စဉ် ကောင်လေးနှစ်ယောက်အနက် တစ်ယောက်က ဝှက်ယူလာသောတုတ်ဖြင့် ဆွေမောင့်ခေါင်းအား ရိုက်ချလိုက်သည်။

''အား.....''

ဆွေမောင်လည်း အမှတ်တမဲ့လုပ်ရပ်ဖြစ်နေ၍ ရှောင်ချိန်မရလိုက်ပေ။ လဲကျသွားချိန်တွင် ဆွေမောင့်လက်ထဲမှ လက်ကိုင်သားရေအိတ်နှင့် ခါးကြားမှ ဟန်းဖုန်းကို ဆွဲယူလိုက်သည်။ တစ်ယောက်က ဆွေမောင့်အား ထပ်ရိုက်နေ၏။

''လာကြပါဦးရှင်၊ ကယ်ကြပါဦး''

''ဟိတ်.....ခင်ဗျားကြီး စွတ်

www.burmeseclassic.com

www.burmeseclassic.com



အော်မနေနဲ့၊ ပေး.....ရှိတာအကုန်ထုတ်''

''မပေးဘူး၊ မင်းတို့ရှိုင်းစိုင်းလှချည်လားဟင်''

ခင်ခင်ဥသည် ကယ်တင်မည့်ပတ်ဝန်းကျင်ကြားစေရန် ထပ်အော်လိုက်ရာ တုတ်ဖြင့်ရိုက်ချခြင်းကို ခံရပြန်၏။

''အမယ်လေး...လေး...သေပါ ပြီလာကြပါဦး.....ကျွန်မတို့ကို လုယက်နေပါတယ်၊ ကယ်ကြပါရှင်...''

''ဟာ.....ဒီမိန်းမကြီး သေတော့မှာပဲ၊ ကဲကွာ.....''

မျက်နှာကို လက်သီးနှင့် ဆင့်ကဲထိုးပြီးနောက် ခင်ခင်ဥ၏လက်ကိုင်အိတ်နှင့် ဝတ်ထားသောဆွဲကြိုးကိုဆွဲဖြုတ်ယူလိုက်သည်။ ပြီးနောက်ထွက်ပြေးသွားကြတော့သည်။ ဆွေမောင်နှင့်ခင်ခင်ဥမှာဖြင့် ကန်ပေါင်လမ်းပေါ်တွင် သတိမေ့လဲကျနေကြ၏။ သူတို့အား လုံခြုံရေးတာဝန်ကျသူများကတွေ့မြင်သွားမှ ဆေးရုံသို့ ပို့လိုက်ကြသည်။

နှစ်ဦးစလုံးမှာ ခေါင်းကွဲသွားကြပြီး ဆွေမောင်က လက်ဖျံရိုးကျိုးသွားသည်။ ခင်ခင်ဥမှာ မျက်နှာရောင်နေ၏။ သက်ဆိုင်ရာက အကြောင်းကြားတော့မှ သက်ဆိုင်သူများ ရောက်လာကြသည်။ မှုခင်းဖြစ်ရပ်ဖြစ်သောကြောင့် စစ်ချက်ယူနေစဉ်.....

''ကျော်မကောင်းကြားမကောင်းပါလားတော်၊ သင်းကြောင့် ငါ့သားဒုက္ခဖြစ်ရတာ''

''အဲဒီလိုမပြောပါနဲ့မျာ၊ ကျုပ်နှမကို အဲဒီနေရာခေါ်သွားတော့ ဖြစ်ပြီပေါ့၊ မိန်းကလေးဆိုတာ ယောကျ်ားလေးခေါ်ရာ လိုက်ကြရတာလေ၊ အဒေါ်သားအပြစ်ပဲ''

''အလိုတော် လက်နှစ်ဖက်တီးမှ လက်ခုပ်မြည်သံ ကြားရတာပါ၊ မိန်းမဖြစ်ပြီး ဘာဖြစ်လို့ လျှောက်လိုက်ရတာလဲ''

''အဲဒါ အဒေါ်သားကြောင့်ပေါ့ ဗျ''

အမှုစစ်ရဲအရာရှိနှင့် မှုခင်းဆရာဝန်ကြီးလည်း သူတို့ကိုကြည့်ပြီး စိတ်ပျက်သွား၏။ လူနာရှင်များက ကိုယ့်လူနာအခြေအနေကို မမေးကြသေးဘဲ ရန်လာဖြစ်နေကြသည်။

''ဦးလေးကြီးက အဘွားကို မအော်ပါနဲ့၊ ကျွန်မအဖေကိစ္စက ဦးလေးကြီးညီမ မြှူဆွယ်လို့ပါနော်၊ အဖေက ဘယ်မိန်းမမှ စိတ်ဝင်စားတာမဟုတ်ဘူး''

''အောင်မာ.....နင်ဘာစကားပြောတာလဲ၊ နင့်အဖေက ဒီလောက်တောင် သမာဓိရှိနေရင် ဘုရားရှေ့မှာ သွားနေပါလား၊ ဘာဖြစ်လို့ ဒီနေရာကို လာရသလဲ''

''အဲဒါ နင့်အမေ မနေနိုင်လို့ပေါ့၊ ဒီလောက်တောင် လင်ရှားနေသလားဟင်''

''ကောင်မ.....နင်ခွေးစကားမပြောနဲ့''

လူကြီးများမှသည် လူငယ်များပါ အချင်းများကုန်ကြတော့၏။ ဟိုဆွဲကြသည်ဆွဲကြနှင့် လူနာများပါ စိတ်ညစ်ကုန်ကြတော့သည်။

''ကဲ.....ခင်ဗျားတို့ မတော်ကြဘူးလား၊ အားလုံးကို အချုပ်ထဲပို့လိုက်မှာနော်၊ ဆေးရုံမှာလာပြီး မသောင်းကျန်းကြနဲ့''

သည်တော့မှ ငြိမ်ကျသွားကြတော့သည်။ သို့သော် အသံတိတ်ရန်စောင်နေကြတုန်းပင်။

''အမေ့သားရယ် မင်းဒီလိုဖြစ်ရတာ အမေ့စကားကို နားမထောင်လို့ဖြစ်ရတာပဲ၊ ကြည့်ပါဦး၊ လက်ကကျိုးသွားတော့ မင်း အလုပ်လုပ်လို့မရတော့ဘူးပေါ့''

''ခဏပါ အမေရာ၊ ပြန်ကောင်းသွားမှာပါ''

''မင်းနှမက မင်းတစ်ခုခုဖြစ်ရင် တရားစွဲမှာပဲ၊ လိုက်မလာနိုင်ပေမယ့် ပြောလိုက်တယ်''

''ကျွတ်...ကျွတ်...ကျွတ်၊ အမေတို့လာမှ ကျွန်တော် သေမှာပဲ၊ စကားကောင်းကောင်းပြောကြပါဗျာ၊ တစ်ဖက်သားကို ငဲ့ညှာကြပါဦး''

ဆွေမောင့်မိခင်က ခေါင်းတခါခါနှင့် မျက်စောင်းတထိုးထိုးလုပ်နေ၏။ သမီးဖြစ်သူကလည်း မကျေမနပ်ဖြင့် ပြောခဲ့ပြန်၏။

''အို.....အဖေကလည်း အဘွားက စိတ်ပူလို့ပြောတာပါ၊ ခုခေတ်မှာ မိန်းမလည်တွေကများတယ်၊ ဟင်း.. ဥမ္မာ့ကို ဘာမှတ်နေသလဲ၊ 'ဥမ္မာ့အကြောင်းကိုမသိသေးဘူးနဲ့တူတယ်''

''တိတ်စမ်း ဥမ္မာ၊ အဖေမွေးထားတာ မိုက်ရိုင်းတဲ့ သားသမီးမျိုး မဟုတ်ဘူး''

ဆွေမောင့်ဆူပူကြိမ်းမောင်းသံအဆုံး၌ ခင်ခင်ဥသမီး မြမြဥကလည်း ခါးကိုထောက်၍ မျက်စောင်းထိုးလိုက်၏။

''စိတ်ချပါ မေမေ...မြမြဥ

www.burmeseclassic.com

က မိကောင်းဖခင်သားသမီးတွေပါ၊ ဘယ်တော့မှရန်မဖြစ်ဘူး၊ စိတ်ချ၊ ရန်ဖြစ်တာက မိုက်မဲတဲ့သူတွေလုပ်ရပ်ပါ၊ ဟင်း.....ဟင်း''

ဦးမှာဆွေလည်း နှုတ်ခမ်းကို အစွမ်းကုန်မဲ့၍ မျက်စောင်းထိုးပစ်လိုက်၏။

''အခန်းပြောင်းပေးမှာပါ ကိုကြီးရယ်၊ သက်သာတာနဲ့ ဆေးရုံကဆင်းမှာပါ''

''မဖြစ်ဘူး ဆရာဝန်ကြီးကိုပြောပြီး အခုပဲခေါ်သွားမယ်၊ ဒီမှာကြာကြာထားရင် လူသတ်မှုဖြစ်လိမ့်မယ်၊ နင်သိပ်ကိုဒုက္ခပေးတယ် မိဥ၊ ငါ့မှာ နင့်သောကနဲ့ အရှက်တွေအမျိုးမျိုးကွဲ၊ ရပ်ကွက်ထဲ ဘယ်လိုမျက်နှာနဲ့ ဝင်ရမှန်းတောင် မသိဘူး''

''ဟုတ်တယ် အမေ၊ အခုတောင် အဘိုးမသိသေးဘူး၊ ကိုကြီးလည်း အဝေးရောက်နေလို့ တော်သေးတာ ပေါ့၊ ကျောင်းတက်ရင် ဖြူဥကို ကဲ့ရဲ့ကြတော့မှာ အမေရဲ့၊ အမေ့ကြောင့် သမီးရဲ့မာနကို သူတစ်ပါးခြေဖဝါးအောက်ထဲ ဝပ်စင်းပေးရတော့မှာ၊ ဟင့်.....ဟင့်''

ဒဏ်ရာထက် ဖြူဖြူဥပြောလိုက်သည့်စကားက ရင်ထဲတွင် ပိုနာရ၏။ တစ်ချိန်ကလည်း ထိုမာနကြောင့် ဆွေမောင့်မိခင်အား မခံချင်စိတ်ဖြင့် မိဘပေးစားသည့် မချစ်မနှစ်သက်သောသူကို ယူခဲ့ရသည်။ ယခုလည်း သမီးဖြစ်သူ၏စကားကြောင့် ချစ်သူဟောင်းအား ပြန်လည်စွန့်လွှတ်ရဦးမည်လား မဝေခွဲတတ်ပေ။ စိတ်မကောင်းဖြစ်ခဲ့ရသည်က အမှန်ပါ။



+ + +

ဆေးရုံတွင် နှစ်ရက်ကြာသည့်နောက် ခင်ခင်ဥအား ကိုရင်မောင်က အိမ်ပြန်ခေါ်ခဲ့သည်။

''အင်း.....အသက်တစ်ရာ မနေရပေမယ့် အမှုတစ်ရာတွေ့ရတယ်ဆိုတာ မှန်ပါလားနော်၊ ငါ့သမီးလည်း အသက်ကြီးမှ အရှက်တကွဲဖြစ်ရတယ်လို့ကွယ်''

''အဖေက ဘယ်လိုသိသွားတာလဲဗျာ၊ မိဥကိစ္စကို အဖေ့ကို ပြောမပြပါဘူး''

''မနေ့က ဂျာနယ်သွားဝယ်ဖတ်လို့ သိခဲ့တာကွဲ့၊ နေ့လယ်ကျတော့ ငသောင်းရောက်လာပြီး လာပြိုပြန် တယ်၊ ငသောင်းသိရင် တစ်ရပ်ကွက်လုံးသိတာနဲ့ အတူတူပေါ့ကွယ်''

ကိုရင်မောင့်အကြည့်က ခင်ခင်ဥအဖို့ ခေါင်းငုံ့ရင်ဆိုင်ရုံသာ ရှိတော့သည်။ ခင်ခင်ဥမှာ သမီးကလည်း မကြည်ဖြူ၊ အစ်ကိုဖြစ်သူကလည်း သူမအတွက်နှင့် ဒေါသဖြစ်နေသည့် အပြင် ဖခင်ကြီးကပါ အပြစ်မဆိုသော်လည်း ပတ်ဝန်းကျင်၏ လက်ညှိုးထိုးခံရမည့်အဖြစ်ကြောင့် အိမ်တွင်နေချင်စိတ် မရှိတော့ပေ။

''သမီးကိုခွင့်လွှတ်ပါ အဖေရယ်''

''ဖြစ်ပြီးမှတော့ ဘာမှမတတ်နိုင်တော့ဘူး သမီး၊ စာစောင်တွေက ချစ်သူစုံတွဲလို့ ရေးလိုက်လို့ တော်သေးတာပေါ့၊ နို့မို့ဆို အရှက်ကွဲပြီးရင်း ကွဲလိမ့်မယ်''

''အဖေ့သမီးကိုက အနေအထိုင်မတတ်တော့ သူ့သမီးက သူ့ကိုအတုယူရင် မခက်လားဗျာ၊ ကျွန်တော်သိပ်စိတ်ညစ်တယ် အဖေ၊ သူ့ကြောင့်အားလုံးအရှက်ကွဲရပြီ၊ ဟိုဘက်ကတော့ မော်နိုင်တာပေါ့၊ ယောကျ်ားလေးကိုး ဗျ''

''စိတ်ကိုလျှော့ပါ သားရယ်၊ မင်းနှမက အားလုံးအရှုံးခံခဲ့ရတာနော်၊ အရှက်၊ သိက္ခာနဲ့ ပစ္စည်းတွေမဟုတ်လား''

''တောက်...မိဥနော်...မိဥ၊ နင်တော့လား.....ဟင်း.....''

ခင်ခင်ဥလည်း ထိုအနားမှ အိပ်ခန်းထဲသို့ ပြေးဝင်သွားလိုက်တော့၏။ အိမ်ရှေ့တွင် သူမအကြောင်းကို တဖျစ်တောက်တောက် ပြောနေကြပေဦးမည်။

www.burmeseclassic.com

www.burmeseclassic.com



''သားက စနေတာပါကွယ်၊ ကိုယ်က ယောကျ်ားလေးပဲ၊ အရှုံးမရှိဘူး သမီး၊ ဟိုမိန်းကလေးသာ မှဆိုးမဖြစ်ပြီး ကွယ်ရာမှာ ကျိတ်ပုန်းခုတ်တာဆိုပြီး ကဲ့ရဲ့ကြမှာကွဲ့၊ အဲဒါမှ ဒီဟာမမှတ်မှာ''

''ဘွားရာ ကိုယ့်မှာလည်း သမီးနဲ့မြေးမလေးရှိနေတာနော်၊ အဲဒီလိုမပြောပါနဲ့ဗျာ''

''အောင်မာ.....မင်းက ခင်ခင်ဥဘက်ကနေ နာနေတာလား မြေးရဲ့''

''သားက ကိုယ်ချင်းစာတတ်ဖို့သတိပေးတာပါ ဘွားရာ၊ ဒေါ်ခင်ခင်ဥဆိုတာလည်း ဖေဖေနဲ့ ငယ်ရည်းစားပဲမဟုတ်လား၊ သူတို့ချင်းက ဘဝတူတွေလေ၊ ဒီတော့ ပြန်ပေါင်းထုပ်ပေးလိုက်ရင် ပြီးပြီ''

ရဲဝင့်ဆွေပြောလိုက်မှ အဒေါ်ဖြစ်သူနှင့် ဥမ္မာဆွေတို့မှာ ဆွေ့ဆွေ့ခုန်နေတော့၏။

''ဟင်း.....မိထွေးနိပ်စက်တာ ခံချင်နေတယ်နဲ့တူတယ်၊ စိတ်ဆင်းရဲခံချင်နေသလား၊ မင်းတို့ပစ္စည်းတွေ ကုန်ချင်နေတယ်နဲ့တူပါရဲ့''

''ဒီမှာ ဒေါ်လေး၊ အားလုံးကို ဝါးလုံးရှည်နဲ့ သိမ်းပြီးရမ်းမပြောပါနဲ့ဗျာ၊ လောကမှာ မိခင်ထက်ပိုကောင်းတဲ့ မိထွေးမျိုးတွေ ရှိကြပါတယ်၊ ဒေါ်ခင်ခင်ဥအကြောင်း ဖေဖေက ပိုသိပါတယ်၊ ဒါကြောင့်လည်း ဘယ်သူခွဲခွဲ တို့မကွဲဘူးပေါ့၊ မယုံရင် စောင့်ကြည့်''

''သွားပြောမနေနဲ့ ဒေါ်လေး ကိုရဲက ယောကျ်ားချင်းဆိုတော့ ဟိုကျ[illegible] လာမယ့်ဟာမကို စိတ်ကူးနေသလား မသိတာ''

ခင်ခင်ဥက ချစ်သူကို တမ်းတလိုက်သေးသည်။ ဆွေမောင်လည်းသူ့လိုပင် ဝေဖန်အပြစ်ပြောခံရပေမည်။ သို့ပေမယ့် သူမလောက်တော့ ခံစားရမည်မဟုတ်ပေ။

''ဟင်း.....အရှက်ကွဲခံရမယ့်အတူတူ ကိုဆွေ့နောက်ကို အပြီးလိုက်သွားတာမှ ကောင်းဦးမယ်၊ အခုတော့ ငါတို့ ဘယ်လိုစခန်းသွားရမယ်မှန်းတောင် မသိတော့ဘူး၊ ကိုဆွေလည်း ငါခံစားနေရတာကိုတွေးပြီး သနားနေမှာပါလေ''

ခုတင်ပေါ်တွင် လှဲအိပ်လိုက်၏။ အိမ်ရှေ့တွင် ဖခင်ကြီးနှင့် တူအရီးများ စကားအခြေအတင်ပြောနေသံကြောင့် ပင့်သက်မောကိုချကာ မျက်စိမှိတ်၍ အိပ်ပစ်လိုက်တော့သည်။

''ကိုကိုတို့များ သိပ်ပျော်နေတယ်ပေါ့နော်၊ အေးမာတို့တော့ ပတ်ဝန်းကျင်က ပစ်သမျှစကားလက်နက်တွေကို ပြန်ဖြေရှင်းနေရတာအမော၊ ရပ်ကွက်ထဲလည်း ရပ်ကွက်ထဲမို့၊ ရုံးမှာလည်း ရုံးမှာမို့၊ လမ်းမှာလည်း လမ်းမှာမို့၊ စိတ်တောင်ညစ်လာပြီ''

''အဲဒါကောင်းတာပေါ့ ညီမရာ၊ ကြေညာပြီးသား ဖြစ်သွားတာပေါ့၊ ဟဲ.....ဟဲ''

''ဟင်းနော်.....ဘာကောင်းတာလဲ၊ အမေရေ.....အမေ့သားကို ပြောဦး၊ တကယ်လုပ်မယ့်လူကြီး''

အေးအေးမာက မကျေမနပ်ဖြင့် ဒေါ်တင်ကြည်ကို တိုင်နေသေးသည်။ သမီးဖြစ်သူ ဥမ္မာဆွေနှင့် သားဖြစ်သူ ရဲဝင့်ဆွေတို့ပါ အသီးသီးရောက်လာကြ၏။

သည်လိုဖြစ်မည်မှန်းသိလျှင် မည်သည့်ခံစားမှုမှမရှိစေရန် အသေသတ်လိုက်လျှင်ပြီးရောဟု စိတ်ထဲက တွေးမိသေး၏။

''ဩော်.....ကိုဆွေတော့ ဘယ်လိုနေမှန်းမသိဘူး၊ ငါ့မှာတော့ နားမဆံ့လောက်အောင် အပြစ်ပြောခံနေရပါလား၊ ဥအဖြစ်ကို မြင်လှည့်ပါတော့ ကိုဆွေရယ်''

ဒီတရားခံ
နှစ်ယောက်က
ပန်းခြံတို့၊ ကန်ပေါင်တို့မှာ
အတွဲချောင်းလိုက်၊
လစ်ရင်လစ်သလို
ခိုးလိုက်နဲ့ ကျင်လည်
ကျက်စားနေသူတွေပါပဲ၊
အချင်းဖြစ်တဲ့နေ့က
ချောင်ကျကျ
နေရာက
အတွဲတစ်တွဲဆီက

ooo

www.burmeseclassic.com

"ဟာ.....မိမာနော်၊ နင်တော့နာတော့မယ်"

"ကဲ.....တော်ကြပါတော့ကွယ်၊ အမေ့သားလည်း စဉ်းစားတော့နော်၊ ဖြစ်ပြီးတာတွေထားခဲ့ပြီး မေ့မေ့ပျောက်ပျောက် နေလိုက်ကြတော့၊ မဖြစ်နိုင်တာကို ဖွတ်မလုပ်တာကောင်းတယ်၊ ဟိုမှာလည်း ကလေးတွေနဲ့၊ ကိုယ့်မှာလည်း ကလေးတွေနဲ့၊ ရေရှည်မှာ ဘယ်လိုမှအဆင်ပြေနိုင်မှာမဟုတ်ဘူး"

ဆွေမောင်က ရယ်ရယ်ပြုံးပြုံးဖြင့် သူ့ဆန္ဒအား ပြတ်ပြတ်သားသားထုတ်ဖော်ပြတော့သည်။

"တစ်ဖက်သားကို ပြန်ငဲ့ညှာရမှာပေါ့ အမေ၊ ခင်ခင်ဥက မိန်းကလေးပါဗျာ၊ သူ့ကိုလက်ညှိုးထိုးပြီး ဘယ်လောက်ကဲ့ရဲ့ခံနေရမလဲ၊ ကိုယ့်ကြောင့် သူ့ဂုဏ်ပျက်တာကို ကိုယ်က သူ့ဂုဏ်ပြန်တက်အောင် အဖတ်ပြန်ဆယ်ပေးရမှာပေါ့"

"မင်းက ဘယ်လိုပြန်ဆယ်ပေးဦးမှာလဲ၊ ငွေကိုလျော်ကြေးအနေနဲ့ပေးဦးမယ်ပေါ့၊ ငါ့ရဲ့ပစ္စည်းတွေတော့ မထိပါနဲ့ ဆွေမောင်ရယ်"

"မထိပါဘူးဗျာ၊ ခင်ခင်ဥကိုပေးမှာက ကျွန်တော့်ရဲ့ မေတ္တာလျော်ကြေးပါပဲ၊ ဒါမှ သူလည်း လူတကာကဲ့ရဲ့ခံဘဝကနေ လွတ်မြောက်မှာမဟုတ်ဘူးလား"

"သွား...မင်းဟာ အမေကို စိတ်ဆင်းရဲအောင်လုပ်နေတဲ့သားပဲ၊ မင်းကို ဒီလိုမှန်းသိရင် မြစ်မိးလေးနဲ့ မပေးစားခဲ့ပါဘူး၊ အခုတော့ ငါ့မြေးလေးတွေ စိတ်ဆင်းရဲကြရတော့မယ်"

"ကျွန်တော် သိပါတယ်အမေ၊ အမေဟာ ခင်ခင်ဥနဲ့ကျွန်တော့်ကို သဘောမတူဘူးဆိုပြီး ခင်ခင်ဥကိုခေါ်ပြောခဲ့တယ်နော်၊ အဲဒါကို ခင်ခင်ဥသူငယ်ချင်းဆီကတစ်ဆင့် ကျွန်တော်သိခဲ့တာပါ၊ အစကတော့ ခင်ခင်ဥကို အသည်းခွဲရကောင်းလားဆိုပြီး မုန်းစိတ်ဝင်ခဲ့မိတယ်"

ဒေါ်တင်ကြည်နှင့် အေးအေးမာတို့လည်း ငြိမ်သက်သွားကြတော့သည်။ အကြံပေးရာတွင် အေးအေးမာလည်း ပါနေ၏။

"ဒါကြောင့်လည်း ကျွန်တော်ကိုယ်တိုင် ခင်ခင်ဥယောကျ်ားဆုံးချိန်ကျမှ ပြန်ဆက်သွယ်တာပါ၊ ကျွန်တော်က မိန်းမအရင်ဆုံးခဲ့တဲ့ကောင်ပါအမေရာ၊ ဒီလောက်ဆိုရင် ကျွန်တော်တို့ရဲ့ ချစ်ခြင်းကို အမေသိပါတော့ဗျာ၊ သိပါတော့"

ဆွေမောင့်အပြောကြောင့် ဒေါ်တင်ကြည်လည်း သက်ပြင်းချလိုက်ရတော့သည်။

+++

"သမီး အဖေ့ကို ပွင့်ပွင့်လင်းလင်းပြောနော်၊ သမီးက မောင်ဆွေမောင်ကို လက်ထပ်ဖို့ ဆုံးဖြတ်ထားသလား"

ခင်ခင်ဥမှာ အပြောရခက်နေ၏။ ဖခင်ကြီး၏ နားလည်မှုကို လေးစားသော်လည်း ဖြေရမည်မှာ မဝံ့မရဲဖြစ်နေပြန်သည်။ သမီးအပေါ်တွင် နားအလည်ဆုံးသော ဖခင်ကောင်းတစ်ယောက်ဖြစ်၍လည်း ခင်ခင်ဥက ဖြေရခက်နေ၏။

"ပြောပါကွယ်၊ သမီးက ဟိုတစ်ချိန်ကလည်း ချစ်သူရှိလျက်နဲ့ မိဘစကားနားထောင်ပြီး ခေါင်းညိတ်ခဲ့တာပဲကွယ်၊ သမီးရဲ့အမေလည်း ရှိတော့တာမဟုတ်ဘူးလေ၊ ဒီတော့ အိမ်ထောင်ရေးမှာ မေတ္တာပါမှဖြစ်တာကွဲ့၊ မေတ္တာမခိုင်မြဲရင် ဘယ်လောက်ပဲပြည့်စုံသူဖြစ်နေပါစေ ကွဲသွားကြတာပဲပေါ့"

"အမှန်အတိုင်းဝန်ခံရရင် ကိုဆွေ့ကို သမီးလက်ထပ်ချင်ပါတယ်၊ ဒါပေမဲ့ အစ်ကိုကြီးက....."

"သမီးတို့ချင်း ပေါင်းဖက်ရမှာလေ၊ ရင်မောင့်အတွက် မစဉ်းစားနဲ့၊ ဖေဖေ့တာဝန်ထား၊ သူ့တူနဲ့တူမကို သူကြည့်နိုင်တယ်၊ ပြီးတော့ ကလေးတွေလည်း အရွယ်ရောက်နေကြပါပြီကွယ်၊ မနက်က မြေးကြီး ဖုန်းဆက်သေးတယ်၊ မေမေ့ကို စိတ်ချမ်းသာစေချင်တယ်တဲ့၊ သဘောကတော့ကွယ် သမီးကို မောင်ဆွေမောင်နဲ့ အိမ်ထောင်ပြုဖို့ ခွင့်ပေးလိုက်ပါတဲ့၊ သူသဘောတူတဲ့အကြောင်း ပြောပြလာတယ် သမီး"

ခင်ခင်ဥမှာ နားထောင်နေရင်းသားဖြစ်သူအား ကျေးဇူးတင်မိသည်။

"မြေးမလေး ဖြူဥတော့တဖြည်းဖြည်း နားလည်လာပါလိမ့်မယ်ကွယ်၊ အဖေကတော့ တစ်ရက်ကနေ နှစ်ရက်အဖြစ်မခံနိုင်တော့ဘူး၊ ဒီတော့ မောင်ဆွေမောင်ကို တိုင်ပင်ပြီး လက်ထပ်ကြတော့ကွယ်"

"ဟုတ်ကဲ့ အဖေ၊ သမီး ဖုန်းဆက်လိုက်ပါ့မယ်"

"အင်း.....ငါ့သမီးလည်း အခုမှပဲ ပြုံးနိုင်တော့တယ်ကွယ်၊ အဖေက အရင်ကတည်းက သမီးကို အိမ်ထောင်သစ်ထူဖို့ တိုက်တွန်းခဲ့တာပါကွယ်၊ လင်မရှိတဲ့မိန်းမက ဘဝအလယ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မတင့်တယ်ဘူးလေ''

ဖခင်ကြီးထံမှ ခွင့်ပြုချက်ရသည်နှင့် ခင်ခင်ဥလည်း ဆွေမောင့်ထံ ဖုန်းဆက်လိုက်၏။ ဆွေမောင့်ဟန်းဖုန်းမရှိတော့သဖြင့် အိမ်ဖုန်းကိုသာ ခေါ်လိုက်ရသည်။

''ဩော်.....ဘယ်သူများလဲလို့ ရှင်ကိုး။ ဖေဖေ အိပ်နေတယ်၊ ခေါ်မပေးနိုင်ဘူး''

ဒေါ်သထွက်သွားသော်လည်း ခင်ခင်ဥမှာ စိတ်ကိုထိန်းချုပ်လိုက်ရ၏။ ဥမ္မာဆွေသည် ဆွေမောင်နှင့် ခင်ခင်ဥတို့ ပေါင်းစည်းနိုင်ရေးအတွက် အတားအဆီးတစ်ခုဖြစ်နေသည်။

''အန်တီဥဆီ ပြန်ဆက်ပါလို့ ဆက်ဆက်ပြောပေးပါကွယ်၊ အရေးကြီးလို့ပါနော်''

''ဖေဖေ့မှာ မိသားစုအရေးထက် ဘာမှအရေးကြီးတာမရှိဘူး။ ပြောလည်း မပြောပေးနိုင်ဘူး။ ရှုပ်ရှုပ်ယှက်ယှက်''

ဥမ္မာဆွေက ဖုန်းကိုဆောင့်ချလိုက်ရာ အနားတွင်ရှိနေသော ဒေါ်တင်ကြည်က မော့ကြည့်ရင်း မေးလိုက်၏။

''ဘယ်သူလဲ မြေးရဲ့''

''ဟင်း...ကန်စွန်းဥ၊ ပိန်းဥ၊ စိမ်းစားဥတို့အိမ်ကပေါ့၊ ဥတွေစုနေလို့လေ ဘွားဘွားရဲ့''

''ဩော်.....ခင်ခင်ဥဆီကလား၊ ဒါဆိုလည်း မြေးတို့အဖေကို ခေါ်ပေးလိုက်လေ''

''ဟင့်အင်း၊ ဘာတွေချွဲချွဲနွဲ့နွဲ့နဲ့ ပြောဦးမလဲမှမသိတာ၊ ဘွားဘွားက ဖေဖေပြောတာနဲ့ သနားသွားတာလား''

''ဒီလိုလည်းမဟုတ်ပါဘူး မြေးလေးရယ်၊ ဒီမှာထိုင်ဦး၊ မြေးကိုအဘွားပြောပြမယ်၊ တကယ်တော့ ခင်ခင်ဥက မျိုးရိုး၊ စိတ်ထား ကောင်းရှာပါတယ်၊ တကယ်လို့သာ စိတ်ထားမကောင်းတဲ့ မိန်းမမျိုးကို မိထွေးတော်ရရင် မြေးလေးတို့ နောင်တရသွားမှာပဲ၊ ဒါကြောင့်မို့ လွတ်တဲ့ငါး မကြီးစေချင်လို့ ဘွားဘွားတော့ သူတို့နှစ်ယောက်ကို ပေါင်းဖို့ ခွင့်ပြုလိုက်ပါပြီကွယ်''

''ဒေါ်လေးလည်း စာနာစိတ်ထားတတ်ပါပြီ သမီးရယ်၊ တူမလေးကသာ ခွင့်ပြုပေးလိုက်ရင် ကိုကိုဝမ်းသာသွားမှာအမှန်ပဲ၊ နော်..ကလေး၊ ခွင့်ပြုပေးလိုက်နော်''

ဥမ္မာဆွေသည် ချုံးပွဲချငိုနေလေတော့၏။ ဖခင်၏အချစ်ကို မရတော့မည်ကိုတွေးပြီး ဝန်တိုစိတ်ဖြစ်နေမိ၏။

''သမီးလည်း အချိန်တန်အရွယ်ရောက်လို့ ချစ်သူရှိလာတဲ့တစ်နေ့ ပိုပြီးစာနာတတ်လာလိမ့်မယ်၊ အဲဒီအချိန်ရောက်မှ ဖေဖေ့ကို သူ့အိမ်ထောင်နဲ့ထားလိုက်ရင်ကောင်းသားဆိုတဲ့အတွေးမျိုးနဲ့ နောင်တမရစေချင်ဘူးကွယ်''

''ဥမ္မာ ယောကျ်ားမယူဘူး ဒေါ်လေး၊ ဖေဖေ့ကို တစ်သက်လုံး လုပ်ကျွေးပြုစုမယ်''

''ချစ်သူမရှိခင်တော့ ပြောနိုင်တာပေါ့ကွယ်၊ ချစ်သူရှိလာတဲ့အခါကျမှ...''

ဥမ္မာဆွေသည် စကားကို ဆက်နားမထောင်တော့ဘဲ အိမ်ရှေ့သို့ပြေးထွက်သွား၏။

''ဟင်း.....ဒီကလေးမ အရမ်းခေါင်းမာတာပဲကွယ်၊ ပြောလို့ရမယ် မထင်ပါဘူး''

''ရအောင်ကို ပြောရမယ် အမေ၊ အေးမာတာဝန်ထားလိုက်ပါ''

အေးအေးမာသည် ဆွေမောင်ရှိရာသို့ ထွက်သွားလိုက်တော့၏။

+++

''ဟော.....ထိုင်ကြပါခင်ဗျ၊ တရားလိုနှစ်ယောက်စလုံးကို ခေါ်ရတာက ခင်ဗျားတို့ကို ရိုက်သွားတဲ့ တရားခံနှစ်ယောက်ကို မိထားပြီဆိုတဲ့အကြောင်း ပြောပြချင်တာပါဗျာ''

ဆွေမောင်နှင့် ခင်ခင်ဥတို့လည်း ဝမ်းသာအားရဖြစ်သွားကြသည်။

''ဒီလိုဗျ၊ ဒီတရားခံနှစ်ယောက် က ပန်းခြံတို့၊ ကန်ပေါင်တို့မှာ အတွဲချောင်းလိုက်၊ လစ်ရင်လစ်သလို ခိုးလိုက်နဲ့ ကျင်လည်ကျက်စားနေသူတွေပါပဲ၊ အချင်းဖြစ်တဲ့နေ့က ချောင်ကျကျနေရာက အတွဲတစ်တွဲဆီက ဟန်းဖုန်းနှစ်လုံးကို ခိုးယူထွက်ပြေးလာကြတာပါပဲ၊ ဒါကြောင့်မို့ လူရှင်းတဲ့နေရာက အတွဲကို ရိုက်လုဖို့ပါ တုတ်တွေအဆင်သင့် ဆောင်လာကြတယ်လေ၊ ကံဆိုးချင်တော့ ခင်ဗျားတို့နှစ်ယောက်ကိုတွေ့ပြီး လုပ်ငန်းစလိုက်ကြတာပါပဲ''

''သူတို့ကို ဘယ်လိုဖမ်းမိခဲ့တာလဲခင်ဗျာ''

''ကျော်စောသတင်းရှိသူတွေဖြစ်လို့ ရဲလုပ်ငန်းကိုတော့ ချန်လှပ်ထားပါရစေဗျာ၊ ကျွန်တော် ပြောချင်တာက ချစ်သူစုံတွဲတွေဟာ လူသူကင်းဝေးချိန်နဲ့ အကူအညီမဲ့ချိန်မျိုး၊ နေရာမျိုးတွေမှာ မနေကြဖို့ကို မှာချင်ပါတယ်၊ ခင်ဗျားတို့က အရိုက်ခံရရုံပါပဲ၊ ပိုဆိုးတာက ပစ္စည်းယူလုသတ်သွားရင် အသက်ပါ ဆုံးရှုံးခံရမှာပါ၊ ဒါကြောင့်မို့ လက်ဆင့်ကမ်း ပြောလိုက်ကြစမ်းပါဗျာ''

www.burmeseclassic.com



ဆွေမောင်နှင့် ခင်ခင်ဥတို့လည်း ကိုယ့်အမှားများကို သိမြင်သွားကြတော့သည်။

"ဒုစရိုက်သမားဆိုတာ လူတွေရဲ့အလစ်၊ အငိုက်ကို စောင့်ဆိုင်းပြီး လုပ်ရှားသွားကြတာပါဗျာ၊ အဲဒါကို စွဲမှတ်ထားရင် အန္တရာယ်ဆိုးမျိုးနဲ့မကြုံတွေ့ရဘူးပေါ့ဗျာ"

"ဟုတ်ကဲ့ပါဗျာ၊ ကျွန်တော်တို့ကတစ်ဆင့် ပြောပြပေးပါ့မယ်"

"ကောင်းတာပေါ့ဗျာ၊ တချို့ဆို ပစ္စည်းယူရုံတင်မကဘူး၊ သေရာပါဒဏ်ရာမျိုး ပေးသွားကြပါသေးတယ်၊ ယုတ်မာစိတ်ရှိသူဆိုရင် မိန်းကလေးကို ချုံထဲဆွဲခေါ်သွားပြီး အဓမ္မပြုကျင့်တတ်သေးတယ်၊ ဒါဟာ ဘယ်သူမပြု မိမိမှုပေါ့ဗျာ၊ ကြိုတင်ရှောင်ရှားတတ်ကြရင် ဒီလိုမျိုးတွေ ဖြစ်မလာနိုင်ပါဘူး"

"ဟုတ်ကဲ့၊ အခုလိုရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ကျွန်တော်လည်း တရားခံတွေကို ပြန်ပြီးကျေးဇူးတင်ရပါတယ်"

သည်တစ်ခါ အံ့ဩသွားသူက ရဲစခန်းမှူးဖြစ်၏။ ဆွေမောင်ပြောနေသည်ကို နားမလည်ပေ။

"ဒီလိုပါခင်ဗျာ၊ ကျွန်တော်တို့က ငယ်ချစ်ဦး မုဆိုးဖို၊ မုဆိုးမစုံတွဲပါ၊ နှစ်ဖက်စလုံးက မကြည်ဖြူကြတော့ ကန်ပေါင်ပေါ်မှာ ချိန်းတွေ့ကြရင်း ချစ်သူတို့သဘာဝ အချိန်ကုန်မှန်းမသိ ကုန်သွားကြတာပါ၊ ကျွန်တော်တို့ဘဝတွေက ဒီအတိုင်းသာနေရရင် ဘယ်နည်းနဲ့မှ ပေါင်းဆုံနိုင်ဖို့ လမ်းမမြင်တော့ပါဘူးခင်ဗျာ"

"ဟုတ်ပါတယ်ရှင်၊ ကျွန်မက ဆက်ပြောရမယ်ဆိုရင် ဒုစရိုက်သမားနှစ်ယောက်ကြောင့် ကျွန်မတို့ဇာတ်လမ်းကို နှစ်ဖက်အသိုင်းအဝိုင်းက သိသွားကြပြီး အခုဆိုရင် မင်္ဂလာကိစ္စတောင် စီစဉ်ထားပြီးပါပြီရှင်၊ သူတို့နှစ်ယောက်ကြောင့် ပေါင်းဆုံခွင့်ရခဲ့ကြတာပါပဲ"

သည်တော့မှ စခန်းမှူးလည်း သဘောပေါက်သွားပြီး ရယ်မောလေတော့သည်။

"ကြုံကြုံဖန်ဖန် ပြောကြတယ် ဗျာ၊ ဒါဆိုရင် ခင်ဗျားတို့က အနာတရဖြစ်ပြီးမှ လက်ထပ်ခွင့်ရကြပြီပေါ့နော်"

"ဟုတ်ပါတယ်ခင်ဗျာ၊ အဆိုးထဲက အကောင်းပေါ့ဗျာ"

"ကျွန်မတို့ကို ပြန်ခွင့်ပြုပါဦးရှင်"

"ကောင်းပါပြီဗျာ၊ ခင်ဗျားတို့နှစ်ယောက် ရာသက်ပန်ပေါင်းနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

ထို့နောက်တွင် ဆွေမောင်နှင့် ခင်ခင်ဥတို့လည်း ရဲစခန်းထဲမှ ပြန်ထွက်လာခဲ့ကြတော့သည်။

+++

"ဥ မပျော်ဘူးလားဟင်၊ ကိုဆွေတော့ အရမ်းကျေနပ်သွားပြီ"

"ဥလည်း ကိုဆွေ့လိုပဲပေါ့၊ အခုဆိုရင် နှစ်ဖက်စလုံးက လက်ထပ်ဖို့ ခွင့်ပြုလိုက်ကြပြီနော်၊ အခုလို မြန်ဆန်လိမ့်မယ်လို့ ထင်မထားဘူး"

"အဲဒါဟာ မေတ္တာမှန်လို့ ပေါင်းဆုံကြရတာပဲပေါ့ကွယ်၊ တို့ရဲ့ကျေးဇူးရှင်လေးတွေတော့ သူတို့အပြစ်နဲ့ ခံယူသွားကြပြီ၊ စိတ်မကောင်းဖြစ်မိပေမယ့် ဒုစရိုက်သမားတွေကို သနားဖို့

www.burmeseclassic.com

www.burmeseclassic.com


မလိုပါဘူး၊ ဘာကြောင့်လဲဆိုရင် သူတို့ဟာ လူတွေကို ဒုက္ခပေးတတ်သူတွေလေ''

ဆွေမောင်က ရှင်းပြရင်း သူသိခဲ့သော မိတ်ဆွေတစ်ယောက်၏ အကြောင်းအား ခင်ခင်ဥကို ပြောပြလိုက်သည်။

''သူ့အဖြစ်လည်း ကိုဆွေတို့အဖြစ်လိုပါပဲ၊ သူ့အိမ်က သူ့ချစ်သူကို သဘောမတူတော့ ခိုးပြေးဖို့ ဆုံးဖြတ်လိုက်ကြတယ်၊ ခိုးပြေးတဲ့ညမှာတော့ သူ့ချစ်သူဟာ အိမ်တံခါးနဲ့ ခြံတံခါးကို သော့မခတ်ဘဲ စေ့ရုံသာ စေ့ထားခဲ့တယ်လေ၊ သဘောကတော့ အဆင်သင့်ထွက်လို့ရအောင်ပေါ့ကွာ''

ခင်ခင်ဥလည်း ဆွေမောင့်ပခုံးပေါ် ခေါင်းတင်ရင်း နားထောင်နေ၏။

''ချိန်းတဲ့အချိန်မတိုင်ခင်မှာတော့ သူခိုးက အဆင်သင့်ဖွင့်ထားတဲ့ ခြံတံခါးကတစ်ဆင့် အိမ်ထဲကိုဝင်လာတော့တာပေါ့၊ နောက်တော့ သူ့ချစ်သူရဲ့ အဝတ်အစားသေတ္တာနဲ့ အိတ်တွေကို သယ်ပြီး ပြန်ထွက်ဖို့သွားနေချိန်မှာ တစ်ရေးနိုးလာတဲ့ သူ့ချစ်သူအဖေနဲ့တွေ့ပြီး သူခိုးက ထွက်ပြေးတော့တာပေါ့''

''အမျိုးသမီးက မသိဘူးလား ဟင်''

''သူက သူခိုးကို သူ့ချစ်သူလို့ ထင်ပြီး သူခိုးနောက်ကနေ အတင်းလိုက်တော့တာပေါ့၊ အဲဒါကို သူခိုးကလည်း သူ့ကိုဖမ်းဖို့လိုက်လာတယ်ထင်ပြီး ဖွတ်ပြေးတော့ လာခိုးတဲ့ သူ့ချစ်သူရဲ့ကားကို ဝင်တိုက်မိတာပေါ့ကွာ၊ အဲဒီတော့မှ အမျိုးသမီးလည်း သူ့ချစ်သူမဟုတ်မှန်းသိပြီး အော်တော့မှ ကိုယ့်မိတ်ဆွေနဲ့ အပေါင်းပါတွေက ဝိုင်းဖမ်းလိုက်ကြတော့တယ်၊ ရဲစခန်းရောက်မှပဲ ဇာတ်ရည်လည်တော့တာပေါ့ကွာ''

''ဒါဆို အမျိုးသမီးရဲ့ မိဘတွေပါ သိကုန်ကြတာပေါ့နော်''

''သိရုံတင်မကဘူး၊ သူတို့သမီး ကို သူ့ချစ်သူနဲ့ တစ်ခါတည်း လက်ထပ်ပေးလိုက်ကြတယ်၊ အခုတော့ သားတွေသမီးတွေနဲ့ မြေးတွေနဲ့ ပျော်စရာကောင်းတဲ့ မိသားစုဘဝကို ပိုင်ဆိုင်နေကြပြီလေ၊ ဒီလိုမှန်းသိရင် စောစောကတည်းက ခိုးပါတယ်တဲ့၊ သူခိုးကို ကျေးဇူးတင်နေကြတယ်ပေါ့ ဥ ရယ်''

''တော်သေးတာပေါ့နော်၊ အမျိုးသမီးကို ဘာမှလုပ်မသွားတာ ကံကောင်းတာပဲ''

''သူတို့ကျတော့ ဘုမသိ ဘမသိလို့ အမည်ပေးရမှာပဲ၊ သူခိုးသာ ပြန်ခုခံရင် သေလိမ့်မယ်၊ အဓိကပြောချင်တာကတော့ ခြံတံခါးနဲ့ အိမ်တံခါးကို အလွယ်တကူ ဖွင့်ထားခဲ့လို့ ဖြစ်ရတာပါ၊ ဘယ်အရာမဆို ပေါ့ပေါ့ဆ ဆ မလုပ်သင့်ကြောင်း သင်ခန်းစာပဲ ဥ''

''ဟုတ်တယ်နော်၊ ဒုစရိုက်သမားဆိုတာ အလစ်အငိုက်ကိုကြည့်ပြီး လှုပ်ရှားသွားကြတယ်၊ ချစ်သူယောင်ဆောင်ပြီး ခေါ်မသွားလို့ တော်သေးတာပေါ့နော်''

''ကိုဆွေတို့အဖြစ်ကလည်း သေသေချာချာ စဉ်းစားကြည့်ရင် ချစ်စိတ်ရည်လူးနေချိန်မို့ ပတ်ဝန်းကျင်ကို သတိမထားမိကြတာပါ၊ ဒါတောင် ဥက သတိပေးနေလို့ပေါ့ကွာ၊ ဒါကြောင့်မို့ တချို့စုံတွဲတွေဟာ အဲဒီအချိန်ကို စောင့်ဆိုင်းနေကြတဲ့ ဒုစရိုက်သမားတွေကို မမြင်နိုင်ကြဘူးပေါ့၊ ဒီတော့ ဒုစရိုက်သမားတွေအကြိုက် ဖြစ်သွားကြတယ်ပေါ့ကွာ''

''ဟုတ်တယ် ကိုဆွေ၊ ဥတို့ရုံး မှာ ကောင်မလေးတစ်ယောက်လည်း သူ့ချစ်သူနဲ့ ပန်းဥယျာဉ်တစ်ခုမှာထိုင်နေရင်း ဆလင်းဘတ်အိတ်ရော၊ ဟန်းဖုန်းတွေပါ အခိုးခံရတယ်ဆိုတာ ဒါကြောင့်ပဲကိုး၊ သူပြောပြတုန်းက အမှုမဲ့အမှတ်မဲ့ထားခဲ့လို့ ပျောက်သွားတယ်ထင်နေတာ၊ အခုမှပဲ သဘောပေါက်တော့တယ် ကိုဆွေရယ်''

''ဒါပေါ့ကွာ၊ ချစ်သူတိုင်း တစ်မျိုးမျိုးတော့ ခံခဲ့ကြရမှာပဲ၊ တချို့က ရှက်လို့ ဖုံးကွယ်ထားကြတော့ ဒုစရိုက်သမားအတွက် ပိုပြီး အတင့်ရဲစရာဖြစ်လာရတာပေါ့လေ''

နှစ်ဦးသား ကိုယ်စီအတွေ့အကြုံနှင့်ယှဉ်ရင်း ဖြစ်ရပ်အမျိုးမျိုးကို ပြောပြနေကြသည်။ သူတို့ရင်တွင်း၌ရှိနေသည့်စကားများအား ပြောကြားပြီးသည့်နောက်တွင် တစ်ယောက်လက်ကို တစ်ယောက်ဆုပ်ကိုင်၍ အိမ်သို့ ပြန်လာခဲ့ကြတော့သည်။

လေးစားစွာဖြင့်
နွေးအံ့လွှန်

www.burmeseclassic.com

www.burmeseclassic.com

# ကိုနုတ်
## အရက်သူခိုး

ဒီရွာမှာမွေး၊ ဒီရွာမှာကြီး၊ ဒီရွာမှာ အရိုးထုတ်မယ့်သူတွေအတွက်တော့ ဒီကိစ္စဖြစ်ကတည်းက ပြောမဆုံးပေါင်တောသုံးတောင်ပဲ။ ကျုပ်လို ဒီရွာကို အခုမှရောက်တဲ့သူတောင် အတော်စိတ်ဝင်စားသားမဟုတ်လား။ ဖြစ်ပုံကလည်း အဆန်းတကျယ်ဆိုတော့.....



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်က ဒီရွာကို ပြောင်းလာတာ ကြာသေးတာဟုတ်ဘူးရယ်။ ဒီတော့လည်း ဒီရွာမှာရှိတဲ့ ဘယ်သူ့အကြောင်းရယ်၊ ဘယ်ဝါ့အကြောင်းရယ်ဆိုတာကလည်း နံ့နံ့စပ်စပ်မရှိသေးဘူးပေါ့။

အကြောင်းအပေါင်းသင့်လို့ပေါင်းမိသင်းမိတာကလည်း လက်ချိုးရေလို့မှ ဆယ်ချောင်းပြည့်ဖို့တောင် လိုသေးရဲ့မဟုတ်လား။ ကြုံတုန်းဆုံတုန်း ဒီရွာအကြောင်းလည်း ကျုပ်ပြောရဦးမယ်။

ဒီရွာမှာ စိတ်ဝင်စားစရာလူတွေကလည်း အများသားကလည်း ရွာထိပ်က တစ်ယောက်တည်းနေတဲ့ ဖိုးသာဒွန်းကအစ၊ ရွာလယ်က နတ်ကတော်ဒေါ်အေးမိအလယ်၊ ရွာနောက်ပိုင်းက ဇရပ်မှာနေတဲ့ သုဘရာဇာ ဘသာကြီးအထိ သူတို့ရာဇဝင်တွေနဲ့သူလေ။ ဒီအကြောင်းတွေ လျှောက်ပြောနေရင်လည်း ငယ်ငယ်က ကြားခဲ့ရတဲ့ တစ်ထောင့်တစ်ညပုံပြင်တွေထက်ကိုမှပြောစရာတွေက များဦးမှာဆိုတော့ ဆုံးမှာလည်းမဟုတ်ပါဘူးလေ။ နောက်ကြုံမှ ကြုံသလိုပေါ့ဗျာ။ ပြီးတော့ ကျုပ်ပြောချင်တာကလည်း သူတို့တွေက အဓိကမဟုတ်ပါဘူး။ သူတို့တွေက အဓိကမဟုတ်ဘူးဆိုပေမယ့် သူတို့အကြောင်းလည်း မပြောရင် မဖြစ်ပြန်ဘူး။ ဖြစ်ပုံကလည်း ဒီလို။

ကျုပ်တို့ရွာထိပ်မှာ ဖိုးသာဒွန်းဆိုတဲ့ အဘိုးကြီးရှိတယ်။ သူက အသက်က ငါးဆယ့်ငါး၊ ခြောက်ဆယ်လောက်ဆိုပေမယ့် ညောင်ပင်အောက်မှာ တစ်ယောက်တည်းနေတာလေ။ ငါ့လူရယ်. တစ်ယောက်တည်းနေတာက ဆန်းသလားလို့ ကိုရင်ကတော့ ငေါ့ပြီးမေးချင်လိမ့်မယ်။ ကျုပ်ကလည်း ဖြေချင်ပါရဲ့။ တစ်ယောက်တည်းနေတာ ဆန်းတယ်လို့။ ဘာလို့လဲဆိုတော့ အရင်က ဖိုးသာဒွန်းတဲမှာ အလှူရှိတယ်လို့ထင်ရလောက်အောင်ကို လူတွေစည်တာကလား။ ဘယ်သူတွေလဲတော့ မေးမနေနဲ့။ ရွာထဲက ဖိုးသမားတွေချည်းပဲလို့ ကျုပ်က ဖြေချင်သဗျ။ ချိုကုတ်ရှိရာ ချိုထောင်မလာဆိုတဲ့စကားလည်းရှိလေတော့ အသက်ရဲ့ထက်ဝက်ကျော်ကျော်သောက်လာတဲ့လူကအစ၊ မနေ့တစ်နေ့ကမှ လူဖြစ်ပြီးသောက်တတ်တဲ့လူအဆုံး ဖိုးသာဒွန်းရဲ့တဲထဲမှာပဲ ဝိုင်းကြသောက်ကြတယ်။

အရင်တုန်းကတော့ ရွာထဲမှာတင် ဘုံဆိုင်ဖွင့်ဖူးပါရဲ့။ ဒါပေမဲ့ သေရည်ဆိုတာကလည်း သိရဲ့မဟုတ်လား။ သောက်ပြီးရင် တော်တော်ကို လေရှင်တဲ့သဘောမှာရှိလေတော့ မနက်ကြီးကျော်ဆိုတာနဲ့ ဆူကြညံကြနဲ့ နေ့ခင်းပိုင်း ရောက်လာပြန်တော့ ငြင်းကြခုံကြ၊ ညနေပိုင်း နွားရိုင်းသွင်းချိန်ကျော်ရင် ရွာ လူကြီး ဦးဖေယျာအိမ်ထဲမှာ အမှုတွဲပေါင်းစုံမျိုးနဲ့ ပြောင်းရွှေ့လာကြပြီ။ ကြာတော့လည်း ရွာလူကြီးလည်း ဘယ်ခံနိုင်မလဲ။ သူ့ဟာသူသာ ရွာကတင်မြှောက်လို့သာ လူကြီးဖြစ်ရတာ၊ အေးအေးဆေးဆေးနေတတ်တဲ့လူဆိုတော့ ဒီလိုဒုက္ခတွေ ကင်းအောင်ဆိုပြီး ရွာက လူကြီးသူမတွေနဲ့တိုင်ပင်ပြီး ဘုံဆိုင်ကို ရွာပြင်ထုတ်လိုက်လေရဲ့။

ရွာပြင်ဆိုတာကလည်း ဝေးဝေးလံလံဟုတ်ဘူးရယ်။ ဖိုးသာဒွန်းနေတဲ့ တဲဘေးတင်ဆိုတော့ ရွာကဖိုးသမား တွေ အကုန်လုံးကြာတော့လည်း ဖိုးသာဒွန်းကြီးနဲ့ ပန်းသင့်နေတော့တာ။ ဖိုးသာဒွန်းဆိုတာကလည်း ရွာလူကြီးမဟုတ်သော်ငြား အသက်ကြီးတဲ့ လူကြီးမဟုတ်လား။ အပြောအဆိုကလည်း ကောင်း၊ မှတ်စရာသားစရာ ပုံတိုပတ်စလေးတွေကလည်း ညှပ်ညှပ်ပြောဆိုတတ်လေတော့ ဘုံဆိုင်ရောက်လာတဲ့ အချို့လူတွေက သောက်ချင်တာကို ဘုံဆိုင်မှာ သိပ်မသောက်ဘဲ ဖိုးသာဒွန်းတဲလေးထဲပဲ မှာပြီးသောက်ကြတယ်။

ဖိုးသာဒွန်းကြီးကလည်း အရင်တုန်းကသာသောက်တာ။ အခုအသက်ကလည်း ရလာပြီဆိုတော့ သောက်တာစားတာတို့ဘာတို့လည်း မရှိတော့ပါဘူး။ လူငယ်တွေက ဖိုးသာဒွန်းပြောတဲ့စကားတွေ စိတ်ဝင်တစားနားထောင်ကြ၊ ပြန်မေးကြနဲ့ အရင် ဖိုးသာဒွန်းတစ်ယောက်တည်းနေတဲ့တဲ ဟာအခုတော့ ရွာဦးကျောင်းက ဘုန်းကြီးအလှူလို လူတွေစည်လို့၊ ဒါလည်းအဆင်ပြေတာပါပဲ။ အရင်တစ်ယောက်တည်း ကျီးစောင့်ကြက်နှင်လောက်ပဲလုပ်ရတဲ့ ဖိုးသာဒွန်းလည်း လူငယ်တွေနဲ့ပေါင်းပြီး အမြည်းတွေပဲ ပုံမှန်ထိုင်စားနေရလို့လားတော့မသိဘူး။ ပိုပြီးတောင် ကျန်းမာလာသလားထင်ရတယ်။ .

ဖိုးသာဒွန်းရဲ့တဲထဲမှာ အမြဲတမ်း အာကျယ်အာကျယ်နဲ့ ငြင်းကြခုံကြတဲ့ အထဲမှာတော့ သာဦးက အဆိုးဆုံး ပေါ့။ သာဦးဆိုတဲ့ကောင်ကလည်း ဘယ်သူ့သားမှတ်သတုန်း။ ကျုပ်စောစောက ပြောခဲ့တဲ့ နတ်ကတော်ဒေါ်အေးမိသားလေ။ သာဦးက ဖိုးသာဒွန်းရဲ့အချစ်တော်။ သူလည်း အရင်က မြို့ ကျောင်းလေးဘာလေး တက်ဖူးတယ်

www.burmeseclassic.com

စကားပြောရာမှာလည်း လည်လည်ဝယ်ဝယ်ရှိလေတော့ ဖိုးသာဒွန်းက ချစ်တာလည်း မပြောလေနဲ့။

ကိုရွှေသားဦးကိုများဆို ရွာကဖိုးသမားတိုင်း ချစ်မှချစ်။ ဒီကောင်ကမူးလာရင် စကားအသစ်အဆန်းတွေပြောရုံတင်မဟုတ်ဘူး။ သူ့အမေ ဒေါ်အေးမိဆီကလည်း မရရတာ ခြစ်ခြုတ်ယူပြီး ရှိတာအကုန်တိုက်တဲ့ကောင်မဟုတ်လား။ ဒီကောင်က အမြဲမူးနေတဲ့ကောင်ကိုး။ မူးလာရင်ဆိုတဲ့စကားပြောလို့ မျက်စိများလည်သွားသလား။

မလည်နဲ့ဦး။ ဒီ့ထက်လည်စရာတွေကလည်း ရှိသေးတယ်။ ဒီကောင်က သောက်တာများလို့ မူးလေလေ ဆက်သောက်ဖို့ကြံလေလေပဲ။ သားဦးတို့များ မူးပြီဟေ့ဆို ဆိုင်မှာထိုင်နေတဲ့ ဖိုးသမားအကုန်လုံးတင်မကဘူး။ ရွာနောက်ပိုင်းဇရပ်က သုဘရာဇာ ဘသာကြီးတောင် မူးမူးနဲ့ သားဦးနောက်က တကောက်ကောက်လိုက်နေတာ ကျုပ်မြင်ခဲ့သေးတာပဲ။

ကျုပ်အပိုပြောတာဟုတ်ဘူးရယ်။ သားဦးဆိုတဲ့ကောင်ကလည်း ဆက်သောက်ဖို့လောက်ပဲ ကြံတဲ့ကောင်မဟုတ်လား။ ဒီလိုအချိန်များဆို ရှိသမျှဉာဏ်နီဉာဏ်နက်၊ ဉာဏ်ပြာဉာဏ်ဝါ အကုန်ထွက်တယ်။ သူ့အမေတောင်ပြောပါတယ်။ ငါ့သားများ တလွဲဆံပင်ကောင်းနေလိုက်တာတဲ့၊ မြို့ကျောင်းတုန်းကသာ ဒီလောက်ဉာဏ်ကောင်း ရင်ဘာဖြစ်ပါတယ်၊ ညာဖြစ်ပါတယ် ပေါ့။

ပြောလည်းပြောချင်စရာပါ ကိုရင်ရယ်။ ဟိုတစ်ခါကများ သူ့အမေဆီက ပိုက်ဆံတောင်းပြီးသောက်၊ သောက်လို့ကုန်တော့ သူ့သူငယ်ချင်း ရဲ့ကြက်ဖကြီးကိုယူပြီး သူ့အမေကို ဘာပြောတယ်မှတ်သတုံး။ သူ့သူငယ်ချင်းသားလေး နေမကောင်းလို့တဲ့၊ ဆေးခန်းသွားစရာ ပိုက်ဆံမရှိတာ သနားလို့တဲ့၊ အဲဒါ ကြက်ဖလေးအပေါင်ထားပါရစေဆိုပြီး ပိုက်ဆံတောင်းတော့ သူ့အမေ ဒေါ်အေးမိကလည်း သူ့သားကိုတော့ အတော်ချစ်ရှာပါတယ်။ အသက်ကြီးမှရတဲ့ သားဦးကလေးမို့ သားဦးလို့ နာမည်ပေးထားရတဲ့ သားလေးမဟုတ်လား။ သားလေးသူငယ်ချင်းဆိုတော့လည်း ပေးလိုက်တာပေါ့။ ဒါနဲ့လည်း မပြီးသေးဘူး။ သူ့သူငယ်ချင်းက သူ့ကြက်ဖကြီး ပြန်တောင်းတော့ ဒီကောင်ဘာလုပ်တယ်ထင်တုံး။ အရက်ကိုကုန်အောင်သောက်ပြီး သူ့အမေဆီပြန်ပြီး ဘာပြောတယ်မှတ်သလဲ။ သူ့သူငယ်ချင်းရဲ့သမီးလေးပါ နေမကောင်းလို့ဆိုပြီး ပိုက်ဆံတောင်းပြန်ရောဗျို့။

ဒီတစ်ခါတော့ ဘယ်ရလိမ့်မလဲ။ ဒေါ်အေးမိဆိုတာကလည်း သူများထက်လည်လို့ ရွာထဲမှာ တစ်ဦးတည်းသော နတ်ကတော်ဖြစ်နေသူမဟုတ်လား။ သူ့သားအကြောင်းလည်း သိပြီးသားဆိုတော့ ချက်ချင်းတော့ဘယ်ပေးလိမ့်မလဲ။ အကျိုးသင့်အကြောင်းသင့်တော့ မေးသေးတာပေါ့။ ဒီတော့ ဒီကောင်က ဘာပြောတယ်ထင်လဲ။ သူပေးတဲ့ ကြက်ဖလေးက ကောင်မလေးရဲ့ပဋ္ဌာန်းဆက် အစ်ကိုတဲ့။ သူ့ကြက်ဖလေး မရှိတဲ့မနက်ပိုင်းကစပြီး ကောင်မလေးမှာ ဖျားလိုက်တာများ ပါးစပ်က ကယောင်ကတမ်းတွေတောင် ရွတ်လို့ သနားစရာပါ အမေရယ်တဲ့။

အဲဒါကြောင့် ကြက်ဖကလေး ပြန်ယူသွားပါရစေတဲ့၊ ကောင်မလေးဖြစ်သွားတဲ့ကိစ္စကလည်း ရပ်ဆွေရပ်မျိုးတွေမဟုတ်လား။ သူသာ ကြက်ဖကြီး ယူမသွားဖြစ်ရင် ဘာမှဖြစ်မှာမဟုတ်ဘူး။ သူယူသွားလို့သာ အခုလိုဖြစ်တာ၊ သူ့ပယောဂလည်းပါတယ်

**ဦးဇေယျာကြီးပေါ့။ စုန်းကိုင်သလိုလို၊ နတ်ကိုင်သလိုလိုနဲ့ တုန်တုန်ယင်ယင်ဖြစ်ပြီး အော်ဟစ်နေတာကလား။ အဲဒီနေ့ကတည်းက စားမဝင်၊ အိပ်မပျော်နဲ့ ပိန်ချုံးသွားလိုက်တာများ ကြည့်တောင် မကောင်းဘူး။ ရွာထဲကလူတွေကလည်း တိုးတိုးတိုးတိုးနဲ့ ဟာရာဏသီချဲ့ ကြပြီပေါ့။ နေရာတကာပါတာကိုး၊ ခံရတာတောင် နည်းသေးတဲ့ . . .**

www.burmeseclassic.com

ဆိုတော့ ဆေးလည်းကုပေးပါရစေ၊ ဘာရယ်ညာရယ်ပေါ့။ နောက်ဆုံးတော့ ဒေါ်အေးမိလည်း ဆေးဖိုးနဲ့ ကြက်ဖကြီး ပြန်ပေးလိုက်ရတာပါပဲ။ သားဦးဆိုတာ ဒီလိုမျိုး ဉာဏ်နီဉာဏ်နက်တွေ မျိုးစုံသုံးတတ်တဲ့ ခေသူမဟုတ် သားဦးလို့ ပြောချင်တာပါ။

+++



ကျုပ်တို့ရွာက လူမျိုးစုံ၊ အကျင့်မျိုးစုံနဲ့ စုပေါင်းထားတဲ့ရွာကလေးလို့ ကိုရင့်ကို ပြောပြတာ။ တအားကြီး မခေါင်ပေမယ့် မြို့နဲ့ကလည်းအလှမ်းဝေးလေတော့ သီးသီးသန့်သန့်လည်း ရှိသဗျ။ ဆေးကုချင်ရင်လည်း မြို့က လာတဲ့ ဆေးတွေဝါးတွေကတော့ ရှိတာပေါ့။ ဒါပေမဲ့ အင်္ဂလိပ်ဆေးဆို တော့ ဈေးကလည်း ကြီးသကိုးဗျ။ မတ်တတ်စာပဲရှိတဲ့ တောင်သူတွေ အနေနဲ့ကလည်း တုံးလုံးစာအတွက်ဆို ဘယ်ချောင်လိမ့်မတုံး။ တော်ရုံတန်ရုံ ရောဂါလောက်ကတော့ ရွာထဲက ဗိန္ဓောဆရာကြီးလောက်နဲ့ ပြီးတာပါပဲ။

ကလေးတွေ ဖျားရင်လည်း ရွာထဲက တတ်သိနားလည်တဲ့ ဘိုးကြီးဘွားကြီးတွေက တွက်ချက်ပြီး ဗလီနတ်စာတို့၊ ခေါစာပစ်တာတို့၊ ရွာစာလေးဘာလေး ချလိုက်ရုံနဲ့တင် ပျောက်တာမျိုးမဟုတ်လား။

ကျုပ်ရောက်ချင်တာရောက်ပြောနေတာဟုတ်ဘူးရယ်။ ဒါတွေပြောမှလည်း ဇာတ်ရည်လည်မှာမို့ပါ။ တစ်ခါလည်း ရွာထဲထူးထူးဆန်းဆန်းဖြစ်လိုက်သေးတယ်လေ။ အဲဒီနေ့က လကွယ်ညဆိုတော့ မှောင်မနေတာများ ကိုယ့်လက်ဖဝါးကိုယ်ထောင်ကြည့်တာတောင် မမြင်ရဘူး။ ခွေးတွေကလည်း အူလိုက်တာ မပြောပါနဲ့တော့။ တိတ်ဆိတ်နေတဲ့အချိန်မှ ရွာလူကြီးဦးဖေယျာအိမ်က အသံနက်ကြီးထွက်လာတာ။ ကျုပ်ဖြင့် ပြန်စဉ်းစားတိုင်း အခုထိကို အသည်းတွေ၊ အူတွေ တုန်နေတုန်းပဲ။ ဒါနဲ့ တစ်ရွာလုံး လူငယ်တွေစုပြီးသွားကြည့်တော့ လား.....လား ဦးဖေယျာကြီးပေါ့။ စုန်းကိုင်သလိုလို၊ နတ်ကိုင်သလိုလိုနဲ့ တုန်တုန်ယင်ယင်ဖြစ်ပြီး အော်ဟစ်နေတာကလား။ အဲဒီနေ့ကတည်းက စားမဝင်၊ အိပ်မပျော်နဲ့ ပိန်ချုံးသွားလိုက်တာများ ကြည့်တောင်မကောင်းဘူး။ ရွာထဲကလူတွေကလည်း တိုးတိုးတိုးတိုးနဲ့ ဗာရာဏသီချဲ့ကြပြီပေါ့။ နေရာတကာပါတာကိုး၊ ခံရတာတောင် နည်းသေးတဲ့။ ပြီး ရွာထဲက ဟိုလူပဲလုပ်သလိုလို၊ ဒီလူပဲလုပ်သလိုလိုနဲ့ မရှိခိုးနိုး၊ မလှစုန်းယိုးတွေ ဖြစ်ကုန်ကြပါရော။

ဒီအချိန်မှ ဗိန္ဓောဆရာကြီးက ပြောတယ်။ သွေးသားမမှု ဓာတ်မမှုလို့ဖြစ်တာတဲ့။ ဆရာကြီးပြောတော့လည်း မယုံတစ်ဝက်၊ ယုံတစ်ဝက်ပေါ့။ ဆရာကြီး ကုနိုင်လားပေါ့။ ဆရာကြီးကလည်း သည်းခြေဆေးတွေကျွေး၊ ဓာတ်စာတွေကျွေးပြီး ကုပါရဲ့။ ဒါပေမဲ့ အဆင်မပြေပြန်ဘူးဗျို့။ ဒီလိုတော့ ဘယ်ရလိမ့်မတုန်း။ ဆရာကြီးကလည်း အသက်နဲ့အမျှ ဆေးကုလာတဲ့သူ မဟုတ်လား။ ရောဂါသိရင် ဆေးရှိရမှာပေါ့တဲ့။ ဒီတော့ သူပေးတဲ့ဆေးတွေကို ပြန်သယ်သွားပြီး အဲဒီနေ့က ဘယ်မှဆေးသွားမကုဘဲ အိမ်ထဲက တစ်နေ့ကုန်မထွက် စမ်းသပ်လိုက်တာ နောက်ဆုံးတော့ ရပါသကောဗျာ။

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်တုန်းကများ
ဘယ်လောက်တောင်
စိတ်ဝင်စားလိုက်ကြသလဲဆို
ဦးဇေယျာတို့အိမ်မှာ
တစ်ရွာလုံး
ကလေးကော၊ ခွေးကော
လူစုံတက်စုံကို
ရောက်လို့။
ကျုပ်တောင်
မနေနိုင်၊
မထိုင်နိုင်
သွားကြည့်မိသေးတယ်
...

ဒါပေမဲ့ လိုအပ်တဲ့ပစ္စည်းတွေထဲမှာ ထူးဆန်းတာတစ်ခုပါရဲ့။ အဲဒါက ရွာကချက်အရက်မဟုတ်ဘဲ မြို့က အရက်နီဆိုတာပေါ့။ ဒီလိုပစ္စည်းမျိုးကတော့ ဆရာကြီးဆီမှာလည်း ဘယ်အလွယ်တကူရှိလိမ့်မလဲ။ ဒီတော့ မြို့သွားမယ့်လူကို စောင့်ရတော့တာပေါ့။ ကျုပ်တို့ရွာကလည်း အရေးရယ်၊ အကြောင်းရယ်ဆိုမှ သတိထားပြီး ကြည့်မိတယ်။

မြို့သွားတဲ့လူဆိုတာကလည်း အရှားသားကလား။ ဒါနဲ့ပဲ စောင့်နေရတော့တာပေါ့။ သိပ်တော့မကြာလိုက်ပါဘူး။ သုံးလေးရက်လောက်နေတော့ မြို့သွားတဲ့လူကြုံရှိတာနဲ့ လိုတဲ့ပစ္စည်းတွေ မှာလိုက်ပြီး အရက်နီ၊ ကြက်ဥတစ်လုံး၊ ဆန်ဆေးရည်၊ ပရဆေးသုံးမျိုးလောက်နဲ့ ဆတူရောပြီး မနက်တစ်ခွက်၊ နေ့တစ်ခွက်၊ ညတစ်ခွက် တိုက်လိုက်တာ။ ဆေးအကုန် လူအထပြန်ပြီးထူထောင်သွားတော့တာပဲ။

ဟိုတလောကတောင် ဖိုးသာဒွန်းတစ်ယောက် အိပ်ရင်းက လေဖြန်းချင်သလိုလိုဖြစ်လို့ သားဦးတို့ ကာလသားတစ်သိုက်ပဲ ဗိန္ဒောဆရာကြီးကိုပင့်ပြီး ကုခဲ့ရသေးတယ်မဟုတ်လား။ အခု တော့ ကောင်းမှကောင်း။ ဖိုးသာဒွန်း များ ကာလသားတွေနဲ့ ဒွေးရောယှက် တင်ခြင်းတောင်ခတ်နိုင်နေပေါ့ဟာကို။

ဗိန္ဒောဆရာကြီးကလည်း တော်ရှာပါတယ်။ အရင်နန်းတွင်းသုံးဆေးတောင်မကဘူး။ သူ့ဉာဏ်၊ သူ့ပညာနဲ့ ဖော်စပ်ထားတဲ့ဆေးတွေကလည်း အစွမ်းထက်ပါ့ဗျာ။ သူရှိလို့သာ ကျုပ်တို့ရွာလေးအတွက် ကျန်းမာရေးကိစ္စ စိတ်ချလက်ချနေရတာမဟုတ်လား။

ဟိုတစ်ခါ ဇရပ်မှာနေတဲ့ သုဘရာဇာ ဘသာကြီး ပိုးထိတုန်းကလည်း ဆရာကြီးပဲ ဂါထာတွေဘာတွေရွတ်ပြီး ရေမန်းတိုက်ရုံရှိသေးတယ်။ ကိုက်ထားတဲ့အပေါက်က အဆိပ်တွေ ဒီအတိုင်း ထွက်ကျတာကလည်း။ ဒီကတည်းက ဗိန္ဒောဆရာကြီးကို ကျုပ်ကိုယ်တိုင် အထင်ကြီးမိတာ မဆန်းဘူးပေါ့ဗျာ။ အတော်လည်း အံ့သြဖို့ကောင်းတဲ့ ကိစ္စတွေမဟုတ်လား။

ကျုပ်တို့ကလည်းလေ ဟိုးအရင်တောသူတောင်သားကြီးတွေလို အယူမသီးတော့ပေမယ့် မိရိုးဖလာဆိုတော့ ပစ်ပယ်လို့လည်း မရသေးဘူးမဟုတ်လား။ ကျုပ်အိမ်အတွက်တောင် တစ်လတစ်ခါ ကလေးရင်လူးဆေးတို့၊ သွေးဆေးတို့ သွားတောင်းနေရတာပဲ ဥစ္စာ။

+ + +

တစ်နေ့သား ဖြစ်ချင်တော့ နတ်ကတော် ဒေါ်အေးမိအိမ်ကို မြို့ကဧည့်သည်တွေ ရောက်လာကြပါလေရော။ မြို့ကလာတာဆိုတော့ ကျုပ်တို့ရွာထုံးစံအတိုင်း ဟင်းခွက်ကလေးဘာလေး သွားပို့ကြတာပေါ့။ မြို့ကလာတဲ့ လင်မယားနှစ်ယောက်ကလည်း သဘောကောင်းထားကြပါရဲ့။ ရွာထဲက နှပ်တွဲလောင်းကလေးတွေအများကြီးကိုတောင် စားဖို့မုန့်တွေပေးလိုက်သေးဆို ပဲ။ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ဒေါ်အေးမိနာမည်ကိုသိပြီး နတ်မေးလာကြတာတဲ့။

www.burmeseclassic.com

www.burmeseclassic.com



နတ်ကတော် ဒေါ်အေးမိကလည်း အဲဒီအချိန်ကတော့ ခေါင်းတမော့မော့၊ ရင်တချီချီပေါ့။ သူ့ကို ရွာထဲကလူတွေက ဒီလောက်မှ အထင်မကြီးကြဘဲကိုး။

ကိစ္စက ဒီမှာမပြီးဘူး။ မြို့ကလာတဲ့ လင်မယားကလည်း သူတို့အပူမှန်သမျှ ဒေါ်အေးမိရဲ့ နတ်ရုပ်ပေါင်းစုံထားတဲ့ နတ်နန်းမှာ နတ်သံနှောပြီး ပြောတော့တာပဲ။ ဒေါ်အေးမိအတွက်ကလည်း ချူသံပါအောင်ညည်းလေ သူ့အတွက် အဆင်ပြေလေမဟုတ်လား။ ဟိုစကားပုံတောင်ရှိရဲ့။ ဘာတဲ့ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဆိုတာလေ။ ဟိုပွဲပေးရင် ဘာဖြစ်မယ်၊ ဒီပွဲပေးရင် ဘယ်သူက မ,လိမ့်မယ်နဲ့ သူ့အတွက် နည်းနည်းလောက်ပဲ ချဲ့ထွင်ပြောလိုက်ရင် ပြီးပြီပဲမဟုတ်လား။ အရင်တုန်းကတော့ ရွာထိပ်က သက်ကြီးသစ်ပင်မှာ ပွဲပေး၊ ကွင်းပိုင်ကိုအပ်ပြီး သုံးရက်သုံးည အဲဒီပွဲကို ထားရတယ်။

+ + +

ကျုပ်ပြောတဲ့ပြဿနာက အဲဒီမှာစတာ ကိုယ့်လူရေ။ အရင်ဘယ်နှည ထားထား ဘာမှမဖြစ်တဲ့ပွဲက တစ်ညပဲ အထားခံလိုက်တယ်။ ပျောက်ပါလေရော။ မပျောက်လည်း ခံနိုင်ပါ့မလား။ ဒီတစ်ခေါက်ပွဲထဲမှာ အရက်နီပါတာကိုးဗျ။

ဒီမှာတင် မြို့ကလာတဲ့လူတွေလည်း ခေါင်းချင်းဆိုင်။ သူတို့ကတော့ အရက်ကို နှမြောလို့ မဟုတ်ပါဘူး။ သူတို့ပေးထားတဲ့ အစီအရင်ပွဲလေးပျက်ပြီဆိုတော့ စိတ်ညစ်ကုန်ဘာပေါ့။ ပွဲပြန်ပေးရအောင်ကလည်း အရက်နီက ဒီရွာမှာရှိတာမှမဟုတ်ဘဲ။



နတ်ကတော် ဒေါ်အေးမိလည်း သူမွှေးတဲ့မီး သူမနိုင်တော့ဘူး။ ဒီလိုနဲ့ ရွာလူကြီး ဦးဇေယျာဆီ ရောက်တော့တာကလား။ ဒီအချိန်တုန်းကများ ဘယ်လောက်တောင် စိတ်ဝင်စားလိုက်ကြသလဲဆို ဦးဇေယျာတို့အိမ်မှာ တစ်ရွာလုံး ကလေးကော၊ ခွေးကော လူစုံတက်စုံကိုရောက်လို့၊ ကျုပ်တောင် မနေနိုင်၊ မထိုင်နိုင် သွားကြည့်မိသေးတယ်။ ဗိန္ဒောဆရာကြီးသာ ဆေးသွားကုနေလို့ မပါတယ်။ ဒါတောင် သူမကြည့်လိုက်ရလို့တဲ့၊ တောက်တခေါက်ခေါက်နဲ့။

ရွာလူကြီး ဦးဇေယျာက ရွာရဲ့လူကြီးသူမတွေ အစုံရောက်တော့မှ စစ်ကြောရေးကိုစတယ်။ အဓိက စစ်ဆေးမယ့်လူတွေကတော့ သားဦးတို့ ဖိုးသမားတစ်သိုက်နဲ့ ဖြတ်သွားဖြတ် လာကျွဲကျောင်း၊ နွားကျောင်း ကောင်လေးတွေပေါ့။ အရင်ကျွဲကျောင်းနွားကျောင်းသားကလေးတွေကို မေးပြန်တော့လည်း ဘယ်သူမှ မမြင်လိုက်ကြဘူးဆိုပဲ။

ဒီလိုနဲ့ မေးလိုက်တာ တစ်ယောက်ပြီးတစ်ယောက်သာ ကုန်သွားတယ်။ တရားခံက မပေါ်ဘူး။ တရားခံသာမပေါ်တယ် တစ်ရွာလုံးကတော့ သားဦးလို့သာမပြောတာ။ မသင်္ကာတဲ့ မျက်လုံးတွေက သားဦးဆီမှာပဲ။

ဒါပေမဲ့ သားဦးဆိုတာကလည်း သားဦးမဟုတ်လား။ ဒီအတိုင်းတော့ ဘယ်နေမလဲ။ အလီဘိုင်တွေပေး၊ သက်သေတွေထု၊ ကျိန်တွယ်ပြီးတော့ကိုပြောတော့တာ။ သူ့ဘက်ကလည်း လူရှေ့သူရှေ့ဆိုတော့ ကျပ်ပြည့်တင်း

www.burmeseclassic.com

www.burmeseclassic.com

ပြည့် ပြောလို့ဆိုလို့လည်းရတာကိုး။

သူသောက်တတ်တာ မှန်ပါတယ်တဲ့။ ဒါပေမဲ့ သူသောက်တာ ဒီလိုမြို့အရက်တွေ မဟုတ်ဘူးတဲ့။ ရွာဘုံဆိုင်က အရက်ကိုပဲ သူကြိုက်လို့ သူသောက်လာတာ တစ်ရွာလုံးကို မေးကြည့်လို့ရပါတယ်တဲ့။ ပြီး သူက ခိုးလို့ဝှက်လို့ရမှ သောက်ရမယ့်သူ မဟုတ်ပါဘူးတဲ့။ မယုံရင် သူ့အမေ ဒေါ်အေးမိကို မေးကြည့်ပါတဲ့။

ဒီလိုပြောတော့လည်း ဒေါ်အေးမိက ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံတယ်။ ကျုပ်ပြောတာ မပြီးသေးဘူး ကိုယ့်လူ။ သားဦးက ဆက်ပြောသေးတာကလား။ သူ့ကိုပဲ ခိုးရာပါပစ္စည်းကို ခိုးထုပ်ခိုးထည်နဲ့မိတဲ့ သူခိုးတစ်ယောက်လို အကြည့်ခံရတာနဲ့တင် သူ့ဘက်က နစ်နာပါသတဲ့။ သားဦးကလည်း သောက်လာတဲ့အရှိန်လေးကလည်း ရလာပြီဆိုတော့ အပြောကောင်းကောင်းနဲ့ ပြောနေလိုက်တာများ နားထောင်နေတဲ့ ရွာသူရွာသားတွေတောင် စုတ်တသပ်သပ်နဲ့ သနားလို့။

ရွာကလူတွေကလည်း ဂဃနဏလည်း ဘာမှမသိပြန်တော့ ချက်ကျလက်ကျ ရှင်းပြနိုင်တဲ့ သားဦးစကားက ဘယ်လောက်တောင် တာသွားမလဲဆိုတာ စဉ်းစားသာကြည့် ကိုယ့်လူ။ ကျုပ်က သေသေချာချာ ပြန်မပြောတတ်လို့သာ။ အဲဒီတုန်းက သားဦးပြောနေပုံများ ကိုရင့်ကို မြင်စေချင်တယ် တကယ်။

သူ့ဘက်က ပိုင်ပိုင်နိုင်နိုင်ပြောနိုင်တာတစ်ခုကလည်း ရှိသေးသဗျ။ အဲဒီအရက်ခိုးတဲ့လူကို ရွာထိပ်က ဖိုးသာဒွန်းကြီး မြင်လိုက်တယ်တဲ့။ သူ့ကိုလည်း ပြောထားလို့ သူလည်းသိတယ်တဲ့။ ဒီတော့ ဦးဖေယျာနဲ့ ရွာလူကြီးတွေကလည်း တရားခံဘယ်သူလဲ၊ သိရင်ပြောလို့ မေးကြပြီပေါ့။

သားဦးက ဘာပြောတယ်ထင်တုန်း။ ဘာမှမပြောဘူး ကိုရင်ရေ။ ဘယ်လိုမေးမေး တရားခံကိုယ်တိုင် အမြဲတမ်း စိတ်မလုံ၊ ကိုယ်မလုံဖြစ်အောင် သူထုတ်မပြောပါရစေနဲ့တဲ့။ အဲဒီလို မပြောတဲ့အတွက် သူ့ကို အရက်သူခိုးပါလို့ ပြောရင်လည်း သူပဲခံလိုက်ပါ့မယ်တဲ့။

နောက်ဆုံးတော့ အရက်သူခိုး ဘယ်သူဆိုတာ မသိလိုက်ကြဘူးပေါ့ ဗျာ။ ရွာထိပ်က ဖိုးသာဒွန်းကို ခေါ်မေးတော့လည်း ရွာလူကြီး ဦးဖေယျာကို အဓိပ္ပာယ်ပါပါကြည့်ရင်း သားဦးပြောသလိုပဲ ပြောသွားတာပါပဲ။ ဒီကိစ္စဖြစ်ပြီးကတည်းက ဘုံဆိုင်လည်း ရွာထဲပြန်ရောက်လာတော့တာပဲ။

အဲဒီကတည်းက ဖိုးသာဒွန်းကြီးလည်း တစ်ယောက်တည်းပြန်ဖြစ်သွားတာ။ ကျုပ်ကတော့ တစ်ဆင့်စကားတစ်ဆင့်နားနဲ့ အရက်ဘယ်သူခိုးတယ်ဆိုတာ ကြားပြီးပါပြီ။

ကိုရင်ကော ကျုပ်တို့ရွာက အရက်သူခိုးကို ဘယ်သူလို့များထင်မိတုန်း။ ကိုရင်ထင်တာနဲ့တော့ နည်းနည်းလေး ကပ်လွဲလိမ့်မယ်ဆိုတာတော့ ကျုပ် သေချာပေါက် ပြောရဲတယ်။ တကယ်။

ကိုနတ်



www.burmeseclassic.com

www.burmeseclassic.com

# ကျော်သိန်း စာပေ မှ ကြိုဆိုပါ၏

# Welcome to Kyaw Thein




(၁) အမှတ် (၂၀၄/၂၀၈)　(၂) အမှတ် (၁၉၇)၊ မြေညီထပ်၊
(၃) အမှတ် (၁၈၃)၊ မြေညီထပ်၊ (၃၂)လမ်း၊ ရန်ကုန်၊ ဖုန်း ၃၇၆၉၆

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း



## ပေါ့ပ်အဆိုကျော် လေဒီဂါဂါ ရှိုးပွဲအတွင်း မူးမေ့လဲကျသွားခဲ့မှု

ပေါ့ပ်အဆိုရှင် လေဒီဂါဂါသည် နယူးဇီလန်တွင် နောက်ဆုံးနေ့အဖြစ် ကျင်းပသည့် စင်မြင့်ဖျော်ဖြေပွဲတွင် သူမ၏ဦးခေါင်းနှင့် သတ္တုတန်း တိုက်မိသဖြင့် မူးမေ့လဲကျသွားခဲ့ကြောင်း သိရသည်။

ယခုဖြစ်ရပ်မှာ သံတန်းသည် သူမ၏ဦးခေါင်းပေါ်သို့ပြုတ်ကျခဲ့သဖြင့် လေဒီဂါဂါမှာ လဲကျခဲ့ခြင်းဖြစ်သည်။ သူမအနေဖြင့် ယနေ့ညဖြစ်ရပ်အတွက် တောင်းပန်လိုကြောင်း၊ သို့ရာတွင် ပရိသတ်ကြီးအနေဖြင့် သတိထားမိချင်မှ ထားမိမည်ဖြစ်ကြောင်း၊ ဦးခေါင်းကို ထိခိုက်မိကာ မေ့သွားသည့်ကိစ္စဖြစ်ခဲ့ကြောင်း နောက်ပိုင်းတွင် ပရိသတ်များအား သူမက ရှင်းလင်းပြောပြခဲ့သည်။

Ref: Channel newsasia

12-6-1

www.burmeseclassic.com

www.burmeseclassic.com





# အိုဘားမားထံ ကြက်ဆူဆီအဆိပ်ပါစာ ပေးပို့မှုဖြင့် အမျိုးသမီးတစ်ဦးအားဖမ်းဆီး

အမေရိကန်သမ္မတ ဘားရက်အိုဘားမား၊ နယူးယောက်မြို့တော်ဝန် မိုက်ခ်ဘလွန်းဘတ်ဂ်နှင့် တရားမဝင် လက်နက်ဆန့်ကျင်ရေးအဖွဲ့မှ ဒါရိုက်တာတို့ထံ လိပ်မူ၍ ကြက်ဆူဆီအဆိပ်ပါဝင်သော စာသုံးစောင်ပေးပို့မှုဖြင့် ဆက်စပ်၍ တက္ကဆပ်ပြည်နယ်မှ အမျိုးသမီးတစ်ဦးကို အက်ဖ်ဘီအိုင်က ဖမ်းဆီးလိုက်သည်။

တက္ကဆပ်ပြည်နယ်တွင်နေထိုင်သော ထိုအမျိုးသမီးကို အက်ဖ်ဘီအိုင်က အစောပိုင်းကာလ၌ စစ်ဆေးရာတွင် ၎င်း၏ခင်ပွန်းက ကြက်ဆူဆီအဆိပ်ပါဝင်သော စာသုံးစောင်ကို ပေးပို့ကြောင်း ဖြေကြားခဲ့သည်။ သို့သော် ဆက်လက်စစ်ဆေးရာတွင် ၎င်းစာပို့သူမှာ သူမကိုယ်တိုင်ပင်ဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်ဟု သိရသည်။

Ref: International News

8.6.2013

www.burmeseclassic.com

www.burmeseclassic.com



# ကြောင်အကောင်ရေ (၅၅၀)မွေးထားတဲ့ ကြောင်ချစ်သူဇနီးကို လင်ဖြစ်သူက သည်းမခံနိုင်လို့ ကွာရှင်းလိုခဲ့မှု



ကြောင်များကို အလွန်ချစ်မြတ်နိုးသည့် ဇနီးဖြစ်သူအပေါ် ၎င်း၏သည်းခံနိုင်မှုအတိုင်း အတာ ကုန်ဆုံးသွားပြီဟု ခင်ပွန်းဖြစ်သူက ပြောဆို၍ တရားရုံးသို့ ဦးတိုက်လျှောက် ထား ခဲ့မှုတစ်ခု အမေရိကန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည်။

ဇနီးဖြစ်သူ မွေးထားသည့်ကြောင်ပေါင်း မှာ အကောင်ရေ ၅၅၀ ဖြစ်သောကြောင့် လင် မယားကွာရှင်းမှုဖြစ်ခဲ့ရခြင်းဖြစ်သည်။ ဇနီးဖြစ်သူက အိမ်တွင် မွေးထားသော ကြောင် ပေါင်း ၅၅၀ ကို ခွဲခွာရန် ငြင်းဆိုခြင်းကြောင့် ဇနီးဖြစ်သူအပေါ် ၎င်း၏ သည်းခံနိုင်မှုအတိုင်း အတာ ကုန်ဆုံးသွားပြီဟု ခင်ပွန်းဖြစ်သူက တရားရုံးသို့ ဦးတိုက်လျှောက်ထား၍ ကွာရှင်း ခွင့်တောင်းခံခဲ့ကြောင်း သိရသည်။

Ref: World Interesting News

13-6-13

---

# ကိုးနှစ်အရွယ် သားဖြစ်သူကို ပြိုင်ကားမောင်းခိုင်းတဲ့ဖခင်ကို ရဲက ဥပဒေအရ ဖမ်းဆီးအရေးယူ



အိန္ဒိယနိုင်ငံတွင် အသက် ကိုးနှစ် အရွယ်ရှိ သားဖြစ်သူကို Ferrari ပြိုင် ကားပေးမောင်းစေသည့် ဖခင်ဖြစ်သူ အား ရဲများက ဖမ်းဆီးလိုက်သည်။ သားဖြစ်သူ၏ ပြိုင်ကားမောင်းနှင်ပုံကို အင်တာနက် Youtube ဗီဒီယိုတွင်ဖော်ပြ ခဲ့သည့်အတွက် လူပြောများလာပြီး နောက် ရဲများက စစ်ဆေးပြီးသက် ဆိုင်ရာ မိသားစုကို ဖော်ထုတ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်က သားဖြစ်သူ၏ အသက်ကိုးနှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် မိသားစုပိုင်ပြိုင်ကားကို မောင်းနှင်စေခြင်းဖြစ်သည်။

ဖမ်းဆီးခံရသူအမျိုးသားမှာ ဒေါ်လာ လေးသန်းမျှ တန်ဖိုးရှိသည့် မော်တော်ကား (၁၈)စီးကို ပိုင်ဆိုင်ကြောင်း ရဲအရာရှိက ပြောကြားခဲ့သည်။

ယခုအမှုအတွက် ရဲများက ပြိုင်ကားအား သိမ်းယူနိုင်သည်ဟု ဝန်ခံထားသည်။ ကလေး၏မိဘနှစ်ပါးမှာ ယခုကိစ္စကြောင့် ရှက်စရာမလိုဟု ပြောဆိုခဲ့သည်။ မိခင်ဖြစ်သူက မိမိ၏သားဖြစ်သူမှာ အသက် ငါးနှစ်အရွယ်ကတည်းက ကားမောင်းတတ်နေသည်ဟု ဂုဏ်ယူစွာ ပြောဆိုခဲ့သည်။

ဆေးရွက်ကြီးစိုက်ခင်းများနှင့် အိမ်ခြံမြေ ဆောက်လုပ်ရေးလုပ်ငန်းများ ပိုင်ဆိုင်သော ဖခင်ဖြစ်သူမှာ ယခုအခါ အာမခံဖြင့် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

Ref: Inetrnational News

2-6-2013

---

# (၁၅)ထပ်အမြင့်မှ ပြုတ်ကျသော်လည်း အသက်ရှင်ခဲ့သူ

နယူးဇီလန်နိုင်ငံတွင် အသက် (၂၀)အရွယ်ရှိ အမျိုးသားတစ်ဦးသည် (၁၅)ထပ်အမြင့်မှ ပြုတ်ကျခဲ့ရာ အသက်မသေခဲ့ကြောင်း ရဲများက အတည်ပြု ပြောကြားခဲ့သည်။

ထိုအမျိုးသားသည် (၁၄)ထပ်ရှိ ၎င်း၏အခန်းထဲတွင် သော့ပိတ်မိနေခဲ့သဖြင့် အပေါ်ထပ်တစ်ထပ်သို့ လှမ်းတက်ကာ ထိုမှတစ်ဆင့် နံဘေးရှိ အဆောက်အအုံတစ်ခုသို့ ကူးရန်ကြိုးစားစဉ် ပြုတ်ကျခဲ့ခြင်းဖြစ်သည်။ ထိုသူ မြေပေါ်မကျမီ အနီးရှိ အဆောက်အအုံတစ်ခုပေါ်မှ အမိုးပေါ်သို့ ဦးစွာကျခဲ့ကြောင်း ရဲများက ပြော[illegible]ားခဲ့သည်။

ပြုတ်ကျသူမှာ ဗြိတိန်နိုင်ငံသားတစ်ဦးဖြစ်ပြီး အားလပ်ရက်တွင်အပန်းဖြေရန် နယူးဇီလန်သို့ ရောက်ရှိနေခြင်းဖြစ်သည်။

ထိုသို့ပြုတ်ကျခဲ့သဖြင့် လည်ပင်းနှင့် ကျောရိုးတို့တွင် ကျိုးအက်ဒဏ်ရာရရှိကာ အတွင်းဒဏ်ရာများလည်း ရှိနေကြောင်း သိရသည်။

ဆေးရုံမှ ဆရာဝန်များက ယခုအမြင့်နှင့် ၎င်း၏ကိုယ်အလေးချိန်တို့အား တွက်ချက်မှုအရ အသက်မသေဘဲရှိနေခဲ့သည်မှာ အလွန်ပင် အံ့သြဖွယ်ရာ အခြေအနေတစ်ရပ်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Ref: World Interesting News

18-6-2013




ဆောင်းဟေမန်

www.burmeseclassic.com

www.burmeseclassic.com



# မြည်တွင်းသတင်း

## အိမ်ထဲရှိ မိန်းမငယ်ကို တစ်လမ်းတည်းသားက မိခင်မရှိခိုက် ပန်းခြွေကာ ဘဝဖျက်ဆီးသွားခဲ့မှု

၁၆-၇-၂၀၁၃ ရက်နေ့၊ ညနေ ၄ နာရီအချိန်က လှိုင်သာယာမြို့နယ်၊ ---ရွာနေ ဈေးရောင်းသူ ဒေါ်--- (၃၈ နှစ်)သည် ဈေးရောင်းသွားရာမှ နေအိမ်သို့ပြန်လည်ရောက်ရှိစဉ် နေအိမ်တွင် အိမ်စောင့်အဖြစ် ကျန်ရှိနေထိုင်ခဲ့သော အသက် (၁၄ နှစ် ၂ လ) ရှိ သမီးဖြစ်သူက ညနေ ၃ နာရီအချိန်ခန့်က အသက် (၅ နှစ်)ရှိ မောင်ဖြစ်သူနှင့်အတူ နေအိမ်အတွင်း ဆော့ကစားနေကြစဉ် တစ်လမ်းတည်းနေ ကျပန်းအလုပ်သမား တင်ဌေး (၂၈ နှစ်) မှာ နေအိမ်ပေါ်သို့တက်ရောက်လာပြီး မောင်ငယ်နှင့်အတူ ဆော့ကစားနေသည့် မ---အား တွန်းလှဲ၍ အနိုင်အထက်ဖြင့် အဓမ္မပြုကျင့်ပြီး နေအိမ်ပေါ်မှ ဆင်းပြေးသွားခဲ့သည်ဆို၏။

မိခင်ဖြစ်သူက တရားလိုပြုလုပ်တိုင်ကြားသဖြင့် လှိုင်သာယာမြို့မရဲစခန်းမှ (ပ) ၇၉၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၆ ဖြင့် အရေးယူကာ အမှုစစ်၊ စခန်းမှူး ရဲအုပ် ဌေးဝင်းက တင်ဌေးအား ဖမ်းဆီးစစ်ဆေးနေကြောင်း သိရသည်။

## ပေါ့ဆမှုကြောင့် အပြင်းအထန်ဒဏ်ရာရရှိမှုဖြင့် အရေးယူခံရမှု

၁၂-၆-၂၀၁၃ ရက်နေ့၊ မွန်းလွဲ ၂ နာရီ၊ ၃၀ မိနစ်အချိန်ခန့်က ရွှေပြည်သာမြို့နယ်၊ (၁၃)ရပ်ကွက်၊ သစ်ဆိပ်ဝန်ထမ်းတန်းလျားနေ ကိုစိုးမင်းနိုင် (၄၂ နှစ်)သည် ကလေးကျောင်းကြိုရန်အတွက် နေအိမ်မှ စက်ဘီးစီးနင်း၍ ထွက်ခွာခဲ့စဉ် သစ်ကုမ္ပဏီတစ်ခုမှ စုပုံထားသော သစ်ပုံလမ်းကြားမှ ကျောင်းသို့သွားခဲ့သည်ဆို၏။ ထိုစဉ် သစ်ပုံရုတ်တရက်ပြိုကျမှုကြောင့် ကိုစိုးမင်းနိုင်မှာ စက်ဘီးနှင့်အတူ သစ်တုံးများ ပြိုကျပိမိခဲ့၍ ရန်ကုန်ဆေးရုံကြီးတွင် ပေါင်နှစ်ဖက်ကို ဖြတ်တောက်၍ ဆေးကုသခြင်းကို ခံယူခဲ့ရသဖြင့် ဒုက္ခိတဘဝသို့ ရောက်ခဲ့ရသည်။

သစ်ကုမ္ပဏီ၏ ပေါ့လျော့မှုကြောင့် ခြေနှစ်ချောင်းစွန့်လွှတ်ခဲ့ရသဖြင့် သစ်ကုမ္ပဏီသို့ အကြောင်းကြားခဲ့ရာ သစ်ကုမ္ပဏီက သုံးရက်ခန့်သာ ဆေးကုသပေးပြီး လာရောက်ကြည့်ရှုကူညီခြင်း မရှိတော့ဟုဆိုသည်။

ဒုက္ခိတဖြစ်သွားသူ ကိုစိုးမင်းနိုင်၏ဇနီး ဒေါ်သက်သက်လှိုင်က တရားလိုပြုလုပ်တိုင်ကြားသဖြင့် ရွှေပြည်သာမြို့မရဲစခန်းမှ (ပ) ၅၁၉/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၃၈ ဖြင့် အရေးယူ၍ အမှုစစ် ရဲအုပ် မြင့်လွင် စစ်ဆေးနေကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com



# သမီးဖြစ်သူ ပါးရိုက်ခံရလို့ သွားတိုင်သူဖခင်ကို မိသားစုလိုက်ဆဲဆိုပြီး ဓားနဲ့ခုတ်ခဲ့မှု

၁၇-၇-၂၀၁၃ ရက်နေ့ ည ၁၀ နာရီအချိန်က တွံတေးမြို့နယ်၊ ပြသ တိုက်ကျေးရွာနေ ဒေါ်စန်းစန်း (၄၀ နှစ်) သည် နေအိမ်အတွင်း မိသားစုနှင့်အတူ ရှိနေကြစဉ် သမီးဖြစ်သူ မသဥ္ဇာထက် (၁၄ နှစ်)က လွန်ခဲ့သောနှစ်ရက်က အတူကစားကြစဉ် ဦးမြသန်း၏သမီး မမြင့်မြင့်လှိုင် (၁၈ နှစ်)က ပါးရိုက်ခဲ့ကြောင်း ပြောပြခဲ့၏။

သမီးဖြစ်သူ ပါးရိုက်ခံရသည်ကို ဒေါ်စန်းစန်း၏ခင်ပွန်း ဦးမြင့်ဆွေက ပါးရိုက်သူ မမြင့်မြင့်လှိုင်၏ဖခင် ဦးမြသန်း အိမ်သို့သွားရောက်၍ တိုင်ကြားခဲ့သည်။

ထိုသို့တိုင်ကြားရင်း အပြန်အလှန် စကားများကြစဉ် ဦးမြသန်းက ညစ်ညမ်းစွာဆဲဆိုကာ အိမ်သုံးဓားနှင့်ခုတ်ခဲ့သည်။ ဦးမြသန်း၏သမီး မမြင့်မြင့်လှိုင်နှင့် သားဖြစ်သူ ကျော်စွာဝင်း (၁၄ နှစ်)တို့က ဝိုင်းဝန်းဆဲဆိုကာ လုံးထွေးသတ်ပုတ်ခဲ့၍ ဦးမြင့်ဆွေမှာ ဦးခေါင်းငယ်ထိပ်တွင် ပြတ်ရှဒဏ်ရာတစ်ချက်၊ ယာဘက်လက်ဖျံတွင် ပြတ်ရှဒဏ်ရာတစ်ချက်၊ ယာခြေခွင်တွင် ပွန်းပဲ့ဒဏ်ရာတစ်ချက်ရရှိ၍ တွံတေးမြို့နယ်ဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ တက်ရောက်ကုသခဲ့ရရာ ဆေးရုံကြီးတွင် အတွင်းလူနာ (စိုးရိမ်ရ)ဖြင့် ဆေးကုသမှု ခံယူနေရ၏။

ဦးမြင့်ဆွေ၏ဇနီး ဒေါ်စန်းစန်းက တိုင်ကြားသဖြင့် တွံတေးမြို့မရဲစခန်းမှ (ပ) ၂၈၁/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၉၄/၃၂၆/၁၁၄ ဖြင့် အရေးယူ စစ်ဆေးနေကြောင်း သိရသည်။

# အပြန်အလှန်တိုင်ကြားလို့ အရေးယူခဲ့ရပြန်

အထက်ပါဖြစ်စဉ်တွင် ဦးမြသန်း (၄၃ နှစ်)သည် နေအိမ်တွင် မိသားစုနှင့်အတူရှိနေစဉ် ကလေးချင်းရန်ဖြစ်သည့်ကိစ္စကို မကျေနပ်သည့် ဦးမြင့် ဆွေ (၄၁ နှစ်)က ဦးမြသန်းကို အမည် တပ်၍ အော်ဟစ်ဆဲဆိုကာ ပုဆိန်ကိုင်ဆောင်၍ နေအိမ်ပေါ်သို့ ပြေးတက်လာပြီးခုတ်သဖြင့် ဦးမြသန်းမှာ ယာလက်ဖျံတွင် ပြတ်ရှဒဏ်ရာတစ်ချက်၊ ယာလက်ညှိုးတွင် ပြတ်ရှဒဏ်ရာတစ်ချက် ရရှိခဲ့၍ တွံတေးဆေးရုံတွင် အတွင်းလူနာ (မစိုးရိမ်ရ)ဖြင့် ဆေးကုသမှု ခံယူခဲ့ရသည်။

ဦးမြသန်းမိသားစုနှင့် ဦးမြင့်ဆွေမိသားစုတို့သည် ခြံဝင်းတစ်ခုတည်း တွင် သီးခြားနေအိမ်များဖြင့် အတူတကွ ယှဉ်တွဲနေကြသူများဟု သိရသည်။

ဦးမြသန်း၏ တိုင်ကြားချက်အရ တွံတေးမြို့မရဲစခန်းမှ (ပ) ၂၈၂/၂၀၁၃၊ ပြစ်မှုပုဒ်မ ၂၉၄/၄၅၂/၃၂၄ ဖြင့် အရေးယူ၍ အမှုစစ် ဒုရဲအုပ် သန်းဌေးက စစ်ဆေးနေကြောင်း သိရသည်။

# အသက်မပြည့်သေးသူကို ခိုးယူပေါင်းသင်းလို့ အရေးယူခံရမှု

၁၁-၇-၂၀၁၃ ရက်နေ့ နံနက် ၆ နာရီ ၃၀ မိနစ်အချိန်က ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ---ရပ်ကွက်၊ ---လမ်းနေ မ---၊ (၁၅ နှစ် ၂ လ၊ ၁၁ ရက်)ရှိသူသည် ပညာသင်ကြားရန် ဒဂုံမြို့သစ် (တောင်ပိုင်း)သို့ ထွက်ခွာသွားရာမှ ပျောက်ဆုံးနေခဲ့၏။

မိခင်ဖြစ်သူက လိုက်လံစုံစမ်းရာ ၁၁-၇-၂၀၁၃ ရက်နေ့ နံနက် ၈ နာရီခွဲအချိန်ခန့်က တစ်ရပ်ကွက်တည်းနေ ဘိခိ (ခ) အောင်မြင့်မြတ်က ကျောက်တန်းမြို့ရှိ ၎င်း၏အစ်ကိုနေထိုင်ရာအိမ်သို့ ဆိုင်ကယ်ဖြင့် တင်ဆောင်ခေါ်ယူသွားပြီး ပေါင်းသင်းနေထိုင်ကြောင်းသိလိုက်ရသည်ဆို၏။

မိဘအုပ်ထိန်းမှုအောက်ရှိ အသက်မပြည့်သေးသူကို သွေးဆောင်ခိုးယူပေါင်းသင်းနေသူအား အရေးယူပေးပါရန် မိခင်ဖြစ်သူက တိုင်တန်းသဖြင့် ဒဂုံ(ဆိပ်ကမ်း)မြို့မရဲစခန်းမှ (ပ) ၂၃၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၆၃ ဖြင့် အရေးယူ၍ အမှုစစ် ဒုရဲအုပ် အောင်ကိုကိုနိုင်က စစ်ဆေးခဲ့ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

# အထောက်အထားမဲ့ နွားများသယ်လာလို့ ဥပဒေအရ အရေးယူခဲ့ရမှု

၁၇-၇-၂၀၁၃ ရက်နေ့၊ ညနေ ၆ နာရီ ၅၀ မိနစ်အချိန်က မော်ဘီမြို့နယ်၊ ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် သန်းဇော်ဝင်းနှင့်အဖွဲ့သည် မော်ဘီမြို့နယ်၊ အမှတ် (၄)လမ်းမရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ထမ်းဆောင်နေစဉ် ရန်ကုန်-ပြည်လမ်းမအတိုင်း တိုက်ကြီးမြို့ဘက်မှ မင်္ဂလာဒုံ၊ ထောက်ကြန့်မြို့ဘက်သို့ လူသုံးဦးက နွားထီးအကြီးသုံးကောင်ကို မောင်းနှင်သယ်ယူလာသည်ကို တွေ့ရသဖြင့် စစ်ဆေးခဲ့ သည်။

နွားများသယ်ယူမောင်းနှင်လာသူများမှာ မော်ဘီမြို့နယ်၊ တိုးချဲ့ (၂)ရပ်ကွက်၊ နတ်စင်လမ်း၊ အိမ်အမှတ်မရှိနေအိမ်တွင် အတူနေထိုင်ကြသော ထွန်းဝင်းထွေး (၁၇ နှစ်)၊ ထွန်းထွန်းအေး (၂၂ နှစ်)၊ အောင်ကျော်သန်း (၃၁ နှစ်)တို့ဖြစ်၍ နွားထီးအကြီးသုံးကောင်အား တရားဝင်မဟုတ်ဘဲ အထောက်အထားမဲ့ သယ်ဆောင်လာကြောင်း စစ်ဆေးသိရှိရ၏။

ရဲအုပ် သန်းဇော်ဝင်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် မော်ဘီမြို့မရဲစခန်းမှ (ပ) ၄၁၉/၂၀၁၃၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့် ဖမ်းဆီးအရေးယူ၍ အမှုစစ် ဒုရဲအုပ် တင်ထွန်းနိုင်က စစ်ဆေးနေကြောင်း သိရသည်။

# ဘတ်စ်ကားပေါ် ညှပ်တွန်းတင်ပေးပြီး ခါးပိုက်နှိုက်မှုကျူးလွန်သွားခြင်း ကြုံလိုက်ရမှု

၁၇-၇-၂၀၁၃ ရက်နေ့၊ ညနေ ၆ နာရီ၊ ၄၀ မိနစ်အချိန်ကျမှ အရေးယူရန် အမှုလွှဲပြောင်းအပ်နှံသဖြင့် မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ (ပ) ၄၉၈/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၉ (နှိုက်) ဖြင့် အရေးယူခဲ့သော ဖြစ်စဉ်မှာ ၂၉-၆-၂၀၁၃ ရက်နေ့၊ ညနေ ၅ နာရီအချိန်၌ ဖြစ်ပွားခဲ့သော ခါးပိုက်နှိုက်မှုဟု သိရသည်။

စုံစမ်းသိရှိရသည်မှာ အဆိုပါနေ့အချင်းဖြစ်ချိန်က သာကေတမြို့နယ်၊ မြို့မ (၄)ရပ်ကွက်၊ (၁၃)လမ်းနေ သာကေတမြို့ရှိ ပုလဲမြန်မာ ငါးပုစွန်လုပ်ငန်းမှ စာရေးဝန်ထမ်း ဒေါ်တင်တင်မော် (၃၇ နှစ်)သည် မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်စာတိုက်မှတ်တိုင်မှ သိမ်ကြီးဈေးသို့သွားရန် မထသယာဉ်လိုင်းအမှတ် (၃၃)အား တက်ရောက်စီးနင်းခဲ့သည်ဆို၏။

မှတ်တိုင်မြေပြင်မှ ဆိုက်ရောက်လာသောယာဉ်ပေါ်သို့ တက်ရောက်စဉ် ဒေါ်တင်တင်မော်၏နောက်မှ လူနှစ်ဦးက ဘေးချင်းယှဉ်၍ လုတက်လာပြီး ၎င်းလူနှစ်ဦးက ဒေါ်တင်တင်မော်ကို နှစ်ဖက်ညှပ်၍ ယာဉ်အတွင်းသို့ တွန်းတင်ရင်း ကူညီသလို လုပ်ဆောင်ခဲ့ကြသည်ဆို၏။

လိုင်းကားဆက်စီးလာစဉ် ဒေါ်တင်တင်မော်အား နှစ်ဖက်ညှပ်၍ ယာဉ်ပေါ်သို့ ဝိုင်းညှပ်တွန်းတင်ပေးခဲ့သူ လူနှစ်ဦးမှာ ပုဇွန်တောင်ဈေးဘတ်စ်ကားမှတ်တိုင်သို့အရောက်၌ ဆင်းသွားခဲ့ကြသည်ဆို၏။

ဒေါ်တင်တင်မော်မှာ အမှုမဲ့ အမှတ်မဲ့ဖြင့် ဘတ်စ်ကားဆက်စီးလာပြီး သိမ်ကြီးဈေးမှတ်တိုင်၌ဆင်း၍ သိမ်ကြီးဈေးအတွင်း ခဲတံဝယ်ယူပြီး ငွေပေးချေရန် ၎င်းလွယ်ထားသော မိန်းမကိုင် ဘေးလွယ်အိတ်အား ကြည့်ရှုရာ အိတ်အတွင်း၌ထည့်ထားသော ငွေစက္ကူကျပ် (၁၀၀၀)တန် အရွက် (၁၀၀)ထုပ် ခုနစ်ထုပ်၊ ငွေကျပ် (၇၀၀၀၀)မှာ ခါးပိုက်နှိုက်ခံခဲ့ရကြောင်း သိလိုက်ရ၏။

ဒေါ်တင်တင်မော်က တရားလိုပြုလုပ်တိုင်ကြားခဲ့၍ ပုဇွန်တောင်မြို့မရဲစခန်းမှ (ပ) ၁၃၃/၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၇၉ (နှိုက်)ဖြင့် အရေးယူကာ အမှုစစ် ဒုရဲအုပ် ဇင်မောင်မောင်ဝင်းက စစ်ဆေးပြီးနောက် ဥပဒေရုံး၏ အကြံပြုချက်နှင့် ခရိုင်ရဲတပ်ဖွဲ့မှူး၏ ညွှန်ကြားချက်အရ အမှုအား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းသို့ လွှဲပြောင်းအမှုဖွင့်ခဲ့မှုဟု သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

စ

# ဘယဆေး နှင့် ဘယဆေးအမှုန့်ဆိုင်

## အရောင်းအဝယ်သည် "သဘာဝ"

## ဆေးစစ်ဆေးမှန်အာနိသင်

## ထက်မြက်ရေးသည် "အဓိက"

အမှတ် - ၂၃၈/၂၄၀၊ ကုန်ဈေးတန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၅၁၈၁၆၊ ၂၅၁၈၁၇၊ ၃၈၀၄၀၄၊ ၃၈၀၄၀၅

လက္ကားဆိုင် လိုင်းခွဲ- ၂၀၁၊ ၂၀၂ ကုန်ကြမ်းဆိုင်လက်လီ လိုင်းခွဲ- ၄၀၁

အမှုန့်ဆိုင် လိုင်းခွဲ - ၃၀၁၊ ၃၀၂

www.burmeseclassic.com

www.burmeseclassic.com




## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အခက်အခဲ၊ အနှောင့်အယှက် လွတ်ကင်းပြီဟုမှတ်ပါ။ ဘာပဲဖြစ်ဖြစ် သည်းခံစိတ်ရှိပါ။ အရာရာတိုင်း သံသယမျက်လုံးနှင့်မကြည့်ပါနှင့်။ ပတ်ဝန်းကျင်နှင့် စကားများရန်ဖြစ်ပြီး ရုံးရောက်၊ ရဲစခန်းရောက်ဖြစ်တတ်သည်။ ပညာရေးဆက်လက်အောင်မြင်မှုရမည်။ ကြိုးစားပါ။ သီလစောင့်ထိန်း၊ ဥပုသ်စောင့်ပေးပါ။ မကောင်းကံလွင့်ပျောက် ဘေးရန်ပျောက်ပြီး လာဘ်များစွာဝင်လာမည်။

အချစ်ရေး။ ။ အချစ်ရေးတွင် ကံကောင်းနေပြီဟုမှတ်လိုက်ပါ။

ထီထိုးရန်။ ။ (က) ၅-၉၊ (ခ) ၅-၇၊ (ဂ) ၅-၂။

**ယတြာ- မွေးနံထောင့်တွင် ဇီဇဝါပန်းကိုးပွင့်၊ ရေသက်စေ့ကပ်လှူပေးပါ။**

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အကြံသစ်၊ ဉာဏ်သစ်များ ပေးသူတို့နှင့် တွေ့ကြုံလိမ့်မည်။ လက်ခံပြီး ပြုလုပ်လိုက်ပါ။ သိန်းသန်းရတနာ၊ စိန်၊ ရွှေ ဝင်လာမည်။ မိဘအုပ်ထိန်းသူတို့ကို အထင်မလွဲပါနှင့်။ သင်မှားနေသည်။ ပြင်လိုက်ပါ။ နေရာ၊ ရာထူး၊ ဌာနအသစ်သို့ ပြောင်းရွှေ့ရတတ်သည်။ ကံကောင်းမည်။ အိမ်ထောင်ရေး ပဋိပက္ခအသွင်ဆောင်နေသည်။ ရှောင်လိုက်ပါ။

အချစ်ရေး။ ။ ချစ်သူနှင့်အပြိုင် စိတ်မကောက်ပါနှင့်။ လျှော့လိုက်ပါ။

ထီထိုးရန်။ ။ (ဃ) ၇-၃၊ (င) ၈-၁၊ (စ) ၆-၃။

**ယတြာ- အိမ်ဘုရားတွင် ထီးနီသုံးလက်ကပ်ပါ။**

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာသာရေး၊ သာသနာရေး လုပ်ဆောင်ချက်များ ဆောင်ရွက်ရတတ်သည်။ ရပ်ကွက်ဓမ္မာရုံကိစ္စ၊ ဝါဆိုသင်္ကန်းကပ်ကိစ္စ၊ တရားဟောဆရာတော် ပင့်ဆောင်ရေးကိစ္စတို့ အောင်မြင်မှုရမည်။ လောကီကိစ္စအဝဝ အကြံအစည်အားလုံး အောင်မြင်ပြီဟုမှတ်လိုက်ပါ။ နိုင်ငံခြားခရီးတို့ ခေတ္တသွားရမည်။ တိုက်၊ ကား၊ ခြံ၊ မြေ အသစ်ဝယ်ယူရတတ်သည်။

အချစ်ရေး။ ။ ဒီတစ်ခါရှောင်လိုက်ပါ။ ဝါကျွတ်မှလက်ထပ်ပါ။

ထီထိုးရန်။ ။ (ဆ) ၈-၁၊ (ဇ) ၈-၅၊ (ဈ) ၈-၉။

**ယတြာ- မွေးနံထောင့်တွင် ဒန်းညွန့်၊ သပြေညွန့်၊ ငါးညွန့်စီကပ်လှူပါ။**

## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ရွှေငွေကိစ္စ၊ အာမခံကိစ္စ၊ ငွေစာရင်းကိစ္စတို့ကြောင့် ပြဿနာရှင်းရတတ်သည်။ အမှုအခင်းဖြစ်တတ်သည်။ ရှုံးတတ်သည်။ ဘာပဲလုပ်လုပ် သတိရှိပါ။ အသွားအလာ၊ အနေအထိုင်၊ အပြောအဆို ဆင်ခြင်ပါ။ မေတ္တာသုတ်၊ မင်္ဂလသုတ်တို့ကို နေ့စဉ်ရွတ်ဖတ်ပေးပါ။

အချစ်ရေး။ ။ ချစ်သံသယစိတ်ရှောင်ပါ။ အချစ်ကံကောင်းမည်။

ထီထိုးရန်။ ။ (ဉ) ၅-၂၊ (ဋ) ၅-၈၊ (ဌ) ၅-၄။

**ယတြာ- အိမ်ဘုရားတွင် ဆွမ်းပေါ် ပျားရည်၊ ထောပတ်ဖြူး၍ လှူဒါန်းပါ။**

www.burmeseclassic.com

www.burmeseclassic.com



## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ရွှေအရောင်းအဝယ်၊ စိန်အရောင်းအဝယ် ကျဆင်းတတ်သည်။ စိတ်မပူပါနှင့်။ ဈေးကွက်ကစားနေခြင်းဖြစ်သည်။ ပြန်ကောင်းလာနိုင်ပါသည်။ စီးပွားရေးတွင် အိမ်ဆောက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ စားသောက်ကုန်လုပ်ငန်းတို့ ရောင်းဝယ်က ကံကောင်းလိမ့်မည်။ လုပ်ငန်းထဲတွင် ဘဝတူမှ အတိုက်အခိုက်၊ အနှောင့်အယှက်ပေးတတ်သည်။ မေတ္တာပို့လိုက်ပါ။

အချစ်ရေး။ ။ ချစ်သူနှင့် ပဋိပက္ခပြေငြိမ်းပြီး အချစ်ကံစန်းပွင့်မည်။

ထီထိုးရန်။ ။ (စ) ၄-၆၊ (ဆ) ၄-ဈ...(ဇ) ၄-၁။

**ယတြာ- မွေးနံထောင့်တွင် ထီးဖြူသုံးလက်၊ တံခွန်ကုက္ကား သုံးခုစီကပ်လှူလိုက်ပါ။**

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း အိမ်တွင်းရေး၊ အိမ်ထောင်ရေး စိတ်မချမ်းမသာကြုံရတတ်သည်။ မိသားစုညီညွတ်မှုရှိရန်လိုသည်။ ပတ်ဝန်းကျင်နှင့် သင့်တင့်အောင် နေထိုင်ပြောဆိုပါ။ အရက်၊ ဖဲ၊ မိန်းမ အထူးရှောင်ပါ။ မရှောင်ပါက ဘေးရန်ရှိသည်။ အဖမ်းအဆီး၊ အချုပ်အနှောင်ကိန်းမြင်သည်။ သတိနှင့်ယှဉ် ဉာဏ်ဖြင့်မြင်ပါ။

အချစ်ရေး။ ။ ဘဝတစ်ကွေ့ ခဏတွေ့ပြီး တစ်သက်မမေ့နိုင်သောအချစ်ရမည်။

ထီထိုးရန်။ ။ (က) ၉-၃၊ (ဋ) ၉-၄၊ (ဏ) ၉-၆။

**ယတြာ- အိမ်ဘုရားတွင် အုန်းစိမ်းရည် ဖန်ခွက်သုံးခွက် ကပ်လှူပေးပါ။**

## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လုပ်ငန်းစီးပွား အခက်အခဲကြုံတတ်သည်။ နယ်မြို့၊ နယ်ဒေသတို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကြက်၊ ဘဲ၊ ဝက်လုပ်ငန်း ကောင်းတတ်သည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး အဆင်ပြေမည်။ အကြီးအကဲ၊ လူမျိုးကွဲတို့ မ,စကိန်းမြင်သည်။ စနေနံ၊ သောကြာ နံ အဝင်မခံသင့်ပါ။ ပြဿနာတက်၊ ရဲစခန်းရောက်တတ်သည်။

အချစ်ရေး။ ။ အချစ်ကံအထူးကောင်းပြီး တူနှစ်ကိုယ်တိုင်းပြည် ထူထောင်ရမည်။

ထီထိုးရန်။ ။ (ပ) ၈-၂၊ (ဏ) ၈-၄၊ (တ) ၈-၉။

**ယတြာ- မွေးနံထောင့်တွင် ကြာနီ၊ ကြာဖြူ၊ ကြာပြာ ကိုးပွင့်စီလှူဒါန်းလိုက်ပါ။**

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ရန်ဖြစ်လေ စီးပွားတက်လေ၊ ပဋိပက္ခဖြစ်လေ ကံကောင်းလေ တွေ့ကြုံတတ်သည်။ အစိုးရဝန်ထမ်းဖြစ်ပါက နေရာ၊ ဌာန ပြောင်းရွှေ့ရကိန်းရှိသည်။ အထူးကံကောင်းမည်။ အိမ်တွင်းရှိ သေတ္တာသော့ပျက်၊ ပျာစုတ်၊ ပလတ်စတစ်အရုပ်ဟောင်းတို့ စွန့်ပစ်လိုက်ပါ။ ဝင်မည့်လာဘ်ပိတ်နေသည်။ မြန်မြန်လုပ်လိုက်ပါ။

အချစ်ရေး။ ။ အချစ်ဟောင်းပျက်၊ အချစ်သစ်ဆက်ရတတ်သည်။

ထီထိုးရန်။ ။ (ဇ) ၅-၉၊ (ဈ) ၆-၈၊ (ဒ) ၄-၆။

**ယတြာ- အိမ်ဘုရားတွင် ထီးအဝါကိုးလက်၊ ရေသက်စေ့ ပူးတွဲကပ်လှူပါ။**

www.burmeseclassic.com

www.burmeseclassic.com

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် အိမ်တွင်းလူများက အထင်လွဲတတ်သည်။ အပြင်လူတို့၏ အထင်ကြီးခြင်းခံရပြီး လုပ်ငန်းကြီးများဖြစ်သော တိုက်ကန်ထရိုက်၊ ရွှေတူး၊ ရေနံတူးဖော်လုပ်ငန်းတို့ကို မိမိအား လွှဲအပ်တတ်သည်။ လက်ခံလိုက်ပါ။ ကံကောင်းနေမည်။ အတွင်းရန်ကြောင့် စိတ်သောကများပါရ တွေ့ကြုံတတ်သည်။ စိတ်မပျက်ပါနှင့်။ ရှေ့မှာရောင်နီရှိပါ သည်။

အချစ်ရေး။ ။ လက်ရှိအချစ်နှင့် ခဏကွဲကွာတတ်သည်။ သစ္စာရှိစွာစောင့်ပါ။

ထီထိုးရန်။ ။ (ဃ) ၁-၄၊ (င) ၁-၈၊ (ဈ) ၁-၅။

**ယတြာ- မွေးနံထောင့်တွင် ယိုစုံကိုးမျိုးနှင့် ဆွမ်းသက်စေ့ ကပ်လှူဒါန်းပါ။**

## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း လုပ်ငန်းစီးပွား အားလုံးအဆင်ပြေနေသော်လည်း ဆွေမျိုးဉာတိ၊ သားသမီးတို့ကြောင့် စိတ်ဒုက္ခရောက်တတ်သည်။ ပညာရေးတွင် ထူးချွန်အောင်မြင်မှုရမည်။ ကုမ္ပဏီအငှားလုပ်သားဖြစ်ပါက ပိုင်ရှင်ဖြစ်လာနိုင်သည်။ ဆက်လက်ကြိုးစားပါ။ ကျန်းမာရေးတွင် ဦးနှောက်နှင့်အာရုံကြော ဒုက္ခပေးတတ်သည်။ သတိရှိပါ။

အချစ်ရေး။ ။ စိတ်ကြိုက်ချစ်သူမျိုးရမည်။

ထီထိုးရန်။ ။ (ဃ) ၆-၄၊ (ဓ) ၅-၉၊ (န) ၈-၁။

**ယတြာ- အိမ်ဘုရားတွင် မာလကာသီး (၁၁)စိပ်ကို သကြားဖြူး၍ ကပ်လှူပေးပါ။**

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဒါန၊ သီလ၊ ဘာဝနာတို့ ပွားများရကိန်းမြင်သည်။ ကျောင်းကန်ဘုရားစေတီပုထိုး ပြုပြင်ရကိန်းရှိသည်။ ဘာပဲလုပ်လုပ် လာဘ်ကောင်း၊ ကံကောင်းနေမည်။ တပည့်ဟောင်းတို့က ကျေးဇူးဆပ်ကိန်းရှိသည်။ နိုင်ငံခြားခရီး တစ်ဆို့နေတတ်သည်။ ပညာရေးကောင်း။ လူမှုရေးသင့်ပြီး စီးပွားရေးကောင်းမည်။

အချစ်ရေး။ ။ ချစ်သူမှာ ပြဿနာမရှိပါ။ သင့်မှာ ပြဿနာရှိနေမည်။

ထီထိုးရန်။ ။ (က) ၉-၃၊ (ခ) ၉-၄၊ (ဂ) ၉-၆။

**ယတြာ- မွေးနံထောင့်တွင် သရက်သီးကိုးလုံး ကပ်လှူပေးပါ။**

BURMESE CLASSIC .com

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ဒီတစ်လအတွင်း ဘာပဲလုပ်လုပ် ဓနကံများစွာ၊ သိန်းသန်းကုဋေ ရတနာစိန်ရွှေများစွာ ရတတ်သည်။ လုပ်ငန်း၊ ရာထူး၊ နေရာ၊ ဌာန ရွှေ့ပြောင်းကိန်းမြင်သည်။ မြန်မြန်ပြောင်းလိုက်ပါ။ ရာထူးတိုးကိန်းမြင်သည်။ မဟုတ်မခံစိတ်ကြောင့် ပတ်ဝန်းကျင်နှင့် ပြဿနာတက်မည်။ ရှောင်ပါ။ ထီမြန်မြန်ထိုးပါ။ ထီပေါက်ကိန်းမြင်သည်။

အချစ်ရေး။ ။ လက်ရှိအချစ်ကောင်းပါသည်။ အပြောင်းအလဲမလုပ်ပါနှင့်။

ထီထိုးရန်။ ။ (င) ၅-၄၊ (ဈ) ၅-၉၊ (ည) ၅-၇။

**ယတြာ- အိမ်ဘုရားတွင် ဗာဒံရွက်ပေါ် ထုံးနှင့် 'ဝ'ရေး၍ ငွေကျပ်တစ်ထောင်ကပ်ထားပါ။**

**စမ်းလိုအေး၍ ပန်းလိုမွှေးပါစေ**

**သစ္စာမေတ္တာ ဆရာထွန်းလင်းကျော်**

**နက္ခတ်၊ ဗေဒင်၊ လက္ခဏာပညာရှင်**

www.burmeseclassic.com